ဂုဏ်ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
tw(11)? trw(35) 2002 rw 7 wi pwixwa0on 1374 cEp? owi;uwvijynaum 9 &ui ? lumoyaw;? (E0ibm 8 ? 2012)

TRI
MEN'S AND LADIES' WEARS



မြန်မာနိုင်ငံဝင်ပေါက်မျိုးစုံမှ နိုင်ငံခြားသားဧည့်သည်နေ့စဉ် ထောင်ဂဏန်း ဝင်ရောက်လျက်ရှိသည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နိုင်ငံခြားသားများ ကျူးလွန်သည့် ရာဇဝတ်မှုခင်းနှင့် လိမ်လည်မှု ပိုများလာ

အိဖြူလွင်၊ မိုးညို

ရန်ကုန်၊ နိုဝင်ဘာ-၄

နိုင်ငံတကာနှင့်ဆက်သွယ်မှုများပြားလာသည်နှင့်အမျှ နိုင်ငံခြားသားများ၏ ရာဇဝတ်မှုကျူးလွန်မှုများ တစ်နေ့တခြားများပြားလာကာ တရားစွဲဆို အရေးယူမှုများလည်း များပြားလာရသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားရေးဝန်ထမ်းများထံမှ သတင်းရရှိသည်။

ယခုနှစ်ပိုင်းတွင် နိုင်ငံခြားသားများ ကျူးလွန်သောပြစ်မှုများသည် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဖောက်ဖျက်ခြင်းများရှိသကဲ့သို့ လိမ်လည်မှု၊ ကိုယ်ထိလက်ရောက် စော်ကားမှုစသည့် ရာဇဝတ်မှုများဖြင့် အရေးယူရခြင်းများရှိလာကြောင်း သိရသည်။ စာ(၁၂)သို့

## အပြောင်းအလဲများနှင့် ကံဇာတာ

အားမာန်

မြန်မာ့နိုင်ငံရေးစနစ် ပြောင်းလဲမှုမှာ ကဏ္ဍပေါင်းစုံတွင် အပြောင်းအလဲများ၊ သက်ရောက်မှုများဖြစ်စေသကဲ့သို့ဗေဒင်ပညာရှင်များအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိနေပါသည်။

"အခုကကြိုးတန်းပေါ် လမ်းလျှောက်နေတဲ့အချိန်။ အပြောင်းအလဲမှာ ကိုယ့်ကံကြမ္မာ သိချင်သူပိုများလာတယ်"

အပြောင်းအလဲများကြောင့် မိမိကံဇာတာ သိလို၍ ဗေဒင်မေးသူ ယခင်ထက် ပိုများလာကြောင်း မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့ အမှုဆောင်အရာရှိချုပ် နက္ခတ်သိပ္ပံပညာရှင် ဆရာဇေယျာကိုက ပြောသည်။ စာ(၂၈)သို့

## မန္တလေးတွင် တရားစီရင်ရေးစနစ်ပြိုလဲမှု သက်သေအထောက်အထားနှင့်ပြောနိုင်ပြီဟု ဦးသိန်းညွန့်ဆို

မောင်တာ

မန္တလေး၊ နိုဝင်ဘာ-၅

ရန်ကုန်မြို့၏ တရားစီရင်ရေးစနစ် ယိမ်းယိုင်နေပြီဟူသော မှတ်ချက်စကား ပြောကြားထားသည့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က မန္တလေးမြို့တရားစီရင်ရေးစနစ်ပြိုလဲမှုကို သက်သေအထောက်အထားပြပြောဆိုနိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂ရက်တွင် မန္တလေးမြို့ရှိ တရားရုံး၊ တရားခွင်နှင့် အချုပ်ခန်းအချို့အား ကြည့်ရှုလေ့လာအပြီး ပြောကြားလိုက်သည်။

ဦးသိန်းညွန့်က "တရားစီရင်ရေးစနစ် ရန်ကုန်မှာယိမ်းယိုင်ပြီး မန္တလေးမှာပြိုလဲနေပါပြီ။ ရန်ကုန်မှာ ၅၀၅(ခ)ရော (ဂ)ရော ရုံးတင်တဲ့နေ့မှာ အာမခံရပါတယ်။ မန္တလေးက အာမခံမရပါဘူး။ အဲဒီတော့ ပြိုလဲပြီဆိုတာကို သက်သေအထောက်အထားရပြီပေါ့"ဟု ၎င်းက ပြောသည်။ စာ(၁၂)သို့

## ဝန်ကြီးချုပ်ဟောင်းသက်ဆင် မြန်မာနိုင်ငံခရီးစဉ်အတွင်း လုပ်ကြံခံရဖွယ်ရှိဟု ကောလာဟလများ ထွက်ပေါ်

အချပ်ပို(I)

## လစ်လပ်နေသော ဒုဝန်ကြီးသုံးနေရာ ယခုလွှတ်တော်အစည်းအဝေးများတွင် ခန့်အပ်ရန်ရှိ

အချပ်ပို(A)




ထားဝယ်ရေနက်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံဘက်သို့ အထွက်လမ်းတစ်နေရာ ဓာတ်ပုံ-AFP

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ဂျပန်အစိုးရ ပါဝင်မည်မဟုတ်ဟု ဆို

အိဖြူမွန်

ရန်ကုန်၊ နိုဝင်ဘာ - ၄

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် အီတာလျံ-ထိုင်းကုမ္ပဏီကို ဂျပန်အစိုးရက ကူညီမည်ဆိုသောသတင်းမှာမဟုတ်မှန်ကြောင်း မြန်မာနိုင်ငံ အခြေစိုက် ဂျပန်သံရုံး Deputy Head of Mission မှ မစ္စတာ အိချိရိုမာရာယာမက ပြောသည်။

"ထားဝယ်ကိစ္စက ကူညီမယ် မကူညီဘူးဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ဂျပန်အစိုးရက ထားဝယ်ကို လုပ်တာထက် သီလဝါကို ပိုဦးစားပေးတယ်"ဟု မစ္စတာ အိချိရိုက ပြောကြားခဲ့သည်။

အီတာလျံ-ထိုင်းကုမ္ပဏီ၏ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ထိုင်းအစိုးရက ကူညီခဲ့သော်လည်း ငွေကြေးလိုအပ်ချက်ကြောင့် ဂျပန်နိုင်ငံမှ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ စာ(၁၂)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.35 · NOVEMBER 8 , 2012

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ငြိမ်းချမ်းရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေဟုဆို

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၃၁**

ဘိန်းစိုက်ပျိုးရာ ဒေသများတွင် အစားထိုးသီးနှံဖွံ့ဖြိုးပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်စေရေးအတွက်ငြိမ်းချမ်းရေးအဖွဲ့များနှင့် ပါ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ယနေ့ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ဘိန်းစိတ်တမ်းကောက်ယူရေး အစီရင်ခံစာ အနှစ်ချုပ် ရှင်းလင်းပွဲတွင် ပြောကြားသည်။



ဓာတ်ပုံ-chiangraitimes.com

"ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး အစားထိုးသီးနှံဖွံ့ဖြိုးဖို့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းအတွက် ၂၈ ရက်နဲ့ ၂၉ ရက်က ပထမဆုံးခြေလှမ်းအဖြစ် စတင်နိုင်ခဲ့ပါပြီ"ဟူ၍ အဆိုပါနေ့က ရှမ်းပြည်နယ်တောင်ပိုင်း တပ်မတော် SSA အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းကို ရည်ညွှန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲမှ SSAနှင့်အချက်ကိုးချက်ကိုသဘောတူညီမှုရရှိခဲ့ကြောင်းလည်း သိရသည်။

အထက်ပါ တွေ့ဆုံမှုနှင့် ပတ်သက်၍ UNODCမှCountry Manager မစ္စတာ Jason Eligh က "အခြားလက်နက်ကိုင်အဖွဲ့တွေနဲ့ ညှိနှိုင်းဆွေးနွေးချင်ရင်လည်း UNODC က ကူညီပေးပါမယ်"ဟူ၍ ပြောကြားသည်။

ဘိန်းကို အခြားလက်နက်ကိုင်များရှိသည့် နေရာများတွင် အများဆုံးစိုက်ပျိုးကြောင်း၊ ဘိန်းပပျောက်စေရန် ၎င်းနေရာများကို သွားရောက်ဖို့လိုသော်လည်း သွား၍ မရသည့်အတွက် အပစ်အခတ်ရပ်စဲရန် လိုအပ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ဘိန်းစိုက်ရာဒေသများတွင် အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိရာ ရှမ်း(မြောက်ပိုင်း)တွင် တရုတ်နိုင်ငံ NNCC ကလည်းကောင်း၊ ရှမ်း(အရှေ့)တွင် ထိုင်းနိုင်ငံ ONCB ကလည်းကောင်း၊ ရှမ်း(တောင်ပိုင်း)တွင် UNODC အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများကလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအဖွဲ့များအနေဖြင့် မြို့နယ်ပေါင်း ၁၂ မြို့နယ်တွင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ အခြား ၂၅ မြို့နယ်တွင်လည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးပြဿနာကို ဆက်လက်တိုက်ဖျက်ရန်အတွက် စီမံကိန်းကာလကို ၂၀၁၉ခုနှစ်အထိနောက်ထပ်ငါးနှစ် ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲချုပ်၏ ရှင်းလင်းချက်အရ သိရသည်။

# ကေအိုင်အေက ဖားကန့်ဒေသသို့ အမျိုးသားများ သွားလာခြင်း တားမြစ်စစ်ဆေးမှု ဖြေလျှော့

**မောင်တာ**

**မန္တလေး၊ နိုဝင်ဘာ-၃**

ရွှေလီမြို့တွင်ပြုလုပ်သည့်မြန်မာအစိုးရပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်ကေအိုင်အိုတို့ကြားငြိမ်းချမ်းရေးဆွေးနွေးပွဲကြောင့် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)က ၎င်းတို့ထိန်းချုပ်ထားရာ နယ်မြေမှ ဖားကန့် ဒေသသို့ အမျိုးသားများဖြတ်သန်းသွားလာခြင်း တင်းကျပ်စွာ စိစစ်တားမြစ်ထားမှု အနည်းငယ်ဖြေလျှော့ပေးခဲ့ကြောင်း ဖားကန့်နှင့် မိုးကောင်းမြို့ဒေသခံများထံမှ သတင်းရရှိသည်။

၆၇ မိုင်ခန့်ကွာဝေးသော ဖားကန့်-မိုးကောင်းလမ်းတစ်လျှောက်တွင် ကေအိုင်အေက မိုးကောင်းမြို့နယ် ဆောင်းခါးရွာမှ ဖားကန့်မြို့နယ် လုံးခင်အနီးထိ မိုင် ၅၀ခန့်ကို ထိန်းချုပ်ထားခြင်းဖြစ်ပြီး ထိုလမ်းပိုင်းတစ်လျှောက် ခြောက်နေရာထက် မနည်းသောဂိတ်များမှ စစ်ဆေးခြင်း၊ ကချင်ပြည်နယ်မှတ်ပုံတင် ကိုင်ဆောင်ထားသူမဟုတ်သော အမျိုးသားများကို ဖားကန့်ဒေသသို့လုံးဝသွားရောက်ခြင်းမပြုရန် စစ်ဆေးတားမြစ်ထားရာမှ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးနောက် သုံးနေရာခန့်သာ စစ်ဆေးတော့ပြီး ပြေလည်အောင် ပြောဆိုနိုင်လျှင် မည်သူ့ကိုမဆို ဖားကန့်သို့ သွားရောက်ခွင့်ပြုခြင်းဖြစ်ကြောင်း ဖားကန့်၊ မိုးကောင်းဒေသခံများကဆိုသည်။

"အခုသွားလာရတာတော့ အတော်လေးအဆင်ပြေသွားပါပြီ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ နှစ်ရက်လောက်ကတည်းက စစ်ဆေးတာတွေ လျော့သွားတယ်။ ဒါပေမဲ့ သူတို့ သံသယမရှိအောင်၊ နားလည်အောင်တော့ ပြောရတာပေါ့။ အခုတော့သွားခွင့်ပြုထားပါတယ်" ဟုမိုးကောင်းမြို့မှ ကိုဝေလင်းက ပြောသည်။

**စာ(၈)သို့**



7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# ရခိုင်ပဋိပက္ခအရေး ကြားဖြတ်အစီရင်ခံစာ နိုဝင်ဘာ ၁၆ ရက်မတိုင်မီ သမ္မတထံတင်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၅**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် စပ်လျဉ်းသည့် ကြားဖြတ်အစီရင်ခံစာကို နိုဝင်ဘာ ၁၆ ရက်မတိုင်မီ နိုင်ငံတော်သမ္မတထံ တင်ပြသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ဦးသူရ(ဇာဂနာ) က ပြောသည်။

"သမ္မတပေးတဲ့ ရက်မတိုင်မီ ကြားဖြတ်အစီရင်ခံစာကို ပေးမယ်။ နောက်ဆုံး report ကိုတော့ ရက်နည်းနည်းရွှေ့လိုက်တယ်"ဟု ၎င်းကပြောသည်။

ရခိုင်ပြည်နယ်တွင်း ပဋိပက္ခဖြစ်ရပ်မှန် ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန်နှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေး အကြံပြုရန်အတွက် ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အစီရင်ခံစာကို နိုဝင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်ဖြစ်သည်။

သမ္မတထံ တင်ပြရမည့် ကြားဖြတ်အစီရင်ခံစာတွင် ပဋိပက္ခစတင် ဖြစ်ပွားခဲ့သည့် ဇွန်လမှ လက်ရှိအချိန်ကာလထိ ဖြစ်ပျက်နေမှုများကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်ကပြောသည်။

စုံစမ်းစစ်ဆေးရန် ကော်မရှင်သည် ပြည့်စုံသော အစီရင်ခံစာတစ်ခု ရေးသားပြုစုရန် အချက်အလက်များ လေ့လာဖော်ထုတ်ရန် လိုအပ်ခြင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် မငြိမ်သက်မှုများဖြစ်ပွားနေခြင်းတို့ကြောင့် စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ တင်သွင်းခြင်းကို ၂၀၁၃ ခုနှစ်မတ်လ ၃၁ ရက်သို့သတ်မှတ်ပေးရန် နိုင်ငံတော် သမ္မတထံ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို နယ်ပယ်ပေါင်းစုံမှ ပုဂ္ဂိုလ် ၂၇ ဦးဖြင့် ဩဂုတ် ၁၇ ရက်တွင် ဖွဲ့စည်းကြောင်း နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၅၈/ ၂၀၁၂ ဖြင့် ကြေညာခဲ့သည်။

# ကျောက်မျက်အချောထည် ပြည်ပတွင် ဈေးကွက်ပိုအားကောင်းဆဲ

**မိုးညို**

**နေပြည်တော်၊**

**နိုဝင်ဘာ-၅**

ကမ္ဘာ့အကောင်းဆုံး ကျောက်မျက်ရတနာများ မြန်မာနိုင်ငံတွင် ထွက်ရှိနေသော်လည်း ကျောက်မျက် အချောထည်ဈေးကွက် အများစုမှာ ပြည်ပနိုင်ငံများတွင်သာဖြစ်နေကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်အောင်က ပြောသည်။

နိုဝင်ဘာ ၄ ရက်က နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်း ဖြစ်သည်။

ပြည်ပဈေးကွက်သို့ အဓိက မှီခိုနေရခြင်းမှာ နိုင်ငံတွင်း၌ အချောထည်စက်ရုံများ အားနည်းနေခြင်း၊ တရားမဝင်အရိုင်းတုံးများ တင်ပို့မှုများရှိနေခြင်း၊ နိုင်ငံတကာသို့ကုန်ကြမ်းအတိုင်းရောင်းချတင်ပို့မှုများကို ကန့်သတ်နိုင်မှသာ ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ပီပီပြင်ပြင် ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း မန္တလေးမြို့မှ ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့အကောင်းဆုံးပတ္တမြား၊ နီလာနှင့် ကျောက်စိမ်းအရိုင်းများမှာ မြန်မာနိုင်ငံမှ အများဆုံးထွက်ရှိနေသော်လည်း ကျောက်မျက်ရတနာ အချောထည်ဈေးကွက်နှင့် ကျောက်စိမ်းအချောထည်ဈေးကွက်အများစုမှာ မိမိနိုင်ငံအတွင်းရှိ ဈေးကွက်မရှိဘဲ ပြည်ပဈေးကွက်များ၌သာ နေရာရယူထားနိုင်သဖြင့် ပြည်တွင်း၌ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဒေါက်တာမြင့်အောင်ကပင် ပြောသည်။



**မန္တလေးမြို့ရှိ ကျောက်ပွဲဈေးကို တွေ့ရစဉ်** ဓာတ်ပုံ-စိုင်းသာအောင်

ပြည်တွင်း၌ အချောထည်ဈေးကွက်ဖြစ်ပေါ်ရေးအတွက် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ အချောထည်ဈေးကြီးအား လာမည့်နှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ကာ ကျောက်မျက်အချောထည်များ စုပေါင်းစစ်ဆေးရေးစခန်းကို လက်ရှိ မန္တလေးမြို့တွင်သာမက နေပြည်တော်နှင့် ရန်ကုန်မြို့တွင်ပါ ဖွင့်လှစ်ရန် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းက ထုတ်ပြန်ထားသည့် နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။



7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## CRIME CORNER မှုခင်းသတင်း

### ဇနီးဖြစ်သူနှင့်အိမ်ထောင်ရေးဖောက်ပြန်သည်ဟု သံသယဝင်ကာ လူသတ်မှုဖြစ်

စိုင်းသာအောင်
ရန်ကုန်၊ နိုဝင်ဘာ - ၁

မတ္တရာမြို့နယ်၊ အုတ်ဖိုလေးကျေးရွာ ယာစောင့်တဲတွင် အောက်တိုဘာ ၂၉ရက် နံနက်က လူသတ်မှုဖြစ်ပွားခဲ့သည်။

ယင်းကျေးရွာနေ ဦးမြင့်အောင်က ထိုနေ့နံနက် ၆ နာရီခန့်က ယာမြေကွက်သို့ ပဲမျိုးစေ့ချရန် သွားရောက်ရာတွင် ၎င်း၏မွေးစားသားသည် ဝဲဘက်ရင်အုံနှင့် ဝဲလက်ဖျံတို့၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်းတွေ့ရ၍ ဆည်တော်ကြီး ရဲစခန်းသို့ သွားရောက် အမှုဖွင့်တိုင်ကြားခဲ့သည်။

အဆိုပါလူသတ်မှုကို မတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲစခန်းမှူးတို့က စစ်ဆေးဖော်ထုတ်ရာတွင် ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်များအရ လူသတ်မှု ကျူးလွန်သူ မောင်ကျော်(ခ)ကျော်မောင်နှင့် ညွန့်မင်းတို့အား အောက်တိုဘာ ၃၁ရက် ည ၁၁ နာရီ အချိန်တွင် မတ္တရာမြို့နယ် တံတားဖြူကျေးရွာတွင် ပြစ်မှုကျူးလွန်ရာတွင်သုံးသည့် အရိုးအသွား ၁၆ လက်မရှိ ဓားဦးချွန်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အမှုဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ရက် ညနေ ၄ နာရီက သေဆုံးသူနေထိုင်သည့် ယာတဲနှင့် ကပ်လျက်နေထိုင်သည့် ကိုကျော်(ခ)ကျော်မောင်က ၎င်း၏ဇနီးနှင့်သေဆုံးသူတို့ လူမှုရေးဖောက်ပြန်သည်ဟု မသင်္ကာဖြစ်ရာမှ စကားများရန်ဖြစ်ကြသည်ဟုဆိုသည်။ ထိုသို့စကားများပြီး အောက်တိုဘာ ၂၉ ရက်တွင် တင်ဇော်ထွန်း အသတ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါလူသတ်မှုနှင့်ပတ်သတ်၍ လူသတ်မှုတွင်ပါဝင်ပတ်သက်သူ ကိုကျော်(ခ)ကျော်မောင်နှင့် ညွန့်မင်းတို့အား ဆည်တော်ကြီးရဲစခန်းမှ (ပ) ၂၄/ ၂၀၁၂ ပုဒ်မ - ၃၀၂ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# အိတ်ဖွင့်လေလံများ ပွင့်လင်းမြင်သာမှုနည်းနေဆဲဟုဆို


ရန်ကုန်မြို့အတွင်းက အထင်ကရနေရာ၊ အဆောက်အအုံအများစုမှာ ငှားရမ်းရောင်းချပြီးဖြစ်သည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်သိမ်း၊မိုးညို
ရန်ကုန်၊
အောက်တိုဘာ-၂၈

အစိုးရသစ်လက်ထက် ဝန်ကြီးဌာနများမှ ခေါ်ယူသည့် အိတ်ဖွင့်လေလံများ ပွင့်လင်းမြင်သာမှုအားနည်းနေဆဲဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

တန်ဖိုးနည်းသည့် လေလံများမှာ ဝင်ရောက်ယှဉ်ပြိုင်သူများ ရလေ့ရှိသော်လည်း တန်ဖိုးကြီး လေလံများမှာ မည်သူမည်ဝါရသွားသည်ကို လေလံဝင်ဆွဲသူများပင် သိရှိခွင့်မရှိကြောင်း လေလံဝင်ဆွဲဖူးသော လုပ်ငန်းရှင်များက ဆိုသည်။

"ပွင့်ပွင့်လင်းလင်းသိပ်မရှိဘူး။ ဘယ်သူက ဘယ်နေရာ ရသွားတယ်ဆိုတာ ပြန်ပြီးဆက်သွယ်ပြောဆိုတာ မရှိဘူး။ ဈေးနှုန်းအများကြီး ပိုပေးတာတောင် မရလိုက်ဘူး"ဟု တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌဦးကိုကိုထွေးက စစ်သမိုင်းပြတိုက် လေလံဝင်ရောက် ယှဉ်ပြိုင်စဉ်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

"ကျန်းမာရေးကခေါ်တယ်။ သိပ္ပံတို့၊ သူနာပြုတက္ကသိုလ်တို့မှာလည်း ဒီလိုပဲ။ လျှောက်လွှာဖိုးဆုံးပြီး အာမခံကြေး အချိန်အကြာကြီးယူထားတော့ အတိုးတက်တာပဲအဖတ်တင်တယ်"ဟုလေလံများ အဆက်မပြတ်ဝင်ဆွဲနေသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

သို့သော် ဝန်ကြီးဌာနအချို့၏ လေလံများမှာမူ ပွင့်လင်းမြင်သာမှုရှိခဲ့သည်။ "ဗိုလ်တထောင်ဆိပ်ကမ်းကို ကျပ်သိန်း ၁၀၀၀ နဲ့ အများဆုံးပေးထားတယ်။ ဆန်ခါတင်ကုမ္ပဏီသုံးခုထဲမှာ ကျွန်တော်တို့ပါတယ်။ ဒီလေလံက ပွင့်လင်းမြင်သာမှုရှိတယ်လို့ ကျွန်တော်ထင်တယ်"ဟု ပုလဲမြေခရီးသွားဝန်ဆောင်မှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသူရစိုးကပြောကြားသည်။

အချို့ လေလံများမှာ လုပ်ငန်းစတင်ပြီးမှ ခေါ်တတ်ကြောင်းလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

"ကိုယ်ကလုပ်ငန်းစနေပြီ။ နောက်ကနေလိုက်ပြီး ဆွဲနေကြတယ်။ အားကြိုးမာန်တက်နဲ့ လုပ်နေတာတွေ့တော့ စိတ်မကောင်းဘူး"ဟု အစိုးရလေလံများစွာ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။


အစိုးရ၏ ပုဂ္ဂလိကပိုင်ပြုရေး လေလံများမှာမူ အမှန်တကယ် အလုပ်လုပ်ချင်သူတွေရှိသကဲ့သို့ မြေနေရာဦးချင်၍ လေလံဝင်ဆွဲမှုများလည်းရှိသည်။ နိုင်ငံတော်အနေဖြင့် တစ်ဆင့်ပြန်လည် ရောင်းမည့်သူများကို ပေးမည့်အစား အမှန်တကယ် အလုပ်လုပ်လိုသူများကိုစိစစ်၍ ပေးသင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက အကြံပြုသည်။

"လေလံတွေက စခေါ်ကတည်းက သတ်မှတ်ချက်တွေ ထားသင့်တယ်။ အလုပ်ခေါ်သလိုမျိုးပေါ့။ ဘယ်လိုရွေးချယ်တယ်ဆိုတာသိမှ လျှောက်တဲ့လူလည်း အဆင်ပြေမှာ"ဟု ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

အထူးသဖြင့် နေရာအကွက်အကွင်းကောင်းသော မြေနေရာများ လေလံပစ်ရာတွင် လေလံပွဲ အတွေ့အကြုံ၊ အဆက်အသွယ်ရှိသူက လေလံရအောင်ဆွဲပြီး လက်လွှဲရောင်းချမှုမှာ များနေဆဲဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

စာ(၁၂)သို့



# နိုင်ငံတော်သမ္မတက ဗဟိုဘဏ်ကို ၎င်း၏ကွပ်ကဲမှုအောက်တွင် လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းလို

**ပြည့်သိမ်း၊ ထူးသန့်**
**ရန်ကုန်၊ စက်တင်ဘာ - ၅**

ဗဟိုဘဏ်အား နိုင်ငံတော်သမ္မတလက်အောက်တွင် လွတ်လပ်စွာ သီးခြားဖွဲ့စည်းမည့်ပုံစံတွင် ဗဟိုဘဏ်သည် အမှန်တကယ် လုပ်ကိုင်ခွင့် အာဏာရှိနိုင်ခြေအပေါ် စောင့်ကြည့်နေကြောင်း ပညာရှင်များကပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား သမ္မတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် သီးခြားလွတ်လပ်သောအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းလိုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံသို့ နိုင်ငံတော်သမ္မတကသဝဏ်လွှာပေးပို့လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား လွတ်လပ်စွာဖွဲ့စည်းနိုင်ရေးအတွက် ဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး ကျင်းပဆဲပြည်ထောင်စု လွှတ်တော်ကာလအတွင်း တင်သွင်းဆွေးနွေးနိုင်ရေးအလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အသစ်ဖွဲ့စည်းမည့် ပုံစံနှင့်ဗဟိုဘဏ်ကိုနိုင်ငံတော်သမ္မတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ပြည်ထောင်စုအဆင့် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးတို့ဖြင့် ခန့်ထားဖွဲ့စည်းခွင့်ပြုရေးပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ရယူပေးရန် အောက်တိုဘာ ၂၆ ရက်စွဲဖြင့် သဝဏ်လွှာပေးပို့ရခြင်းဖြစ်ကြောင်း သိရသည်။

"အခုဖွဲ့စည်းမယ့်ပုံစံက ဗဟိုဘဏ်ကို ပိုပြီးအာဏာရှိစေတယ်။ ဗဟိုဘဏ်ဥက္ကဋ္ဌကလည်း ဝန်ကြီးနဲ့တန်းတူအဆင့်မျိုးဖြစ်လာတယ်" ဟု အငြိမ်းစားဗဟိုဘဏ် ဒုဥက္ကဋ္ဌ ဦးသန်းလွင်က မှတ်ချက်ပြုသည်။

နိုင်ငံတကာတွင် ဗဟိုဘဏ်က သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပြီး ငွေရေး၊ ကြေးရေး၊ မူဝါဒများ အဓိကလုပ်ကိုင်ရပြီး၊ ဗဟိုဘဏ်ကို သီးခြားလွတ်လပ်ခွင့်ပေးခြင်းသည် ငွေရေး၊ ကြေးရေးကိစ္စရပ်များတွင် ရုတ်တရက်ကြုံတွေ့နိုင်သောပြဿနာများကို လျင်မြန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဦးသန်းလွင်က ဆိုသည်။

ဗဟိုဘဏ်ကိုစီမံခန့်ခွဲရေးကို နိုင်ငံတော်သမ္မတ လက်အောက်၌ ထားရှိဖွဲ့စည်းခြင်းထက် သီးသန့် ဘုတ်အဖွဲ့တစ်ဖွဲ့ဖြင့် ဦးဆောင် ထိန်းသိမ်းသင့်ကြောင်း စီးပွားရေးပညာရှင်ပါမောက္ခ ဒေါ်လှမြင့်က အကြံပြုသည်။

"တိုင်းပြည်စီးပွားရေးနဲ့ပြောဆိုရင် ဗဟိုဘဏ်ကို ဘယ်လောက်ထိ လုပ်ပိုင်ခွင့်ပေးမလဲဆိုတဲ့ အပေါ်မှာမူတည်တယ်" ဟု ဒေါ်လှမြင့်ကဆိုသည်။

ယင်းသို့ သီးသန့်အဖွဲ့အစည်းဖြင့် ထိန်းချုပ်ခြင်းသည် တိုင်းပြည်၏ ငွေရေးကြေးရေး ဆောင်ရွက်ရာတွင်ပိုမိုလျင်မြန်စွာစီးဆင်းနိုင်မည်ဖြစ်ကြောင်း ဒေါ်လှမြင့်က အကြံပြုသည်။

ဗဟိုဘဏ်ကို သီးခြားလွတ်လပ်စွာ ခွဲခြားဖွဲ့စည်းခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဘဏ်လုပ်ငန်းစနစ်အား ကမ္ဘာ့နိုင်ငံများ၏ ဘဏ်စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

# အရပ်သားအစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုကို ထောက်ခံသည့်အနေဖြင့် အီးယူက ယူရိုသန်း ၃၀ ထောက်ပံ့မည်




**အီးယူကော်မရှင်ဥက္ကဋ္ဌ** ဓာတ်ပုံ - အောင်သူရ

**အောင်သူရ**
**ရန်ကုန်၊ နိုဝင်ဘာ-၃**

ဦးသိန်းစိန်အစိုးရအဖွဲ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေခြင်းကို ထောက်ခံသည့်အနေဖြင့် ဥရောပသမဂ္ဂက ယူရိုငွေသန်း ၃၀ ကို ၂၀၁၃ ခုနှစ်တွင် ထောက်ပံ့ပေးမည်ဟု အီးယူကော်မရှင်ဥက္ကဋ္ဌ မစ္စတာ Jose Manuelm ပြောကြားသည်။

ဥရောပသမဂ္ဂအနေဖြင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုများအား အကူအညီပေးမည့် သဘောတူစာချုပ်ကို နိုဝင်ဘာ ၃ ရက်တွင် Myanmar Peace Centre ၌ ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

"ငြိမ်းချမ်းရေးစင်တာကို သမ္မတကြီးအမိန့်နဲ့ ဖွဲ့ခွင့်ပေးလိုက်ပြီး အဲဒီအထဲမှာ အစိုးရပါမယ်။ တိုင်းရင်းသား ကိုယ်စားလှယ်တွေပါမယ်။ ငွေကြေးအလှူရှင်တွေပါမယ်" ဟု ဝန်ကြီးဦးအောင်မင်းက ပြောသည်။

ငြိမ်းချမ်းရေးစင်တာအနေဖြင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့တို့၏ စားဝတ်နေရေး စီမံခန့်ခွဲရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာမှ လာရောက်ကူညီကြမည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်မည်ဟုဒေါက်တာသန့်မြင့်ဦးကဆိုသည်။ ငြိမ်းချမ်းရေး ဆောင်ရွက်နေမှုများကို ကူညီရန် နော်ဝေ၊ ဩစတြေးလျ၊ ဗြိတိန်၊ ကမ္ဘာ့ဘဏ်နှင့်ကုလသမဂ္ဂတို့ကပါ ကူညီပေးမည်ဟု ကတိပေးထားကြောင်း ဝန်ကြီးဦးအောင်မင်းက ပြောသည်။

အလှူငွေများရရှိလာပါက အပစ်အခတ်ရပ်စဲထားသောဒေသများတွင် မိုင်းရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်သွား မည်ဖြစ်သည်။

ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့တက်လာပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ အဖွဲ့ ၁၀ဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ပြီး ကေအိုင်အိုအဖွဲ့နှင့်မူ သဘောတူညီမှု မရရှိသေးပေ။




Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
ခန်းနားထည်ဝါသော အိမ်ရာတစ်ခုတည်းတွင် လူနေမှုပုံစံ(၅)မျိုးကို ရွေးချယ်နိုင်ပါသည်။
Facilities ၄၅ % အိပ်ခန်း ဧရိယာ ၅၅% အချိုးနှင့် တည်ဆောက်ပေးထားပါသည်။
Facility များ အနေဖြင့် Restaurant, Shop,Mini Mart, Bakery, Car Wash,Coffee Shop, Business Centre, Bauquet,Playground, Squach,Table Tennis,Snooker, Yoga, Fitness Centre, Spa, Corridor, Lift , Stairs, Office, Lobby, Swimming Pool , Pool,Indoor Garden တို့ ပါဝင်မည်ဖြစ်ပါသည်။
Car Parking အဖြစ် ကားအစီးရေ(၅၆၀) ရပ်နားနိုင်ရန် ထည့်သွင်းထားပါသည်
အမှတ်(၂) ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ် အင်းယားကန်အနီး ရန်ကုန်မြို့မှာ တည်ရှိပါသည်။
ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံး အကွက်အကွင်းတစ်ခုမှာ တည်ရှိနေတာကလည်း ထာဝရ အေးချမ်းဆိတ်ငြိမ်မှုကို အထောက်အကူပြုစေပါသည်။
ကမ္ဘာကျော်အင်းယားကန်ရေပြင်ပေါ်မှာ မေးတင်ရှုမျှော်ကြည့်နိုင်တဲ့ Diamond Inya Palace ဖြစ်ပါတယ်။
Diamond Inya Palace သည် လူတစ်ယောက်အတွက် လိုအပ်ချက်တွေကို အသေးစိတ် စိတ်ကူးစီမံပေးထားတဲ့ ထူးခြားကျယ်ပြန့်သော လူမှုစိတ်ငြိမ်သော နေရာထိုင်ခင်းတစ်ခု ကောင်းမွန်သက်သာသော ဘဝအဆင့်အတန်းတစ်ခုကို ရည်ညွှန်း တည်ဆောက်ထားပါသည်။
Diamond Inya Palace သည် တိုးတက်ပြောင်းလဲလာမည့် မြို့ပြလူနေမှုဘဝကိုကြိုတင်တွက်ဆ၍ အလိုက်ဖက်ဆုံး၊ အထွဋ်မြတ်ဆုံး ဇိမ်ခံနေရာထိုင်ခင်းတစ်ခုအဖြစ်ရုပ်လုံးပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
No. (39), 7 Mile, Pyay Road,
Mayangone Township, Yangon, Myanmar.
Phone : 95 - 1 - 656850, 656851, 656852
09 420 097992 09 420 094 993, 09 420 097 994,
09 420 097 995, 09 5039498
E Mail : goldenwing@myanmar.com.mm
Mandalay Showroom
Daimond Plaza (M.G.W Construction Ltd.) 78 Street,
Between 33 × 34, Chanayetharzan Township, Mandalay, Myanmar.
Phone : 95 - 2 - 69351, 69371 , 09 420 097 996,
09 420 097 998, 09 2015287, 09 6801904, 096801505

# မြောက်ဦးမြို့တွင် နိုင်ငံခြားသားအဝင် ယာယီရပ်ဆိုင်းထား

နိုင်ချို

ရန်ကုန်၊ နိုဝင်ဘာ-၅

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဒေသတွင်းပဋိပက္ခများကြောင့်နိုင်ငံခြားသား ဧည့်သည်အဝင် ယာယီရပ်ဆိုင်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

"မြောက်ဦးခရီးစဉ်ကို ပြန်ဖွင့်တာ မကြာသေးဘူး။ အခု ရခိုင်ကိစ္စက ထပ်ဖြစ်တော့ ဒီခရီးစဉ်ကိုယာယီဆိုင်းငံ့ထားရတာပါ။ ငပလီ၊ သံတွဲမှာတောင် ကျေးရွာဘက်တွေကို ပေးမသွားပါဘူး။ ဒီဒေသတွေကို သွားမယ်ဆိုရင် Package Tour တွေအနေနဲ့ ဝန်ကြီးဌာနမှာ ကြိုတင်စာတင်ရပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းကပြောသည်။

၎င်းကပင်ဆက်လက်၍ ခရီးသွားအေဂျင်စီများနှင့် ဧည့်လမ်းညွှန်များအနေဖြင့် မြောက်ဦးခရီးစဉ်အား သွားလိုသည့် ဧည့်သည်အရေအတွက်၊ ခရီးလမ်းကြောင်း၊ မည်သည့်နိုင်ငံမှလာရောက်သည်ကို ကြိုတင်ခွင့်ပြုချက်ယူရမည်ဖြစ်ပြီး ယခုအချိန်တွင် မြောက်ဦးခရီးစဉ်အပါအဝင် ယင်းနှင့် ဆက်စပ်နေသော ကျေးရွာများအား သွားလာခွင့် ယာယီဆိုင်းငံ့ထားကြောင်း ဆိုသည်။

"မြောက်ဦးကိုက ခွင့်ပြုချက်နဲ့ သွားရတာ။ အခုအချိန်က စောင့်ကြည့်ကာလဆိုတော့ ဧည့်သည်တွေရဲ့ လုံခြုံရေးအရ ဒီခရီးစဉ်ကို ခဏရပ်ဆိုင်းထားရတယ်။ ငပလီနဲ့သံတွဲကိုတော့ တချို့တလေသွားကြပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးတင်ထွန်းအောင်က ပြောသည်။



မြောက်ဦးမြို့တစ်နေရာကို အောက်တိုဘာလကုန်ပိုင်းက တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားဧည့်သည်များ၏လုံခြုံရေးအား ရခိုင်ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြောက်ဦးခရီးစဉ်မှာ စောင့်ကြည့်ကာလပင် ရှိသေးကြောင်း သိရသည်။

"မြောက်ဦးကို ဩဂုတ်လကစပြီး နိုင်ငံခြားသား ဧည့်သည်မဝင်သလောက်ဘဲ။ အရင်နှစ်ကဆို မြောက်ဦးကို တော်တော်လာကြတယ်။ ဒီနှစ်က ရခိုင်ပဋိပက္ခတွေကြောင့် မလာသလောက်ဘဲ။ တစ်ယောက်တလေလောက်ပဲ တွေ့ရတယ်" ဟု မြောက်ဦးအရပ်မှ ဒေသခံတစ်ဦးဖြစ်သူ ကိုထွန်းအေးက ဆိုသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟောင်းသို့ ဝန်ကြီးဌာနမှ ပြန်လည်သွားလာခွင့်ကို အောက်တိုဘာလဆန်းမှစတင်သွားလာခွင့်ပြုထားသော်လည်း ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန် ပဋိပက္ခကြောင့် နိုင်ငံခြားသား ဧည့်သည်အများအပြားစိတ်ဝင်စားသည့်ထိုနေရာအား လုံခြုံရေးအရ ခေတ္တယာယီရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း ဧည့်လမ်းညွှန်များထံမှ သိရသည်။

# တရားစီရင်ရေးတွင် အုပ်ချုပ်ရေးဘက်မှ ဝင်ရောက်စွက်ဖက်မှုများရှိနေဟုဆို

ရန်မျိုးနိုင်

ရန်ကုန်၊ နိုဝင်ဘာ-၂

တရားစီရင်ရေး မဏ္ဍိုင်ကို အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဝင်ရောက်စွက်ဖက်မှုရှိနေကြောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး(၁၄)ခုမှ တရားလွှတ်တော် တရားသူကြီးချုပ်များက ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးကော်မတီများနှင့် တွေ့ဆုံစဉ်တင်ပြခဲ့ကြောင်း တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောသည်။

"ဖြောင့်မတ်တဲ့တရားစီရင်ရေးဖြစ်ဖို့အကူအညီတောင်းတယ်။ အောက်ခြေမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက အခုထိ ဝင်စွက်ဖက်နေတုန်းပဲပြောတယ်" ဟု ၎င်းကဆိုသည်။

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီတို့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် နိုဝင်ဘာ ၁ရက်တွင် နေပြည်တော်၌ လေးနာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အထူးသဖြင့် တရားစီရင်ရေးကို အုပ်ချုပ်ရေးဘက်မှ ဝင်ရောက်စွက်ဖက်မှုများသည် တိုင်းရင်းသားဒေသများ၌ အဖြစ်များနေသည်ကို တရားသူကြီးချုပ်များက တင်ပြခဲ့ကြောင်း သူရဦးအောင်ကိုက ပြောသည်။

တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်စေရန် ကြိုးပမ်းရာတွင် ယင်းသို့ ဝင်ရောက်စွက်ဖက်မှုများကို လွှတ်တော်များသို့ တရားဝင်အကြောင်းကြားစာ ပို့လာပါက တတ်နိုင်သမျှဖြေရှင်းပေးသွားမည်ဖြစ်သည်ကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း ၎င်းကပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံ၏ ယိမ်းယိုင်နေသော တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ပြည်သူများကို ဥပဒေများက အကာအကွယ်ပေးရေး၊ တရားသူကြီးများအနေဖြင့် ဥပဒေဘက်မှ မှန်မှန်ကန်ကန် ရပ်တည်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## ၂၀၁၂ နိုဝင်ဘာ ၇မှ ၁၃ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပေါ်ရာမှ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ အနောက်အလယ်ပိုင်း ပင်လယ်ပြင်မှာ တိမ်များထူထပ်စွာဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းသာ ဖြစ်ထွန်းပြီး သာယာနိုင်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအနည်းငယ်သာရှိနိုင်။ လှိုင်းအမြင့် တစ်ပေခန့်ရှိနိုင်ပါသည်။ ရခိုင်ကမ်းလွန်ဒေသတွင် လှိုင်းအမြင့် ၂ပေမှ ၃ပေခန့် ရှိနိုင်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာကျဲကျဲ၊ မန္တလေးတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်းအရှေ့မြောက်ပိုင်းတို့မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်။ ကျန်တစ်ပြည်လုံးမှာ တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင် ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ မိုးအနည်းငယ်မိုးဖွဲလေးများ (၂) မီလီမီတာခန့် ရွာသွန်းနိုင်၊ ကျန်ဒေသများသာယာနိုင်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အလားအလာရှိပြီး သေချာမှု ၂၀ ရာခိုင်နှုန်းရှိပါတယ်။ ကျန်ဒေသတွေမှာ ရာသီဥတုသာယာနိုင်ပါသည်။

**နေ့အပူချိန်များ အခြေအနေ**

တစ်ပြည်လုံးတွင် အပူရှိန်များမြင့်မားနိုင်။ အထူးသဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ အပူရှိန်များသိသိသာသာမြင့်မားနိုင်။ တရုတ်ပြည်မကြီးဘက်မှ အရှေ့မြောက်လေအေးများ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများဆီသို့ စတင်ချဉ်းကပ်လာနိုင်ပြီး ညအပူချိန်များ စတင်ကျဆင်းနိုင်။

**တောင်တရုတ်ပင်လယ် အခြေအနေ**

တောင်တရုတ်ပင်လယ်တွင်လေထုမငြိမ်မသက်မှုများစတင်ဖြစ်ပေါ်နိုင်ပြီး လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်လာနိုင်။

**ဒေါက်တာထွန်းလွင်**

# မြန်မာနိုင်ငံ၏ ဘိန်းစိမ်းထွက်ရှိမှု ယမန်နှစ်ထက် ၁၃ ရာခိုင်နှုန်းပို

**သန်းထူး**

**နေပြည်တော်၊**
**အောက်တိုဘာ-၃၁**

ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးနောက် ဘိန်းအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် မြန်မာနိုင်ငံ၌ ဘိန်းစိမ်းထုတ်လုပ်မှု ၁၃ ရာခိုင်နှုန်း ပိုမြင့်မားခဲ့ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC က ယနေ့ ထုတ်ပြန်ကြေညာသည်။

အရှေ့တောင်အာရှတွင် ဘိန်းစိုက်ပျိုးမှုဧရိယာ ၉၀ ရာခိုင်နှုန်းခန့် နေရာယူထားသည်ဟုဆိုသော မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း ဘိန်းစိမ်းထုတ်လုပ်မှု တန် ၉၆၀ ရှိခဲ့ပြီး ဘိန်းစိုက်ဧရိယာ ၅၁၀၀၀ ဟက်တာရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ ယမန်နှစ်က ၄၃၆၀၀ ဟက်တာထက် ၁၇ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှလွဲ၍ ပထမဆုံးအကြိမ် ပြုလုပ်သော ဘိန်းစစ်တမ်းကောက်ယူရေး အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း အခမ်းအနားတွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

"၅၀၀၀၀ ဟက်တာဆိုတာ ပျမ်းမျှ ခန့်မှန်းထားခြင်း ဖြစ်ပါတယ်။ အတိအကျကလည်း စစ်တမ်းကောက်ယူမှုအရ ခန့်မှန်းထားခြင်းဖြစ်ပါတယ်" ဟု၍ UNODC ၏ Country မန်နေဂျာ မစ္စတာဂျေဆင်အဲလစ် (Jason Elish)က ယနေ့ အခမ်းအနားတွင် ရှင်းလင်းပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းကလည်း ဘိန်းစိုက်ကျေးရွာများတွင် ၄၀ ရာခိုင်နှုန်းသောအိမ် ထောင်စုများက စိုက်ပျိုးကြကြောင်း၊ ရှမ်းပြည်နယ်တွင် ယခုနှစ် ထုတ်လုပ်မှုမှာ ၈၂ ရာခိုင်နှုန်းရှိပြီး ယမန်နှစ်က ၉၀ ရာခိုင်နှုန်းခန့်ရှိခဲ့၍ လျော့ကျသွားခဲ့ကြောင်း၊ အခြားဒေသများတွင် စိုက်ပျိုးလာခြင်းကြောင့် ယခုနှစ် စုစုပေါင်းစိုက်ဧကတိုးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သော ယခုအခမ်းအနားနှင့် ပတ်သက်၍လည်း "ဘိန်းစိုက်ပျိုးထုတ်လုပ်တာကို သိရှိနားလည်ဖို့ ထင်သာမြင်သာရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

၎င်းအပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် တက်ရောက်ခဲ့သော ယနေ့အခမ်းအနားတွင် ၂၀၁၂ခုနှစ်အတွင်း ဘိန်းစိုက်ခင်း ဟက်တာ ၂၃၀၀၀ ကျော်ကို ဖျက်ဆီးခဲ့ကြောင်း၊ ၁၉၉၀ မှ ၂၀၁၂ အထိ ဖမ်းဆီးရမိသော ဘိန်းများအား ၇၉ ကြိမ် မီးရှို့ဖျက်ဆီးခဲ့ကြောင်း ခန့်မှန်းတန်ဖိုး ကန်ဒေါ်လာ ၁၈၂၂၅ ဒသမ ၉၃၂ သန်းခန့်ရှိကြောင်းလည်း ရဲချုပ်ကျော်ကျော်ထွန်းက ပြောကြားသည်။

# အများပြည်သူသို့ ဥပဒေပညာပေးမည်

**အေးသူစံ**

**ရန်ကုန်၊**
**နိုဝင်ဘာ-၁**

နိုင်ငံတွင်းနေ ပြည်သူအများစုမှာ တရားဥပဒေနှင့် ဥပဒေပါ အခွင့်အရေးများကို မသိကြသောကြောင့် တရားတပေါင် ရင်ဆိုင်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေရာ ဥပဒေပညာရပ်နှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကပြောသည်။

"ပြည်သူ ၉၅ ရာခိုင်နှုန်းလောက်က ဥပဒေကိုမသိကြဘူး။ ဥပဒေတစ်ခု ထုတ်ပြန်လိုက်ရင် သတင်းစာမှာပါတာတောင်မှ လူတိုင်းဖတ်ကြတာမဟုတ်သလို ဥပဒေပါအခွင့်အရေးနဲ့ လိုက်နာမှုအားနည်းကြတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကြံပြုချက်နဲ့ ဥပဒေပညာပေးအစီအစဉ်တွေ လုပ်သွားဖို့ရှိတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ပညာပေးအစီအစဉ်အတွက် ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့အပါအဝင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ ရုပ်သံအစီအစဉ်တစ်ခုခုကိုလည်း တင်ဆက်နိုင်ရန် ကြိုးစားနေကြောင်း ဦးဝင်းမြင့်ကပြောသည်။

တရားဥပဒေ၏ အခွင့်အာဏာနှင့် အခွင့်အရေးများကို သိရှိမှု ဗဟုသုတနည်းပါးခြင်းကြောင့် တရားတပေါင် ရင်ဆိုင်ရာတွင် မလိုလားအပ်သော အခက်အခဲများ၊ တရားစွဲဆိုမှုများ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ "ဥပဒေကို မသိလို့ငြိကြတာတွေ၊ဖြစ်ကြတာတွေ တွေ့နေရတယ်။ အခုလတ်တလောမှာဆို ဂျာနယ်တွေ တရားစွဲဆိုခံနေရတာတွေဟာ ဥပဒေကိုမသိလို့ ဖြစ်ကြတာပေါ့။ ဒါကြောင့်ဥပဒေကို မီဒီယာသမားရော၊ နိုင်ငံသားအားလုံးရော သိသင့်တာ ထင်ရှားပါတယ်"ဟု ဦးဝင်းမြင့်က ဆက်လက်ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ အဆိုပါ ပညာပေးအစီအစဉ်အတွက် စတင်လုပ်ဆောင်နေပြီဖြစ်ပြီး ယင်းကော်မတီသို့ တိုင်ကြားစာများ ရောက်ရှိသည့်အထဲတွင် တရားရေးလောကအမှုထမ်းများ တိုင်ကြားမှုမှာ မရှိသလောက်နည်းပါးနေပြီး တရားစီရင်ရေးအားနည်းမှု၊ မမျှတမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို တိုင်ကြားမှုများမှာ အများဆုံးဖြစ်နေကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

## စာ-၂။ ဖားကန့်ဒေသသို့ အမျိုးသားများသွားလာခြင်း ကေအိုင်အေ တားမြစ်စစ်ဆေးမှု ဖြေလျှော့မှ

သြဂုတ်လလယ်ပိုင်းက ဖားကန့်ဒေသတွင် မြန်မာစစ်တပ်နှင့် ကေအိုင်အေကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ မြန်မာစစ်သားအချို့ ယခုဖားကန့်-မိုင်းကောင်းလမ်းပိုင်းမှ ခရီးသွားပြည်သူအသွင်ဖြင့် ဖားကန့်ဒေသသို့ဖြတ်သန်းရောက်ရှိသွားသည်ဟု ကေအိုင်အေမှ သံသယရှိသောကြောင့် သြဂုတ်လကုန်ပိုင်းမှစ၍ ၎င်းလမ်းပိုင်းတွင် အမျိုးသားများ ဖားကန့်ဒေသသို့ သွားရောက်ခြင်းမပြုရန် ကေအိုင်အေမှ စစ်ဆေးတားမြစ်ထားခြင်းဖြစ်ပြီး ဖားကန့်ဒေသမှ ပြန်လည်ထွက်ခွာသူများကိုမူ များစွာစစ်ဆေးတားမြစ်ခြင်းမရှိဘဲ ခွင့်ပြုပေးနေခဲ့ခြင်းဖြစ်ကြောင်း ဖားကန့်နှင့်မိုးကောင်းဒေသခံများကဆိုသည်။

သြဂုတ်လလယ်ပိုင်းမှစ၍ ဖားကန့်ဒေသ၌ ဖြစ်ပွားနေသော မြန်မာတပ်မတော်နှင့် ကေအိုင်အေကြား တိုက်ပွဲများမှ နှစ်လကျော်ကြာသည်အထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး နှစ်ရက်ခြားသုံးရက်ခြားဆိုသလို တိုက်ခိုက်ပစ်ခတ်သံများ၊ လက်နက်ကြီးပစ်ခတ်သံများကြားနေရဆဲဖြစ်သလို လက်နက်ထိမှန်၍ ပြည်သူအချို့ ဒဏ်ရာ ရသေဆုံးမှုများရှိနေဆဲဖြစ်ကြောင်း ဖားကန့်ဒေသခံများကပြောသည်။

နိုဝင်ဘာ ၂ ရက်နေ့ နေ့လယ် ၁ နာရီခွဲအချိန်ကလည်း စစ်တပ်နှင့် ကေအိုင်အေတို့တစ်ဖက်နှင့်တစ်ဖက် လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်မှုကြောင့် ဖားကန့်မြို့နယ် မော်မောင်းလယန်ရွာနှင့်ဗလခရွာများသို့ အမြောက်ဆန်များ ကျရောက်ခဲ့ပြီး ဗလခရွာမှ ၁၀ တန်းအရွယ် ခြောက်တန်းအရွယ် ကျောင်းသားညီအစ်ကို နှစ်ဦးအပါအဝင် ရွာသားလေးဦး ကျည်ဆန်ထိမှန်ဒဏ်ရာရခဲ့ပြီး ၃ ဦးကို ဖားကန့်ဆေးရုံကြီးသို့တင်ပို့ထားရကြောင်း အခင်းဖြစ်ပွားရာ အနီးသို့သွားရောက်ခဲ့သော ဖားကန့်ဒေသခံ အမျိုးသားတစ်ဦးက 7Day News သို့ပြောသည်။

"အစစ်ဆေး၊ အတားအဆီး မရှိလွတ်လွတ်လပ်လပ် သွားလာချင်တယ်။ အခုပွင့်လင်းရာသီရောက်လာပြီဆိုတော့ ရပ်နားထားတဲ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်တွေလည်း ပြန်လုပ်ရမယ့်အချိန်ရောက်ပြီ။ အားလုံးအေးအေးချမ်းချမ်းဖြစ်သွားဖို့ မျှော်လင့်ပါတယ်"ဟု ဖားကန့်မြို့ဆိုင်းတောင်ရွာမှ ကျောက်စိမ်းရောင်းဝယ်လုပ်သူတစ်ဦးကပြောသည်။

တိုက်ပွဲများကြောင့် ဖားကန့်ဒေသရှိ ကျောက်စိမ်းရှာဖွေတူးဖော်ရေးလုပ်ငန်းများရပ်နားထားပြီး လမ်းပန်းဆက်သွယ်ရေးများလည်းပြတ်တောက်ခဲ့သည်။ သြဂုတ်လကုန်ပိုင်းမှ စ၍ ကျောက်စိမ်းလုပ်ကွက်များ လုပ်ကိုင်နေသောမြန်မာပြည်အရပ်ရပ်မှ သိန်းဂဏန်းရှိသော လုပ်သားများမှာ နယ်မြေမတည်ငြိမ်မှုများကြောင့် ဖားကန့်ဒေသမှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ထို့ပြင်တိုက်ပွဲများကြောင့် ဖားကန့်မြို့အနီး ကျောက်စိမ်းလုပ်ကွက်များတွင် နေထိုင်သူ သောင်းဂဏန်းရှိသော ဒေသခံများမှာ ဖားကန့်မြို့ပေါ်ရှိ ခရစ်ယာန် ဘုရားကျောင်း၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများကို စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ်နှစ်လနီးပါးကြာ ပြောင်းရွှေ့နေထိုင်ခဲ့ကြရခြင်းဖြစ်သည်။

ကချင်လက်နက်ကိုင်အဖွဲ့ ကေအိုင်အေ၏ မိခင်အဖွဲ့အစည်းဖြစ်သော ကေအိုင်အိုနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုအောက်တိုဘာ ၃၀၊ ၃၁ ရက်များတွင် တရုတ်နိုင်ငံရွှေလီမြို့ရှိ ကျောက်စိမ်းဟိုတယ်၌ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့သည်။ လက်ရှိကချင်ပြည်နယ်တွင် ဖြစ်ပွားနေသောတိုက်ပွဲများရပ်တန့်ရန် သဘောတူညီမှု မရရှိခဲ့သော်လည်း နိုင်ငံရေးနည်းလမ်းအရဆက်လက်ဆွေးနွေးရန် နှစ်ဖက်ခေါင်းဆောင်များ သဘောတူညီခဲ့ကြသည်။

စင်္ကာပူနိုင်ငံ ရေနံဓါတုစက်ရုံတွင်လုပ်ရန်
* Electrical Tube Fitter
(လျှပ်စစ်လုပ်သား)(လူသစ်/ဟောင်း) (၃၀)ဦး၊ S$ 525 ~ 600 + O.T
G.T.I (E.P) / B.A / B.Sc နှင့် Electrical [illegible]
[illegible]
[illegible] ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ [illegible]
[illegible]
Licence No.023/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
[illegible]
mail - agencykla@gmail.com/S'pore Cont;-HP: 65-90019420/Fax :65 65668784/ mail: sseagency@gmail.com

မွန်မြတ်ဆေးခန်း ပါသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
လိပ်စာ-အမှတ်(၅၅)၊ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၆၅

Life
7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# ငြမ်းစင်ကြားမှ အသက်ခန္ဓာများ

**သန်းဌေး၊ မြတ်စုမွန်**

အမျိုးသား၊ အမျိုးသမီး အသက်အရွယ်စုံတို့သည် အပြာရောင်ပလတ်စတစ်ဇလုံကြီးအတွင်းမှ တရော်ကင်ပွန်းရည်များအား လက်ဖြင့်နှိုက်ယူကာ ချွေးများစို့ရွှဲနေသော နဖူးပြင်ရှိဆံစများဆီသို့ သပ်တင်လိုက်ကြသည်။

ပြီးလျှင် ဇလုံဘေးနားရှိ ကျောက်ရေစည် ထဲမှ ရေများဖြင့် တရော်ရည်ခပ်ချွဲချွဲများ ပေရေနေသော လက်များကို ဆေးကြောသုတ်သင်လိုက်၏။ ထို့နောက် စစ်ရောင်တာလပတ်စဖြင့် မိုးထားသည့် ကန္နားဖျင်းအောက်ဆီသို့ဝင်ရောက်ထိုင်ကာ အမောဖြေလိုက်၏။

သူတို့၏ ပုံပန်းသဏ္ဌာန်များကား ရန်ကုန်သူ၊ ရန်ကုန်သားများမဟုတ်သည့် အသွင်အပြင်များပင်ဖြစ်သည်။ သူတို့မျက်နှာများမှာ ဝမ်းနည်းစိတ်ကြောင့်ထင်သည်။ ရွှင်ရွှင်လန်းလန်းမရှိကြ။ မျက်နှာအိုကလေးများဖြင့် မှိုင်ငေးနေကြလေသည်။

သူတို့သည် လွန်ခဲ့သော သုံးရက်ခန့်က ဆောက်လက်စ ၁၂ ထပ်တိုက်အပေါ်ဆုံးမှ မြေပြင်ပေါ်သို့ပြုတ်ကျကာ အသက်ဆုံးရှုံးခဲ့ရသည့် လူငယ်လေးတစ်ဦး၏ နောက်ဆုံးခရီးသို့ လိုက်ပို့ပြီး အသုဘအိမ်သို့ ပြန်လာကြသူများဖြစ်သည်။

၁၉ နှစ်အရွယ်မောင်ဝေမိုးသည်နာဂစ်ဒဏ်သင့်ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်ရှိကျေးရွာလေးမှ ရန်ကုန်သို့တက်လာကာ ကန်ထရိုက်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် နေ့စားဝန်ထမ်းတစ်ဦးအဖြစ်လုပ်ကိုင်နေရာမှယခုကဲ့သို့ ထိတ်လန့်ဖွယ်အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အမြင့် ၁၂၇ ဒသမ ၅ ပေမှပြုတ်ကျခဲ့သည့် ကိုဝေမိုးသည် သေဆုံးစဉ်တွင် ဘေးအန္တရာယ်ကင်းရှင်းရေး အကာကွယ်ပစ္စည်း တစ်စုံတစ်ရာမျှ သုံးစွဲထားခြင်း မတွေ့ရကြောင်း လှိုင်မြို့နယ် ရဲစခန်းမှ စခန်းမှူးရဲအုပ်သိန်းဆွေမြင့်ကပြောသည်။ **အချပ်ပို(D)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မင်္ဂလာမောင်နှံတို့အတွက် ခန်းဝင်ပစ္စည်းများစုံရာ

**အိဖြူလွင်**

မင်္ဂလာဆောင်ရာသီဖြစ်တာကြောင့် မင်္ဂလာဆောင်မယ့် မောင်နှံတွေရော မင်္ဂလာမောင်နှံတွေကို လက်ဖွဲ့ကြမယ်သူတွေရော မင်္ဂလာဦးအမှတ်တရပစ္စည်းတွေ ဝယ်ရတာ၊တစ်သက်တာလုံးအတွက် ကိုယ့်လက်ဆောင်လေး အသုံးဝင်စေဖို့ဆိုပြီး စဉ်းစားရတာတွေကလည်း ဦးနှောက်ခြောက်စရာ ကောင်းလှပါတယ်။

ဒါကြောင့် ဒီတစ်ပတ်မှာ မင်္ဂလာမောင်နှံတွေ အသုံးတည့်စေမယ့် ပရိဘောဂပစ္စည်းတွေရှိရာနေရာကို ဈေးဝယ်ထွက်ကြည့်ရအောင်ပါ။

အိမ်ထောင်ဦးမှာ အမှတ်တရဖြစ်စေဖို့အတွက် မိန်းကလေးတွေအကြိုက် မှန်တင်ခုံနဲ့ ဗီရိုဒီဇိုင်း လှလှလေးတွေ ရနိုင်တာပါ။

ပြောင်းလဲလာတဲ့ခေတ်စနစ်အရမြို့နေသူ အများစုက ကြီးမားလေးလံတဲ့ သစ်သားပရိဘောဂတွေကို မကြိုက်ကြတော့ဘဲ ကြိတ်သားနဲ့လုပ်တဲ့ ပေါ့ပေါ့ပါးပါး ပုံစံတွေကိုသာ အကြိုက်များလာလို့ ဒီနေရာမှာရတဲ့ ပရိဘောဂတွေက ကြိတ်သားပရိဘောဂတွေများပါတယ်။

ဈေးနှုန်းအနေနဲ့က မင်္ဂလာမောင်နှံတွေ ကိုယ်တိုင်ဝယ်ဖို့ရော လက်ဖွဲ့ပေးလိုသူတွေပါ သင့်တင့်တဲ့ ဈေးနှုန်းဖြစ်တာကြောင့် ကြိတ်သားတွေက ဝယ်ယူသူတွေအတွက် အကြိုက်ဖြစ်လာတာပါ။

ကြိတ်သားနဲ့ လုပ်ထားတဲ့ မှန်တင်ခုံတစ်ခုရဲ့ ဈေးနှုန်းက ကျပ်ရှစ်သောင်းကျော်ကနေ တစ်သိန်းနှစ်သောင်းကျပ်ဝန်းကျင်ခန့်ထိ ရှိသလို ကြိတ်သားဗီရိုတစ်လုံးရဲ့ ဈေးနှုန်းကလည်း ကျပ်တစ်သိန်းခန့်ကနေ အထပ်အမြင့်နဲ့ အကျပ်အဝန်းပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုး ရှိတာပါ။

ကြိတ်သား ပရိဘောဂတွေရဲ့ အားသာချက်က သယ်ရတာ ပေါ့ပေါ့ပါးပါးရှိတာနဲ့ ပုံစံတွေက ခေတ်မီမီနဲ့ လူငယ်တွေ အကြိုက်ပေမယ့် အကြမ်းမခံတာကြောင့်တော့ လူကြီးတွေက သိပ်ကြိုက်လေ့မရှိပါဘူး။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဒါပေမဲ့ ကြိတ်သားတွေက အရောင်စုံ၊ ဒီဇိုင်းစုံရှိတာကြောင့် မိန်းကလေးတွေကတော့ အကြိုက်တွေ့တာ သေချာသလို ဝယ်ပေးမယ့် သူတွေအနေနဲ့လည်း ဈေးနှုန်းရော၊ ဒီဇိုင်းတွေရော အဆင်ပြေမှာ သေချာပါတယ်။

အိမ်ရဲ့ ဆေးရောင်အတိုင်း ပရိဘောဂတွေကို စိတ်တိုင်းကျအရောင်ပါ ရွေးချယ်လို့ရမယ့် ဝါကျွတ်ချိန်ခါမင်္ဂလာမောင်နှံတွေအားလုံး အဆင်ပြေစေမယ့် ဒီနေရာက ပြည်လမ်းမပေါ် နာနတ်တောလမ်း အနီးက Sweety Home မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။





## ဖားသားပဲသီးဆီပြန်ဟင်းလျာ



ဒီတစ်ပတ်တော့ အစားမညီတဲ့ ဟင်းတစ်ခွက်ကို စီစဉ်ချက်ပြုတ်ထားပါတယ်။ ဖားသားပဲသီးဆီပြန်ဟင်းတစ်ခွက်ပဲဖြစ်ပါတယ်။

ဒီဟင်းချက်ဖို့ အနေတော် စားဖား သုံးကောင်၊ ပဲသီးအစည်းသေးနှစ်စည်းလောက်ပဲလိုပါတယ်။ တကယ်တော့ နယ်တွေမှာဆိုရင်ဖားသားကို ဈေးတွေထဲမှာ ရောင်းတဲ့အခါ အရေခွံမာရုံလေး ကောက်ရိုးမီးမြှိုက်ထားတာကြောင့်စားနေမကျသူတွေအတွက်မြို့ကြီးဈေးတွေမှာရတဲ့ဖားတွေလို ချက်ပြီးတဲ့အခါ အရေခွံတွေကို မြင်တွေ့ပြီးစားချင်စိတ်ပျောက်သွားတာမျိုးဖြစ်စေမှာမဟုတ်ပါဘူး။ ဝိုက်ဖီကတော့ စမ်းချောင်း ဂွဈေးက ဖားနဲ့ချက်တာမို့စားနေမကျသူတွေကတော့ ကြက်သီးများထမလား မပြောတတ်ပါဘူး။

ဟင်းချက်ဖို့အတွက် အရင်ဆုံး ဖားကိုမလိုတာတွေဖြတ်တောက်၊ ဗိုက်ခွဲ၊ ကလီစာတွေထုတ်ပြီး အနေတော်အရွယ်လေးတွေတုံးပါမယ်။ ပဲသီးကို ခါတိုင်းကြော်သလိုပဲ အရွယ်တော်လှီးထားပါမယ်။ ပုံမှန်ဟင်းတွေချက်သလို ဖားသားကို ကြက်သွန်ဖြူနီနဲ့ နနွင်းမှုန့်ကဲပြီး ဆီသတ်ပါမယ်။ ဖားသားနူးသွားတဲ့အခါ ပဲသီးလေးထည့်၊ ရေနည်းနည်းထည့်ပြီး သုံးမိနစ်လောက် အုပ်ထားလိုက်ရင် ဖားသားပဲသီးဟင်းလျာ စားလို့ရပါပြီ။ ဖားသားဆိုလို့တွန့်သွားသူတွေလည်း ချိုပြီး အင်မတန်အရသာရှိတဲ့ဖားသားပဲသီးဟင်းကို မြည်းစမ်းကြည့်ကြပါဦး။



7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012






ဖေ့စ်ဘွတ်ခ်သုံးနေသည့် ပင်စင်စားကြီး ဦးမျိုးလွင်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# သက်ကြီးတွေလည်း ဖေ့စ်ဘွတ်ခ်ပျော်သည်

**ဥက္ကာကိုကို**

နံနက် ၆ နာရီခွဲတိတိမှာ Desktop ကွန်ပျူတာလေးကို ဦးမျိုးလွင်စဖွင့်လိုက်သည်။ မကြာမီမှာပဲ အွန်လိုင်းပေါ်သို့ ဦးမျိုးလွင်ရောက်ရှိလာပါပြီ။ အွန်လိုင်းပေါ်တက်တက်ချင်းသူစဖွင့်တာက သတ်ထူးလွင်ဝက်ဘ်ဆိုက်ဖြစ်သည်။

အဲဒီမှာ သတင်းထူးတွေ ဖတ်ရမည်။ ပြီးလျှင် ပြည်တွင်းပြည်ပမှ မိတ်ဆွေများ၊ သား၊ မြေး၊ တူမများ ပေးပို့ထားသော မေးလ်တွေကို ဖွင့်ဖတ်မည်။ ထို့နောက်မှာတော့ Facebook လူမှုကွန်ရက်စာမျက်နှာကို ဦးမျိုးလွင်စတင် သုံးစွဲပါတော့သည်။

Facebook ကို စသုံးစဉ်က သူများတွေ ရေးထားသော ပို့စ်များကိုသာ ဖတ်ရှုခဲ့၊ Like လုပ်ခဲ့ရာမှ အခုတော့ ဦးမျိုးလွင် တစ်ယောက် မှတ်ချက် Comment များရေးသားခြင်း၊ ကိုယ်ပိုင်အတွေးအမြင်များကို Status ရေးသားခြင်းတို့ကို ပြုလုပ်တတ်လာပြီဖြစ်သည်။ Facebook Status ပေါ်က What's on your mind ဆိုတဲ့ စာသားလေးကို သူသဘောကျနေခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် အငြိမ်းစားယူထားသော ဦးမျိုးလွင်မှာ အသက်အရွယ်အရ ၇၁ နှစ်ရှိလာပြီဖြစ်သော်လည်း ပေါ့ပါးသွက်လက်ဆဲဖြစ်သည်။ အမေရိကတွင် အလုပ်လုပ်ရင်း ကျောင်းတက်နေသည့် တူမဖြစ်သူ ညွှန်းဆိုမှုကြောင့် Gtalk နှင့် Blog များကိုသာ သုံးစွဲနေခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် Facebook အကောင့်တစ်ခု စဖွင့်ဖြစ်ခဲ့သည်။ တူမ၏ သင်ကြားမှုဖြင့် Facebook ပေါ်မှ မိတ်ဆွေများ တင်ထားတွေကိုလိုက်ဖတ်ရင်း Facebookကို တဖြည်းဖြည်းနှစ်သက်စွဲလမ်းလာသည်။

"စွဲသွားတာ၊ လူငယ်တွေအခေါ် အရဆိုရင် ပိုးဝင်တာပေါ့"ဟု သူကပြောသည်။

အသက်ခြောက်ဆယ်ကျော်လျှင် လူကြီးပိုင်းထဲ ဝင်ရောက်နေပြီဖြစ်သည့်အတွက် စိတ်အင်အားနှေးကွေးခြင်းမျိုးလည်းဖြစ်လာတတ်သည်ဟုဦးမျိုးလွင်က ယူဆထားသည်။ ပင်စင်စားများအနေဖြင့်လည်း ကိုယ်ကျင်လည်ခဲ့ရာ ပတ်ဝန်းကျင်ကြီးထဲမှ ခွဲခွာလာရသည့်အတွက် အထီးကျန်သည့် စိတ်သဘောမျိုးလည်း ပေါ်ပေါက်လာတတ်ပါသည်။

သားသမီးမြေးမြစ်များနှင့် နွေးထွေးပျော်ရွှင်စွာ နေထိုင်သွားကြသူများရှိသကဲ့သို့ တစ်ကိုယ်တည်းအဖော်မဲ့ရှာသူများလည်း ရှိစမြဲပင်ဖြစ်သည်။

**တစ်ဖက်သို့**






## တစ်ဖက်မှအဆက် ...

ထိုအချိန်တွင် များသောအားဖြင့် လောကုတ္တရာတရားအားထုတ်ခြင်းဖြင့် အချိန်ကုန်လွန်တတ်ကြသလို လူမှုရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရင်း ပတ်ဝန်းကျင်ကို အကျိုးပြုသွားကြတတ်ကြသည်။ မည်သို့နည်းလမ်းများဖြင့် ပင်ဖြစ်စေ Facebook ကို သုံးစွဲနေကြသည့် လူကြီးပိုင်းများအနေနှင့်တော့ ပတ်ဝန်းကျင်နှင့် ဝေးကွာခြင်းမရှိဘဲ ပိုမို၍ပင် နှပျိုတက်ကြွလာသည်ကို တွေ့ရသည်။

ယခင်နှစ်များကထက် သိသာစွာကျယ်ပြန့်လာသော Facebook စာမျက်နှာပေါ်သို့ မြန်မာနိုင်ငံသား လူငယ်၊ လူလတ်ပိုင်းများသာမက အသက် ၆၀ ကျော်အရွယ် လူကြီးပိုင်းများပါ ဝင်ရောက်သုံးစွဲလာကြပြီဖြစ်သည်။ အများဆုံးသုံးစွဲကြသည့် လူကြီးပိုင်းများမှာ ဆေးဘက်ဆိုင်ရာအငြိမ်းစားများ၊ အင်ဂျင်နီယာအငြိမ်းစားများ၊ ပညာရေးဆိုင်ရာအငြိမ်းစားများ၊ နိုင်ငံရေးသမားများ၊ ပညာရှင်များဖြစ်ကြသည်။

ပင်စင်စားအရွယ်များ Facebook သုံးစွဲလာခြင်းဖြင့် ၎င်းတို့၏ အထီးကျန်မှုများကို ဖြေဖျောက်နိုင်မည်ဖြစ်သလို မိမိတတ်ကျွမ်းထားသော ပညာရပ်များကို ပြန်လည်မျှဝေခြင်းဖြင့်လည်း လူမှုပတ်ဝန်းကျင်ကို အကျိုးပြုစေနိုင်သည်ဟု ဦးမျိုးလွင်ကသုံးသပ်သည်။

"ပင်စင်စားတွေဆိုတာ ပညာတတ်တွေ။ အတွေ့အကြုံများတယ်။ အထီးကျန်နေမယ့်အစားနောက်လူငယ်တွေကို ပညာဖြန့်ပေးစေချင်တယ်။ တစ်နေ့တစ်နေ့ အလုပ်မရှိဘဲကုန်သွားမယ့်အချိန်တွေကို အကျိုးရှိစွာအသုံးချစေချင်ပါတယ်"ဟု သူကပြောသည်။

အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါ်ငြိမ်းငြိမ်းဝင်းသည် အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်သည်။ Facebook ကိုလည်း စပေါ်စဉ်ကတည်းက သုံးစွဲလာခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းနှင့် သက်ဆိုင်သည့်အရာများ၊ ပုဂ္ဂလိကသုံးစွဲမှုများသာမက သတင်းများကိုလည်း ဖတ်ရှုဖြစ်ကြောင်း သူမကပြောသည်။ ထို့အပြင် Facebook ကို ဒေါ်ငြိမ်းငြိမ်းဝင်း နှစ်သက်သည့် တစ်ချက်က Farmville Game ကို ကစားရခြင်းပဲဖြစ်သည်ဟု ဆိုသည်။

"ကိုယ်စိုက်ထားတဲ့ အပင်လေးတွေ ပွင့်လာသီးလာရင် ငါလုပ်ထားတာလေး အောင်မြင်ပြီဆိုပြီး ပျော်တယ်။ ပြီးတော့ အချင်းချင်း Game Request တွေလုပ်ပြီး ကိုယ့်ရှိတာ သူ့ပေး။ သူ့ရှိတာ ကိုယ့်ပေးဆိုတော့ တအားရင်းနှီးလာကြတာလို့မြင်တယ်"ဟု ဒေါ်ငြိမ်းငြိမ်းဝင်းက အပင်များစိုက်ပျိုးရသည့် ဂိမ်းအား နှစ်သက်ရသော အကြောင်းရင်းကို ပြောပြသည်။

အစိုးရဝန်ထမ်းအဖြစ်မှ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် ထွက်ခဲ့ပြီး ကိုယ်ပိုင်ဆေးခန်းဖွင့်ထားသည့် ဒေါ်ငြိမ်းငြိမ်းဝင်း၏ Facebook သုံးစွဲမှု သက်တမ်းမှာ သုံးနှစ်ကျော်လာပြီဖြစ်သလို သူမ၏ သားများကိုလည်း Facebook သုံးစွဲကြရန် တိုက်တွန်းအားပေးခဲ့သူလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် Facebook ကို များသောအားဖြင့် လူငယ်ပိုင်းသုံးစွဲမှု ပိုများသည့်အတွက် Facebook မှာပင် အချိန်ကုန်နေကြခြင်းသာမက လွတ်လပ်မှုကို တလွဲဆံပင်ကောင်း အသုံးချမှုများလည်းရှိနေခဲ့သည်။ ဝေဖန်ခြင်းသက်သက်မဟုတ်သော တိုက်ခိုက်မှုများ၊ ဝါဒဖြန့်လှုံ့ဆော်မှုများရှိသကဲ့သို့ ကောလာဟလများလည်း လျင်မြန်စွာပျံ့နှံ့တတ်ရာ လူမှုစာမျက်နှာတစ်ခုပင် ဖြစ်သည်။

"သုံးတတ်ရင် အကျိုးရှိတယ်။ မကြိုက်တာတွေလည်း ရှိတယ်။ သူများကို အပုပ်ချတာမျိုးပေါ့။ Personal တွေပါလာတတ်တယ်။ ပြီးတော့ မဟုတ်ကဟုတ်ကပုံတွေ မတင်သင့်ဘူး။ ကိုယ်ကြားတာလေးနဲ့လည်း မတင်သင့်ဘူး။ မှန်ဦးတော့ ဘယ်သူမှအကျိုးမရှိရင် မတင်သင့်ဘူး"ဟု ဦးမျိုးလွင်ကသုံးသပ်သည်။

အသက် ၅၅ နှစ်အရွယ်ရှိ ပြည်ပတွင် နေထိုင်သူ စာရေးဆရာ မင်းဒင်ကလည်း "တချို့ကဘာအကျိုးအပြစ်မှ မမြော်မြင်ဘဲ တင်ချင်ရာ စွတ်တင်၊ ပြောချင်ရာ စွတ်ပြောတာတွေကြောင့် အာရုံနောက်စရာတွေလို့ ခံစားရတယ်။ အများသိသင့်တယ်၊ ဖတ်သင့်တယ်၊ သိပါစေ ဖတ်ပါစေဆိုပြီး မျှဝေကြတဲ့ အကြောင်းခြင်းရာတွေကတော့ စိတ်ကျေနပ်မှုရစေပါတယ်"ဟုဆိုသည်။

Facebook ၏ အသုံးဝင်မှုကို သိရှိလာကြသည်နှင့်အမျှ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များပါ Facebook စာမျက်နှာပေါ် ဝင်ရောက်လာခဲ့ကြသည်။ လူကြီးပိုင်းများကတော့ သတင်းအချက်အလက်ကို ဦးစားပေးသိလိုကြသည့်အတွက် အဓိကသုံးစွဲလာခဲ့ကြသည်။ ဂျာနယ်များတွင် ဖော်ပြထားသည်ထက် ပိုမိုစုံလင်သော သတင်းအချက်အလက်များက သူတို့အတွက် အဖော်ပြုစရာလည်းဖြစ်လာခဲ့သည်။ သတင်းအချက်အလက်နှင့် သက်ဆိုင်သော နယ်ပယ်မှ လူကြီးပိုင်းများလည်း Facebook ကို အကျိုးရှိစွာအသုံးချလာကြသည်ကိုလည်း တွေ့ရသည်။

"သတင်းကို စိတ်ဝင်စားတဲ့သူတွေ၊ နိုင်ငံရေးစိတ်ဝင်စားတဲ့သူတွေ ဒါတွေအားလုံးက ဖေ့စ်ဘွတ်ကို သတိထားမိတာ၊ အားလုံးက ဖေ့စ်ဘွတ်ကို source အနေနဲ့ သုံးလာကြတာတွေ့တယ်။ နောက်တစ်ခုကလည်း သတင်းကို ရှဲလ်လုပ်ချင်တဲ့သူတွေ ကိုယ့်ရဲ့ ဝေါလ်ပေါ်ကနေ ပို့စ်လုပ်ကြတာရှိတယ်။ ကျွန်တော်တို့ပေးချင်တဲ့ မက်ဆေ့ချ်ကလည်း ရောက်သွားတာပေါ့"ဟု Facebook ကို ၂၀၀၉ ခုနှစ်က စတင်သုံးစွဲခဲ့သော ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးလှမောင်ရွှေက ပြောသည်။

ဦးလှမောင်ရွှေက အသက်အရွယ်အားဖြင့် ၆၀ ဝန်းကျင်ရှိနေပြီဖြစ်ပြီး Facebook ကို သူ၏လက်ထောက်လူငယ်များ သုံးစွဲခြင်းကိုမြင်၍ စသုံးဖြစ်ခဲ့တာဖြစ်သည်ဟု သိရသည်။ အလုပ်ချိန်အားလပ်လျှင် အနည်းဆုံးသတင်းများကို ရှာဖွေဖတ်ရှုဖြစ်ပြီး တစ်နေ့လျှင် နှစ်နာရီမှ သုံးနာရီခန့် သုံးစွဲဖြစ်ကြောင်း သူကဆိုသည်။

"အသက်ကြီးတဲ့သူတွေအတွက် နိုင်ငံရေးနဲ့ ဖြစ်ပျက်နေတာတွေ စီးပွားရေးနဲ့ ပတ်သက်တဲ့ပြောင်းလဲမှုတွေ ချက်ချင်းသိနိုင်တာ Facebook ပဲရှိတယ်" ဟုတရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်ရွှေလီမြို့တွင် နေထိုင်သောအသက် ၆၄ နှစ်အရွယ် စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Facebook သုံးစွဲမှုကိုတားမြစ်ပိတ်ပင်ထားသည့်အတွက် ဦးအောင်ကျော်ဇောက ကျော်ခွသည့် Proxy များအသုံးပြုကာ သုံးစွဲနေရခြင်း ဖြစ်သည်။ သူ၏ Facebook သုံးစွဲမှုသက်တမ်းမှာ တစ်နှစ်ပင်မရှိသေးသော်လည်း တစ်ရက်လျှင်ခြောက်နာရီခန့်ပုံမှန် သုံးစွဲလေ့ရှိကြောင်း သိရသည်။

"နိုင်ငံရေးလုပ်နေတဲ့သူဆီတော့ Facebook မှာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ သုံးသပ်ချက်တွေကို ပိုစိတ်ဝင်စားဖို့ ကောင်းတဲ့လှုပ်ရှားမှုတွေကို Share လုပ်ပါတယ်" ဟုဦးအောင်ကျော်ဇောက ဆိုသည်။

Facebook မပေါ်ခင်က သတင်းများကို ဖတ်ရှုလိုလျှင် ဝက်ဘ်ဆိုက်လိပ်စာသိမှသာ ဝင်ရောက်ဖတ်ရှုနိုင်သည့်အတွက် အသက်အရွယ်ကြီးရင့်သူများ အနေဖြင့် နည်းပညာအားနည်းမှုကြောင့် အခက်အခဲရှိခဲ့ရသည်ဟု သူကပြောသည်။

လူငယ်ပိုင်းများပြားသော Facebook တွင် လူကြီးပိုင်းများ ဝင်ရောက်သုံးစွဲလာကြခြင်းက မျိုးဆက်နှစ်ခုအကြား ခြားနားမှုရှိမသွားဘဲ ခေတ်နှင့်အညီ စီးဆင်းမျောပါနိုင်ကြသည်ပဲဖြစ်သည်။

"လူငယ်ထုနဲ့အတူ တစ်စိတ်တစ်ပိုင်းသာ စီးမျောလိုက်ပါနိုင်တယ်ထင်ပါတယ်။ ဒီခေတ်လူငယ်အများစုက ဖေ့စ်ဘွတ်ခ်မှာ တစ်ရေးနိုးထကြည့်လည်း တင်နေရေးနေကြတုန်း။ မီးစိမ်းဝိုင်းလေးပေါ်နေတုန်း။ သူ့ခေတ်နဲ့တော့ သူတွင်ကျယ်မယ်ပေါ့"ဟု အသက် ၅၅ နှစ်အရွယ် စာရေးဆရာမင်းဒင်ကပြောသည်။

"လူငယ်တွေဖေ့စ်ဘွတ်ခ်အရမ်းသုံးတာတော့ မကြိုက်ဘူး။ ဒီထဲမှာချည်းပဲ အချိန်ကုန်နေကြတယ်။ ကောင်းတဲ့ဘက်ကဆိုရင် သတင်းတွေကို အချိန်မြန်မြန်သိ လာရတယ်ပေါ့။ ဘာဘရဲ့ဖေ့စ်ဘွတ်ခ်ကို သူများတွေ လုပ်ပေးတာ။ အဓိကပြောချင်တာက ဖေ့စ်ဘွတ်ခ်သုံးသလို စာကိုလည်း များများဖတ်ကြစေချင်တယ်။ အခုခေတ် လူငယ်တွေ စာဖတ်အားနည်းကြတယ်။ ဖေ့စ်ဘွတ်ခ်ထဲမှာပဲ အချိန်ပြည့်မရှိစေချင်ပါဘူး"ဟု Facebook သုံးစွဲနေသူ စာရေးဆရာကြီးမောင်မိုးသူက လူငယ်များကို အကြံပြုသည်။

ဦးမျိုးလွင်တို့ ဒေါ်ငြိမ်းငြိမ်းဝင်းတို့ကတော့ လူကြီးပိုင်းများ Facebook သုံးစွဲခြင်းကို "ဖြစ်သင့်သည်"ဟု အားပေးကြသည်။

"ခြောက်ဆယ်ကျော်ရင်မြန်မာတွေကစိတ်ကျသွားတတ်တယ်။ အင်တာနက်မှာပညာတွေအများကြီးရှိတယ်။ ကိုယ့်ဘဝတွေဟာ အမြဲရှင်သန်နေတယ်။ ကမ္ဘာကြီးက မြန်နှုန်းမြင့်နဲ့ သွားနေတယ်ဆိုတာကို သိလာမယ်။ ပင်စင်စားတွေက ကိုယ်တတ်တဲ့ပညာတွေကို လူငယ်တွေဆီ sharing လုပ်ပြီး မိမိပတ်ဝန်းကျင်အတွက် အကျိုးရှိစွာ ဆက်လက်ဖြတ်သန်းသွားစေချင်တယ်"ဟု ဦးမျိုးလွင်ကပြောသည်။

"အသက်ကြီးလာတဲ့သူအဖို့ Facebook သုံးရတာ တော်တော်ကောင်းပါတယ်။ ဆွေးနွေးချင်တဲ့အကြောင်းအရာကိုလည်းချက်ချင်းဆွေးနွေးလို့ရတယ်။ Facebook က အရမ်းလွတ်လပ်တယ်" ဟု ဦးအောင်ကျော်ဇောက ဆိုသည်။

အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဒေါ်ငြိမ်းငြိမ်းဝင်းကလည်း သက်ကြီးပိုင်းများ Facebook သုံးစွဲခြင်းအပေါ်တွင် အောက်ပါအတိုင်းအားပေးခဲ့သည်။

"အခုခေတ်အဘိုးကြီး အဘွားကြီးတွေ အရမ်းကံကောင်းတယ်လို့မြင်တယ်။ Facebook လိုဟာမျိုးရှိနေတာ ကိုယ့်ကိုယ်ကိုယ် အထီးကျန်နေတယ်လို့ မခံစားရတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိလာတယ်။ ဒီတော့ အဘိုးကြီးအဘွားကြီးတွေ ဖေ့စ်ဘွတ်ခ်သုံးတာ အရမ်းကောင်းတယ်။ အားပေးတယ်။"

နံနက် ၆ နာရီမှ ၉ နာရီအထိ Gmail စစ်ခြင်း၊ သတင်း Blog ဖတ်ခြင်း၊ Facebook သုံးစွဲခြင်းတို့ကို ပြုလုပ်ပြီးပါက ဦးမျိုးလွင်တစ်ယောက် သူပါဝင်ဆောင်ရွက်နေသော ရတနာ့မေတ္တာလူမှုရေးအဖွဲ့အစည်းရုံးခန်းသို့ သွားရောက်ရမည်ဖြစ်သည်။ တစ်ခါတစ်ရံ အိမ်ပြန်ရောက်ပါက ည ၉ နာရီမှ ၁၀ နာရီအထိ ခေတ္တသုံးစွဲလေ့ရှိသေးသည်။

ယခင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင်လုပ်စဉ်က အဆိုအမိန့်များ၊ မိန့်ခွန်းကောက်နုတ်ချက်များ စသဖြင့် သူကြိုက်နှစ်သက်သည့် စာတိုလေးများကို ကူးယူသိမ်းဆည်းထားခဲ့သော ဦးမျိုးလွင်က Facebook ပေါ်မှ သူ့မိတ်ဆွေများကို ပြန်လည်မျှဝေနေပါလိမ့်မည်။

ဒီကြားထဲမှာ လမ်းသွားရင်း၊ အလုပ်လုပ်ရင်း၊ မိတ်ဆွေများနှင့်တွေ့ဆုံရင်း Facebook သုံးစွဲလိုပါက အလွယ်တကူသုံးနိုင်ရန်အတွက် Galaxy Tablet တစ်လုံးနှင့် Samsung Galaxy Ace ဖုန်းလေးတစ်လုံးကို ဝယ်ယူထားပြီဖြစ်သည်။ ကမ္ဘာကြီးနှင့် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးက သူနှင့်အတူ မခွဲမခွာရှိနေသမျှ သူအထီးမကျန်တော့ပါ။ အသက် ၇၁ နှစ်အရွယ် ဒုတိယညွှန်ကြားရေးမှူးချုပ်အငြိမ်းစား ဦးမျိုးလွင်က သူလိုအပ်သည့် တစ်ခုကိုသာ ပြောပါသည်။

"အရေးကြီးတာက အင်တာနက် Speedပဲ"ဟူ၍ဖြစ်သည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ဘာကြောင့် ဒကာမတွေ အပါယ်အသွားများကြပါလိမ့်

များသောအားဖြင့် အပါယ်သွားတယ်ဆိုတာ ငါရှင်းပြမယ်။ မနက်မိုးလင်းလာလို့ရှိရင် များသောအားဖြင့် ဒကာမများဟာ မစ္ဆေရဝန်တိုတဲ့စိတ်ကလာတယ်ကွ။ ကိုယ့်သားသမီးတောင်မှ ထမင်းတွေဘာတွေ စားပြုနေတဲ့ အခါကျလို့ရှိရင်ဖြင့် ကလေးက ဆာလှတယ်။ ပြုလှတယ်ဆိုရင်ဖြင့် ဆာလွန်းလှတယ်။ ဒီလောက်တောင်ပဲ ဆူလွန်းလှတယ် အစရှိသဖြင့် မကျွေးဘူးဟဲ့အစရှိသဖြင့် ကျွေးတော့လည်း ကျွေးတာပဲတဲ့ ပြီးတော့မစ္ဆေရဆိုတဲ့ ပထမစကားကိုပထမအမူအရာတွေက များ သောအားဖြင့်ဖြစ်တယ်။

ဒကာ ဒကာမတွေကြပ်ကြပ်နားထောင်ပါ။ ဒကာမမှာများ သောအားဖြင့် မိုးလင်းလာလို့မနက်လင်းလာလို့ရှိရင် မစ္ဆေရလာတာများတယ်ကွ။ ဘုရားက ဘုရားကဟောတာနော်။

**နံနက်ပေါ်တတ်တဲ့စိတ်။** ။ ကိုယ့်သားသမီးအပေါ် တောင်မစ္ဆေရပါပါတယ်။ ကျွေးတော့ကျွေးတာပဲတဲ့။ ကျွေးပင်ကျွေးငြားသော်လည်း ဟင်-ငါ မကျွေးဘဲထားဦးမယ် အစရှိသည်နဲ့ မပေးဘဲထားဦးမလား။ အင်းကျောင်းသွားခါနီး ပိုက်ဆံတောင်းတယ်။ ငွေတောင်းတယ် အစရှိသဖြင့် လာလို့ရှိရင်လည်း ချိုချိုသာသာ မဟုတ်တာက များတယ်။

**နေ့လယ်ပေါ်တတ်တဲ့စိတ်။** ။ နေ့လယ်ပိုင်း လာပြီဆိုမှဖြင့် ကုက္ကုစ္စစိတ်ပေါ်ပြီဟေ့ သူများသွားတာလာတာ ရောင်းတာ၊ ဝယ်တာအစရှိသည်တို့မြင်လိုက် လို့ရှိရင်ပဲ ကိုယ်လည်းရောင်းချင်၊ ဝယ်ချင်၊ ပြောချင်၊ ဆိုချင်တဲ့သူတစ်ပါးကို သိနိုင်ခဲတဲ့စိတ်ဟာ များသောအားဖြင့် နေ့လယ်ကျ တော့ပေါ် တယ်ကွ။

**ညပိုင်းပေါ်တတ်တဲ့စိတ်။** ။ ညပိုင်းကျပြန်တော့လည်း ငါးပါးအာရုံ ကာမဂုဏ်လာပါတယ်။ လောဘ စိတ်က များနေပြန်တယ်။ မနက်ပိုင်းကျတော့ မစ္ဆရ၊ နေ့လယ်ပိုင်း ကုက္ကုစ္စ၊ ညပိုင်းကျလာတော့ လောဘစိတ်က များတယ်။

အဲဒါကြောင့် များသောအားဖြင့် ဤအပါယ်သွားတာ မင်းမြင်တဲ့အတိုင်းဟာ ဒီစိတ်သုံးခုကို မနိုင်နင်းတဲ့အတွက် အပါယ်သွားတာများတယ်လို့ဒကာမများအတွက်ကို ဟောလိုက်တယ်။



ရည်ညွှန်း-**ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**

7DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012

## မျက်နှာဖုံး-နိုင်ငံခြားသားများ ကျူးလွန်သည့် ရာဇဝတ်မှုခင်းနှင့် လိမ်လည်မှု ပိုများလာ မှ

နိုင်ငံခြားသားပိုင် စက်ရုံများမှ အကြီးတန်း ဝန်ထမ်းများက မြန်မာဝန်ထမ်းများကို ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ဧည့်သည်က ဟိုတယ်ဝန်ထမ်းကိုကိုယ်ထိလက်ရောက် စော်ကားခြင်း စသည်များအပြင် ရာဇဝတ်မှုခင်းများနှင့် လိမ်လည်မှုများ ပါရှိလာခဲ့ခြင်းဖြစ်သည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) ရှိ ဟိုင်မိုဆံပင်တုစက်ရုံတွင် ကိုရီးယားလူမျိုးအရာရှိနှင့် စက်ရုံအလုပ်သမားများကြား အငြင်းပွားမှု ဖြစ်ပွားရာမှ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သဖြင့် ကိုရီးယားလူမျိုးကို အလုပ်သမား ၁၅ ဦးက ကာယိန္ဒြေထိခိုက်မှုနှင့် သာမန်နာကျင်မှု အမှုနှစ်မှုဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံသားဧည့်သည်တစ်ဦးက ဟိုတယ်ဧည့်ကြိုဝန်ထမ်းတစ်ဦးအား ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ရာ အဆိုပါအမှုတွင်ဧည့်ကြိုအမျိုးသမီးက တရားစွဲဆိုမှုတွင် ဆယ်လတိတိနှစ်ဦးနှစ်ဖက် အပြန်အလှန်တရားစွဲဆိုကြပြီး ဂျပန်နိုင်ငံသားက တောင်းပန်ကြေး ကျပ်သိန်း ၁၀၀ ပေး၍ အမှုအား ရုပ်သိမ်းခဲ့ကာ လက်ရှိတွင် ဂျပန်နိုင်ငံသားမှာ ပုဇွန်တောင်မြို့နယ် လဝကဦးစီးမှူးက ဖွင့်ထားသည့်လဝကဥပဒေချိုးဖောက်မှုဖြင့် အမှုဆက်လက်ရင်ဆိုင်လျက်ရှိသည်ဟု ဧည့်ကြိုအမျိုးသမီးဘက်မှ အမှုလိုက်ရှေ့နေဦးဝင်းနိုင်က ပြောသည်။

"ဖြစ်ပြီးတဲ့ကိစ္စကို ပြန်လည်မပြောချင်တော့ပါဘူး။ ဧည့်သည်က မူးနေတယ်လေ။ နောက်ပြီး သူခေါ်လာတဲ့ ကောင်မလေးကို ကျွန်မတို့က ပေးမဝင်တော့ပြဿနာက ပိုကြီးထွားသွားတာပါ" ဟု Orchid ဟိုတယ်မှ ဧည့်ကြိုအမျိုးသမီး မအေးအေးကြည်က ပြောသည်။

မည်သည့် နိုင်ငံခြားသားတစ်ဦးကိုမဆို နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ပါက အပြစ်ပေး အရေးယူပိုင်ခွင့်ရှိပြီး ရာဇဝတ်မှုနှင့် သက်ဆိုင်သော ပြစ်မှုများကိုကျူးလွန်ပါက ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုဆုံးဖြတ်ကာ အပြစ်ပေးပိုင်ခွင့်ရှိသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

သို့ရာတွင် နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု မပျက်စေရန်၊ ရန်လိုစိတ်များ မဖြစ်စေရန်အတွက် ပြစ်ဒဏ်စီရင်ရာတွင် လျှော့ပေါ့ခြင်းများ၊ ဥပမာအားဖြင့် ထောင်ဒဏ်ချမှတ်သော်လည်း သတ်မှတ်ပြစ်ဒဏ်အပြည့်အဝ မခံစားရဘဲ သက်ဆိုင်ရာ နိုင်ငံသို့ လွှဲပြောင်းပေးခြင်းမျိုးလည်းရှိသည်ဟု တရားလွှတ်တော်ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)က ဆိုသည်။

"ခုက နိုင်ငံခြားသားတွေဝင်လာပြီ။ ကောင်းတာရော၊ မကောင်းတာရော ပါလာမယ်။ ဒါကြောင့် ကိုယ့်နိုင်ငံသားတွေ အထူးသဖြင့် အမျိုးသမီးတွေအပေါ် ကိုယ်ထိလက်ရောက်မတရားကျူးလွန်လာရင် ပြင်းပြင်းထန်ထန် အရေးယူပြီး ဒါမျိုးဒီမှာ အလုပ်မရဘူးဆိုတာ သိအောင်လုပ်ထားရမယ်"ဟု ပြန်ပရောက် နိုင်ငံရေးလေ့လာသူတစ်ဦးက ပြောသည်။

၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များအတွင်းကလည်း ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် တရုတ်နိုင်ငံသားအချို့က ဖုန်းဟန်းဆက်အဟောင်းများအား မြို့အတွင်း လူစည်ကားရာနေရာများ၊ လက်ဖက်ရည်ဆိုင်တို့တွင် လိမ်လည်ရောင်းချသည့် ဖြစ်စဉ်အချို့ ဖြစ်ပွားခဲ့ပြီး ယင်းကိစ္စများတွင် တိုင်တန်းခြင်း မရှိခဲ့သောကြောင့် အဆိုပါ အဖွဲ့သည် အရေးယူမှု မခံရဘဲ လိမ်လည်မှုအကြိမ်ရေ အများအပြား ကျူးလွန်နိုင်ခဲ့သည်။

နိုင်ငံသားများအပေါ် နိုင်ငံခြားသားများက ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပွားရာတွင် နိုင်ငံသားများက တိုင်တန်းမှုနည်းပြီး ထိုသို့ဖြစ်ရခြင်းမှာလည်း နိုင်ငံသားတို့က ၎င်းတို့နှင့် ရင်ဆိုင်ရမည့် သူ၏ ဓနအင်အားကြောင့်ဖြစ်စေ ဖြစ်ပြီး သမ္ဘအရှုပ်ရှုပ်မလုပ်လိုကြသည်ကတစ်ကြောင်းကြောင့်ဖြစ်သည်ဟု တရားရေးဝန်ထမ်းများက သုံးသပ်ပြောကြားသည်။

နိုင်ငံခြားသားများအား ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ပေးရာတွင် ထိရောက်စွာ အရေးယူနိုင်ရန်လိုအပ်ပြီး ထိရောက်စွာ ပြစ်ဒဏ်မချမှတ်နိုင်ပါက ပြစ်မှုကျူးလွန်ခြင်းကို အားပေးရာရောက်သည်ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေတို့တွင် ဥပဒေသည် နိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲ အရေးယူရမည်ဆိုသော်လည်း နိုင်ငံခြားသားဖြစ်သည့်အတွက် ပြစ်ဒဏ်လျှော့ပေါ့ခြင်းမျိုးများလည်း ရှိသည်ဟု တရားရုံးရှေ့နေတစ်ဦးက ပြောသည်။

နိုင်ငံခြားသားများ ကျူးလွန်သော ပြစ်မှုများသည် ရာဇဝတ်မှုမဟုတ်ဘဲ တရားမဝင် လူပုဂ္ဂိုလ်အသင်းအဖွဲ့များနှင့် ဆက်သွယ်ခြင်းများပြုလုပ်ပါက ပြည်နှင်ဒဏ်ပေးဆောင်ရွက်သည်ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဂျပန်နိုင်ငံသားနှင့် ဧည့်ကြိုအမျိုးသမီးပုံစံနှင့် အလားတူ ပြီးခဲ့သည့် နှစ်ဆန်းပိုင်းက ဖြစ်ပွားခဲ့သော အင်းလျားလိတ်ဟိုတယ်၌ ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် ဧည့်ကြိုကောင်တာရှိ ဟိုတယ်အမျိုးသမီးဝန်ထမ်း တစ်ဦးတို့သည် အကြွေးဝယ်ကတ်နှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။ ဟိုတယ်ဝန်ထမ်းအမျိုးသမီးက ပြင်သစ်နိုင်ငံသားအား ငွေသားပါဝင်မှုမရှိဟု ပြောကြားရာမှ နှစ်ဖက်အချင်းများပြီး ပြင်သစ်နိုင်ငံသားက ကိုယ်ထိလက်ရောက် စော်ကားခဲ့သည်။ ယင်းအမှုမှာ တစ်နှစ်ကျော်ကြာခဲ့ကာ ဟိုတယ်ဝန်ထမ်းအမျိုးသမီးက အမှုကိုပြန်လည်ရုပ်သိမ်းခဲ့သည့် ဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ဖူးသည်။

"နိုင်ငံခြားသားတွေနဲ့ဆက်နွယ်နေတဲ့ ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေမှာ အရင်တုန်းက ဒီလိုပြဿနာတွေ ခဏခဏဖြစ်ဖူးတယ်။ လေဆိပ်က ဝန်ထမ်းတစ်ဦးဆို ဆွဲလား ရမ်းလားအထိ ဖြစ်ဖူးပေမယ့် နောက်ရက်မှာ နိုင်ငံခြားသားက ပြန်ပြီးလာတောင်းပန်သွားတယ်" ဟု တရားရုံး ရှေ့နေဦးသန်းလွင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင်း ရောက်ရှိလာသူနိုင်ငံခြားသားအားလုံးတွင် ရာဇဝတ်မှု(သို့မဟုတ်)နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် ရည်ရွယ်ချက်နှင့် ဝင်ရောက်လာသူများ ရှိမရှိစိစစ်ရန်အတွက် နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီကိုလည်း ဖွဲ့စည်းထားသည်။

အဆိုပါ ကော်မတီသည် ပြည်ပတွင် ဗီဇာထုတ်ပေးခြင်း၊ နိုင်ငံတော်သို့ လေဆိပ်၊ ရေဆိပ်၊ နယ်စပ်စစ်ဆေးရေး ဂိတ်များမှ ဝင်ရောက်စဉ် စစ်ဆေးခြင်း၊ နိုင်ငံတော်အတွင်းရှိနေစဉ် စိစစ်ခြင်းတို့ကို လုပ်ဆောင်ကြောင်း သိရသည်။

နိုင်ငံအတွင်း စိစစ်ရာတွင် ဗီဇာစည်းကမ်းအတိုင်း နေထိုင်မှု ရှိမရှိ၊ ခရီးသွားလာမှု ကန့်သတ်ချက်များ ဖောက်ဖျက်မှု ရှိ၊ မရှိ၊ သံရုံးများတွင် ဖွင့်လှစ်ထားသော စင်တာများ၌ နိုင်ငံရေး စွက်ဖက်မှုရှိမရှိ၊ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုများမှ ဆန့်ကျင်လုပ်ဆောင်၊ သွားလာမှုများ ရှိမရှိ၊ ဝန်ကြီးဌာနမှ ထောက်ခံခေါ်ယူထားသော ဗီဇာအသီးသီးဖြင့် ဝင်ရောက်လာသူများ ဗီဇာစည်းကမ်း ဖောက်ဖျက်ခြင်း ရှိမရှိ၊ ကမ္ဘာလှည့်ခရီးသည်များမှ နယ်စပ်ဖြတ်ကျော်မှုခင်းနှင့် Tourism Related Crime များ ကျူးလွန်ခြင်း ရှိမရှိတို့ကို ပြုလုပ်ကြောင်းလည်း သတင်းရရှိသည်။

## စာ-၄၊ အိတ်ဖွင့်လေလံများ ပွင့်လင်းမြင်သာမှုနည်းနေဆဲဟုဆို မှ

အိတ်ဖွင့်လေလံနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ ညွှန်ကြားရေးမှူးဦးဟန်ဝင်းက "ပွင့်လင်းမြင်သာမှုမရှိဆိုတာ မဟုတ်ပါဘူး။ နိုင်ငံပိုင်သတင်းစာတွေကနေ ခေါ်နေတယ်။ MIC မှာလည်း ဘုတ်အဖွဲ့ဖွဲ့ပြီးရွေးတယ်။ ရတဲ့လူကို အသိပေးသလို၊ မရတဲ့လူကိုလည်း အသိပေးတယ်"ဟု ပြောကြားသည်။

လေလံများအတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရွေးချယ်ရာတွင် လုပ်ငန်းအတွေ့အကြုံရှိမှု၊ မြေအသုံးချမှုကိုပရီမီယံကြေးပေးသွင်းမှု၊ နှစ်စဉ်ငှားရမ်းခနှုန်း စိတ်ဝင်စားစွာ ကြိုတင်လေ့လာမှု၊ ငွေကြေးခိုင်မာမှုကို အထောက်အကူပြုသည့် ဘဏ်ချေးငွေရရှိမှု အထောက်အထား၊ နိုင်ငံတကာအတွေ့အကြုံရှိမှု၊ စီမံခန့်ခွဲမှု၊ ကျိုးကြောင်းဆီလျော်စွာ တင်ပြနိုင်မှုစသည့်အချက်များပေါ် မူတည်ပြီး ရွေးချယ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် နိုင်ငံပိုင်ပြုလုပ်ရာ၌ လည်းကောင်း၊ အစိုးရဌာနမှ ပစ္စည်းဝယ်ယူရာတွင်လည်းကောင်း သတင်းစာများမှ ကြေညာပြီး လုပ်ကိုင်ဆောင်ရွက်လိုသူများကို ဈေးပြိုင်စနစ် (open tender)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဆက်အောင်က အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

## မျက်နှာဖုံး-ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ဂျပန်အစိုးရပါဝင်မည်မဟုတ်ဟုဆို မှ

အီတာလျံ-ထိုင်းကုမ္ပဏီက ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တွင်အကောင်အထည်ဖော်ရမည့် စီမံကိန်းခြောက်ခုမှာ ဇုန်အတွင်း ရေရရှိရေးအတွက် ဆည်တည်ဆောက်ခြင်း၊ ပြောင်းရွှေ့ကျေးရွာများကို နေရာချထားပေးခြင်းနှင့် လျော်ကြေးပေးခြင်း၊ ရေနက်ဆိပ်ကမ်းတည်ဆောက်ပေးခြင်း၊လမ်းမကြီးနှင့် လမ်းကွန်ရက်များ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးခြင်းနှင့် ကျောက်မိုင်းခွဲခြင်းတို့ဖြစ်သည်။

ယခင်က ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် အီတာလျံ-ထိုင်းကုမ္ပဏီမှ ၅၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ၍ စီမံကိန်းခြောက်ခုကို အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ခဲ့သော မက်(စ်) မြန်မာ ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း နုတ်ထွက်ခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ရာတွင် အဓိကအဆင့်သုံးဆင့်ဖြင့် သတ်မှတ်ထားပြီး လုပ်ငန်းစီမံကိန်းကို ၂၀၁၀ မှ ၂၀၁၉ ခုနှစ်အတွင်း အပြီးသတ်တည်ဆောက်မည်ဟု အီတာလျံ-ထိုင်းကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ စီမံကိန်းခြောက်ခုကို အကောင်အထည်ဖော်ရန်အတွက် အီတာလျံ-ထိုင်းကုမ္ပဏီက အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဟု ဆိုသည်။

TRADEMARK CAUTION
HOSIDEN CORPORATION
4-33, Kitakyuhoji 1-chome, Yao-shi, Osaka, Japan is the Owner and Sole Proprietor of the following Trademarks:-

HOSIDEN

Reg:No.4/2029/97
Reg:No.4/2030/97

Reg:No.4/2031/97
Reg:No.4/2032/97

In respect of : International Class 07 : Electrical motors(except for vehicles), fan motors "and" International class 09: Electric parts and components in the form of connectors, jacks, plugs, sockets,switches, relays, keyboard for computers, mouse and pointing devices for computers and video games, circuit protectors, circuit breakers, remotecontrol units for TV and aircoditioners, solenoids with plungers, battery chargers for portable telephones, microphones, telephone handsets, speakers and liquid crystal display, earth leakage breakers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 8.Nov.2012

## မျက်နှာဖုံး-မန္တလေးတွင် တရားစီရင်ရေးစနစ်ပြုလဲမှု သက်သေအထောက်အထားနှင့်ပြောနိုင်ပြီဟု ဦးသိန်းညွန့်ဆို မှ

မန္တလေးမြို့ ကိုင်းတန်းညဈေးတန်း မပြောင်းရွှေ့ရရေး ဆန္ဒထုတ်ဖော်သူများကို ဦးဆောင်မှုဖြင့် ကိုအေးသိန်းအပါအဝင် သုံးဦးမှာ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံထားရပြီး သက်သေ ၁၁ ယောက် အချုပ် သုံးလနီးပါးအကြာ စစ်ဆေးမှုပြုလုပ်သော်လည်း ယနေ့ထိ အာမခံမရသေးဘဲ ချုပ်နှောင်ခံထားရဆဲဖြစ်ကြောင်း ဦးသိန်းညွန့်က ပြောသည်။

ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းညွန့်အပါအဝင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဝင် ခုနစ်ယောက်သည် နိုဝင်ဘာ ၂ရက်က မန္တလေးမြို့သို့ ရောက် ရှိလာပြီး မန္တလေးတိုင်းလွှတ်တော်တရားရုံး ခရိုင်တရားရုံးနှင့် ချမ်းအေးသာစံမြို့နယ်တရားရုံးများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

အချုပ်ခန်းများ အချုပ်သားများအတွက် မိလ္လာများ ပြုပြင်ပေးရန်၊ တရားရုံးများရှိ တရားခွင်ခန်းများ ကျဉ်းမြောင်းမှု ပြုပြင်ပေးရန် အပါအဝင် ကော်မတီမှ ကြည့်ရှုလေ့လာတွေ့ရှိချက်များကို မန္တလေးခရိုင်တရားသူကြီးနှင့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့သည်။

တရားစီရင်ရေး၊ တရားရုံး၊ အချုပ်ခန်းများနှင့် ဖြစ်ပွားနေသော ကိစ္စရပ်များကို ကော်မတီဝင်များ အပါအဝင် လွှတ်တော်အတွင်း ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့သို့ လာရောက်ခဲ့သည့် အထက်ပါကော်မတီမှ ဒေါ်ခင်စောဝေက ပြောသည်။

တရားရုံးဝန်းကျင်တွင် လာဘ်ပေးလာဘ်ယူမှုများ မကင်းရှင်းသေးကြောင်း၊ မကင်းရှင်းသ၍ တရားဥပဒေစိုးမိုးမှု ထူထောင်၍ ရမည်မဟုတ်ဘဲ လက်ရှိဥပဒေအရ လာဘ်ပေး၊ လာဘ်ယူမှုများ တိုင်ကြားရာတွင် တိုင်ကြားသူကိုလည်း လာဘ်ပေးသူအနေဖြင့် အရေးယူမည်ဖြစ်ရာ ကင်းရှင်းရေး ရဲရဲဝံ့ဝံ့တိုင်ကြားနိုင်ရန် တိုင်းကြားသူကို အကာအကွယ်ပေးဖို့ လိုအပ်ကြောင်း ဦးသိန်းညွန့်က ဆိုသည်။

"အရင် နိုင်ငံရေးသမားတွေကို ထောက်လှမ်းတဲ့ ထောက်လှမ်းရေးအဖွဲ့တွေလို ရဲစခန်းတွေ၊ ဥပဒေရုံးတွေမှာ တရားဥပဒေလိုက်နာဖို့၊ ထောက်လှမ်းခိုင်းဖို့လိုပါတယ်။ ဒါမှ တကယ့်အခြေအမြစ်သိပြီး ပြဿနာကို ဖော်ထုတ်နိုင်မယ်။ ထိထိရောက်ရောက် အရေးယူနိုင်ပါမယ်" ဟု ဦးသိန်းညွန့်က မန်းလေးမြို့တွင်ပြောသည်။

တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌတာဝန်ယူထားသည်။ အဆိုပါကော်မတီမှ အပတ်စဉ် ကြာသပတေးနေ့တိုင်း လွှတ်တော်တွင် အစည်းအဝေးလုပ်ပြီး ဆွေးနွေးတိုင်ပင်ကြောင်း၊ ကော်မတီသို့ ရောက်ရှိလာသော တိုင်စာ ၁၅၀၀ ကျော် အပါအဝင် တရားရုံး၊ တရားခွင်များတွင် ကြုံတွေ့နေရသည့် မမှန်ကန်မှုများ၊ အခက်အခဲများကို လွှတ်တော်တွင် ဆွေးနွေးတိုင်ပင် ဖြေရှင်းပေးမည်ဖြစ်ကြောင်း ယင်းကော်မတီမှ ဒေါ်ခင်စောဝေက ပြောကြားသည်။

# Health

7DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012


# အားရှိချင်သူများ သတိထား

ဝတ်ရည်အောင်



**ဂျာနယ်၊ မဂ္ဂဇင်း အင်တာနက်စာမျက်နှာများတွင် လူငယ်၊ လူကြီးများအတွက် လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုပေးနိုင်သည့် ဆေးဝါးကြော်ငြာများ တဖြည်းဖြည်းများပြားလာကြောင်း အမျိုးသားအချို့ကဆိုသည်။**

ယခင်က အင်္ဂလိပ်ဘာသာဖြင့်သာ ဖတ်ရှုနိုင်သော အင်တာနက်စာမျက်နှာများတွင်ပါ မြန်မာဘာသာဖြင့် ရေးသားထားသည့် ကြော်ငြာများ ပိုမိုတွေ့လာရပြီး ထိုဆေးဝါးများကြောင့် ဒုက္ခရောက်သူများ ရှိသော်လည်း ထိုပြဿနာများအား ရင်ဆိုင်ပြီး အသုံးပြုနေသူ များပြားနေဆဲဖြစ်ကြောင်း ဒေါက်တာမြင့်ဦး(ဂျီပီ)က ပြောသည်။

လိင်ပိုင်းဆိုင်ရာစွမ်းဆောင်မှု ပိုမိုရရှိရန် အသုံးပြုကြသော ထိုဆေးဝါးများကို အညွှန်းကောင်းကောင်းဖြင့် ရေးသား ကြော်ငြာကြပြီး အိမ်ထောင်ရှင်အမျိုးသားများ၊ လူလတ်ပိုင်းနှင့် လူကြီးများ အသုံးပြုမှု ပိုမိုများပြားကြောင်း မျိုးဆက်ပွားဆိုင်ရာ ကျွမ်းကျင်သူတေသနပညာရှင်များနှင့် ဆရာဝန်များက ပြောသည်။

“လူငယ်တွေကတော့ နည်းနည်းကြောက်ကြတယ်။ အခု ဆေးခန်းမှာ တွေ့နေရတာတော့ လူလတ်ပိုင်းတွေ များတယ်။ အသက်(၂၅-၃၀)လောက်ကနေ၅၀-၆၀တွေလည်းပါတယ်” ဟု ဒေါက်တာမြင့်ဦးကပြောသည်။

မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး မေးမြန်းနိုင်သည့် တယ်လီဖုန်းမေးမြန်းမှုများတွင်လည်း လိင်ပိုင်းဆိုင်ရာ ဆေးဝါးများနှင့်ပတ်သက်၍ မေးမြန်းမှုသည် အမေးများသည့် မေးခွန်းများတွင် ပါဝင်ကြောင်း မျိုးဆက်ပွားကျန်းမာရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီဆေးဝါးတွေကတော့ ဆေးပညာအရ စမ်းသပ်ထားတဲ့ စစ်ဆေးမှုတွေ မရှိထားတဲ့ ဆေးဝါးမျိုးပဲ။ သက်သေအခြေပြု ဆေးပညာထဲမှာ မပါဘူး” ဟု အင်တာနက်စာမျက်နှာတစ်ခုတွင် ဖော်ပြထားသည့် သဘာဝအမျိုးသားအားတိုးဆေးနှင့် အမျိုးသမီးများ အပျိုစင်ဘဝကို ပြန်လည်ရရှိလာနိုင်ကြောင်း ကြော်ငြာထားသည့် ဆေးဝါးများနှင့်ပတ်သက်၍ ဒေါက်တာမြင့်ဦး(ဂျီပီ)ကပြောသည်။

ဆေးဝါးတစ်ခု ဈေးကွက်အတွင်း ဖြန့်ဖြူးခြင်း မပြုမီတွင် အဆင့်ဆင့်စမ်းသပ်မှုများဖြင့် ဆေး၏ သက်ရောက်မှု၊ ဘေးထွက်ဆိုးကျိုးစသည်တို့အား နှစ်ပေါင်းများစွာ စမ်းသပ်ပြီး သက်ဆိုင်ရာ ဆေးဝါးကွပ်ကဲမှုဌာနများ၏ ခွင့်ပြုချက်များဖြင့် ဖြန့်ချိရသော်လည်း ယခုဈေးကွက်အတွင်းရှိနေသည့် ထိုလိင်ပိုင်းဆိုင်ရာ သက်ရောက်မှုရှိသည့်ဆေးဝါးများသည် ထိုအဆင့်များမပါရှိဘဲ အညွှန်းဖြင့် ရေးသားထားသည့် ဆေးဝါးများလည်း ပါဝင်ကြောင်း သိရသည်။

စမ်းသပ်မှု မရှိထားသည့်အတွက် ဘေးထွက်ဆိုးကျိုးများ၊ ဆေးပမာဏများအား မသိရှိနိုင်ခြင်းကြောင့် အသက်သေဆုံးသွားသည့် လူများအပြင် မမှန်ကန်သောဆေးဝါးများအသုံးပြုကြခြင်းကြောင့်လိင်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်သွားကြသူများလည်း များပြားကြောင်း ဒေါက်တာမြင့်ဦးက ပြောသည်။

“အခု ဆိုးနေတာက အဲဒီလို လိမ်းဆေး သောက်ဆေးတွေထက် အင်္ဂါကြီးထွားအောင် ထိုးတဲ့ဆေးတွေကြောင့် ပြဿနာဖြစ်တာ ပိုများနေတယ်။

**စာ(၁၄)သို့**



## အနှိပ်ခံခြင်းကို ကျန်းမာရေးကုထုံးအဖြစ် ဆရာဝန်နှင့်လူနာများ လက်ခံ

**အီလီနွိုက်၊အောက်တိုဘာ-၃၁**

လွန်ခဲ့သော ၁၂ လအတွင်း အနင်းအနှိပ်ခံခဲ့ခြင်း၏ အဓိကအကြောင်းရင်းမှာ စိတ်ဖိစီးမှုကို ဖြေလျှော့ရန်ဖြစ်စေ၊ ဆရာဝန်ညွှန်ကြားချက်ကြောင့်ဖြစ်စေ အနှိပ်ခံခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံသား ၇၅ ရာခိုင်နှုန်းက ပြောကြားသည်။

အမေရိကန် Massage Therapy အစည်းအရုံးမှ ပြုလုပ်ခဲ့သော စစ်တမ်းအရ လူပေါင်း ၈၇ ရာခိုင်နှုန်းက အနှိပ်ခံခြင်းမှာ အထွေထွေကျန်းမာရေးအတွက် အကျိုးရှိသည်ဟုခံယူကြောင်း တွေ့ရှိခဲ့သည်။

အများစုမှာ နာကျင်မှု သက်သာရေး၊ အရောင်လျော့ရေး၊ အကြောအခြင်ပြေလျော့ရေး၊ အတက်ရောဂါ သက်သာရေး၊ ထိခိုက်ဒဏ်ရာရခြင်းမှ သက်သာရေး၊ အလွန်အမင်း ခေါင်းကိုက်ခြင်းမှ သက်သာရေးနှင့် နေသာထိုင်သာရှိစေရေး စသည့် အကြောင်းများကြောင့် အနှိပ်ခံခြင်းဖြစ်သည်။

“အနင်း အနှိပ်ခံတာဟာ ကျန်းမာရေးအခြေအနေ အမျိုးမျိုးအတွက် ထိရောက်မှုရှိတယ်ဆိုတာကို ပိုမိုပြီး လက်ခံလာကြပါတယ်”ဟု Massage Therapy အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဆင်သီယာရီဘာရိုက ပြောကြားသည်။

အထွေထွေကျန်းမာရေးကောင်းမွန်စေရန်အတွက်ဆရာဝန်များကလည်း တိုက်တွန်းအားပေးကြောင်း ဆရာဝန်ဆယ်ဦးလျှင် ခြောက်ဦးခန့်က နှိပ်နယ်ခြင်းကုထုံးကို အားပေးထောက်ခံကြောင်း စစ်တမ်းတွင် ပါဝင်သူများက ပြန်ကြားခဲ့ကြသည်။ Ref: UPI







7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## တုပ်ကွေးကာကွယ်ဆေးထိုးပေးသော ကျောင်းများတွင် ကျောင်းပျက်သောကလေး ထက်ဝက်လျော့ကျသွား

**ချာလက်စတန်၊ အောက်တိုဘာ-၃၁**

အမေရိကန်နိုင်ငံ အနောက်ဗာဂျီး နီးယားပြည်နယ် ချာလက်စတန်ဒေသမှ ကျောင်းသားများအား တုပ်ကွေးကာကွယ်ဆေးထိုးပေးခဲ့ရာတွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ကျောင်းပျက်ရက်ထက်ဝက်ခန့် လျော့ကျသွားသည်ဟု အရာရှိများက ပြောကြားသည်။

ကာနော့ဟာစီရင်စုအတွင်း ရှိအစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ ကလေးငယ်များအား ကျောင်းမှာပင် တုပ်ကွေးကာကွယ်ဆေးများ ထိုးပေးခဲ့ရာ ယင်းနှစ် တုပ်ကွေးရာသီအတွင်း ကျောင်းပျက်ခြင်း၅၀ရာခိုင်နှုန်းလျော့ကျသွားခဲ့သည်ဟုကာနော့ဟာ-ချာလက်စတန်ဒေသ ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာရာဟူးလ်ဂုပ်တားကပြောကြားသည်။

ဒေါက်တာရာဟူးလ်နှင့် ကျန်းမာရေးအရာရှိများသည် ၎င်းတို့၏ တွေ့ရှိချက်များကိုအမေရိကန်ပြည်သူ့ကျန်းမာရေး အစည်းအရုံးနှစ်စဉ်အစည်းအဝေး၌ သွားရောက်တင်ပြမည်ဖြစ်ကြောင်း ချာလက်စတန်ဂဇက် သတင်းစာတွင် ဖော်ပြသည်။

ယင်းကာကွယ်ဆေးထိုးခြင်း အစီအစဉ်အား ၂၀၀၉ ခုနှစ်က ဖက်ဒရယ်အစိုးရ ထောက်ပံ့ငွေများဖြင့် $H_1N_1$ တုပ်ကွေးကာကွယ်ရေးအစီအစဉ်အတွက် ထိုးပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းနောက်ပိုင်းတွင် ကျန်းမာရေးအရာရှိများက ကျောင်းသားများ၏ အာမခံထားခြင်း၌ ကာကွယ်ဆေးထိုးခြင်းကို ထည့်သွင်းတွက်ချက်ပြီး ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့ကြောင်း ဒေါက်တာရာဟူးလ်ဂုပ်တားက ပြောကြားသည်။

—Ref: UPI

## စာ-၁၄၊ အားရှိချင်သူများ သတိထားမှ

ပိုမိုသာယာမှုရမယ်ဆိုတဲ့ အထင်နဲ့တစ်ယောက်နဲ့တစ်ယောက်ညွှန်းပြီး လုပ်ကြတာကနေ တချို့တွေဆိုရင် လိင်အင်္ဂါကြွက်သားတွေ ပျက်စီးကုန်တယ်။ အနာတွေဖြစ်ပြီး ပဲ့ထွက်ကုန်ပြီး ရောက်လာတဲ့သူတွေ များလာတယ်”ဟု ဒေါက်တာမြင့်ဦးက သူ၏အတွေ့အကြုံကို ပြောသည်။

အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့်ထိုဆေးများသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ပြည်တွင်းသို့ ရောက်ရှိနေပြီး စဝင်လာသည့်အချိန်တွင် လူသုံးများခဲ့သော်လည်း ဆေး၏ဆိုးကျိုးများအား ပညာပေးရေးသားမှုများ ပြားခဲ့သဖြင့် အသုံးပြုမှုနည်းပါးခဲ့သော်လည်း ယခုနှစ်ပိုင်းအတွင်း ပြန်လည် အသုံးများလာခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့လယ်တွင်ပင် အလွယ်တကူ ဝယ်ယူနိုင်ပြီး ငွေကျပ်ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ အကုန်ခံကာ အသုံးပြုနေကြသူများလည်း ရှိသည်ဟု ဆိုသည်။

လိင်ပိုင်းဆိုင်ရာအတွက် အသုံးပြုသည့်ဆေးများသည်လည်း တစ်ဦးနှင့်တစ်ဦး ခံနိုင်ရည်ပေါ်မူတည်ပြီး ပမာဏအတိုးအလျှော့ဖြင့် အသုံးပြုရပြီး အမြဲမပြတ် ရေရှည်သုံးစွဲခြင်း မပြုသင့်သည့်ဆေးများဖြစ်သည့်အတွက် မိမိဘာသာ အချိန်အဆမရှိ သုံးစွဲခြင်းမှ နောက်ဆက်တွဲအန္တရာယ်များဖြစ်ပွားလာနိုင်သည်။

လူကြီးများတွင် အဖြစ်များသည့် ပန်းသေပန်းညှိုးခြင်းအတွက် အသုံးပြုသည့် ဆေးဝါးများ အချိန်အဆ မမှန်ခြင်းကြောင့် အထူးသဖြင့် နှလုံးရောဂါ အခံရှိသူများ၊ ဆီးကျိတ်ကြီးနေသည့်အတွက် ဆေးဝါးအသုံးပြုနေရသူများ သွေးပေါင်ကျဆင်းရာမှ အသက်ဆုံးရှုံးသွားခြင်း၊ လူငယ်များ သုက်လွှတ်မြန်သည့်အတွက် သုံးစွဲသည့်ဆေးဝါးများတွင် ပါဝင်သည့်အရာများကြောင့် ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားလာနိုင်ကြောင်း မျိုးဆက်ပွားကျန်းမာရေးသုတေသနပြုလုပ်နေသူ တစ်ဦးက ပြောသည်။

“လူငယ်တွေ အသုံးပြုကြတဲ့ဆေးတွေဆိုလည်းသူက သုက်ထွက်မြန်တာကို ပြုပြင်ဖို့ ဦးနှောက်ကို ပြုပြင်တဲ့ ဆေးဝါးမျိုးတွေဖြစ်တယ်။ မသုံးတတ်ဘဲ သေချာဆေးပမာဏမရှိဘဲသုံးတာများရင် ဦးနှောက်ပိုင်းဆိုင်ရာတွေ ပြဿနာဖြစ်တယ်” ဟု အဆိုပါ သုတေသနပညာရှင်က ပြောသည်။

လိင်ပိုင်းဆိုင်ရာ ကျေနပ်မှုရရှိရန်အတွက် ဆေးဝါးများ အသုံးပြုခြင်းထက် မိမိတို့၏ ပြဿနာများအား ရှေးဦးစွာ ဆန်းစစ်၍ အပြုအမူများ ပြောင်းလဲခြင်းက ပိုမိုသင့်လျော်ပြီး ဘေးထွက်ဆိုးကျိုးရှိသည့် ဆေးဝါးအား နောက်ဆုံးအခြေအနေမှသာ ဆရာဝန်ညွှန်ကြားချက်ဖြင့် အသုံးပြုသင့်ကြောင်း သိရသည်။

လိင်စိတ်တက်ကြွစေရန် အသုံးပြုသည့် ဆေးဝါးများသည် နှစ်ပေါင်း များစွာကတည်းက လူသုံးများကြသည့် ဆေးဝါးများဖြစ်ပြီး နိုင်ငံအလိုက် အနောက်တိုင်းဆေးဝါးများအပြင် တိုင်းရင်းဆေးများလည်း နည်းအမျိုးမျိုးဖြင့် အသုံးပြုကြသည်။

တိုင်းရင်းဆေးဝါးများသည်လည်း အနောက်တိုင်းဆေးဝါးများကဲ့သို့ ကောင်းကျိုး၊ ဆိုးကျိုးများ သေချာလေ့လာမှုမရှိသည့် ဆေးဝါးများဖြစ်ပါက နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားလာနိုင်သည်။

“အဲဒီလိုတိုင်းရင်းဆေးတွေက ပိုတောင်အန္တရာယ်ရှိသေးတယ်။ အင်္ဂလိပ်ဆေးကမှ ပါတဲ့ပစ္စည်းတွေကို သေချာဖတ်ရင် ဘယ်လောက်အတိုင်းအတာအထိပဲ သောက်သင့်တယ်။ ဘယ်လိုလူတွေမသောက်သင့်ဘူးဆိုတာ သိတဲ့သူက ပြောဦးမယ်။ တိုင်းရင်းဆေးမှာတော့ ပါဝင်တဲ့ပစ္စည်းတွေက ဘယ်သူတွေနဲ့မသင့်တော်ဘူးဆိုတာ ပြောဖို့ နည်းနည်းတော့ခက်တယ်” ဟု အဆိုပါ သုတေသနပညာရှင်ကပြောသည်။

လိင်မှုနှင့် လိင်ကိစ္စအတွက် အသုံးပြုသည့် ဆေးဝါးများ ပြဿနာသည်သာမဟုတ်ဘဲ အရက်၊ မူးယစ်ဆေးဝါးတို့သည်လည်း ဆက်စပ်နေပြီး လိင်ပိုင်းဆိုင်ရာကိစ္စများကြောင့် လူမှုရေးပြဿနာများ ရောဂါများပါ နောက်ဆက်တွဲပါဝင်လာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

မျိုးဆက်ပွား ကျန်းမာရေးနှင့်ပတ်သက်၍ ဆယ်ကျော်သက် ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနပြုလုပ်ရာတွင် လူငယ်များ၌ အိမ်ထောင်မပြုမီ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ ပိုများလာကြောင်း လေ့လာတွေ့ရှိထားပြီး ထိုပြဿနာသည် လူငယ်များတွင် ရည်မှန်းချက်ပန်းတိုင် မရှိခြင်း၊ ပညာရေးစနစ် မကောင်းခြင်း၊ ကောင်းမွန်သည့်အပေါင်းအသင်း မရှိခြင်း၊ အားကစား လှုပ်ရှားမှုများ နည်းပါးခြင်းနှင့် အုပ်ထိန်းမှုစနစ်တကျမရှိခြင်း စသည့် အကြောင်းအရာများနှင့်လည်း ဆက်စပ်နေကြောင်း ထိုသုတေသနတွင် ပါဝင်ခဲ့သူတစ်ဦးကပြောသည်။

“လိင်မှုကိစ္စဆိုတာ လူငယ်ပိုင်းဆိုင်ရာမှာ သိပ်များနေတာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ ပညာရေး၊ အားကစား၊ ပေါင်းသင်းဆက်ဆံရေး၊ အုပ်ထိန်းမှုပုံစံစတဲ့ အချက်တွေ ချို့ယွင်းလာရင် လိင်ကိစ္စဘက်မှာများလာတယ်။ အရင်က သုတေသနလုပ်ထားတာမျိုးမရှိတဲ့အတွက် အခုဘယ်လောက်အထိ များလာလဲမသိနိုင်ပေမယ့် သုတေသနအရ လူငယ်တွေနဲ့ စကားပြောတဲ့အခါတော့ လက်မထပ်ခင် အတူတူနေတာမျိုး များနေတယ်”ဟု ထိုပညာရှင်က ပြောသည်။

“အခုဆိုရင် Sex နဲ့တွဲလာတဲ့ မူးယစ်ဆေးဝါးတွေကလည်း များလာပြီ။ ဘယ်လောက်ပဲထိန်းထိန်း အရင်က နယ်စပ်တွေမှာပဲပါများတဲ့ ဆေးဝါးတွေက အခုဆိုရင် ရန်ကုန်မြို့ကြီးတွေမှာလည်း တွင်ကျယ်လာပြီ။ အမျိုးသားအမျိုးသမီးတွေလည်း သုံးလာကြပြီ” ဟု အဆိုပါသူက ဆက်လက်ပြောသည်။

ထိုပြဿနာများ နည်းပါးလာစေရန် ပညာရေးစနစ်ကောင်းမွန်နေစေရန်နှင့် လူငယ်များတွင် ဘဝအတွက်ရည်မှန်းချက်ပန်းတိုင်များရှိစေရန်၊ အပေါင်းအသင်းကောင်းများ၊ အားကစား၊ အုပ်ထိန်းမှုကောင်းမွန်မှုများအတွက် ဖန်တီးပေးရန် လိုအပ်ပြီး ပြည်တွင်းရှိ အစိုးရအဖွဲ့အစည်းများ နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူငယ်များကိုသာမက အုပ်ထိန်းသူများကိုပါ ပညာပေးဟောပြောမှုများပါ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဘဝရည်မှန်းချက်ရှိသည့်အခါ ရည်မှန်းချက် လွဲချော်သွားစေမည့် အပြုအမူများအား ဆင်ခြင်လာစေခြင်းဖြင့် လိင်ကိစ္စရပ်များ လျော့နည်းလာနိုင်သည့်အပြင် အမျိုးသမီးများတွင်လည်း မိမိချစ်သူ ရည်းစားအား မိမိမဖြစ်စေချင်သည့် အဆင့်များအတွက် ငြင်းနိုင်သည့် အရည်အသွေးများ ပြည့်ဝလာစေရန် လေ့ကျင့်ပေးမှုများလည်း အဆိုပါ အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုနှင့်ပတ်သက်သည့် ဆေးဝါးများ အလွယ်တကူ ရရှိလာခြင်းကြောင့် စမ်းသပ်သုံးစွဲလိုသည့် လူငယ်များ၊ လိင်စိတ်လွန်ကဲသူများအကြား ကျန်းမာရေးအသိရှိရန်မှာ များစွာလိုအပ်လှပေသည်။

## ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာလေးသိန်းကျော် ဂျပန်အစိုးရကန်လှူဒါန်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၃**

ဂျပန်အစိုးရသည် ၎င်း၏အသေး စားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ပညာရေးနှင့်ကျန်းမာရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ လေးသိန်းကျော် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ဘုန်းတော်ကြီးသင် ပညာသင်ကြားရေးကျောင်းနှစ်ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်နှင့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ရန် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိနယ်စပ်ဒေသများမှ ဆင်းရဲချို့တဲ့သော တိုင်းရင်းသား လူမျိုးကလေးငယ်များနှင့် ဘုန်းတော်ကြီးကျောင်းပတ်လည် ရပ်ကွက်များရှိ ဆင်းရဲနွမ်းပါးသော ကလေးငယ်၇၅၀ဦးအား ကျောင်းဆောင်မရှိဘဲ အတန်းပညာသင်ကြားပေးနေသည့် ဓမ္မမေဒနီဘုန်းတော်ကြီးသင်ကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး ရွှေပြည်ကျေးရွာရှိ ကျောင်းသား ၂၀၀ကျော်တို့အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အမေရိကန် ဒေါ်လာနှစ်သိန်းကျော် (ကျပ် သိန်း ၁၇၀၀ ကျော်) လှူဒါန်းခဲ့ကြောင်း ဂျပန်သံရုံး၏ ထုတ်ပြန်ချက်များအရသိရသည်။

ကျန်းမာရေး အဆောက်အအုံ မရှိသေးသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၃ ရွာတွင်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန်နှင့် ပဲခူးတိုင်းဒေသကြီး ရေတွင်းကုန်းကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ရန်အတွက် ဒေါ်လာနှစ်သန်းကျော် လှူဒါန်းခဲ့သည်။

အောင်ဧယျာမင်း(တိုင်းရင်းအထူးကုဆေးခန်း)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၃၄/၀၈၀၉
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု
အထူးတိုင်းရင်းဆေးများကိုလည်း ရောဂါရှင်များအတွက် ငွေစဉ်ရောင်းချပေးနေပါသည်။
အရိုးကျီးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ခြံ၊ ဒူးဆစ်နာရောဂါ၊ အထူးကု
No.68,၁၂လမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၄၄၂၈၊ ၀၉-၅၀၀၀၈၈၇၊ ၀၉-၄၂၅၂၉၇၆၈၈

မဒေါ်အေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နီလာ
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန (အိန္ဒိယ+နီပေါ)→၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ →၉ သိန်း(စရိတ်ငြိမ်း)
တစ်ရှုမဟာ၊ကိုလ်ကတ္တား၊ Shopping နှင့် ဗဟုသုတရစရာ နေရာများ
ဗုဒ္ဓဂယာသို့ အစမဲ့လိုက်ပါခွင့်(၃)ဦးနှင့် ပလာမပါကံစမ်းမဲအစီအစဉ်
အထူးအစီအစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(ပြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(နံ့သာတာအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ရုံးခွဲ (၂)-မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး

# Regional

7Day News Journal

Vol.11, No.35 • NOVEMBER 8 , 2012


## ခိုင်းနွားများ မှောင်ခိုပို့ခြင်း တားဆီးရမည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ-၂**

မြန်မာ့ဒေသ နွား(ခိုင်းနွား)များကို ပြည်ပသို့တရားမဝင်တင်ပို့ရောင်းချနေခြင်းအား တားဆီးရမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ယနေ့ကျင်းပပြုလုပ်သော တိရစ္ဆာန်အစာ ကုန်ကြမ်းအခက်အခဲ ဖြေရှင်းနိုင်ရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။

မြန်မာ့လယ်ယာကဏ္ဍတွင် ခိုင်းနွားများ၏ အရေးပါမှုကြီးမားနေဆဲဖြစ်ကြောင်း၊ ၎င်းအပြင် ပြည်တွင်း အသားစားသုံးမှု လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းရမည့်အကြောင်းနှင့် ပတ်သက်၍ "မြန်မာ့ဒေသနွားများကို တရားမဝင် ပြည်ပသို့ထွက်နေတာ တားဆီးရမှာ ဖြစ်သလို အသားစားနွားမွေးမြူထုတ်လုပ်တာကိုလည်း အားပေးသွားရမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားခဲ့သည်။



**မန္တလေး-စစ်ကိုင်းလမ်းပေါ်တွင်တွေ့ရသည့် နွားတစ်အုပ်** ဓာတ်ပုံ-ဇေယျာမောင်မောင်(အမရပူရ)

တရားဝင်ထုတ်ပြန်သော စာရင်းများအရ ဒေသကျွဲ၊ နွား ၁၇ သန်းရှိသည့်အနက် ၁၀ သန်းခန့်သည် ခိုင်းနွားအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။ နိုင်ငံတော်၏ မူဝါဒအရ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလျက်ရှိသော်လည်း လယ်သမားများ ခိုင်းနွားအခက်အခဲနှင့်ပတ်သက်၍ "လယ်ယာထဲမှာ သုံးလို့ရမယ့် ခိုင်းနွားတစ်ကောင်အတွက် ငါးသိန်းလောက်ရင်းရတယ်။ တစ်ရှဉ်း(နှစ်ကောင်) ဆို ဆယ်သိန်းပဲ" ဟူ၍ နေပြည်တော်ဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ကိုမျိုးဝင်းက ပြောကြားသည်။

ခိုင်းနွားရှားပါးလာပြီး တန်ဖိုးကြီးမားရခြင်းတွင် သားသတ်လုပ်ငန်းများ၏ ဝင်ရောက်လွှမ်းမိုးမှုနှင့်ပတ်သက်၍လည်း ပွဲစားတစ်ဦးဖြစ်သူ ကိုစိန်မြင့်က "အမဲဒိုင်တွေက အရွယ်စုံဝင်ဆွဲနေတော့ နွားပွဲဈေးတွေမှာ ဈေးမြောက်တယ်။ ခိုင်းနွားဝယ်သူရော၊ တိုးပွားအောင် မွေးမယ့်သူတွေပါ သူတို့နဲ့ အပြိုင်ဝယ်နေရတယ်"ဟု ပြောသည်။

အထက်ပါ မှောင်ခိုတင်ပို့မှုအပြင် နွားများအား အကောင်လိုက်နိုင်ငံခြားသို့ တရားဝင် တင်ပို့နေမှုများပါ ကန့်သတ်ရန် ပညာရှင်အချို့က ယခင်နှစ်များကတည်းက ထောက်ပြပြောဆိုခဲ့ကြောင်း၊ အသားစား နွားများအဖြစ် ကိုယ်တိုင်မွေးမြူ တင်ပို့ခြင်းမဟုတ်ဘဲ လယ်သမားများ၊ တစ်ပိုင်တစ်နိုင်မွေးမြူလို သူများထက် ဈေးပိုပေးဝယ်ကာ တင်ပို့နေမှုများဖြစ်ခြင်းကြောင့် လယ်သမားများ ခိုင်းနွားရှားပါး သွားခဲ့ခြင်းကို ပညာရှင်များက ထောက်ပြခဲ့ကြောင်း သိရှိရသည်။

## မန်းစွယ်တော် ကားဝင်းသစ်တွင် ကုန်တင်ဂိတ်အခန်းများ ထပ်မံတည်ဆောက်မည်

**မောင်တာ**

**မန္တလေး၊ အောက်တိုဘာ-၂၉**

မန္တလေးမြို့ စွယ်တော်မြတ်စေတီတော်အနီးရှိ အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းတွင် လက်ရှိ တည်ဆောက်ပြီး ဂိတ်အခန်းများထက် ဈေးနှုန်းပိုမိုသက်သာသော ကုန်တင်ဂိတ်ခန်းများ ထပ်မံတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

ယခင်ဆောက်လုပ်ပြီး ကုန်တင်ဂိတ်ခန်းတစ်ခန်းလျှင် ကျပ်သိန်းတစ်ထောင့်နှစ်ရာဖြင့်ရောင်းချခဲ့ရာ ဂိတ်ပိုင်ရှင်များ ဝယ်ယူနိုင်မှု နည်းပါးသောကြောင့် ယခုကဲ့သို့ တန်ဖိုးသက်သာသည့် ကုန်တင်ကားဂိတ်ခန်းအသစ်များ ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း မန်းစည်ပင် အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးမျိုးအောင်က ပြောသည်။

"ကျွန်တော်တို့ကုန်တင်ဂိတ်တွေရတဲ့ တစ်လအမြတ်က ကျပ်ငါးသိန်းအောက်ပဲ ရှိတာ။ သိန်းထောင်ချီပေးပြီး ဂိတ်ခန်းဝယ်ဖို့ အဆင်မပြေကြဘူး"ဟု ကျွဲဆည်ကန်ကားကွင်းမှကုန်တင်ကားကြီးကွင်း အဝေးပြေး ကုန်တင်ဂိတ်ဖွင့်လှစ်၍ မြန်မာပြည်အနှံ့ကုန်စည်ပို့ဆောင်ရေး လုပ်ကိုင်နေသူဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မူလဈေး ကျပ်သိန်းတစ်ထောင့်နှစ်ရာဖြစ်သော်လည်း ပိုင်ဆိုင်မှုဂရန်မရရှိခြင်း၊ လစဉ်ဂိတ်ခန်း ငှားရမ်းခ ထပ်မံပေးသွင်းရမည်ဆိုခြင်းတို့ကြောင့် ကုန်တင်ဂိတ်ခန်းသစ်များကို ဝယ်ယူရန် စိတ်ဝင်စားမှုနည်းပါးနေကြောင်း ဂိတ်ပိုင်ရှင်များကပြောသည်။

ကုန်တင်ဂိတ်ခန်း ဝယ်ယူသူများအနေဖြင့် ဂရန်ရရှိမည်မဟုတ်ဘဲ မန်းစည်ပင်က ထုတ်ပေးမည့် ပိုင်ဆိုင်မှုစာအုပ်ရရှိမည်ဖြစ်ကြောင်း၊ ဂရန်မှာ ပိုင်ဆိုင်မှုနှစ်အကန့်အသတ်ရှိပြီး မန်းစည်ပင်ပိုင်မြေပေါ်တွင် တည်ဆောက်ထား၍ စည်ပင်မှ ပေးသောစာအုပ်မှာ ဂရန်ထက် ပိုမိုခိုင်မာကြောင်း မန်းစည်ပင်အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးမျိုးအောင်က ပြောကြားသည်။

စာ(၁၈) သို့

## ပြောက်အိုးမဖောက်ရန် တားမြစ်သည့် ရဲတပ်ကြပ်ကြီးတစ်ဦး ထိုးကြိတ်ခံရ

**မောင်တာ**

**မန္တလေး၊အောက်တိုဘာ-၃၁**

မန္တလေးမြို့တွင် ပြောက်အိုးမဖောက်ရန်တားမြစ်သည့် ရဲတပ်ကြပ်ကြီးတစ်ဦးထိုးကြိတ်ခံရသည့်ဖြစ်ရပ်တစ်ခု သီတင်းကျွတ်လပြည့်ညကဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

သီတင်းကျွတ်လပြည့်ညဂနာရီခွဲအချိန်က မန္တလေးမြို့ အမှတ်(၅)ရဲစခန်းမှ နယ်မြေလှည့်ကင်းအဖွဲ့ ကင်းလှည့်စဉ် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဝိရိရပ်၊ လမ်း-၂၀၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားအရောက်တွင် ပြောက်အိုးပစ်ဖောက်ရန်ကြိုးစားနေသည့် လူငယ်တစ်ဦးအား ပြောက်မဖောက်ရန် လှည့်ကင်းအဖွဲ့မှ ရဲတပ်ကြပ်ကြီးက တားမြစ်ခဲ့ရာတွင် လူငယ်ကလက်မခံဘဲ ကိုယ်ထိလက်ရောက် ထိုးကြိတ်ကန်ကျောက်မှုပြုလုပ်ခဲ့သည်။ ထိုးကြိတ်ခံရမှုကြောင့် ရဲတပ်ကြပ်ကြီးမှာ ရုတ်တရက် စကားမပြောနိုင်တော့ဘဲ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။ တားမြစ်သည်ကို လက်မခံဘဲ ရဲတပ်ကြပ်ကြီးအားထိုးကြိတ်သူပြည့်စုံ(၂၂နှစ်)မန္တလေးမြို့နေသူအားပြစ်မှုပုဒ်မ ၂၉၄/၃၃၃ ဖြင့် အမှတ်(၅) ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။


ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် ရပ်ရွာလုံခြုံရေးအပေါ် ထိခိုက်မှုရှိနိုင်သဖြင့် ပြောက်အိုး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရောင်းဝယ်ခြင်းမပြုရန် မန္တလေးတိုင်းအစိုးရအဖွဲ့က တားမြစ်ထားကာ တားမြစ်ချက်ကို မလိုက်နာသူများအား ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေပြီး သက်ဆိုင်ရာမြို့နယ်ထွေ/အုပ်မှ တရားလိုပြုလုပ်ကာ တရားဝင်ကြေညာချက်ကို ဆန့်ကျင်သည့်ပြစ်မှုပုဒ်မ-၁၈၈ဖြင့် အရေးယူဆောင်ရွက်နေကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးငြိမ်းက ပြောကြားသည်။

လက်ထဲတွင် ပြောက်အိုး၊ မီးရှူးမီးပန်းတွေ့လျှင် ရောင်းသူ၊ ဝယ်သူ၊ ပစ်ဖောက်သူ မည်သူကိုမဆို ဖမ်းဆီးအရေးယူနေကြောင်း ၎င်းက ပြောကြားသည်။

ရဲမှူးစိုးငြိမ်းက "ပင်ရင်းရောင်းတဲ့ဆိုင်တွေကို အဓိကဖမ်းချင်ပါတယ်။ သတင်းပေးတိုင်ကြားကြပါ"ဟု ပြောသည်။

မန္တလေးမြို့ပေါ်၌ ပြောက်အိုး၊ မီးရှူးမီးပန်းရောင်းချသူများအား ဖမ်းဆီးအရေးယူမှု အနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် လေးမှု၊ ၂၉ ရက်တွင် ကိုးမှု၊ ၃၀ ရက်တွင် ၁၈ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး လာမည့် တန်ဆောင်တိုင်ကာလ၊ ခရစ်စမတ်ကာလတွင်လည်း တင်းကျပ်စွာ ဖမ်းဆီးအရေးယူမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရဲမှူးစိုးငြိမ်းက ပြောသည်။

ဖမ်းဆီးရမိသော ပြောက်အိုး၊ မီးရှူးမီးပန်းများမှာ တရုတ်နိုင်ငံလုပ် အများဆုံးဖြစ်ပြီး ပြောက်အိုးတစ်ခုချင်းစီ၏ တန်ဖိုးမှာ ကျပ်ရာဂဏန်းမှ ကျပ်သိန်းဂဏန်းအထိ တန်ကြေးရှိကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012




# လုပ်ငန်းမစတင်သော ရတနာပုံ Cyber City နယ်မြေရှိ ကုမ္ပဏီမြေကွက်များကို ပြန်လည်သိမ်းယူ

**စိုင်းသာအောင်**

**ပြင်ဦးလွင်၊ နိုဝင်ဘာ - ၁**

ပြင်ဦးလွင်မြို့နယ်ရှိအိုင်စီတီပါ့ခ်နယ်မြေတွင်ICT နည်းပညာတိုးတက်ရေး ကုမ္ပဏီများက စက်ရုံတည်ဆောက်ရန် မြေကွက်များယူထားသော်လည်း လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် အချို့ကုမ္ပဏီများ၏ မြေကွက်များကိုပြန်လည်သိမ်းယူခဲ့ကြောင်း သတင်းရရှိသည်။

ရတနာပုံတယ်လီပို့မှ ဌာနကြီးမှူး ဦးစိန်ထွန်းအောင်က "ရတနာပုံ အိုင်စီတီပါ့ခ်နယ်မြေမှာ ဆက်သွယ်ရေးနည်းပညာများ တိုးတက်ထွန်းကားဖို့အတွက် စက်ရုံ ၂၀ လောက် မြေနေရာယူထားပါတယ်။ တည်ဆောက်ပြီးစီးပြီး လုပ်ငန်းများဆောင်ရွက်နိုင်တာက စက်ရုံ ၇ ရုံ၊ တည်ဆောက်ဆဲစက်ရုံက ၅ ရုံနဲ့ စည်းကမ်းချက်အတိုင်းလုပ်ငန်းလုံးဝမစရသေးတဲ့ ကုမ္ပဏီတွေကို မြေကွက်ပြန်သိမ်းတာက ရှစ်ခုရှိပါတယ်" ဟု 7Day News သို့ ပြောသည်။

စာချုပ်ပါစည်းကမ်းချက်များအရစီမံကိန်းပါသတ်မှတ်ရက်အတွင်း စက်ရုံတည်ဆောက်နိုင်ခြင်းမရှိ၍ မြေကွက်ပြန်သိမ်းခံရသောကုမ္ပဏီတို့မှာ Max Myanmar, ရွှေသံလွင်၊ ITCS, Maximet, Hightech Princess, IGE, Red Link, Yazar Production တို့ဖြစ်ကြောင်း သိရသည်။

# လင်မယားချင်းစကားများရာမှ မိသားစုဝင်ငါးဦး ဓားဒဏ်ရာရ

**ကိုကိုညိမ်း(ကောလင်း)**

**ကောလင်း၊ နိုဝင်ဘာ - ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ အရှေ့ခြောက်မိုင်အကွာ မြေနီအုပ်စု၊ ညောင်ကိုင်းကျေးရွာတွင် အောက်တိုဘာ ၁၅ ရက် ည ၇ နာရီခန့်က လင်မယားချင်း စကားများရန်ဖြစ်ရာမှ မိသားစုဝင်ငါးဦးအား တောရမ်းဓားရှည်ဖြင့်ခုတ်မှုဖြစ်ပွားခဲ့သည်။

ကောလင်းမြို့နယ်၊ မြေနီအုပ်စု၊ ညောင်ကိုင်းကျေးရွာတွင်အောက်တိုဘာ ၁၅ ရက် ည ၇ နာရီခန့်က မသန်းဌေးနှင့်၎င်း၏ခင်ပွန်းဝင်းနိုင်တို့ စကားများပြီး ဆဲဆိုအော်ဟစ်ကြသည်။

မသန်းဌေး၏မိခင်ဖြစ်သူ ဒေါ်ပဲကစကားမများကြရန် ပြောဆိုပြီး၊ ဒေါ်ပဲ၏ ခင်ပွန်းဦးမောင်ခင်ကလည်း သားမက်ဖြစ်သူ ဝင်းနိုင်အား ရပ်တန်းကရပ်ကြရန် ပြောဆိုခဲ့ရာ သားမက်ဖြစ်သူ ဝင်းနိုင်က တောရမ်းဓားရှည်ကိုယူပြီး ဦးမောင်ခင်အား ခုတ်လိုက်ရာ ဦးခေါင်းဝဲဘက်တွင် ၄ လက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့သည်။

ထို့နောက်ထပ်မံ၍ ဒေါ်ပဲအား ခုတ်ရာတွင် ဝဲဘက်နားရွက်အဖျားပြတ်ကျပြီး နားတွင်ပန်ဆင်ထားသော နားကပ်မှာ မြေပြင်သို့ နားနှင့်အတူ ပြုတ်ကျသွားသည်။

အော်ဟစ်အကူအညီတောင်းခံကြသည့်ဒေါ်ပဲ၏သမီးသုံးယောက်ကိုလည်း ဓားဖြင့်ဆက်၍ ခုတ်ရာ သုံးယောက်စလုံး ထပ်မံပြတ်ရှဒဏ်ရာများရရှိခဲ့ကြသည်။

အမှုကို ကောလင်းမြို့နယ်ရဲစခန်းက (ပ) ၃၆၇/၂၀၁၂ ပြစ်မှုပုဒ်မ (၃၂၆)အရ အမှုစစ် ဒုရဲအုပ်တိုးလွင်က ဝင်းနိုင်(၂၆)နှစ်၊ တောင်သူ၊ ညောင်ကိုင်းရွာ၊ မြေနီအုပ်စု၊ ကောလင်းမြို့နယ်အား အမှုဖွင့်ထားကြောင်း သိရသည်။



# ရန်ကုန် – မန္တလေး အမြန်လမ်းပေါ် အနှေးယာဉ်နှင့်ယာဉ်တိုက်မှုဖြစ်လျှင် အနှေးယာဉ်သမားကိုသာ အမှုဖွင့်အရေးယူမည်

မောင်တာ

မန္တလေး၊ နိုဝင်ဘာ-၃

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်နှင့် စက်ဘီး၊ ဆိုင်ကယ်ကဲ့သို့သော အနှေးယာဉ်များယာဉ်တိုက်မှုဖြစ်ပွားပါက မော်တော်ယာဉ်မောင်းသူကို အရေးယူမည် မဟုတ်ဘဲ အမြန်လမ်းပေါ်တွင် အနှေးယာဉ်များမောင်းနှင်ခြင်း မပြုရန်တားမြစ်ထားသည်ကို မလိုက်နာသည့် အနှေးယာဉ်သမားကိုသာ အမှုဖွင့် အရေးယူကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။



အမြန်လမ်းမကြီးတစ်နေရာ

ဓာတ်ပုံ – ဧရာမောင်မောင်(အမရပူရ)

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုနဲ့ အနှေးယာဉ်မောင်းကို အရေးယူပါတယ်။ ကားမောင်းသူကို အရေးမယူပါဘူး" ဟု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မျိုးမင်းက ပြောသည်။

အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီအချိန်က ပျော်ဘွယ်မြို့နယ်၊ ပေပင်လေးရွာအနီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၆၂/၄၅ ကြားတွင် ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော SURF အနက်ရောင် ၃ဂ/ယာဉ်နှင့် လမ်းဖြတ်ကူးသော ပျော်ဘွယ်မြို့နယ်၊ ခလန်ကျင်းရွာနေ ဦးဝင်းမောင် စီးနင်းလာသည့် ၂၃ယ/ ဆိုင်ကယ်တို့ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်စီးသူ ဦးဝင်းမောင်မှာ နေရာတွင်ပင် သေဆုံးခဲ့သော်လည်း ကားမောင်းသမားကို အရေးမယူဘဲ အမြန်လမ်းပေါ် ဆိုင်ကယ်မဆင်မခြင်မောင်းသည့် သေဆုံးသူ ဦးဝင်းမောင်ကိုသာ ပြစ်မှုပုဒ်မ ၃၀၄ (က) ဖြင့် ပေပင်လေးအမြန်ရဲစခန်းတွင် အမှုဖွင့်ခဲ့ကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးငြိမ်းက ပြောသည်။

အမြန်လမ်းပေါ်တွင် ဖြစ်ပွားသော ယာဉ်တိုက်မှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက်အမြန်လမ်း ရဲစခန်းများ ဖွင့်လှစ်ကာ အရေးယူဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမြန်းလမ်းပိုင်းပေါ်တွင် ပေပင်လေး၊ သီးကုန်း၊ ပြင်စည်၊ စကားအင်းတို့တွင် အမြန်လမ်းရဲစခန်းလေးခု ဖွင့်လှစ်ထားကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့ရုံးမှ သိရသည်။

## ချင်းတွင်းမြစ်ဆိပ်ကမ်း တောင်ကြည့်ပွဲ စီတန်းလှည့်လည်ခွင့် ငြင်းပယ်သည့်အမိန့်အတွက် အယူခံဝင်မည်

ရန်နိုင်ကျော်

မုံရွာ၊ နိုဝင်ဘာ-၁

မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်း ကျောက်ဆောင်ဆိပ်တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျင်းပလေ့ရှိသည့် လက်ပန်းတောင်းတောင် တောင်ကြည့်ပွဲအခမ်းအနားအား သက်ဆိုင်ရာက တားမြစ်ခဲ့သည့် နောက်ပိုင်း ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုရန် သက်ဆိုင်ရာမုံရွာမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့အောက်တိုဘာ ၃၀ ရက်မွန်းလွဲပိုင်းတွင် လျှောက်ထားခဲ့ရာ သက်ဆိုင်ရာက အဆိုပါခွင့်ပြုမိန့်အားငြင်းပယ်လိုက်သည့်အတွက် လက်ပန်းတောင်းတောင် ကယ်တင်ရေးကော်မတီမှ အယူခံဝင်ရန် ကြိုးစားလျက်ရှိကြောင်းသိရသည်။

"လက်ပန်းတောင်းတောင်ကြည့်ပွဲအတွက် သက်ဆိုင်ရာကို ခွင့်ပြုမိန့်အောက်တိုဘာ ၃၀ ရက်က သွားတင်တာ နိုဝင်ဘာ ၁ ရက်မှာငြင်းပယ်တဲ့အမိန့်စာထွက်တယ်။ နိုဝင်ဘာ ၂ ရက် နံနက် ၃ နာရီလောက်မှ အိမ်တိုင်ရာရောက် ငြင်းပယ်တဲ့စာလာပို့တယ်။ တောင်ကြည့်ပွဲမှာ လူငါးရာလို့တင်တယ်။ သက်ဆိုင်ရာကလူဦးရေလျှော့ဖို့ အချိန်လျှော့ဖို့ ထပ်ပြောတာတွေရှိတယ်။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုချက်စာတင်တုန်းက ကွန်ပျူတာစာစီပြီးမှတင်ရတယ်။ အနည်းနဲ့အများ အခက်အခဲတွေရှိပါတယ်" ဟု လက်ပန်းတောင်းတောင်ကြည့်ပွဲ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုချက်တောင်းခံခဲ့သော ဦးမြင့်အောင်က ပြောကြားသည်။

လက်ပန်းတောင်းတောင်ကြည့်ပွဲ အခမ်းအနား ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် သက်ဆိုင်ရာ၏ တားမြစ်မှုများ ကြုံတွေ့ခဲ့ရသော်လည်းအပတ်စဉ်ပြုလုပ်မည့် တောင်ကြည့်ပွဲအစီအစဉ်ကိုမူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မုံရွာမြို့ လက်ပန်းတောင်းတောင် ကယ်တင်ရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောသည်။

## မဟာအောင်မြေ အရှေ့ခြမ်းနေသူများက မန္တလေးမြို့တော်ဝန်ကို ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလို

မောင်တာ

မန္တလေး၊ နိုဝင်ဘာ-၃

ကျောက်မျက်လုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းအများစု လုပ်ကိုင်သည့် မန္တလေးမဟာ အောင်မြေမြို့နယ်အနောက်ခြမ်းပိုင်းတွင် နေထိုင်သူအများစုက ကြိုက်နှစ်သက်မှုရှိကြသည့် မန်းမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေသူဦးအောင်မောင်းကို မြို့နယ်အရှေ့ခြမ်းမန်းစည်ပင်မှ ကျူးကျော်ဟုသတ်မှတ်ကာ အင်အားသုံးဖယ်ရှားခံရသူများနှင့် အဓိကသက်ဆိုင်သူ မူလ မဲဆန္ဒရှင်၏ တစ်ရာခိုင်နှုန်းက ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီတစ်ပတ်ထဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုတင်မယ်။ ပြည်သူ့ကိုယ်စားလှယ်အဖြစ်က ပြန်လည်ရုပ်သိမ်းပေးဖို့ တောင်းဆိုမယ်" ဟု ဦးအောင်မောင်းကို ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှပြန်လည်ရုပ်သိမ်းရန် ဆန္ဒမဲကောက်ခံမှုကို ဦးဆောင်ပြုလုပ်ပေးနေသည့် ၈၈ ကျောင်းသားရဲဘော်ဟောင်း ဦးညီညီကျော်က ပြောသည်။

မူလမဲပေးသူ၏ တစ်ရာခိုင်နှုန်းကျော်က ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းရန် ဆန္ဒပြလက်မှတ်ရေးထိုးထားပြီးဖြစ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့တင်ပြမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ဦးအောင်မောင်းအပေါ် ပုဂ္ဂိုလ်ရေးမုန်းတီးမှု မရှိဘဲ မိမိတို့ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို မကြိုက်နှစ်သက်လျှင် ဥပဒေနှင့်အညီပြန်လည်ရုပ်သိမ်းရသည်ဆိုသည်ကို ပြည်သူလူထုအားအသိပညာပေးလို၍ ပြည်သူ့အခန်းကဏ္ဍကိုမြှင့်တင်ပေးလို၍ ယခုကဲ့သို့ဦးဆောင်ခြင်းဖြစ်ကြောင်း ဦးညီညီကျော်ကပြောသည်။

"ပေါက်ပင်သချိုင်းဘက်က ကျူးတွေကို အင်အားသုံးဖြေရှင်းတာ မကျေနပ်ဘူး။ ကျွန်တော်တို့ကမျက်မြင်တွေ့နေတော့ မြို့တော်ဝန်လူတွေလုပ်တာ မတရားဘူးလို့ ခံစားရလို့လက်မှတ်ထိုးထားတာ" ဟုမဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်မှ အမျိုးသားတစ်ဦးက ပြောသည်။

ပြည်သူ့မျက်နှာမကြည့်ဘဲ လုပ်ပိုင်ခွင့်နှင့် အထက်မျက်နှာကိုသာကြည့်ပြီး အောက်ခြေလူထုကိုဖိနှိပ်ခြင်း၊ မလိုအပ်ဘဲ လူထုအကြောက်ပိုအောင် ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စွေးသည်များကို မလိုအပ်ဘဲ တရားစွဲဆိုခြင်းစသည့်ဖြင့် မြို့တော်ဝန်ကို စွပ်စွဲကာ ရဲမွန်တောင်၊ မဟာမြိုင်၊ စကြာနွယ်စဉ်၊ ဟေမမာလာရပ်နေ ပြည်သူများက ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပေးရန် ဆန္ဒပြလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း ဦးညီညီကျော်က ပြောသည်။

ဆန္ဒပြလက်မှတ်ထိုးသူများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရပ်ကွက်စည်းရုံးရေးမှူးများ ပါဝင်ကြောင်းလည်း ဦးညီညီကျော်က ပြောသည်။

"ကျွန်တော်တို့ကတော့ ကြိုက်တယ်။ မပြုတ်အောင် ကျွန်တော်တို့ဘက်က တစ်ခုခုလုပ်ပေးဖို့လိုတယ်ဆို လုပ်ပေးမယ်" ဟု မန္တလေး၊မဟာအောင်မြေကျောက်ဝိုင်း ကျောက်စိမ်းကျောက်မျက် ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းက တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့်တိုင်တန်းချက်ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည် ဖြစ်သည်။

စွပ်စွဲချက်ကို လွှတ်တော်ကိုယ်စားလှယ်က ချေပခွင့်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည်မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - ၃၉၆ တွင် ဖော်ပြထားသည်။

TRADEMARK CAUTION
Baba Products (M) Sdn Bhd, a company incorporated in Malaysia had assigned to Babas Nadi (M) Sdn Bhd ., a company incorporated in Malaysia at Block C, Lot 46911,Taman Perindustrian Selayang, 68100 Batu Caves, Selangor Darul Ehsan, Malaysia which is the Owner and Sole Proprietor of the following Trademark:-

BABAS

Reg : No.4/2239/2004
Reg : No.4/2440/2007
Reg : No.4/6578/2009
In respect of : "Rice flour, ata flour, curry powder, turmeric powder, coriander powder and muruku flour".
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 8.Nov.2012

Green Tour Travel &Tour Agency
Travel,Eat,Pray & Love

သီတင်းကျွတ်ကာလဘန်ကောက်ခရီးစဉ်အတွက် အထူးဈေးနှုန်းများ
(နိုဝင်ဘာလ–၁၀ရက်မှ၁၃အထိ)
ပုံမှန်ဈေးနှုန်း ကျပ် ၅၀၀၀၀၀

ပထမဦးဆုံးစာရင်းပေးသူ(၃)ဦးအတွက် ကျပ်၃၀၀၀၀၀ (40%off)
ဒုတိယစာရင်းပေးသူ(၄)ဦးအတွက် ကျပ်၃၅၀၀၀၀ (30%off)
တတိယစာရင်းပေးသူ(၅)ဦးအတွက် ကျပ်၄၀၀၀၀၀ (20%off)
စတုတ္ထစာရင်းပေးသူများအတွက် ကျပ်၄၅၀၀၀၀ (10%off)
လူဦးရေအကန့်အသတ်ရှိ ၍လူကြီးမင်းတို့အမြန်ဆုံးbooking ယူထားနိုင်ပါပြီ။
Tel-09-450025330, 09-5061048, 09-421040178

သားသားလေးသူရထွန်း (၇)နှစ်မြောက်မွေးနေ့ဆုတောင်း

၄-၁၁-၂၀၁၂ နေ့တွင် **သားသားလေးသူရထွန်း** (၇)နှစ်မြောက် ပြည့်ပြီ။ အနာဂတ်၌ ပါးပါးဦးဇော်မျိုးထွန်း (ခေတ္တစင်ကာပူ) + မားမား ဧကရီမင်း တို့၏ လိမ္မာ၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းချွေပါတယ်။

မေမေကြီး ဒေါ်ဖြူဖြူဝင်းငွေ + ဖေဖေကြီး ဦးစောထွန်း
ဒယ်ဒီ ဦးဦးကျော်လွင်+ မာမီအန်တီ သွယ်သွယ်ထွန်း (ခေတ္တစင်ကာပူ)
ဦးဦးနေမျိုးထွန်း (ခေတ္တစင်ကာပူ)
ပါးပါး ဦးဇော်မျိုးထွန်း + မားမား ဧကရီမင်း (ခေတ္တစင်ကာပူ)

7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## ပုဒ်မ ၁၄၄ အမိန့် လျှော့ချခဲ့၍ မောင်တောမြို့ ဝါကျွတ်ပွဲစည်ကား

မောင်ကံ

**မောင်တော၊ အောက်တိုဘာ-၃၀**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အခြေအနေများပြန်လည်တည်ငြိမ်လာခြင်း၊ ထုတ်ပြန်ထားသည့် ပုဒ်မ ၁၄၄ အမိန့်ကို ည ၁၀ နာရီထိ လျှော့ချခဲ့ခြင်းများကြောင့် မောင်တောမြို့ ဝါကျွတ်ပွဲမှာ စည်ကားမှုရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၉ ရက် ဝါကျွတ်ပွဲအစနေ့တွင် ယခင်နှစ်များကဲ့သို့ ကံစမ်းပွဲများမရှိသော်လည်း နေအိမ်ရှေ့များ၊ ဌာနဆိုင်ရာရုံးရှေ့များ၌ မီးထွန်းခြင်းများကိုပြုလုပ်ခဲ့ပြီး ဝါကျွတ်လပြည့်နေ့တွင် မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီတော်၌ ဆီမီးတစ်ထောင်ပူဇော်ပွဲကို ပြုလုပ်ခဲ့ရာ ဗုဒ္ဓဘာသာဝင်များ လာရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။

“ဒီလိုအခြေအနေမှာပြဿနာတစ်စုံတစ်ရာမပေါ်ဘဲ ဝါကျွတ်ပွဲကို ဆင်နွှဲရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ တစ်နှစ်တစ်ခါကျတဲ့ ရိုးရာဓလေ့တွေဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ကွယ်သွားမှာကိုလည်း စိုးရိမ်မိပါတယ်” ဟု ဒေသခံအမျိုးသမီးတစ်ဦးကပြောသည်။ အလားတူ ဗုဒ္ဓဘာသာဝင်များ၏ ဝါကျွတ်ပွဲတော်နှင့်အတူ ကျရောက်ခဲ့သော ဘင်္ဂါလီများ၏ အိဒ်ပွဲတော်ကိုလည်း မောင်တောမြို့၌ အစဉ်အလာအတိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

## မန္တလေးမြို့ထွက် အမှိုက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်မည်

မောင်တာ

**မန္တလေး၊ နိုဝင်ဘာ-၃**

မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ်အတွင်းမှနေ့စဉ်ထွက်ရှိလာသောအမှိုက်များကို နည်းပညာသုံး၍ လျှပ်စစ်ဓာတ်အားအဖြစ်ထုတ်လုပ်ရန် ကိုရီးယားနိုင်ငံ MUKA ကုမ္ပဏီနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပဏာမသဘောတူညီမှု ရရှိပြီဖြစ်၍ အမှိုက်မှ လျှပ်စစ်ထုတ်နိုင်ရန် လိုအပ်သော လေ့လာမှုများ စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဌာနမှူးက ပြောသည်။

“တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မူအားဖြင့် သဘောတူညီမှုရပြီးပါပြီ။ ကိုရီးယားကုမ္ပဏီက ထပ်လာပြီး ကွင်းဆင်းလေ့လာတာတွေထပ်လုပ်ဦးမှာပါ” ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

မန်းစည်ပင်နယ်နိမိတ် အတွင်းမှ နေ့စဉ် အမှိုက်ထွက်ရှိမှုကို ဇွန်လ ၁၂ ရက်မှ ဇူလိုင်လ ၁၁ ရက်အထိ စစ်တမ်းကောက်ယူခဲ့ရာ တစ်နေ့ပျမ်းမျှအမှိုက် ၄၇၉ ဒသမ ၉ တန်ထွက်ရှိပြီး ၎င်းအမှိုက်များမှ လျှပ်စစ်ထုတ်နိုင်ရန် ဂျပန်၊ ကိုရီးယား ကုမ္ပဏီများနှင့် ဆွေးနွေးခဲ့ရာ ကိုရီးယား MUKA ကုမ္ပဏီနှင့် သဘောတူညီမှုရခြင်းဖြစ်ကြောင်း မန်းစည်ပင်မှ သိရသည်။

မန္တလေးမြို့ နေ့စဉ်ထွက်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပါက မဂ္ဂါဝပ် ၂၀ ခန့်ထွက်ရှိမည်ဖြစ်ပြီး ၎င်းလျှပ်စစ်ဓာတ်အားကို မန္တလေးစက်မှုဇုန်နှင့် မန္တလေးမြို့လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး အသုံးပြုမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ ပြောကြားခဲ့သည်။

ဦးရဲမြင့်က မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်ဆောင်ရန်လျာထားချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၀၁၁ ခုနှစ် နိုဝင်ဘာလကတည်းက တင်ပြထားပြီဖြစ်ကြောင်း၊ အခြားနည်းဖြင့် လျှပ်စစ်ထုတ်လျှင် ရရှိမည်ဖြစ်သော်လည်း လက်ရှိပြည်ထောင်စုအစိုးရမှ ဖြန့်ဖြူးပေးနေသည်ထက် စရိတ်စကထက် ပိုမိုကုန်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြားနည်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီးလျှင် ပြည်သူလူထုအနေဖြင့် ဝယ်ယူသုံးစွဲနိုင်မှုရှိ၊ မရှိကို ဆွေးနွေးတိုင်ပင်နေကြောင်း စက်တင်ဘာလက မန္တလေးမြို့ မြို့တော်ခန်းမ (၁) ၌ မြို့ခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက အများပြည်သူသို့ လျှပ်စစ် တစ်ယူနစ်သုံး စွဲလျှင် ရိုးရိုးအိမ်သုံး ၃၅ ကျပ်၊ လုပ်ငန်းသုံး ၇၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနေသည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လျှင် တစ်ယူနစ် ၄၅ ကျပ်ကုန်ကျမည်ဖြစ်ပြီး အမှိုက်မှ လျှပ်စစ်ထုတ်လျှင် တစ်ယူနစ် ၃၅၀ ကျပ်ကုန်ကျမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က မိမိအစီအစဉ်ဖြင့် လျှပ်စစ်ထုတ်နိုင်သော်လည်း ပြည်သူသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနိုင်မည် မဟုတ်သေးဘဲ ပြည်သူများမှ ဝယ်ယူသုံးစွဲမည်ဆိုလျှင်မူလိုသလောက်ထုတ်လုပ်နိုင်သည့် အနေအထားရှိကြောင်း ဦးရဲမြင့်က ဆိုသည်။

အမှိုက်မှ လျှပ်စစ်ထုတ်မည့် စက်ရုံကို ယခုအမှိုက် မီးရှို့စက်ရှိရာ မန္တလေးမြို့၊ အမရပူရမြို့နယ် တောင်အင်း၊ မြောက်အင်းတွင် တည်ဆောက်လည်ပတ်ဖွယ်ရှိသည်။

ယခုအခါ မန္တလေးခရိုင် အတွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၇၃ မဂ္ဂါဝပ်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ၃၀၅ မဂ္ဂါဝပ် သုံးစွဲကြောင်း၊ နွေရာသီတွင် မန်းခရိုင်မှ လျှပ်စစ်သုံးစွဲမှု ၂၀၀ မဂ္ဂါဝပ်နှင့် မန္တလေးတိုင်းဒေသကြီး အတွင်း ၄၀၀ မဂ္ဂါဝပ်အထိ သုံးစွဲမည်ဟု မျှော်လင့်ကြောင်း၊ လတ်တလောအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အပြည့်အဝပေးနိုင်သော်လည်း နွေရာသီ ရေနည်းချိန်တွင်မူ လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ရန် လွယ်ကူမည် မဟုတ်ကြောင်း မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီးမှ တိုင်းလျှပ်စစ်အင်ဂျင်နီယာမှူးကြီးဒေါ်အေးအေးမင်းက ပြောကြားသည်။

## စာ(၁၅) မန်းစွယ်တော် ကားဝင်းသစ်တွင် ကုန်တင်ဂိတ်အခန်းများ ထပ်မံတည်ဆောက်မည် မှ

ကွဲ့ဆည်ကန်ကားကြီးကွင်းရှိ ကုန်တင်ဂိတ်များအပါအဝင် မန္တလေးမြို့တွင် ဖွင့်လှစ်လုပ်ကိုင်နေသော ကုန်တင်ဂိတ်များအားလုံးကို အသစ်တည်ဆောက်နေသည့် စွယ်တော်မြတ်စေတီအနီး အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းသို့ ယခုနှစ်ကုန်တွင် ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း မန်းစည်ပင်မှ သတင်းရရှိသည်။

ကွဲ့ဆည်ကန် ကားကြီးကွင်းတွင် ကုန်တင်ဂိတ် ၆၀ ကျော်ရှိပြီး မန္တလေးတစ်မြို့လုံးတွင် ကုန်တင်ဂိတ်ပေါင်း ၃၀၀ ဝန်းကျင်ရှိကြောင်း၊ ကွဲ့ဆည်ကန်ရှိကုန်တင်ဂိတ်များကို ပြီးခဲ့သည့် ဇွန်လမှ စတင်၍ စွယ်တော်အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ညွှန်ကြားထားသော်လည်း ကုန်တင်ဂိတ်အခန်းနေရာ မဝယ်နိုင်သောကြောင့် ယနေ့အချိန်ထိ ပြောင်းရွှေ့မှုမပြုလုပ်နိုင်သေးကြောင်း ကုန်တင်ဂိတ်လုပ်ငန်းရှင်များက ပြောသည်။

စွယ်တော်အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းကိုမန္တလေးမြို့၏ တစ်ခုတည်းသော အဓိက ကုန်စည်ပို့ဆောင်ရေး စခန်းအဖြစ်မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ၆၃ လမ်းနှင့် ၆၆ လမ်းကြားစွယ်တော်စေတီအရှေ့မြောက်ဘက် မြေ ၆၂ ဧက အကျယ်ပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး ၂၀၁၃ နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း မန်းစည်ပင်ထံမှ သိရသည်။

စွယ်တော် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင်မိုတယ်များ၊ မီးသတ်၊ အကောက်ခွန်ရုံး၊ အနားယူ အပန်းဖြေရန် နေရာ၊ ဈေးဆိုင်ခန်းများ၊ ဂိုဒေါင်များ၊ ထည့်သွင်းတည်ဆောက်မည်ဖြစ်ပြီး ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများအတွက် One Stop Service ဆောင်ရွက်ပေးမည့် အစီအစဉ်များပါဝင်ကြောင်း သတင်းရရှိသည်။


**နေရဲဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

အမှတ် (၈၀၁)၊ သံသုမာလမ်းနှင့် မေတ္တာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်

**Engineer (Civil)** ကျား/မ (၀)ဦး
- B.E (Civil)
- အသက် (၃၀-၃၅)နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။
- ခန့်မှန်းခြေစာရင်း (Estimate) ပြုစုရေးဆွဲနိုင်ရမည်။

**Engineer (Civil)** ကျား/မ (၁)ဦး
- B.E (Civil)
- အသက် (၂၅-၃၀)နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- Auto CAD ကျွမ်းကျင်ရမည်။

လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ (၁၄. ၁၁. ၂၀၁၂)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ **Ph : 09 - 47027289 , 09 - 5050928**



**ဝန်ထမ်းအလိုရှိသည်**

**ယာဉ်မောင်းကျွမ်းကျင်** - ကျား (၂)ဦး
**အရောင်းစာရေး** - ကျား၊ မ (၄)ဦး

အမျိုးသားများသည် အခါအားလျော်စွာ နယ်ခရီးသွားလာနိုင်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ ကိုယ်ရေးအကျဉ်း၊ လိုအပ်သော စာရွက်စာတမ်းစုံလင်စွာဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။ ရွှေကျားမင်းရွှေထည် ထုတ်လုပ်ဖြန့်ချိရေး ဖုန်း-၀၉ ၇၃၉၀၁၃၆၆၊ ၀၉ ၅၁၉၂၃၁၁၊ ၀၉ ၅၀ ၉၃၃၄၁၊ အမှတ် -၅၀၅၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



**ဝန်ထမ်းအလိုရှိသည်**

➢ Experienced Mud Logger
(For Oil & Gas Drilling Operation)

၂၊ အခန်း(9/A)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်း။
PH: 01-548473, 01-8603754, 09-5053963, 09-5103679



**သင်တန်းသားများအလိုရှိသည်**

**International Language & Business Centre, ILBC** တွင် **Trainee Teacher** အဖြစ်ခန့်ထားရန် အတွက် **Teacher Training** သင်တန်း ဖွင့်လှစ်ရန်၊ သင်တန်းသူ/သားများလိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက် လျှောက်ထား နိုင်ပါသည်။ လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်၊ အသက် ၃၀ နှစ်ထက်မကျော်ရ။ လျှောက်လွှာ ရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းကာလ ၃ လ ပြီးဆုံးအောင်မြင်သည့် အခါ **Trainee Teacher** အဖြစ်တာဝန်ပေးခန့်အပ်မည် ဖြစ်ပါသည်။ ရောင်စုံလိုင်စင် ဓါတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ သန်းခေါင်စာရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်း ထောက်ခံစာများနှင့်အတူ **Human Resources Department** အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ် သို့ ကိုယ်တိုင် လာရောက်လျှောက်လွှာ တင်နိုင်ပါသည်။



INFORMATIONMATRIX

**ASP.NET (C#) Developer များအလိုရှိသည်**

- ASP.NET (C#) နှင့် Microsoft SQL Database များ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ရမည်။
- HTML and CSS ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
- Ajax and jQuery ကို သိရှိနားလည်ရမည်။
- ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရမည်။
- Project အနေအထားပေါ်မူတည်၍ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းပေါ်မူတည်၍ ထိုက်တန်သော လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၃၀.၁၁.၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Room No. G-12, Ground Floor, Building (B), Diamond Center, Pyay Road, Kamaryut Township, Yangon.
Tel: +95-1 512887, 513515~519, Fax: +95-1 513519

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012



# အထည်ချုပ်စက်ရုံများ လုပ်သားအင်အားများ တိုးချဲ့ခေါ်ယူ



**ဖိုးကျော်မြင့်(ရွှေလယ်ဝေး)**
**ပဲခူး၊နိုဝင်ဘာ-၁**

ပြည်ပသို့တင်ပို့သော ပဲခူးမြို့ရှိ အထည်ချုပ်စက်ရုံများနှင့် ဖိနပ်စက်ရုံတို့မှာ နိုင်ငံခြားများက အထည်ချုပ်သမများ၊ ဖိနပ်ချုပ်သမများကို နေ့စဉ်လက်ခံကာ အလုပ်သမား အင်အားများ တိုးချဲ့ခေါ်ယူလျက်ရှိကြောင်း စုံစမ်းသိရသည်။

ပြည်ပသို့ တိုက်ရိုက်တင်ပို့နေသည့် စက်ရုံများမှာ ပဲခူးမြို့တောင်ဘက်အထွက် ပဲခူး-ရန်ကုန်ခြောက်လမ်းသွား ကားလမ်းမကြီးဘေးတွင်ရှိသော မြန်စတား အထည်ချုပ်စက်ရုံ၊ အင်းလေးရှုး ဖိနပ်စက်ရုံ၊ ယန်စီကျန် အထည်ချုပ်စက်ရုံ၊ ရှင်ဆောင်းအထည်ချုပ်စက်ရုံတို့ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့နယ်ရှိ အထည်ချုပ်စက်ရုံများမှ ထွက်ရှိလာသည့် ချုပ်ထည်ပစ္စည်းများနှင့် နိုင်ငံခြားရောင်းတန်းဝင် ဖိနပ်များကို ကွန်တိန်နာကားများဖြင့်သယ်ယူပြီး ရန်ကုန်သီလဝါအပြည်ပြည်ဆိုင်ရာ သဘော်ာဆိပ်ကမ်း၊ ရန်ကုန်မြစ်ကမ်းရှိ ကွန်တိန်နာဆိပ်ကမ်းများသို့ ပို့ဆောင်ပေးနေရသည်။

အထည်ချုပ်ကုမ္ပဏီများနှင့် နိုင်ငံခြားရောင်းတန်း ဖိနပ်စက်ရုံများအနေဖြင့် ပဲခူးမြို့သည် ၂၄ နာရီ လျှပ်စစ်မီးရရှိခြင်း၊ အထည်ချုပ်လုပ်သားများ၊ ဖိနပ်လုပ်သားများ၊ အထွေထွေလုပ်သားများကို လိုသလို ရရှိနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့ခြင်း၊ နယ်မြေအေးချမ်းသာယာခြင်း၊ ပဲခူးမြို့နှင့်မိုင်(၅၀)သာဝေးသည့်စီးပွားရေးမြို့တော် ရန်ကုန်နှင့် အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တို့သို့ သွားလာရန် လွယ်ကူခြင်း၊ စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့ဆောက်လုပ်ရန် ပလပ်မြေများ ဂရန်မြေများ လိုအပ်သလို ရရှိနိုင်ခြင်း စသည်တို့ကြောင့် ပဲခူးမြို့ ဒေသတစ်ဝိုက်ကိုစက်ရုံအလုပ်ရုံဆောက်လုပ်မည့် နိုင်ငံခြားကုမ္ပဏီများ၊ အထည်ချုပ်ကုမ္ပဏီများ ပိုမိုစိတ်ဝင်စားလျက်ရှိသည်။

# ဆန္ဒပြအငှားယာဉ်လုပ်သားများ စည်ပင်မှ လိုင်စင်မပေးမချင်း ဆက်လက်ဆန္ဒပြမည်

**အေးမြတ်သူ** **ရန်ကုန်၊နိုဝင်ဘာ-၂**

လှိုင်သာယာမြို့နယ်တွင် ဆန္ဒပြတောင်းဆိုခဲ့သော လိုင်စင်မဲ့ပုံကျအငှားယာဉ်လုပ်သားများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင်လိုင်စင်မချပေးမချင်း ဆန္ဒပြတောင်းဆိုသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်တွင် ဆန္ဒဖော်ထုတ်ခဲ့သော ဦးဆောင်သူဦးသန်းထိုက်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၀၂ ခုနှစ် ဧပြီလပိုင်းမှစ၍ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်တိုက်မှုများ လျှော့ချရန်ဆိုကာခွင့်မပြုခဲ့သော်လည်း လက်ရှိအချိန်တွင် အချို့ရသော မြို့နယ်များ၌တရားမဝင်အငှားယာဉ် များ ထောင်နှင့်ချီရှိလျက်ရှိသည်ဟုဆိုသည်။ လိုင်စင်မဲ့ဆိုက်ကား များမှာ လိုင်စင်ရရှိရန် တစ်စီးလျှင်ကျပ်လေးသောင်းပေးရပြီး အခွန်အဖြစ်လည်း တစ်လလျှင် ၁၀၀၀ ကျပ်၊ ၁၅၀၀ ကျပ်ပေးဆောင်ရကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့က လိုင်စင်ဝင်ချင်ပါတယ်။ လိုင်စင်မချလို့မဝင်ရတာပါ။ တရားဝင်လိုင်စင်ချပေးရဲ့သားနဲ့ လိုင်စင်မဝင်ရင် ဖမ်းပါ။ လက်ခံပါတယ်။ သူတို့လိုင်စင်မချလို့ Black ဖြစ်နေတာ။ အဲဒါကို စည်ပင်ကတွေ့ရင် ဖမ်းဆိုက်ကားပါအပြီး သိမ်းလိုက်တာ” ဟု ပုံကျအငှားယာဉ်လုပ်သားဦးသန်းထိုက်က ပြောသည်။

အငှားယာဉ်အခွန်ဆောင်ရမှုနှင့်ပတ်သက်၍ လှိုင်သာယာ မြို့နယ်အတွင်း အောက်တိုဘာ ၂၀ ရက်က တရားဝင်လိုင်စင်ရ အငှားယာဉ်လုပ်သား ၁၀၀ ကျော်သည် တရားမဝင်လိုင်စင်မဲ့အငှားယာဉ်များ ဖယ်ရှားပေးရန် တောင်းဆိုဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ထို့ကြောင့် လိုင်စင်မဲ့အငှားယာဉ်များအား လိုက်လံဖမ်းဆီးမှုများပြုခဲ့သည့်အတွက် တရားမ ဝင်လိုင်စင်မဲ့အငှားယာဉ်လုပ် သား ၄၀၀ ခန့်ကလည်း လိုင်စင် ချပေးရန် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်ထိတောင်းဆိုဆန္ဒပြခဲ့ကြသည်။

“လိုင်စင်ဘီးတွေ ဆန္ဒပြသွားတော့ လိုင်စင်မဲ့တွေ တစ်ပတ်၊ ၁၀ ရက်အပြင်မထွက်ရပါဘူး။ နေ့စဉ်ရက်ဆက်ဆင်းဖမ်းတာ။ ဆိုက်ကားမထွက်ပေမယ့် တစ်နေ့အုံနာကြေး ၁,၀၀၀ ကျပ်ပေးရပါတယ်။ ၁၀ ရက်ဆိုရင် ၁၀,၀၀၀ ကျပ် ပေးရသလိုစားစရာမရှိပါဘူး။ အဲဒီတော့ပိုက်ဆံကို အတိုးနဲ့ချေးရပါတယ်”ဟုဂင်းကပြောသည်။ ရန်ကုန်မြို့တွင် တရားဝင်လိုင်စင်ထုတ်ပေးသော အငှားယာဉ်အစီးရေ ၂၆,၀၀၀ ကျော်သာရှိပြီး ပြီးခဲ့သည့် ၂၀၀၂ခုနှစ်မှယခုနှစ်အတွင်း တရားမဝင်လိုင်စင်မဲ့ အစီးရေ၉,၀၀၀ ကျော်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖမ်းဆီးသိမ်းဆည်းထားကြောင်း သတင်းရရှိသည်။

**Free Classified** **ဝန်ထမ်းအလိုရှိသည်** **အခမဲ့ကြော်ငြာကဏ္ဍ**

**ဝန်ထမ်းအလိုရှိသည်**
ဆေးအရောင်းဝန်ထမ်း (Sales and Marketing) ကျား အလိုရှိသည်။
**ဖုန်း - ၀၁-၅၃၈၀၂၀**
ည (၇) နာရီနောက်ပိုင်းဆက်သွယ်ပါ။

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် (၄) ဦး
ကျွမ်းကျင်မှုပေါ်မူတည်၍လစာညှိနှိုင်းပေးမည်။
**ဖုန်း - ၀၉၄၃၀၆၅၈၁၂**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Executive ကျား/မ (၆) ဦး
Marketing Supervisor ကျား/မ (၆) ဦး
အခြေခံလစာကောင်းမွန်ပြီး ၁၀ ရာခိုင်နှုန်းခံစားခွင့်နှင့် ဆုကြေးများရှိသည်။
**ဖုန်း - ၀၉၄၃၁၈၅၂၅၉**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
Myanmar Pocket Guide (Insight Yangon)
We are currently looking for 3 Sales & Marketing who has experience in Media.
myanmarpocketguide@gmail.com 30. Nov.2012

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေတော်ဝင်လှရိပ်မြုံအတွက်
မိတ်ကပ်ဆံထုံး(ပွဲထိုင်) ကျွမ်းကျင်သူ (၁) ဦး
အမှတ် ၅၄/၇၊ ၁၇ လမ်း၊ နဝဒေးဥယျာဉ်အိမ်ယာ၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၀၉၄၂၅၀၁၁၅၂၀**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
စားသောက်ဆိုင်အတွက်
Cashier မ (၄) ဦး
ကွန်ပျူတာ (Basic) ကျွမ်းကျင်
လစာ ၆၀,၀၀၀ (စား+နေ) ငြိမ်း၊ အဆောင်နေနိုင်သူများသာ
**ဖုန်း - ၀၉၇၃၂၀၀၄၈၂**

-------------------------------

**အလိုရှိသည်**
ရေသန့်အရောင်းစပ်ရန် Marketing ကျား/မ(၃)ဦး အလိုရှိသည်။ အမှတ် (၇၉၀)၊ မြေညီခေါင်းရင်း၊ ကမ္ဘာ့ဌာန်းလမ်း မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ မေတ္တာမိတ္တူဆိုင်တွင် စုံစမ်းနိုင်သည်။
**ဖုန်း-၀၉ ၄၂၈၁၆၉၃၅၇**
(ကော်မရှင်ကောင်းကောင်းပေးမည်)

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆေးခန်းအုပ်ချုပ်ရန်
Nurse I/C (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၂) ဦး
(Night 5:30 pm- 7:00 am)၊ အတန်းပညာမလို၊ အကျင့်စာရိတ္တကောင်းမွန်ရမည်)
Accountant/ Audit မ (၂) ဦး
ဆေးရောင်း မ (၂) ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း၊ မW1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်။
**ဖုန်း - ၅၅၆၃၀၆၊ ၅၅၆၀၀၁**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Sale & Marketing မ (၅) ဦး
2. စာရင်းကိုင် မ (၂) ဦး
No (15), Pyay Road, 9 Mile, Mayangone Tsp, Yangon, near Ocean Center.
**Ph: 0943205018**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
EASIA TRAVEL, MYANMAR
Domestic Ticketing (3) Posts
Reservation (7) Posts
Sales (5) Posts
Operation (5) Posts
Database Assistant (1) Post
**Ph: 095053460**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်္ဂလိပ်စာ ဆရာ၊ ဆရာမ (၂) ဦး
**ဖုန်း - ၀၉၄၃၁၀၅၃၁၄**
(နံနက် ၉း၀၀ မှ ညနေ ၄း၀၀) အတွင်း

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
Office Staff မ (၁) ဦး
ဆိုင်အကူဝန်ထမ်း မ (၁) ဦး
(ဆေးဆိုင်အတွေ့အကြုံရှိသူ ဦးစားပေးမည်)
**ဖုန်း - ၅၀၄၇၅၇၊ ၅၀၄၆၄၇**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
သူရိယဝင်းကုမ္ပဏီလီမိတက်
ရုံးကားယာဉ်မောင်း ကျား (၃) ဦး
လိုင်စင်သက်တမ်း အနည်းဆုံး ၃ နှစ်၊ ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။ အသက် ၂၅-၄၀ နှစ်ကြား
အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ရေကြောင်းသိပ္ပံအနီး)
**ဖုန်း - ၅၂၃၇၄၂**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
လျှော်၊ သစ်၊ စက်ဆွဲ ကျွမ်းကျင် မ (၂) ဦး
လက်သည်း၊ ခြေသည်း ပန်းချီ၊ ခြေထောက်ဆေးစိမ် ကျွမ်းကျင် မ (၂) ဦး
လစာကောင်းကောင်းပေးမည်။
**ဖုန်း - ၀၉-၄၀၂၅၆၇၅၇၈**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
Phone, Software ကျွမ်းကျင်ဝန်ထမ်း (၁) ဦး အလိုရှိသည်။
**ဖုန်း - ၀၉၇၃၀၀၂၁၁၅**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Graphic Designer (1) Post
2. Marketing (3) Posts
3. Proof Editor (2) Posts
4. Product Counselor (6) Posts
**Ph: 09421007001**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
TNT Copmuter and Mobile Mart
Hardware Technician ကျား (၂) ဦး
ရုံးအကူ ကျား (၂) ဦး
အရောင်းဝန်ထမ်း မ (၂) ဦး
အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားကွင်းပြိုင်ပွဲ တောင်ဘက်ခြမ်း၊ (ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်)
**ဖုန်း - ၃၇၄၈၅၇၊ ၀၉၇၃၁၀၅၄၁၃**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာပန်းထိုးစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်
Photoshop ကျွမ်းကျင် မ(၂) ဦး
အသက် (၂၀-၃၀) နှစ်
အမှတ် ၂၄၊ မင်းကျောင်းလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၉၅၀၀၂၂၁၂**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
စေတနာ အထွေထွေဝန်ဆောင်မှုလုပ်ငန်း
Site Engineer ကျား/မ (၃) ဦး
Accountand မ (၃) ဦး
computer DTP ကျား/မ (၃) ဦး
Driver/ Sale Driver ကျား (၃) ဦး
Marketing/ အရောင်း ကျား/မ (၅) ဦး
Office မ(၃) ဦး
အရောင်း(နေ/စားငြိမ်း) ကျား/မ (၅) ဦး
Waiter/ Waitress ကျား/မ (၅) ဦး
အမှတ် ၁၈၇ (ခ)၊ ပထပ်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း - ၂၄၃၈၁၉**

-------------------------------


**ဝန်ထမ်းအလိုရှိသည်**
ရွှေကျားမင်းရွှေထည်ဖြန့်ချိရေး
၁။ ယာဉ်မောင်း ကျား (၂) ဦး
၂။ အရောင်းစာရေး ကျား/မ (၄) ဦး
အမျိုးသားများသည် အခါအားလျော်စွာ နယ်ခရီးသွားလာနိုင်ရမည်။
အမှတ် (၅၀၅)၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။
**ဖုန်း - ၀၉၇၃၉၀၁၃၆၆**

-------------------------------

**ဝန်ထမ်းအလိုရှိသည်**
Nibban Electric & Electronics
1. Admin Assistant Male (1) Post
2. Sales Executive Male/ Female (3) Posts
3. Accountant/ Auditor Female (2) Posts
4. Bill Collector Female (2) Post
5. Purchaser Female (2) Posts
6. Store Keeper Male/Female (3) Posts
7. Driver Male (3) Posts
အမှတ် (၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်။ နှစ်ပတ်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။
**ဖုန်း - ၃၈၉၅၂၃**

-------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS
နာချင်ရာ နာစမ်း . . .
TIGER BALM
PLASTER
I NEVER GO ANYWHERE WITHOUT MY TIGER.
TIGER BALM PLASTER
TIGER BALM PLASTER-RD
TIGER BALM®
Marketed & Distributed by: THUKHA DANA
Head Office - No.84, 12th Street, Lanmadaw Township, Yangon, Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.


TERUMO JAPAN
THUKHA DANA
Digital Blood Pressure Monitor
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
TERUMO Ear Thermometer
EM-30CP LB/R
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012


## အဝေးသင်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ် ဦးစားပေးတက်ရောက်သူ များပြား



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

အဝေးသင်တက္ကသိုလ် တက်ရောက်သူအများစုသည် ဝိဇ္ဇာဘာသာရပ်များကို အဓိကဦးစားပေးရွေးချယ်သင်ယူနေကြကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်ကပြောသည်။

အင်္ဂလိပ်ဘာသာစကား အခက်အခဲရှိနေခြင်းကြောင့် မြန်မာစာဘာသာရပ်ကို ကျောင်းသားအများစုရွေးချယ်နေကြပြီး သိပ္ပံဘာသာရပ်များကို ရွေးချယ်သင်ယူသူနည်းပါးနေကြောင်း သိရသည်။

"ပြောရရင်တော့ စိတ်မကောင်းစရာပဲ။ ဘာလို့လဲဆိုတော့ ဝိဇ္ဇာတွေများတယ်။ တချို့ကလည်းလွယ်လွယ်ကူကူဘွဲ့ရချင်ကြတယ်။ ဝိဇ္ဇာထဲမှာဆိုရင် မြန်မာစာ အဓိကယူတာများတယ်။ အင်္ဂလိပ်စာအခက်အခဲရှိကြတော့ မြန်မာစာယူတာပါ။ သမိုင်းနဲ့ပထဝီလည်း များတယ်။ ဥပဒေနဲ့ စီးပွားရေးကတော့ သူတို့နောက်ကပေါ့။ အဝေးသင်က ပေါပေါလောလောအောင်တယ်လို့ ပြောကြတာများတော့ ဆရာတို့အရည်အသွေးပါ ပြန်ပြင်တော့မယ်။ ရေရှည်ရည်မှန်းချက်ကတော့ အွန်လိုင်းကနေ အဝေးသင်ပညာရေးစနစ်ကို လုပ်မယ်" ဟုဒေါက်တာလှတင့်ကပြောသည်။

အထက်တန်းအဆင့်တွင် ဝိဇ္ဇာဘာသာတွဲရွေးချယ်သင်ယူသူဦးရေနည်းပါးနေသော်လည်း တက္ကသိုလ်အဆင့်တွင် ဘွဲ့ဒီဂရီရရှိမှု လွယ်ကူလိုသော ရည်ရွယ်ချက်ဖြင့် ကျောင်းသားများက ဝိဇ္ဇာဘာသာရပ်များကို ရွေးချယ်သင်ယူနေကြခြင်း ဖြစ်သည်။

ပြီးခဲ့သည့် တက္ကသိုလ်ပညာသင်နှစ်တွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များနှင့် နိုင်ငံခြားဘာသာတက္ကသိုလ်များသို့ဝင်ခွင့်ရရှိသူ၆၉၅၃ဦး၊ အဝေးသင်တက္ကသိုလ်သို့ဝင်ခွင့်ရရှိသူ ၅၅၉၀၄ ဦး၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ဝင်ခွင့်ရရှိသူ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆေးကုသရေး၊ သစ်တောတက္ကသိုလ်များမပါ) ၄၄၉၆၉ ဦး ကျောင်း ဝင်ခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

## လူ့စွမ်းအားအရင်းအမြစ်အတွက် အခွင်းအကျင်း

**နေလင်းထွန်း**

**ယခင်က အလုပ်အကိုင်အခွင့်အလမ်းအတွက် အိမ်နီးချင်းနိုင်ငံများသို့မြန်မာလူငယ်များ အစုလိုက် အပြုံလိုက်ထွက်ခွာကြရပြီးပြည်ပနိုင်ငံများတွင် Blue Collar ခေါ် အောက်ခြေအလုပ်အကိုင်များသွားရောက်လုပ်ကိုင်ကြရသည်။ ယခုအခါ ပြည်တွင်းနိုင်ငံရေးအပြောင်းအလဲများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှုမြင့်မားနေပြီး မြန်မာလူငယ်များသည် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းသစ်များကို စိတ်ကူးမျှော်လင့်နိုင်တော့မည်ဖြစ်သည်။**

ယင်းကဲ့သို့အခြေအနေတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များအတွက် အခက်တွေ့လာစေသော အချက်မှာပြည်တွင်း၌လုံလောက်သော လူ့စွမ်းအားအရင်းအမြစ်ရှိမနေသောပြဿနာဖြစ်သည်။

"အရင်တုန်းကတော့ အဝေးကွင်းသွားကန်ခဲ့ရတာ။ အခုတော့ အိမ်ကွင်းကန်ရမယ့် အခြေအနေရောက်လာပြီ။ အိမ်ကွင်းမှာ ဘယ်လိုကန်မလဲဆိုတာလဲ အရေးကြီးလာပြီ။ အဝေးကွင်း သွားကန်ရလို့ဆိုတဲ့ အကြောင်းပြချက်လည်း ပေးလို့မရတော့ဘူး" ဟု Myanmar Change Initiative သင်တန်းကျောင်း မိတ်ဆက်ပွဲ၌ အဆိုပါကျောင်းကိုတည်ထောင်သူ ကိုပြည့်စုံက ပြောသည်။

လက်ရှိအချိန်တွင် ရေနက်ဆိပ်ကမ်းများ၊ အိမ်ရာစီမံကိန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စတင်နေကြပြီဖြစ်သလို အရောင်းဆိုင်နှင့် စူပါမားကက်လုပ်ငန်းများ၊ အိုင်စီတီနည်းပညာလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများစသည့် လုပ်ငန်းအမျိုးမျိုးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြသည်။ အဆိုပါစီးပွားရေးလုပ်ငန်းများ ထွန်းကားလာမှုနှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်သည်လည်း ပိုမိုကြီးထွားကျယ်ပြန့်လာဖွယ်ရှိနေသည်။

"အဓိကက ဘာလဲဆိုတော့ ကျွမ်းကျင်တဲ့ဝန်ထမ်း လုံလောက်စွာမရဘူးဆိုတာ သူတို့က သိတယ်။ ကျွမ်းကျင်ဝန်ထမ်းတွေလို အပ်နေတဲ့အချိန်မှာ သင်တန်းတွေတိုးလာတာ ကောင်းတယ်။ လုပ်ငန်းတစ်ခုတိုးလာတဲ့အခါမှာ ဘာလုပ်ငန်းလဲဆိုတာကြည့်ဖို့ လိုပါတယ်။ အခုမြန်မာနိုင်ငံမှာဖြစ်နေတာက မြို့နယ်တိုင်းမှာ ဘီယာဆိုင်တွေတိုးလာနေပါတယ်။ ဒါပေမဲ့ သင်တန်းကျောင်းတွေတော့ တိုးမလာပါဘူး။ အင်မတန် ဝမ်းနည်းဖို့ကောင်းပါတယ်" ဟု MHR စီးပွားရေးနှင့်စီမံခန့်ခွဲမှု သင်တန်းကျောင်းတည်ထောင်ထားသော ဦးအေးကျော်က ပြောသည်။

စစ်အုပ်ချုပ်ရေးစနစ်ကြောင့် လူငယ်များ၏အရည်အချင်း မြင့်မားလာစေရန် အခြေအနေဖန်တီးပေးမှုများ လျော့ကျသွားခြင်း၊ အရည်အသွေးပြည့်ဝသော သင်ကြားရေးဆရာ၊ ဆရာမများ နည်းပါးလာခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများသည် မုဆိုးစိုင်သင်စနစ်ဖြင့် လည်ပတ်နေရခြင်းကြောင့် နိုင်ငံတကာစံနှုန်း၊ စနစ်များနှင့် ဝေးကွာသွားခြင်းစသည့် အကြောင်းတရားများကြောင့် နိုင်ငံခြားလုပ်ငန်းအဖွဲ့အစည်း အများအပြား ဝင်ရောက်လာပါက ပြည်တွင်း၌ လုံလောက်သော လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်ရန် ခက်ခဲနေခြင်းဖြစ်သည်။

**စာ(၃၀)သို့**

**ပညာရေးသတင်းတိုများ**

### အာရှဖွံ့ဖြိုးမှုဘဏ်နှင့် ဩစတြေးလျအစိုးရ မြန်မာ့ပညာရေးအတွက် ကန်ဒေါ်လာငါးသိန်းကျော်လှူ

**ရန်ကုန်၊ နိုဝင်ဘာ-၃**

မြန်မာနိုင်ငံတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးမှုဘဏ်(ADB)နှင့် ဩစတြေးလျအစိုးရတို့က အမေရိကန်ဒေါ်လာ ၅၇၀,၀၀၀ လှူဒါန်းကြောင်းသိရသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရန် British Council၊ Denmark၊ DFID၊ EU၊ GIZ၊ JICA၊ MDEF၊ Norway၊ UNESCO၊ UNICEF နှင့် World Bank တို့ကလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

### အမေရိကန်ပညာရေးဆွေးနွေးပွဲ

**ရန်ကုန်၊နိုဝင်ဘာ-၃**

အမေရိကန်နိုင်ငံ၏ တက္ကသိုလ်ပညာရေးဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၄ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း AT&S ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။ အမေရိကန်နိုင်ငံရှိ University Pathway Program နှင့် University Transfer Program တို့အတွက် လာရောက်ဆွေးနွေး ရှင်းလင်းမည်ဖြစ်ပြီး အမေရိကန်ပညာရေး လေ့လာလိုသူများ တက်ရောက်နိုင်မည်ဖြစ်သည်။

### ဘူမိအင်ဂျင်နီယာသင်တန်းဖွင့်မည်

**ရန်ကုန်၊နိုဝင်ဘာ-၂**

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ သင်တန်းကာလ သုံးလကြာမြင့်မည့် ဘူမိအင်ဂျင်နီယာသင်တန်းကို နိုဝင်ဘာလ ၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Geology၊ Gem & Gem Mining၊ Civil or Mining ဘာသာရပ်တို့ဖြင့် ဘွဲ့ရရှိထားသူများ တက်ရောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာ အဆင့်မီ လက်မှတ်ရသင်တန်း တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံရှိမြန်မာနိုင်ငံဘူမိသိပ္ပံရုံးခန်းသို့ ဆက်သွယ်လျှောက်ထားရမည်ဖြစ်သည်။

### စင်ကာပူ၊ ယူကေ၊ မြန်မာပညာရေးပြပွဲ

**ရန်ကုန်၊နိုဝင်ဘာ-၃**

ပြည်တွင်း၊ ပြည်ပတွင် ပညာသင်ကြားရန် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်မည့် ပညာရေးပြပွဲကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂နာရီမှ ၄နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ယူရန် ကုန်ကျမည့် ကျောင်းစရိတ်များ၊ အလုပ်အကိုင်နှင့် ပညာသင်ဆုအခွင့်အလမ်းများ၊ ပြည်တွင်းတွင် ကြိုတင်ပြင်ဆင် လေ့လာရမည့် သင်တန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။


**စက်ရေတွင်း တူးဖော်ရန် အလှူရှင်များသို့ နှိုးဆော်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရွာသစ်ကျေးရွာ၊ တဲတိုက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ သောက်သုံးရေ ခက်ခဲနေပါသဖြင့် သောက်သုံးရေနှင့် ရေကောင်းရေသန့်ရရှိရန် စက်ရေတွင်း တူးဖော်ရေးအတွက် အလှူငွေများ လိုအပ်လျက် ရှိပါသည်။ ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်လင်ရေအလှူပါရမီရှင်များ သဒ္ဓါတတ်အားသမျှ လှူဒါန်းနိုင်ရေးအတွက် အများအကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဒေါ်ထားထားနွယ် | ရန်ကုန်မြို့ | ဖုန်း - ၀၉-၅၁၉၆၄၇၀ |
| ဦးသန်းထွန်းလှိုင် | ကျောက်ပန်းတောင်းမြို့ | ဖုန်း - ၀၉-၂၂၂၁၀၈၇ |
| ဒေါ်ချိုတူး | ကျောက်ပန်းတောင်းမြို့ | ဖုန်း - ၀၉-၂၂၂၀၈၀၈ |

**STAR ZONE Travel & Tours Co., Ltd**

**Vacancy Announcement**

| | | |
|---|---|---|
| Tour Manager | (M/F) | 1 Post |
| Intl' Ticketing & Reservation | (M/F) | 3 Posts |
| Domestic Ticketing & Reservation | (M/F) | 3 Posts |
| Marketing Staff | (F) | 2 Posts |
| Tour Operation Staff | (M/F) | 2 Posts |

**Detail Information Call us : 09 - 5019555, 09 - 8601025, 01 - 226073**

**Email : rein88.szone@gmail.com**

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**

(ချောင်းသာကမ်းခြေတွင်တာဝန်ထမ်းဆောင်ရန်)

| | |
|---|---|
| (၁) Accountants/Admin (ရန်ကုန်) | (၂) ဦး |
| (၂) Supervisors (F&B,HK) | (၂) ဦး |
| (၃) Waiters (F & B, Bartendar) | (၄) ဦး |
| (၄) FO & HK Staff | (၄) ဦး |
| (၅) Assistant Cooks | (၂) ဦး |

ရာထူး (၁၊၂) တို့အတွက် လုပ်ငန်းအတွေ့အကြုံ ရှိရမည်။ CV၊ဓာတ်ပုံ၊ မိတ္တူများနှင့် (၂၀.၁၁.၂၀၁၂) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အမှတ် (၉၉)၊ Lamai ကွန်ဒို၊ 4-B မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁ ၅၁၁၄၁၄ ၊ ၅၂၃၉၈၈ E-mail : grandhotelyangon@gmail.com

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## Chevening ပညာသင်ဆု စတင်လျှောက်ထားနိုင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ဗြိတိန်အစိုးရမှ ပေးအပ်နေသော Chevening ပညာသင်ဆု ၂၀၁၃-၂၀၁၄ ခုနှစ် အစီအစဉ်အတွက် မဟာဘွဲ့ သင်တန်း တစ်နှစ် တက်ရောက်နိုင်ရန်မြန်မာကျောင်းသားများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် အွန်လိုင်းမှ တစ်ဆင့် လာမည့်နှစ် ဇန်နဝါရီလ ၂ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများ၌ ပညာသင်ယူရမည်ဖြစ်သည်။

မဟာဘွဲ့ သင်တန်း ပညာသင်ဆုအတွက် လူအခွင့်အရေး၊ နိုင်ငံရေးသိပ္ပံနှင့် အုပ်ချုပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဂျာနယ်လစ်ဇင်နှင့် မီဒီယာ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ပဋိပက္ခဖြေရှင်းရေး စသည့် ဘာသာရပ်နယ်ပယ်များကို လျှောက်ထားသူများအား ဦးစားပေးသွားမည် ဖြစ်သည်။

ပညာသင်ဆုအတွက် အသက်အရွယ်ကန့်သတ်ထားခြင်း မရှိဘဲ ပညာသင်ကာလ ပြီးဆုံးချိန်တွင် မိမိနိုင်ငံသို့ပြန်လာရမည်ဖြစ်ပြီး ဘွဲ့လွန်သင်ခန်းစာများအတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု IELTS ၆ ဒသမ ၅ ခန့် ရရှိထားရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွက် Chevening ပညာသင်ဆု လျှောက်ထားသော မြန်မာကျောင်းသားဦးရေသည် ၁၀၀ နီးပါး ရှိခဲ့ပြီး ကျောင်းသားငါးဦးကို ရွေးချယ်ပညာသင်ယူပေးအပ်ခဲ့သည်။

ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် ဗြိတိန် အဆင့်မြင့်ပညာရေးအကြောင်းကို လေ့လာမှုအချို့ပြုလုပ်ထားသင့်ကြောင်း အကြံပြုထားပြီး https://www.chevening.org တွင် ဝင်ရောက်လေ့လာလျှောက်ထားနိုင်သည်။

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အထွေထွေဘာသာဗေဒ ဒီပလိုမာသင်တန်း ဖွင့်လှစ်မည်




**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အထွေထွေဘာသာဗေဒဒီပလိုမာ (Diploma in General Linguistic) သင်တန်း စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အချိန်ပြည့် (တစ်နှစ်)တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အထွေထွေဘာသာဗေဒ သင်တန်းတက်ရောက်ရန် နိုင်ငံတော်က အသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုရရှိရန် လိုအပ်ပြီး ယင်းဘာသာရပ်နှင့် ဆက်စပ်သော လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသူများလည်း လျှောက်ထားနိုင်သည်။

"အထွေထွေ ဘာသာဗေဒ သင်တန်းကို ဒီနှစ်ကျမှ စဖွင့်တာပါ။ တခြားတက္ကသိုလ်တွေမှာလည်း ဖွင့်ထားတာ မရှိပါဘူး။ ဘာသာဗေဒဘာသာရပ်ဆိုတာ ဘာသာစကားကို သိပ္ပံနည်းကျ စနစ်တကျ လေ့လာတဲ့ပညာဖြစ်တယ်။ ဘာသာဗေဒအသိပညာကိုအသုံးချပြီး ဘာသာစကားတွေကို ထိရောက်စွာ သင်ကြား၊ သင်ယူလေ့လာနိုင်စေဖို့၊ ဘာသာစကား သုတေသနတွေကို ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ။ အချိန်ပြည့် သင်တန်းဖြစ်တဲ့အတွက် သင်တန်းကြေးကတော့ တစ်လ တစ်ထောင်ကျပ် ဖြစ်ပါတယ်"ဟု ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုတက္ကသိုလ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် တစ်နှစ်ကြာမြင့်မည့် အချိန်ပြည့် ဒီပလိုမာသင်တန်းအနေဖြင့် အင်္ဂလိပ်စာနှင့် အထွေထွေဘာသာဗေဒသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၃ နာရီ မိနစ် ၂၀ ထိနှင့် လေးနှစ်ကြာမြင့်မည့် အချိန်ပိုင်း ဒီပလိုမာသင်တန်းအနေဖြင့် တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှားနှင့် ထိုင်းဘာသာ သင်တန်းတို့ကို နံနက် ၇ နာရီ မှ ၈ နာရီ မိနစ် ၅၀ ထိ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းများကို တနင်္လာမှ သောကြာနေ့ထိ တက်ရောက်ကြရမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများအားနိုဝင်ဘာလ ၁၆ ရက် နောက်ဆုံး လျှောက်ထား၍ သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။


# JOB VACANCY

**Web Developer M/F (5) posts**

**Responsibilities**

- Create web applications/portals using primarily PHP
- Participate in each activity of development life cycle

**Requirements**

- B.S. or M.S. Computer Science or related field
- Experience working with web technologies (HTML, CSS, PHP, JavaScript)
- Knowledge of relational databases and SQL, mainly MySQL
- Minimum 1-2 years of relevant working experience.
- Experience working with PHP & MySQL based CMS would be an advantage
- Experience developing for mobile interface website would be an advantage
- Self-starter with strong self-management skills
- Excellent problem solving, critical thinking, and communication skills
- Able to work under pressure

**Please submit your CV to:**
Information Matrix
Room No. G-12, Ground Floor, Building (B), Diamond Centre,
Pyay Road, Kamaryut Township, Yangon.
Tel:+95-1 512887, 513515~519 Fax: +95-1 513519



# CAREER OPPORTUNITY

**EASIA TRAVEL, MYANMAR** is a team of qualified professional with a wide range of tourism experience in Vietnam, Laos, Cambodia and Myanmar. We are developing into a destination management company in Myanmar and are looking for suitable candidates in the following areas.

1. Domestic Ticketing M/F (3) posts
2. Reservation M/F (7) posts
3. Sales M/F (5) posts
4. Operation M/F (5) posts
5. Database Assistant F (1) post

**Job Requirement:**

- Excellent spoken and written English. French or German would be an advantage.
- Mastery of Microsoft Office (Word, Excel, Outlook, PowerPoint)
- 0-2 years minimum experience in inbound travel (tour guide, operation, sales, and reservation) is privileged.

**Benefit:** competitive salary and career development will be offered commensurate with the responsibilities and qualifications

Please send your resume via email jasmine@easia-travel.com. For further details, please contact the mobile no. 09 505 3460. Only short listed candidate will be interviewed. Local service only.



နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်



Gusto
Higher Education Institute

edexcel
Approved Centre No.93683

HND DIPLOMA IN COMPUTING (UK)

- ယခင်က UK သို့သွားရောက်သင်ယူနေရသော နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဒုတိယနှစ်နှင့်ညီမျှသည့် Edexcel (UK) မှ ချီးမြှင့်မည့် Higher National Diploma ဖြစ်ပါသည်။
- ဂုဏ်သိက္ခာကြီးမားသော Edexcel (UK) မှ ချီးမြှင့်သည့် Diploma ဖြစ်သောကြောင့် ကမ္ဘာတလွှားရှိ တက္ကသိုလ်ကြီးများ၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကြီးများမှ အသိအမှတ်ပြု လက်ခံကြပါသည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့သွားရောက်၍ဖြစ်စေ နောက်ဆုံးတစ်နှစ်သာ တက်ရောက်ပြီး B.Sc. (Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။

Gusto Institute : # 332(D), Pyay Road, Sanchaung Tsp.,Yangon. Ph: 01-503715, 0986-28806.



navitas
Your direct access to University

Study in a World-Renowned American Universities

University of New Hampshire | UMass Boston | UMass Lowell | UMass Dartmouth



အမေရိကန်နိုင်ငံရှိ နိုင်ငံပိုင် တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် သွားရောက်ပညာသင်ယူခြင်းဖြင့် သင့်အနာဂတ်ဘဝမြင့်မား အောင်မြင်စေရန် အကောင်းဆုံးဘွဲ့ဒီဂရီများကို သင်ယူရရှိနိုင်ပါပြီ။

| U.S Education Seminar (UNH) | U.S Education Seminar (UMass) |
|---|---|
| 10:00 am ~ 12:00 nn | 1:00 pm ~ 3:00 pm |
| 14 Nov 2012 (Wednesday) | 14 Nov 2012 (Wednesday) |
| Ruby Room "3, Parkroyal Hotel, Ygn. | Ruby Room "3, Parkroyal Hotel, Ygn. |
| Speaker : Kyle Mallinger (UNH) | Speaker : Liz Cardoso (UMass) |

- US News & World Report ranks UNH as a Tier 1, National University – the highest ranking level available UNH Accounting Program was ranked No. 2 in the world. UNH Engineering programs are ranked among best engineering programs by US News & World Report and are fully accredited by American Board of Engineering & Technology.
- University of Massachusetts is ranked a Tier 1 National University, the highest ranking level available, by U.S. News and World Report. UMass is recently ranked 56th in the world and 14th highest rated American Public University nationally.

AT&S

ရန်ကုန်ရုံးချုပ် ➤ အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်မြို့နယ်။ (ဖုန်း) ၅၂၁၁၂၅၊ ၆၅၂၂၈၈၊ ၀၉-၅၀၆၂၁၇၁။
ရန်ကုန်ရုံးခွဲ ➤ အမှတ် (၁၄၀) ပထပ်၊ စဉ့်အိုးတန်းလမ်း (အထက်)၊ လသာမြို့နယ်။ (ဖုန်း) ၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၀။

# Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012

## မိုဘိုင်းဖုန်း အင်တာနက်သုံးခများ ဒေတာစီးဆင်းမှု ပမာဏ အပေါ်မူတည် ကောက်ခံမည်

နိုင်ချို

ရန်ကုန်၊ အောက်တိုဘာ-၃၁

မိုဘိုင်းအင်တာနက် အသုံးပြုခများကို မိနစ်ဖြင့် ကောက်ခံမည့်အစား ဒေတာစီးဆင်းမှုပမာဏ (Bandwidth)ဖြင့် နိုဝင်ဘာလအတွင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

"နိုဝင်ဘာလထဲမှာ အင်တာနက်သုံးစွဲခကို Volume ဆွဲတဲ့ပေါ် မူတည်ပြီး ကောက်ခံသွားမှာပါ။ Download Volume နှုန်းနဲ့ ကောက်ခံဖို့လည်း စီစဉ်နေပါတယ်။ 1MB အောက်ကို ဈေးနှုန်းတစ်မျိုး၊ 100 MB ကို ဈေး နှုန်းတစ်မျိုးနဲ့ ကောက်ခံသွားမှာပါ။ ဈေးနှုန်းကတော့ ညှိနှိုင်းဆဲပါ" ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

စာ(၂၄)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မိုဘိုင်းဖုန်းပြပွဲ ကျင်းပမည်

နိုင်ချို

ရန်ကုန်၊ အောက်တိုဘာ-၃၁

မိုဘိုင်းဖုန်း သုံးစွဲသူများအတွက် ဒုတိယအကြိမ်မြောက် မြန်မာမိုဘိုင်းဖုန်းပြပွဲကို လာမည့်နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမိုဘိုင်းဖုန်းပြပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းအသင်းချုပ် (UMFCCI)တွင် ကျင်းပမည်ဖြစ်သည်။

"မိုဘိုင်းဖုန်းသုံးစွဲသူတွေအတွက် ဟန်းဆက်အမျိုးအစားအစုံအလင် ဝယ်ယူနိုင်ဖို့၊ ဈေးကွက်ထဲမှာရှိတဲ့ Brand အစုံအလင်းကိုတစ်နေရာတည်းမှာကြည့်နိုင်မယ်။Brand အသစ်တွေကိုလည်း လေ့လာနိုင်မယ့် အပြင် ဆင်းမ်ကတ်တွေကိုလည်း ဝယ်ယူနိုင်မှာပါ" ဟု ZIUION Business Services Limited မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးတင်ထွန်းဦးက ဆိုသည်။

စာ(၂၄)သို့

## ဆမ်ဆောင်းဂလက်ဆီမီနီဟန်းဆက် ကျပ် ၅၀၀၀ နှင့် မရောင်းဖြစ်၍ ပြန်လည်တောင်းပန်

ယုဇနကိုကို

ရန်ကုန်၊ နိုဝင်ဘာ-၃

လူကြီးမင်းမိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းက ကျပ်တစ်သိန်းကျော်ဝန်းကျင်ရှိ ဆမ်ဆောင်းဂလက်ဆီမီနီဟန်းဆက်များအား တစ်လုံးလျှင် ကျပ်ငါးထောင်ဖြင့် ၎င်းတို့၏ ဆိုင်ခွဲ ၁၁ ဆိုင်၌ ယနေ့ ရောင်းချပေးမည့် အစီအစဉ်သည် ထောင်ချီသောလူအုပ်ကြီးကိုတိုကင်နံပါတ်များစေ့ငှအောင် မဝေငှပေးနိုင်ခြင်းကြောင့် ဖျက်သိမ်းလိုက်ရပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဝယ်ယူသူများအား တောင်းပန်မှုများ ပြုလုပ်ခဲ့ရသည်။

လူကြီးမင်းမိုဘိုင်းသည် ၎င်းတို့၏ယခုအစီအစဉ်ကို အထက်ပါအတိုင်းတရားဝင် ကြေညာခဲ့ခြင်းဖြစ်၍ ကျပ်ငါးထောင်တည်းနှင့် ဆမ်ဆောင်းဂလက်ဆီမီနီဖုန်းကို ရယူလိုသူများသည် ရန်ကုန်မြို့ရှိဆိုင်ခွဲခုနစ်ဆိုင်လုံးတွင် ထောင်နှင့်ချီသည်အထိ ရောက်ရှိခဲ့သည်။

အဆိုပါ မိုဘိုင်းဖုန်းဆိုင်များမှ ၎င်းတို့သတ်မှတ်ထားသော ယင်းနေ့နံနက် ၈ နာရီ မိနစ် ၃၀ တွင်ဆိုင်ရှေ့အသီးသီးသို့ ရောက်ရှိနေကြပြီး စောင့်ဆိုင်းနေကြသောလူအုပ်ကြီးကို ကံစမ်းနိုင်ရန် တိုကင်နံပါတ်ပြားများ စတင်ဝေငှခဲ့ပြီး တိုကင်နံပါတ်ပြားများမှာ စောင့်ဆိုင်းနေသူအရေအတွက်နှင့် မမျှတဖြစ်ကာ တိုကင်မရရှိသူများ၏ မကျေနပ်ချက်များမှ စတင်ခဲ့ခြင်းဖြစ်သည်။

"ဒီကိစ္စအတွက် ရပ်လိုက်ရတာ၊ အခုလိုဖြစ်တာကိုစိတ်မကောင်းဖြစ်ပါတယ်။ ကျွန်တော်တို့က လူဦးရေရာဂဏန်းလောက်ပဲမှန်းထားပေးခဲ့တယ်။ တကယ်တမ်း ထောင်ကျော်ထိဖြစ်လာတော့ ဒီလောက်ထိဖြစ်သွားတာပါ" ဟုလူကြီးမင်းမိုဘိုင်းမှ အထွေထွေမန်နေဂျာဦးကိုကိုအောင်က 7Day News သို့ပြောသည်။

လူကြီးမင်းမိုဘိုင်းသည် ၎င်းတို့၏ အားပေးသူများအတွက် ဆမ်ဆောင်းဂလက်ဆီမီနီအလုံး

စာ(၂၄)သို့










အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို INTEGRA Systems Company ၄၂-ဗီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်း - 01-703625, 09-73085653




## စာ(၂၃)-ဆမ်ဆောင်းဂလက်ဆီ မီနီဟန်းဆက် ကျပ် ၅၀၀၀ နှင့် မရောင်းဖြစ် မှ

၁၂၀ကိုတစ်ဆိုင်လျှင်၁၀လုံးကျစီဖြင့်တစ်နိုင်ငံလုံးရှိ ဆိုင်ခွဲများတွင် ကျပ်ငါးထောင်ဖြင့်ရောင်းချပေးမည့်အစီအစဉ်ကို ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်မှစတင်၍ကြော်ငြာမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီစဉ်အား ရန်ကုန်မြို့ရှိ ဆိုင်ခွဲများတွင်ရပ်ဆိုင်းခဲ့ရာ ဒေါသထွက်နေသော လူအုပ်ကြီးကြောင့်ရုန်းရင်းဆန်ခတ်အခြေအနေအချို့ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့သူအချို့က ပြောသည်။

ယခု အစီအစဉ်အတွက် တောင်ကြီးနှင့် နေပြည်တော်တို့တွင် ဖုန်းအလုံး (၃၀) မဲဖောက်ပေးခဲ့ပြီး ကျန်ရှိအလုံးရေ (၉၀) အား အခြားနည်းလမ်းတစ်ခုခုဖြင့် ပြန်လည်မဲဖောက်ပေးနိုင်ရန် စဉ်းစားလျက်ရှိကြောင်း ဦးကိုကိုအောင်ကဆိုသည်။

## စာ(၂၃) - မိုဘိုင်းဖုန်းပြပွဲ ကျင်းပမည် မှ

ထိုပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း၊ Handset Brand မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာရောင်းသွားပေးမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၄၈ ခန်းပါဝင်ကြောင်း ဦးတင်ထွန်းဦးကပင် ပြောသည်။

"ကျွန်တော်တို့ ဆိုင်အနေနဲ့ ဒီပွဲမှာ K-Touch ဆိုတဲ့ မိုဘိုင်း Brand အသစ်ကို မိတ်ဆက်မှာပါ။ ဒီ Brand က GSM, WCMA ဖုန်းလိုင်းတွေမှာ သုံးလို့ရပါတယ်။ ဆမ်ဆောင်းဟန်းဆက်တွေကိုလည်း ဈေးနှုန်းလျှော့ချသွားမှာပါ" Best More Smart Mobile မှ တာဝန်ခံတစ်ဦးဖြစ်သူ ကိုဇာနည်က ပြောသည်။

## စာ(၂၃) - မိုဘိုင်းဖုန်း အင်တာနက်သုံးခများ ဒေတာစီးဆင်းမှု ပမာဏအပေါ်မူတည် ကောက်ခံမည် မှ

လက်ရှိတွင် အင်တာနက်အသုံးပြုခမှာ GSM 2.75 မိုဘိုင်းတွင် တစ်မိနစ်လျှင် နှစ်ကျပ်ကောက်ခံပြီး WCDMA နှင့် CDMA 800 MHz မိုဘိုင်းများတွင် တစ်မိနစ်လျှင် လေးကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိသည်။

"Band Width စနစ်နဲ့ ကောက်ခံတာ ကောင်းတာပေါ့။ အခုနိုင်ငံတကာ အဆင့်မီသွားပြီ။ အရင်က အင်တာနက်ခကို 2G ဝယ်ထားပေမယ့် ဟန်းဆက်က 3G ရနေတယ်ဆို 2G နှုန်းနဲ့ပဲ ပေးရတယ်။ တချို့ အင်တာနက်ဆိုင်တွေဆို တစ်နေကုန် ဒေါင်းလော့လုပ်တာ။ မိုဘိုင်းဖုန်းအင်တာနက်ကို သုံးပြီးပေါ့။ အခု Volume နှုန်းနဲ့ ကောက်ခံမယ်ဆိုတော့ လိုင်းကျပ်တာတွေ အများကြီးသက်သာသွားမှာပေါ့" ဟု Barons Tele-Link Service Co.,Ltd မှ ဒါရိုက်တာဖြစ်သူ ဦးဇော်မင်းဦးက ပြောသည်။

မိုဘိုင်းဖုန်း အင်တာနက်အသုံးပြုခများအား နိုင်ငံတကာဈေးနှုန်းများနှင့် ညှိနှိုင်းကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းများအား နိုဝင်ဘာလအတွင်း စတင်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ ဧရိယာအတွင်း လိုင်းကျပ်မှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူဦးရဲမြတ်သူက "ဒီလိုစနစ်ပြောင်းလိုက်တာကောင်းတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ။ ဒါပေမဲ့ တစ်ခုဖြစ်သင့်တာက သုံးစွဲသူတွေကိုရွေးချယ်ခွင့်ပေးသင့်တယ်။ မိနစ်အလိုက် အဖြတ်ခံချင်တဲ့သူက မိနစ်နဲ့ဖြတ်တဲ့စနစ်ကို သုံးနိုင်အောင်လုပ်ပေးသင့်သလို ဒေတာသုံးသလောက်ဖြတ်မယ့် စနစ်အသစ်ကို ကြိုက်တဲ့သူကလည်း သူကြိုက်တဲ့စနစ်ကို သုံးနိုင်အောင် ရွေးချယ်ခွင့်ပေးသင့်တယ်" ဟုသုံးသပ်ပြောကြားသည်။




**TRADEMARK CAUTION**

Osotspa Co., Ltd., a company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademarks:-

Reg: 4/11938/2012

Reg: 4/11939/2012

Reg: 4/11940/2012

Reg: 4/11941/2012

In respect of : "Confectionery, fruit flavour candy, strawberry flavour candy, salacca cider flavour candy, plum flavour candy, lemon flavour candy, mint flavour candy, cocoa flavour candy, chewing gum, chocolate, cracker, cookie."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990

8.Nov. 2012

ပျောက်ဆုံးသွားသော

# ပညာဘုံလေးတစ်ခု. . .

ချယ်ရီတစ်ပွင့်



စာရေးသူတို့ နေထိုင်ကြီးပြင်းခဲ့တဲ့ တောင်ကြီးမြို့လေးဟာ အင်မတန်လှပပြီး နိုင်ငံခြားရုပ်ရှင်ကားတွေထဲက ရှုခင်းတွေလိုပဲ ရင်သပ်ရှုမောအသက်ရှူမှားလောက်အောင် လှပတယ်လို့ဆိုရင် ပိုလွန်းတယ်လို့များ ပြောကြမလား။

မြို့က ခပ်ငယ်ငယ်လေးပေမယ့် ကွေ့ကောက်တဲ့လမ်းလေးတွေရဲ့ တစ်ဖက်တစ်ချက်မှာ မြက်ခင်းစိမ်းစိမ်းလေးတွေက အနားသတ်ထားပါတယ်။ မြက်တောတွေထဲမှာတော့ တောပန်းရောင်စုံလေးတွေက အလှည့်ကျသူ့ရာသီနဲ့ သူဝေဝေဆာဆာ ဖူးပွင့်နေတာ။ သဘာဝပန်းချီကားတစ်ချပ်လိုပါပဲ။ ဒီလို တောပန်း၊ ဖြူဝါပန်းရောင်တွေကြားမှာ ငယ်စဉ်ဘဝက ပြေးလွှားပြီး ပန်းတွေခူး ဆွဲကြိုး၊ နားဆွဲတွေ သီကုံးပန်ခဲ့ရတာ ပြန်တွေးကြည့်ရင် မမေ့နိုင်စရာပါပဲ။ မြို့ကလည်း အရှေ့ဘက်တောင်တန်း တောင်ချွန်းကြီးကို မှေးပြီး မြိန့်မြိန့်ကြီး ရင်ခွင်ထဲမှာ နားခိုနေသလို ထင်ရပါတယ်။

မြို့ကိုပတ်ပြီး ဂေါက်ကွင်းဘက်ကိုတက်တဲ့လမ်းကိုလျှောက်တိုင်း စာရေးသူတို့ စိတ်ဝင်တစားငေးမောကြည့်ရှုရတဲ့ အဆောက်အအုံစုလေးတစ်စု ရှိပါတယ်။ ဆောက်လုပ်ထားတဲ့ ဗိသုကာလက်ရာက ခေတ်မီတယ်။ ရိုးရှင်းတယ်။ လမ်းကိုတည့်တည့် မျက်နှာမူ ဆောက်လေ့ရှိတဲ့ သမားရိုးကျ အဆောက်အအုံတွေနဲ့ မတူ။ တစ်မူထူးတဲ့ အယူအဆနဲ့ဆောက်လုပ်ထားတာပါ။ ရေမြေအနေအထား အနိမ့်အမြင့်ကိုလိုက်ပြီး ဆောက်လုပ်ထားတဲ့ စာသင်ကျောင်းလေးပါ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ငါးစုလောက်ကမှ ပေါ်ပေါက်ခဲ့တယ်လို့ စာရေးသူထင်ပါတယ်။ ပြတင်းပေါက်တွေလည်း မတွေ့။ စင်္ကြံCorridor မြင့်မြင့်လေးတွေနဲ့။ အမိုးစိမ်းစိမ်း အဆောက်အအုံလေးတွေပါ။ ကျောင်းရဲ့ အနောက်ဘက်မှာတော့ ကျောင်းသားများအတွက်နေစရာအဆောင် အစီအရီနဲ့ ပညာရေးအဆောက်အအုံတစ်ခုအတွက်တော့ အင်္ဂါစုံပါတယ်။ ကျောင်းဝင်းတစ်ခုလုံးမှာ စိန်ပန်းပြာပင်၊ ငုပန်းရောင်ပင်တွေနဲ့ ပန်းစုံပွင့်တဲ့ နွေဦးရာသီအခါမှာဆိုရင် တောင်ချွန်းကြီးနောက်ခံနဲ့ခေါင်မိုးစိမ်းစိမ်းကျောင်းရယ်၊ ပတ်ဝန်းကျင်ရယ် မျက်စိထဲကမထွက်နိုင်လောက်အောင်လှပလွန်းပါတယ်။

ဒါပေမဲ့ စာရေးသူစာဖွဲ့ပြောပြချင်တဲ့အကြောင်းရင်းကတော့ ဒီသဘာဝ အလှအပတွေထက်ပိုပြီး အရေးပါတဲ့အကြောင်း တစ်ခုပါ။

အထက်က စာရေးသူပြောပြခဲ့တဲ့ စာသင်ကျောင်းဟာ စက်မှုလက်မှု အထက်တန်းကျောင်း (Technical High School)လေး တစ်ခုပါ။ စာရေးသူ မှတ်မိသလောက် Australia အစိုးရက ကိုလံဘိုစီမံကိန်း(Colombo Plan) အရ ပြည်နယ်က လူငယ်လူရွယ်တွေရဲ့ အသက်မွေးဝမ်းကျောင်းပညာ Vocational Training အတွက် ရှမ်းပြည်နယ်နဲ့ မြို့တော်တောင်ကြီးမြို့မှာ ဆောက်လုပ်လှူဒါန်းပေးခဲ့တာပါ။ နိုင်ငံခြားက ဆောက်လုပ်လှူဒါန်းတာဖြစ်တဲ့အတွက် ဆောက်ကတည်းက စက်မှုလက်မှု အထက်တန်းကျောင်းပုံစံ ပီပီပြင်ပြင်ပါပဲ။ စာသင်ခန်း၊ လက်တွေ့ခန်းများသာမက ကျောင်းသားများအ တွက် အဆောင်များ၊ လက်တွေ့ခန်းတွင်းပစ္စည်းကိရိယာများ(ဥပမာ တွင်ခုံ၊ ဝါယာရင်းလုပ်သည့်စက်ခုံ) အထိ ပါဝင်ပါတယ်။ ကျောင်းဆောင်ပြင်ပကျောင်းဝင်း မြေပြင်အလှအပ (Land scaping ) များပါ။ အပြီးအစီး စီမံဆောက်လုပ်ပြီး အပ်နှံလှူဒါန်းခဲ့တာပါ။ စာသင်ခန်းလက်တွေ့ခန်းများ ခေတ်မီမီဆောက်လုပ်ထားပုံများက ပစ္စည်းကိရိယာ အစုံအလင်တပ်ဆင်ထားရုံမကဘဲ သဘာဝအလင်းရောင်ကို အပြည့်အဝ အသုံးချနိုင်သော အမိုးများ မိုးထားပါတယ်။ ဒါကြောင့်မို့လို့ လမ်းပေါ်က ကြည့်လိုက်ရင် အခန်းတော်တော်များများက ပြူတင်းပေါက်ကြီးတွေကို မတွေ့ရပါဘူး။

အဲဒီကျောင်းကြီး ဆောက်လုပ်ပြီးစီးချိန်က စပြီး ရှမ်းပြည်နယ်က ကျောင်းသားလူငယ်များကို ပညာရှင်များအဖြစ် မွေးထုတ်ပေးလိုက်တာ။ တစ်သုတ်ပြီး တစ်သုတ်ပါပဲ။ နောက်ပိုင်းကာလလည်းရောက်ရော ကျောင်းသားအများစုတဲ့ နေရာဆိုရင် သူတို့ကို ဇနပုဒ်ကို ရွှေ့ပြောင်းပညာသင်စေတဲ့။ အစဉ်အလာအရ အဲဒီကျောင်းရဲ့ အသက်ဝိညာဉ်လည်း ချုပ်ငြိမ်းသွားခဲ့ရပါတယ်။ စက်မှုလက်မှု အထက်တန်းကျောင်းကို ‘အေးသာယာ’ ဆိုတဲ့ မြို့သစ်ရဲ့ အတွင်းပိုင်း ချောင်ကျကျနေရာကိုရွှေ့ပြောင်းလိုက်ပါတော့တယ်။ အဲဒီမှာ တက်ရောက်ရတဲ့ ကျောင်းသားများဟာလည်း ကွေ့ကောက်မတ်စောက်တဲ့ လမ်းတစ်လျှောက်ဘတ်စ်ကားအိုများနဲ့ နေ့စဉ်နဲ့ အမျှ အန္တရာယ်များကြားက ကူးလူးပြီး ပညာသင်ကြားရတဲ့ ဘဝရောက်သွားရပါတော့တယ်။ ခေတ်ကာလအလိုက် အပြောင်းအလဲများမို့ မြို့လူထုကတော့ စိတ်မကောင်းစွာဘဲ လက်ပိုက်ကြည့်နေရတာပေါ့။

မြို့ကို ပြန်မရောက်တာက ကာလအတန်ကြာပြီးမှ စာရေးသူဟာ မကြာခင်ကမှ ပြန်ရောက်ခဲ့ပါတယ်။ ကိုယ့်မြေ ကိုယ့်ဒေသရဲ့ အလှအပကို တစိမ့်စိမ့် ပြန်ခံစားဖို့ လှည့်ပတ်ကြည့်ရှုတဲ့အခါမှာ မှင်တက်သွားရတဲ့အရာတစ်ခုကို ဘွားခနဲတွေ့မိတော့။ နှမြောတသ‌ဝမ်းနည်းမိတာ ရင်နဲ့အပြည့်မို့ မရေးရ မနေနိုင်အောင် စေ့ဆော်တဲ့ ရင်တွင်းခံစားမှုဖြစ်ပေါ်ခဲ့ပါတယ်။ ဟိုအရင်က လှပတင့်တယ်တဲ့ ရှုခင်းရှုကွက်နဲ့ ပန်ရလှတဲ့ စက်မှုလက်မှု ကျောင်းလေးဟာ လုံးဝပြောင်းလဲခဲ့ပါပြီကော။ အဝင်ဝက အစောင့်တဲနဲ့ တားထားတဲ့တုံးတွေကလည်း အားလုံးဟာကွန်မန်ဒိုပြောက်ကျားအဆင်နဲ့ ရေးခြယ်ထားပါတယ်။ ဘေးမြေကွက်လပ်နေရာမှာလည်း အရင်က မူလအဆောက်အအုံတွေနဲ့မအပ်စပ်လှတဲ့ပုံစံနဲ့ အဆောက်အအုံသစ်တွေမှာ ဆိုင်းဘုတ်တွေ အစီအရီတင်ထားပါတယ်။ “တပ်တွင်းဆံသဆိုင်တို့လက်ဖက်ရည်” တို့ စသဖြစ်ပေါ့။ အနောက်ဘက်မှာလည်း တန်းလျားတွေ၊ ဝက်တဲတွေ၊ စိုက်ခင်းတွေနဲ့ လုံးဝပြောင်းလဲသွားပါပြီ။ မေးကြည့်လိုက်တော့ တပ်မြေဖြစ်သွားတာ ကြာပြီတဲ့။ အင်း. . . ကျောင်းမဟုတ်တော့ပေမယ့် နိုင်ငံတော်အတွက် တစ်ခုခုတော့ အသုံးဝင်နေသေးတာတော်သေးတာပေါ့လို့အောက်မေ့မိပါတယ်။ ဘယ်ဟာမှ မတည်မြဲ ပြောင်းလဲနေတဲ့ သဘောလို့တော့ စိတ်ထဲက ဖြေမိပေမယ့် စာရေးသူမှာ ပညာရေးလောကသားတစ်ယောက်အနေနဲ့ ဆင်ခြင်မိတာကတော့ “ဒီအပြောင်းအလဲတွေကိုဖြစ်စေတဲ့သူတွေဟာ Education Institute ပညာပေးဝေတဲ့ အသိုက်အမြုံတစ်ခုရဲ့ သဘောတရားကို နားလည်ဟန်မတူဘူး ဆိုတာပါပဲ။ ကျောင်းတစ်ကျောင်းဖြစ်ဖို့ရာဆိုတာ ကွင်းခေါင်ခေါင်ကြီးထဲမှာ တိုင်အကြီးကြီး အလုံး ၃၀-၄၀ လောက် ထည့်ဆောက်ထားပြီး နိုင်ငံခြား ကျောင်းတက္ကသိုလ်၊ ကောလိပ်တွေလို အဆင့်မီပဲ။ ဒီလိုလုပ်ထားပေးရင် တာဝန်ကျေပြီလို့ ထင်မှတ်လို့ မရပါဘူး။ လူငယ်တွေ ပညာရင်နို့သောက်စို့ရမယ့် နေရာဌာနဟာ သင့်တင့်လျှောက်ပတ်တဲ့ အဆောက်အအုံ လျော်ညီတဲ့ ပတ်ဝန်းကျင်အားကစားကွင်း၊ အိပ်ဆောင်၊ စာကြည့်တိုက်၊ အပန်းဖြေစရာ သာယာသော နေရာတို့နဲ့ ပြည့်စုံနေမှသာလျှင် အဲဒီနေရာမှာလာပြီး ပညာရှာမယ့် လူငယ်လူရွယ်များဟာလည်း ဂုဏ်သိက္ခာရှိရှိ၊ စိတ်ချမ်းချမ်းသာသာနဲ့ ပညာရှာမှီးနိုင်ပါမယ်။ ဒါတင်မက ရှိသင့်၊ ရှိထိုက်တဲ့ စာအုပ်စာတမ်းလက်တွေ့လုပ်ဆောင်ရန် လိုအပ်တဲ့ ကိရိယာ၊ အရည်အချင်းပြည့်ဝပြီး အတုယူအားကျဖွယ်ကောင်းတဲ့ ဆရာ၊ ဆရာမများလည်း အပြည့်အစုံရှိမှသာ Education Institute မည်ပါတယ်။ ဒီလိုနေရာမျိုးမှာ ပညာသင်ကြားခဲ့မှသာလျှင် ကိုယ်ရည်ကိုယ်သွေးပြည့်ဝပြီး လူရိုသေ၊ ရှင်ရိုသေ ပညာတတ်တွေ ဖြစ်လာမှာပါ။

> ဟိုအရင်က လှပတင့်တယ်တဲ့ ရှုခင်းရှုကွက်နဲ့ ပန်ရလှတဲ့ စက်မှုလက်မှုကျောင်းလေးဟာ လုံးဝပြောင်းလဲခဲ့ပါပြီကော။ အဝင်ဝက အစောင့်တဲနဲ့ တားထားတဲ့တုံးတွေကလည်း အားလုံးဟာ ကွန်မန်ဒိုပြောက်ကျားအဆင်နဲ့ ရေးခြယ်ထားပါတယ်။ ဘေးမြေကွက်လပ်နေရာမှာလည်း အရင်က မူလအဆောက်အအုံတွေနဲ့ မအပ်စပ်လှတဲ့ပုံစံနဲ့ အဆောက်အအုံသစ်တွေမှာ ဆိုင်းဘုတ်တွေအစီအရီ တင်ထားပါတယ်။ “တပ်တွင်းဆံသဆိုင်တို့ လက်ဖက်ရည်” တို့ စသဖြစ်ပေါ့။ အနောက်ဘက်မှာလည်း တန်းလျားတွေ၊ ဝက်တဲတွေ၊ စိုက်ခင်းတွေနဲ့ လုံးဝပြောင်းလဲသွားပါပြီ။ မေးကြည့်လိုက်တော့ တပ်မြေဖြစ်သွားတာ ကြာပြီတဲ့။

စာရေးသူရေးပြခဲ့တဲ့ တစ်ခါက စက်မှုလက်မှု ကျောင်းလေးကိုလည်း ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေး စက်မှုတက္ကသိုလ်တို့လိုပဲ ပြန်လည်အသက်သွင်းပြီး အဆင့်မြင့်ပေးရင်တော့ မူလလှူဒါန်းခဲ့တဲ့ အလှူရှင်(Donor) လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပါမယ်။ ကိုယ့်ပြည်နယ်က လူငယ်လူရွယ်လေးတွေရဲ့ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ပညာအဆင့် ပြန်လည်မြှင့်တင်ပေးရာလည်း ရောက်မှာမို့ သက်ဆိုင်ရာ တာဝန်ရှိ လူကြီးတွေ ပြန်ပြီးစဉ်းစားပေးဖို့ တိုက်တွန်းချင်ပါတယ်။ သက်ဆိုင်ရာ လူကြီးများ ဒီစာကို မဖတ်မိရင်လည်း နီးစပ်တဲ့ ဖတ်မိသူတွေ ထပ်ဆင့်တိုက်တွန်းပေးစေချင်ပါတယ်။ လှူဒါန်းသူတွေကိုလည်း ဝမ်းသာရအောင် ပြန်အကြောင်းကြားပေးနိုင်တာပေါ့။

မြန်မာပြည်ရဲ့ ပညာရေးလောကကြီး ဖီးနစ်ငှက်(Pheonix) ငှက်များလို ပြာပုံထဲကနေ နိုးထပြီး မြင့်သထက် မြင့်မားစွာ ပျံနိုင်ပါစေကြောင်း ဆုတောင်းလျက်

။ ။

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

**၁၉၈၈ ခုနှစ် ပြည်သူ့အရေးတော်ပုံကြီးတွင် တိုင်းပြည်နှင့်အဝန်း လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ပြည်သူတို့ တောင်းဆိုခဲ့ကြသည့် "ဒီမိုကရေစီစနစ်" ဆိုသည်ကို နှစ်ပေါင်း ၂၄ နှစ်ဆိုသည့် ယခုအခါ ရောက်လေမှ ခြေလှမ်းစဖို့ အားယူဖြစ်တော့သည်ဟုဆိုလျှင် မှားမည်ဟုမထင်။ ယခုကာလသည် ဒီမိုကရေစီကြက်ဦးတွန်ကာလမျှသာ။**

**နောက်ကြောင်းပြန်ကြည့်ဖို့ဆိုတော့ မှောင်နှင့်ပိန်းပိန်းနိုင်လှသည်။ ရှေ့တွင်တော့လည်း အရုဏ်တက်ပြီဆိုသည့်တိုင် ညီအစ်ကိုမသိတသိပင်။ သည်လိုအချိန်မျိုး၌ အားလုံးက သတိရှိရှိနှင့် လျှောက်လှမ်းပါမှ ခလုတ်ကန်သင်း ဆူးညှောင့်ကင်း၍ ခရီးပေါက်မည်။**



# ဒီ မို က ရေ စီ ကို ချစ် တာ လား
# ကုလားထိုင်ကို ချစ်တာလား

သင်းရီ

သည်နေရာတွင် ဆိုလိုသည့် "အားလုံး" ဆိုသည်မှာ အာဏာရရယ် အတိုက်အခံရယ် မခွဲစတမ်းဟု ဆိုခြင်းဖြစ်သည်။

တိုင်းပြည်ကိုချစ်သည့်၊ အနာဂတ်ကို ချစ်သည့်၊ စိတ်အခြေခံချင်းတူလျှင် ရန်သူတွေ မဖြစ်သင့်ဟု မြင်သည်။ လှည်းဘီးနစ်သည် မနစ်သည်အပထား ပြိုင်တူရုန်းလျှင် ထွန်တုံး မြန်မြန်ပိတ်မည်။ ဖြူစင်ရိုးသားသည့် စေတနာအရင်းခံဖို့သာလိုသည်။ အချင်းချင်း တင်းမာခဲ့ကြသဖြင့် အမှောင်ပိန်းခဲ့သော အတိတ် ၂၄ နှစ်တာအချိန်ကြီးက အလွန်နှမြောစရာကောင်းသည်။ အဲ့သည့်တုန်းကများဟု တွေးလျှင် ခုချိန်ဆို ကျွန်တော်တို့ တိုင်းပြည် မီးကောက်ပေါက်လို့ လူလားမြောက်လု အချိန်ဖြစ်မည်ဟု အသေအချာ။

အတိတ်ဆိုသည်မှာ သင်ခန်းစာတွေ အပြည့်။ အနာဂတ်အတွက် ဆင်ခြင်တိုင်းထား နည်းနာယူစရာတွေ အပြည့်ဖြစ်၏။ ယူတတ်ဖို့ပဲ လိုလေမည်။

ကျွန်တော်တို့ဖြတ်သန်းလာခဲ့ကြသည့်အချိန်ဆိုသည့် တရားသူကြီးက ကျွန်တော်တို့တစ်တွေကိုဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးခဲ့သည်။ ၂၄ နှစ်လုံးလုံး ကျွန်တော်တို့အားလုံး သူရောကိုယ်ပါ အရှုံးပေါ်ခဲ့ကြသည်။ ထုသည့်ဥသျှစ်ခံသည့် ဥသျှစ်နှစ်ခုလုံးနာသည်။ အမိနိုင်ငံတော်ကမူ အနာကျင်ဆုံး။

၁၉၉၀ ပါလီမန်ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်ပြိုကမ်းပြိုသလို အနိုင်ရသည်။ ရွေးကောက်ပွဲကျင်းပပေးသူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကိုယ်တိုင်နှင့် ကမ္ဘာကပါ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုသည်။ သို့တိုင် နှစ်ဦးနှစ်ဖက် အပြန်အလှန် သံသယတွေ စိုးရိမ်စိတ်တွေဖြင့် ၉၀ ပြည့်ရွေးကောက်ပွဲရလဒ် အကောင်အထည်မပေါ်ခဲ့။ တောင်းပွဲ၊ တိုက်ပွဲ ဖိနှိပ်ပွဲတွေသာ ခြိမ့်ခြိမ့်သဲခဲ့သည်။ ကျဆုံးနစ်နာမှုတွေလည်း အပုံအပင်။ သံသယသည် အမှောင်တိုက်ကို သယ်ဆောင်လာခဲ့လေပြီကိုး။

ထိုသံသယ အမှောင်ညည့်သန်းခေါင်ထဲ၌ပင် ဒယဉ့်တိုက်ကာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခြေခံသည့် ရွေးကောက်ပွဲအသစ်ကို ၂၀၁၀ တွင် နအဖက ထပ်မံကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အများစုအနိုင်ရသည်။ ပြည်ခိုင်ဖြိုးပါတီအာဏာရပါတီ ဖြစ်လာသည်။ သို့တိုင် သန်းခေါင်ကို မကျော်လွန်သေးကြောင်း အငြင်းပွားဖွယ် မရှိဟု ထင်သည်။

၂၀၁၁ တွင်မှ ဒေါ်အောင်ဆန်းစုကြည်နှင့် အာဏာရအစိုးရ၏ သမ္မတကြီးဦးသိန်းစိန်တို့ ဆွေးနွေးကာ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်သည်။

ထိုသို့ တွေ့ဆုံကာ နှစ်ဦးနှစ်ဖက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်လာနိုင်ခြင်း အပေါ် ကျွန်တော်တို့တစ်နိုင်ငံလုံးကသာမက တစ်ကမ္ဘာလုံးကပါ ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပါတီအဖြစ် ပြန်လည် မှတ်ပုံတင်သည်။ ၂၀၁၁ ခု နိုဝင်ဘာလတွင် ကျင်းပသော ကြားဖြတ် ရွေးကောက်ပွဲ၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ ဝင်သည်။ ဤရွေးကောက်ပွဲသည် ၉၀ ပြည့်ရွေးကောက်ပွဲကိုပြန်လည် အမှတ်ရစရာ ကောင်းလောက်အောင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က တောင်ပြိုကမ်းပြိုနိုင်ပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်ထဲဝင်ရောက်လာသည်။ သမ္မတကြီး ဦးသိန်းစိန် အစိုးရနှင့် အင်န်အယ်လ်ဒီ အပြန်အလှန်သဘောပေါက်နားလည်မှုများရအောင် ဆွေးနွေးပူးပေါင်း ဆောင်ရွက်လာနိုင်ခဲ့ကြပြီဟုယူဆစရာရှိသည့် ဤအခြေအနေကို မြန်မာရောကမ္ဘာကပါ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြသည်။ ထို့ကြောင့် ဤအချိန်ကို သန်းခေါင်ကိုကျော်လျက် အရုဏ်တက်ဖို့ရာ အားယူသည့် ကြက်ဦးတွန်ကာလသို့ ရောက်ခဲ့လေပြီဟု ကျွန်တော်က သဘောပိုက်သည်။ အရှေ့ကျွန်းမှ ကြယ်နီကြီးထွန်းလာသည့် မှုန်တိမှုန်မွှားချိန်။

သည်အချိန်တွင်မှ ကိုယ့်ကိုယ်ကိုယ်ငုံ့ကြည့်မိကြတော့ အပြစ်အနာအဆာတွေ မြင်လာရသည်ထင်၏။ တကယ်တမ်းမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အထုအထောင်း၊ အရိုက်အနှက်တွေကြားမှာ အလူးလူးအလဲလဲနှင့်ပင် ကိုယ့်ကိုယ်ကိုယ်ပြန်မကြည့်နိုင်ခဲ့။ ကောင်းစွာမတည်ဆောက်နိုင်ခဲ့။ မျက်စိအောက်ရောက်နေသူတွေနှင့်သာ ခရီးနှင်ခဲ့ရသည်။ သို့သော် ပြည်သူ့ထောက်ခံမှုကို တောက်လျှောက်လိုရလာခဲ့သည့် ပါတီဆိုသည့်အခါ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့်။

ပြည်ခိုင်ဖြိုးပါတီသည်လည်း အာဏာလက်ကိုင်ရှိသူ ကျောထောက်နောက်ခံပြုသည့် ပါတီဆိုသည့်အခါ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ကြည့် ကြည့်ခဲ့ပုံမရ။ ၂၀၁၀ မှာ ပြည်လုံးကျွတ်နီးပါး နိုင်ခဲ့သည့်အရှိန်နှင့်ပင် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှချည့်လို့သာ ထင်ခဲ့ပုံရှိသည်။ အလားတူ အခြားဒီမိုကရက်တစ်ပါတီတွေကလည်း ကိုယ့်အထွာနှင့်ကိုယ် ကိုယ့်ငါးချဉ်တော့ အထိုက်အလျောက်ချဉ်ခဲ့ကြပုံရ၏။

ကြားဖြတ်ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီကို ပြည်သူက အုတ်အော်သောင်းတင်း ရုတ်ရုတ်သဲသဲ အုံ့ဩဘနန်း ထောက်ခံလိုက်ကြသည့်အခါတွင်မှ သေရာမှ ပြန်ရှင်ပြီး အားကောင်းမောင်းသန် ငုတ်တုတ်ထထိုင်လာသူကို ရုတ်ခြည်း မြင်လိုက်ရသည့်နှယ် နိုင်ငံရေးပါတီတွေ မျက်ကလဲဆန်ပျာဖြစ်ကြရသည်။ သည်လိုပုံနှင့်သာဆို ၂၀၁၅ မှာ ဘယ်နှယ့်လုပ်ကြမတုံး။ တွေးမိကြပုံရသည်။ မိန်းမောစိတ်တွေ ပြေကာ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးတွေ လုပ်ကြရဖို့ သတိရကြသည်။ တချို့ကလည်း ၂၀၁၅ တွင် ဆက်လက်ရှင်သန်နိုင်ရေး ဆေးမြီးတိုတွေ ရှာလာကြရသည်။

ပြည်ခိုင်ဖြိုးပါတီကမူ မိမိကိုယ်မိမိ ဝေဖန်ရေးကို ထိထိ မိမိ ပြတ်ပြတ်သားသား လုပ်လာသည်။

ပြည်ခိုင်ဖြိုးပါတီ၏ ဝေဖန်ရေးတွင် "မိမိတို့၏ အားနည်း ချို့ယွင်းချက်ကို ဖုံးကွယ်ပြီး အခြားပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်တို့အပေါ် အပြစ်ပုံချသုံးသပ်ပါက ပကတိ အမှန်တရားနှင့်ဆန့်ကျင်ကင်းဝေးနေလိမ့်မည်" ဟုပြည်ခိုင်ဖြိုးပါတီအတိုင်ပင်ခံအဖွဲ့ဝင်(ယခင် ဗဟိုအတွင်းရေးမှူး) ဦးတင်ထွတ်က သူ့ဝေဖန်ရေးကို စသည်။

ဆက်လက်၍ သူတို့ပါတီဝင်များထဲတွင် "အာဏာငမ်းဖမ်းနေသူများ၊ နေရာလိုချင်သူများ၊ ပြည်သူက အမြင်မကြည်လင်သူများ၊ ယုံကြည်ချက် ခံယူချက်ခိုင်မာမှု မရှိသူများ တွေ့ရကြောင်း။ စစ်အလေ့အထရောဂါ၊ အာဏာငမ်းရူးရောဂါ၊ သူလျှိုဒလန် ရောဂါ၊ အကျင့်ပျက်ရောဂါတည်းဟူသော သူငယ်နာ ငါးမျိုးလည်း စွဲကပ်နေကြောင်း" ဟု မိမိပါတီကို မိမိ ပြတ်ပြတ်သားသားပင် သုံးသပ်ရှုမြင်လိုက်သံကြားရသည့်အခါ ကျွန်တော့်အနေဖြင့် နှစ်ခြိုက်ဝမ်းမြောက်စွာ ကြိုဆိုမိသည်။

ဝေဖန်ရေး မရှိလျှင် မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမျှ မတိုးတက်နိုင်။ နိုင်ငံရေးပါတီတွေ အရည်အချင်း ပြည့်မတိုးတက်လျှင် တိုင်းပြည်လည်း မတိုးတက်နိုင်။ ထို့ကြောင့် ကျွန်တော်က ဝေဖန်ရေးကို ကြိုဆိုသည်။

အင်န်အယ်လ်ဒီ ပါတီအနေနှင့်လည်း ပါတီစတင်တည်ထောင်ပြီး သည့်မှစ၍ ၂၄ နှစ်တာကာလအတွင်း ဖိနှိပ်မှုအောက်တွင် မိမိကိုယ်မိမိ မတည်ဆောက်နိုင်ခဲ့သည်များအတွက် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ကျင်းပဖို့ တာစူနေရပြီ ဖြစ်သည်။

မိမိပါတီကို အရည်အချင်းပြည့်မီသည့် ပီဘိ တိုင်းကျိုး ပြည်ကျိုးဆောင် ပါတီဝင်များဖြင့် မတည်ဆောက်နိုင်လျှင် ပြည်သူက ကြာရှည်လက်မခံတတ်သည့်အကြောင်း ဥပမာတွေ ကမ္ဘာပေါ်တွင်အနမတဂ္ဂရှိသည်။ ထို့ကြောင့် ပါတီတည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်လာကြရသည်။

ဤသို့သော အခြေအနေမျိုးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ကျင်းပတော့မည်ဆိုသည့်အခါ ပါတီအောက်ခြေအဆင့်ဆင့်တွင် နေရာပြဿနာ၊ ကုလားထိုင်ပြဿနာတွေ ပွစိပွစိ ကြားလာရတော့ စိတ်မကောင်းဖြစ်ရသည်။ တကယ်တော့ ကျွန်တော်တို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် ကုလားထိုင်ရောဂါက အမြစ်ကြီးကြီး တွယ်နေခဲ့သည်မှာ ကြာပြီလားထင်သည်။

ကြုံလို့ အမှတ်တရ ပြောပြချင်ပါသေးသည်။ ကျွန်တော်က ၁၉၉၀ ရွေးကောက်ပွဲတွင် တာဝန်အရ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှတော့ ထမ်းဆောင်နိုင်ခဲ့သည်ဟုမိမိကိုယ်မိမိ ယခုအထိယုံကြည်နေဆဲ ရှိပါသေးသည်။

တကယ်တော့ ထိုစဉ်ကပင် မိမိထက်တော်သူ၊ စွမ်းဆောင်နိုင်ရည်ရှိသူကိုသာ ကျွန်တော်ကိုယ်တိုင် တမ်းတရှာဖွေခဲ့သော်လည်း ကျွန်တော်သည်ပင် အခန့်မသင့်စွာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရသည်။

ထားတော့၊ ကျွန်တော်ပြောလိုသည်မှာ ထိုအကြောင်းမဟုတ်။ ပြောလိုသည်က ဤသို့ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲအပြီး တစ်လ၊ တစ်လခွဲအကြာခန့်တွင် ဖြစ်၏။ ဟိုတုန်း ငယ်စဉ်အခါကပင် တရင်းတနှီးရှိခဲ့ဖူးသော ရပ်ဆွေရပ်မျိုးတစ်ဦး ကျွန်တော်ရှိရာမြို့နယ် အင်န်အယ်လ်ဒီရုံးသို့ ရောက်လာသည်။ သူရောက်လာချိန်က ရွေးကောက်ပြီးစ ရွှေကာလမို့ အင်န်အယ်လ်ဒီမြို့နယ်ရုံးထဲမှာ လူတွေက အပြည့်။

သူက ရောက်မဆိုက်ပင် ဝမ်းသာအားရစကားကိုဆိုသည်။

"ဟိတ်ကောင် မင်းအမတ်ဖြစ်သွားပြီဆို"

သူ့စကားကို ကျွန်တော် ခေါင်းညိတ်၍ ဖြေရသည်။ သူက ရွေးကောက်ပွဲကာလတုန်းက ကျွန်တော်တို့မြို့မှာ မရှိဘဲ တစ်ရပ်တစ်ကျေးမှာ ကာလအတော်ကြာကပင် ရောက်နေခဲ့သူဖြစ်၏။

သူက ကျွန်တော့်ထက် အများကြီး ကြီးသည်။ သူ့ငယ်နာမည်က "ကိုအစ္စမေးလ်" ဖြစ်သည်။ လူပျိုပေါက်အရွယ်တွင် သူစစ်ထဲဝင်သွားသည်။ ထိုအခါ သူ့အမည် အစ္စမေးလ် မဟုတ်တော့။ ကိုမင်းသွင်ဖြစ်သွား၏။ ယခုတော့ တပ်မှ အနားယူကာ မှော်ဘီမြို့နယ်ထဲမှာရောက်နေကြောင်း သူ့စကားအရ သိရသည်။

"အေးကွာ . . . မင်းအမတ်ဖြစ်သွားတာ ငါ အရမ်းဝမ်းသာတယ်။ ဘာပဲဖြစ်ဖြစ်ကွာ ကုလားထိုင် အလွတ်တွေ့လို့ကတော့ ဝင်သာထိုင်ပစ် အရှုံးမရှိဘူးကွ. . "

ကျွန်တော့်အပါးတွင် ထိုင်ချလိုက်ရင်း သူက သူ့အတွေးအခေါ် သူ့ဩဝါဒကို အပြုံးတွေနှင့် အားရပါးရပြောချလိုက်သည်တွင် ကျွန်တော့်မျက်နှာ ဘယ်နေရာသွားထားလိုက်ရမှန်း မသိတော့။ သူကတော့ သူ့စကားကို ရိုးသားစွာပြောနေခြင်းဖြစ်၏။ ပသို့ဆိုစေ ကျွန်တော့်အရှက်က ကျွန်တော့်ဦးခေါင်းခွံကို ဖောက်ခွဲထွက်သွားသည်။ "ကုလားထိုင် အလွတ်တွေ့ရင် ဝင်သာထိုင်၊ အရှုံးမရှိဘူး" ဆိုသည့် ဣန္ဒြေသိက္ခာမဲ့ အတွေးအခေါ်တဲ့. . .။

ကျွန်တော်သူ့ကို ဘာမျှ ပြန်မပြောနိုင်။ ပါးစပ် အဟောင်းသားနှင့်သာ ငေးကြည့်နေလိုက်ရသည်။

"ဒီမှာ ငါ့လိပ်စာကတ် ယူထား။ အကြောင်းရှိရင် ဆက်သွယ်လို့ရတာပေါ့။ မင်းက အမတ်ဖြစ်သွားပြီဆိုတော့ ငါလည်း မင့်အားကိုးရမှာ"

မုန့်ဆီကြော် ဘယ်နေမှန်း မသိသေးသည့် အခြေအနေမှာ နှုတ်ခမ်းနာကပဲ ယဉ်းနှင့်ရတော့ မလိုဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ် သူပေးသည့်လိပ်စာကတ်ကိုယူလိုက်ရသည်။ ဖတ်ကြည့်တော့ . . .

*ဦးစိုင်းမင်းသွင်*
*ဥက္ကဋ္ဌ*
*ငြိမ်ဝပ်ပိပြားမှု*
*တည်ဆောက်ရေးအဖွဲ့*
*မှော်ဘီမြို့နယ်*
*(ရှမ်းစုကျေးရွာ)*

ဟုဖြစ်သည်။ စာလုံးအရွယ်အစားတွေက ဦးစိုင်းမင်းသွင်မှ မှော်ဘီမြို့နယ်အထိကပုံမှန်။ (ရှမ်းစုကျေးရွာ) ကျတော့မှ ခပ်သေးသေးမှုန်မွှားမွှား။ ကျွန်တော့်စိတ်ထဲ ဖြစ်မှ ဖြစ်ရလေ ဖင်ထိုင်ခုံသေးသေးလေးကိုသီဟာသနပလ္လင်ထင်လေရော့သလားဟု ကြိတ်၍ရယ်ရသည်။ ကုလားထိုင်ရောဂါများ ဆိုးလှချည့်ဟု တွေးရသည်။

"နို့ အစ်ကို့နာမည်ရင်းကို အစ္စမေးလ်ကနေ တပ်ထဲရောက်တော့ ကိုမင်းသွင်ဖြစ်၊ အခုတော့ ဘယ်လိုဖြစ်လို့ စိုင်းမင်းသွင်ဖြစ်လာရတာလဲ အစ်ကိုရဲ့" ကျွန်တော်မေးတော့ . . .

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.35 • NOVEMBER 8 , 2012

# ရက်စက်မှုအဟောင်း ဖော်ထုတ်မှုအသစ်များနှင့် မြန်မာ

**ဘာတီးလ်လစ်တနာရေးသား၍ ကျော်မျိုးဘာသာပြန်ဆိုသည်**

**လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က လက်နက်ကိုင်တော်လှန်ရေး ကျောင်းသားအဖွဲ့တစ်ခုက ကျူးလွန်ခဲ့သော သွေးထွက်သံယို ရက်စက်မှုတစ်ခုသည်မြန်မာနိုင်ငံအား ဆက်လက်ခြောက်လှန့်နေသည်။ ထိုအမှုမှာ နိုင်ငံ၏ ဒီမိုကရေစီရေး လှုပ်ရှားမှု အစိတ်အပိုင်းများ၊ ၎င်းတို့၏ နိုင်ငံရပ်ခြားမှ ထောက်ခံအားပေးသူများနှင့် ယခင်စစ်အစိုးရ၏အဖွဲ့ဝင် ဟောင်းများဖြင့် ဖွဲ့စည်းထားသော အစိုးရသစ်တို့အတွက် ကျယ်ပြန့်သော အကျိုးဆက်များပေးစွမ်းနိုင်သည်။**

နှစ်ပေါင်း နှစ်ဆယ်ခန့်မျှကြာအောင် ၎င်းတို့၏ နာကျင်မှုနှင့် ဒေါသတို့ကို ဖုံးအုပ်ထားခဲ့ပြီးနောက် ထိုအမှုတွင် သားကောင်ဖြစ်ခဲ့ရသူများ၏ မိသားစုဝင်များ၊ အသက်မသေဘဲကျန်ရစ်ခဲ့သူများသည်ယခုအခါ အမှုတွင်တာဝန်ရှိခဲ့သူများကိုတရားစီရင်သင့်ကြောင်း တောင်းဆိုနေကြပေပြီ။ စွပ်စွဲခံရသော လူသတ်သမားများအနက် အချို့မှာ နိုင်ငံတကာ အင်န်ဂျီအိုအဖွဲ့များက ပံ့ပိုးပေးမှုဖြင့် ထိုင်းနိုင်ငံတွင် နေထိုင်နေကြသည်။ တရားမျှတမှုသည် ထိုနေရာ၌ပင် လမ်းဆုံးသွားတော့မည်လား။ ပြီးတော့လည်း ယင်းအဖွဲ့၏ အတိတ်ကမတရားမှုများကိုနောက်ကြောင်းပြန်စုံစမ်းစစ်ဆေးမှုများအတွက် ရောစစ်တပ်သည် ဘယ်လောက်ကြာကြာခွင့်ပြုပါမည်လဲ။

မြန်မာ အာဏာပိုင်များသည် ဤကိစ္စနှင့် ပတ်သက်ပြီး ကောင်းစွာသိနားလည်ထားကာ သတိရှိရှိနှင့်ပင် တိတ်ဆိတ်နေခဲ့ပါသည်။ မြန်မာလူမျိုး သတင်းရင်းမြစ်တစ်ခုက ပြောသလိုပင်။ "တကယ်မမေ့နိုင်ကြသေးပေမယ့်၊ သူတို့ရဲ့ ရဲဘော်တွေကို သတ်ခဲ့တဲ့ သူတွေကို ခွင့်လွှတ်ကြမယ်ဆိုရင် ၁၉၈၈ ခု စစ်တပ်ရဲ့ ကျည်ဆန်တွေကြောင့် အသတ်ခံခဲ့ရတဲ့ လူထောင်ပေါင်း များစွာအတွက် တရားမျှတမှုကရောဘာလဲ။ ဒါမှမဟုတ်လည်း မှောင်မည်းတဲ့ အကျဉ်းထောင်အခန်းတွေထဲမှာ သူတို့ငယ်ဘဝရဲ့ အချိန်အများစုကို ကုန်ဆုံးစေခဲ့ရ၊ အနှိပ်စက်ခံခဲ့ရသူတွေအတွက် တရားမျှတမှုကရော ဘာဖြစ်မလဲ"ဟူ၍

၁၉၉၂ ခုနှစ် အစောပိုင်းတွင် ကချင်ပြည်နယ် မြောက်ပိုင်း၊ တရုတ်နယ်စပ်အနီးရှိနေသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်စစ်တပ်ဦး ABSDF မှ မြေအောက်သူပုန်များသည် ၎င်းတို့၏ ရဲဘော်များထဲမှ သုံးပုံတစ်ပုံနီးပါးခန့် (သို့မဟုတ်) ကျောင်းသား တပ်မတော်၏ စုစုပေါင်း လူဦးရေ ၃၅၀ မှ ၄၀၀ ခန့်အတွင်းမှ လူပေါင်း ၁၀၇ ဦးကို စစ်အစိုးရနှင့်၎င်း၏ထောက်လှမ်းရေးဌာနအတွက် သူလျှိုလုပ်ပေးနေသည်ဟုစွပ်စွဲခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများ၏ အဆိုအရ လူပေါင်း ၃၀ ဦးမှာ ကွပ်မျက်ခံရခြင်း(သို့မဟုတ်) စစ်ကြောရေးဝင်စဉ် ခံစားခဲ့ရသော နှိပ်စက်မှုဒဏ်များကြောင့် သေဆုံးခဲ့သည်ဟု သိရသည်။ ဝေးလံခေါင်ဖျားသော တောနက်ဒေသများအတွင်း ဒီမိုကရေစီရေးအတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ကြသော နုပျိုသည့် လူငယ်များထဲတွင် ဖြစ်ခဲ့သည့် (မျိုးဖြုတ်)သုတ်သင်မှုမှာ လူတိုင်း၏ အမြင်တွင် ထူးထူးကဲကဲပင် ရက်စက်လွန်းခဲ့ပါသည်။

မန္တလေးမြို့မှ တက်ကြွလှုပ်ရှားသူ၊ လူသိများသည့် ကျောင်းသားခေါင်းဆောင်ဟောင်းဖြစ်ပြီး ABSDF မြောက်ပိုင်း၏ ဥက္ကဋ္ဌဖြစ်သည့် (ကို)ထွန်းအောင်ကျော်မှာ (ကျန်ရစ်သူများ၏) ပြောပြချက်အရ သံပူပြားဖြင့် နှိပ်စက်ခံခဲ့ရပြီးနောက် ခေါင်းဖြတ်အသတ်ခံခဲ့ရသည်။ ၎င်းသည် မသေခင်အစောပိုင်းက ခေါင်းဖြတ်အသတ်ခံထားရသည့် အခြားရဲဘော်တစ်ဦး၏ ခေါင်းမှထွက်ကျနေသော သွေးများကို သောက်သုံးရန် အတင်းအကျပ်စေခိုင်းခံခဲ့ရသည်။ စွပ်စွဲခံရသည့် အခြားတစ်ဦးဖြစ်သည့် (ကို)အောင်ဖုန်းမှာ ခြေထောက်တွင် မြေမြှုပ်မိုင်းများချည်နှောင်၍ ဖောက်ခွဲခံရပြီး ခြေထောက်ပြတ်ခဲ့ရသည်။ ထိုနေ့မှာပင်၎င်းမှာလည်း ခေါင်းဖြတ် အသတ်ခံခဲ့ရသည်။

အမျိုးသမီး ရဲဘော်တစ်ဦးမှာမူ အုပ်စုလိုက်မုဒိမ်းကျင့်ခံခဲ့ရပြီးနောက် အသတ်ခံခဲ့ရသည်။ ထိုအမျိုးသမီးမှာ ထိုစဉ်က မြို့တော်ရန်ကုန်တွင် ဒီမိုကရေစီရေး ဆန္ဒပြသူများကို စက်တင်ဘာ ၁၉၈၈ ၌အစုအပြုံလိုက် သုတ်သင်မှုပြီးနောက် လက်နက်ကိုင်တော်လှန်ရေး နယ်ပယ်ထဲမရောက်ခင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ကျောင်းသူတစ်ဦးဖြစ်ခဲ့သည်။

သူလျှိုများကို စွပ်စွဲရှာဖွေမှုကိစ္စမှာ ၁၉၉၁ ခုနှစ်နှောင်းပိုင်း၌ ABSDF စခန်းမှ နယ်စပ်အနီး တရုတ်ပြည် ယင်ကျန်း၌ တရုတ်ရဲတပ်ဖွဲ့က ပစ္စတိုသေနတ်များ၊ လောင်ချာများနှင့်အတူ မြန်မာလူငယ် ၁၀ ဦးကို ဖမ်းဆီးမိလိုက်ရာမှစတင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို စခန်းသို့ပြန်ပို့ခံခဲ့ရပြီးနောက် လူငယ်တော်လှန်ရေးမားများအကြားတွင် ရူးသွပ်မှုက ရုတ်တရက် ထူးခြားစွာ ဖြစ်ပေါ်ခဲ့တော့သည်။ နောက်ပိုင်းတွင် ABSDF က ထုတ်ပြန်ခဲ့သော ဗီဒီယိုတိတ်ခွေတစ်ခု၌ ယူနီဖောင်း ဝတ်ထားသော လူငယ်များမှာ သစ်သားစားပွဲတစ်ခု၌ ထိုင်နေကြပြီး ၎င်းတို့အသွင်မှာ ထိုစဉ်က ၎င်းတို့ကို ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ ပုံစံအဖြစ် မြင်ကြည့်ရသည်ထက် ရောမခေတ်က စုံစမ်းစစ်ဆေးရေး အရာရှိများ အသွင်နှင့် ပိုတူနေတော့သည်။ ဗီဒီယိုတိတ်ခွေထဲ၌ စွပ်စွဲခံရသူတစ်ယောက်ချင်းသည် ၎င်းတို့၏ "ပြစ်မှု" များကို ဝန်ခံခဲ့ကြသည်။

၎င်းတို့၏ ထုတ်ဖော်ပြောဆိုချက်များမှာ ကမ္ဘောဒီးယား၌ ရအောလ်ဆလန်းထောင်ရှိ ခမာနီအာဏာပိုင်များက နှိပ်စက်ညှဉ်းပန်းကာ ထွက်ဆိုစေခဲ့သော ဝန်ခံချက်များကဲ့သို့ပင် အသေးစိတ်ကျကျနှင့် သေသေချာချာ တိတိကျကျပင်ဖြစ်သည်။ ညတွင် အကျဉ်းသားအားလုံးကို ဝါးတဲကြီးတစ်လုံး၌ချုပ်နှောင်ထားပြီး မြေသားကြမ်းပြင်ပေါ်တွင် စောင်မပါဘဲ အတူတကွ အိပ်စက်စေခဲ့သည်။

ယခုအခါ ရန်ကုန်တွင် လူသိများသည့် ပန်းချီနှင့်ပါဖောမန့်စ်အတတ်ပညာရှင်တစ်ဦးဖြစ်ပြီး အဖမ်းခံခဲ့ရသူများထဲမှ အသက်ရှင်ကျန်ရစ်သူ တစ်ဦးဖြစ်သည့် (ကို) ထိန်လင်းက "ကျွန်တော်တို့ဘဝတွေအားလုံးက သူတို့လက်ထဲမှာ ရှိခဲ့တာဆိုတော့ ကျွန်တော်တို့ဟာ သူတို့ရဲ့ စိတ်ကူးပေါက်ရာတွေအတိုင်း ခေါင်းညိတ်ခဲ့ရတော့တာပေါ့"ဟု ပြောပါသည်။

ကျန်ရစ်သူ နောက်တစ်ဦးဖြစ်သည့် (မ) နန်းအော်ထွေးကြည်ကလည်း သူမ၏ဦးခေါင်းကို သေနတ်ဖြင့် ချိန်ထားခံရပြီး သူမနားမလည်သောမေးခွန်းဖြစ်သည့် "သူတို့မင်းကို ဘာလုပ်ဖို့ညွှန်ကြားထားလဲ"ဟူသော မေးခွန်းကို အမေးခံ ခဲ့ရသည်ဟု ဆိုပါသည်။ ထိုစဉ်က အသက် ၂၀ အရွယ်အတွင်း ကျောင်းသားတက်ကြွ လှုပ်ရှားသူတစ်ဦးဖြစ်သည့် နန်းအော်ထွေးကြည်မှာ အစိုးရ၏ စစ်ထောက်လှမ်းရေးအတွက် အလုပ်လုပ်ပေးနေသည့် ဒုတပ်ကြပ်တစ်ဦးအဖြစ် စွပ်စွဲခံခဲ့ရသည်။ သူမမှာ ယခုအခါပြည်ပအခြေစိုက်အနေဖြင့် ဆစ်ဒနီတွင် နေထိုင်လျက်ရှိပြီး မြန်မာ့ဒီမိုကရေစီတိုက်ပွဲအတွက် ဆက်လက်ထောက်ခံ အားပေးနေဆဲရှိနေသည်။



စွပ်စွဲခံရသူများ၏ မိသားစုအချို့မှာ ABSDF မြောက်ပိုင်းစခန်းသို့ သွားရောက်ခဲ့ကြသည်။ နန်းအော်ထွေးကြည်အပါအဝင် ယနေ့အထိ အသက်ရှင်ကျန်ရစ်သူ အချို့မှာ ပြန်လွှတ်ပေးခြင်း ခံခဲ့ရပြီး ကိုထိန်လင်းနှင့် အခြားသူများမှာမူ ထွက်ပြေးလွတ်မြောက်ခဲ့ရပြီးနောက် အစိုးရတပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ရကာ အကျဉ်းထောင်သို့ နှစ်ပေါင်းများစွာ ကျခံရန် ပို့ဆောင်ခံခဲ့ရသည်။

**■ သတိရှိသော တိတ်ဆိတ်မှု**

ထိုအချိန်လောက်က(ကျောင်းသားများအား)သတ်ဖြတ်မှုကိုပြင်ပကမ္ဘာ၏ အာရုံစိုက်မှု အနည်းငယ်သာရှိခဲ့သည်။ မြောက်ပိုင်းရှိ ထိုကျောင်းသား စခန်းသို့ သွားရောက်ခဲ့ဖူးသော နေးရှင်းသတင်းစာမှ ထိုင်းသတင်းထောက် ယင်းဒီလတ်ခူးရိုယန်ချုတ်ကမူ ထိုအကြောင်းကို သူမ၏ ဘန်ကောက်အခြေစိုက် သတင်းစာတွင် ရေးသားခဲ့သည်။ ဤစာရေးသူသည်လည်း လူသတ်မှုများ အကြောင်းကို ၁၉၉၂၊ ဇွန် ၁၆ ရက်နေ့ထုတ် ဟောင်ကောင် အခြေစိုက် Far Eastern Economic Review အရှေ့ဖျားစီးပွားရေးစာစောင်တွင် ရေးသားခဲ့ဖူးသည်။ အစိုးရဆန့်ကျင်ရေးကျောင်းသား အုပ်စုကို တိုက်ရိုက်နှင့်သွယ်ဝိုက် ရန်ပုံငွေထောက်ပံ့ခဲ့သော နိုင်ငံတော် အဖွဲ့အစည်းများသည်လည်း ဖြစ်စဉ်နှင့်ပတ်သက်၍ တိတ်ဆိတ်နေခဲ့ကြသည်။ ထိုင်းနယ်စပ်တွင် ရှိသော ABSDF ဗဟိုဌာနချုပ်ရုံးသည် ၁၉၉၂ မတ် ၁ ရက်နေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ဤအချက်မှာ ဖမ်းမိခဲ့သောသူများသည် ABSDF ခေါင်းဆောင်များကို လုပ်ကြံရန် ကြိုးပမ်းသော အစိုးရ သူလျှိုများဖြစ်၍ သုတ်သင်ခံရခြင်းများအပေါ် သက်သေပြသလို ဖြစ်ခဲ့သည်။

ထိုစဉ်က ABSDF တစ်ဖွဲ့လုံး၏ ဥက္ကဋ္ဌဖြစ်သူ နိုင်အောင်မှာ ဖမ်းဆီးမှုများဖြစ်ပွားပြီးနောက် မြောက်ပိုင်းသို့ရောက်ခဲ့ကာ သုတ်သင်မှုများကို ရှုတ်ချခြင်းမပြုခဲ့ဟု သတင်းများအရဆိုသည်။ ၎င်းကလည်း ဖမ်းဆီးခံထားရသူများကို ထိုစဉ်က ၎င်းကိုယ်တိုင် ထုတ်ပြန်သော အစီရင်ခံစာ၌ သူလျှိုများအဖြစ် ညွှန်းဆိုထားခဲ့သည်။ သတ်ဖြတ်မှုများ ဖြစ်စဉ်က ABSDF မြောက်ပိုင်းဗျူရို၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ရော်နယ်အောင်နိုင်က ဖြစ်ရပ်များတွင် ပါဝင်ခဲ့သည့် ၎င်း၏အခန်းကဏ္ဍကို ထိုင်းအခြေစိုက်စာရေးဆရာ ဖီးလ်သွန်တန်၏ Restless Souls: Rebels, Refugees, Medics and Misfits on the Thai-Burma Border စာအုပ်၏ အခန်းတစ်ခန်းတွင် ဝန်ခံထားခဲ့သည်။

ယနေ့ ကာလတွင်တော့ နိုင်အောင်သည် ထိုင်းနယ်စပ်အခြေစိုက် Forum For Democracy in Burma ကို ခေါင်းဆောင်နေပြီး၊ ရော်နယ်အောင်နိုင်မှာ ထိုင်းမြောက်ပိုင်းမြို့တော်ချင်းမိုင်၌ မီဒီယာလေ့ကျင့်ရေးမှူးတစ်ဦး ဖြစ်နေပါပြီ။ သတ်ဖြတ်ခဲ့မှုများနှင့် ပတ်သက်သည်ဟု စွပ်စွဲခံထားရသူအများစုမှာ ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ဘဏ္ဍာရေးထောက်ပံ့မှုများ ရယူနေဆဲဖြစ်ပြီး ဤအခြေအနေကို ယခုအခါ မြန်မာနိုင်ငံတွင်းနှင့် ပြည်ပတွင် နေထိုင်သော ကျန်ရစ်သူများက စိန်ခေါ်၊ ဖော်ထုတ်လျက်ရှိနေခဲ့ပါပြီ။ Asia Times Online သတင်းဌာန၏ မေးခွန်းများကို စာဖြင့်ရေးသားဖြေဆိုထားချက်၌ နိုင်အောင်က ၎င်းသည် ABSDF ဗဟို၏ ဆုံးဖြတ်ချက်နှင့် သိရှိမှုမပါဘဲ ဖြစ်ခဲ့သည်ဟု ၎င်းဆိုသော ထိုလူ့အခွင့်အရေးချိုးဖောက်မှုများကို နောင်တရမိကြောင်း ပြောထားပါသည်။ ၎င်းသည် နေးရှင်း သတင်းစာတွင် ပါမလာခင်အထိ သတ်ဖြတ်မှုများကို သတိမပြုမိခဲ့ကြောင်း၊ ၎င်း၏ဌာနချုပ်သည် "အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်းအပေါ် ဆက်လက်အရေးယူဆောင်ရွက်ရန်နှင့် စုံစမ်းစစ်ဆေးရန် လက်တွေ့ပိုင်းအရရော၊ ဖွဲ့စည်းပုံအရပါ မည်သည့်အာဏာမှ မရှိခဲ့ကြောင်း" ဆိုပါသည်။

ဟားဗတ်တက္ကသိုလ်ရှိကနေဒီ School of Government ကျောင်းတွင် ပညာသင်ကြားခွင့် စကောလားရှစ်ရခဲ့သောနိုင်အောင်သည် သုတ်သင်မှုမှ ကျန်ရစ်ခဲ့သူများ၏ ကန့်ကွက်ခြင်းခံရပြီးနောက် ၂၀၀၂ တွင် ၎င်း၏ ပညာသင်ဆုရုတ်သိမ်းခံခဲ့ရသည်။ ၂၀၀၈တွင် ရော်နယ်အောင်နိုင်မှာ BBC သတင်းဌာန၏မြန်မာပိုင်းအစီအစဉ်တွင် သတင်းထောက်အဖြစ် ငှားရမ်းခံရပြီး နောက်ပိုင်းတွင် ကန့်ကွက်မှုများကြောင့် ရာထူးဆုံးရှုံးခဲ့ရသည်။ ယခုလအတွင်း ရန်ကုန်တွင် ဤစာရေးသူနှင့်တွေ့ဆုံခဲ့သော ကျဆုံးသူများ၏ မိသားစုဝင်များနှင့် ကျန်ရစ်သူများသည် ၎င်းတို့၏ အမှုနှင့်ဇာတ်လမ်းများကို ပြောပြရန် စိတ်အားထက်သန်ခဲ့ကြသည်။ နောက်ကြောင်းပြန်လှန်၍ ဖော်ထုတ်ရေးသားသော ဆောင်းပါးများစွာလည်း ထိုအစုအပြုံလိုက်သုတ်သင်မှုအကြောင်းကို မြန်မာ့မီဒီယာများတွင် မကြာသေးမီကပုံနှိပ်ဖော်ပြခဲ့ကြပါသည်။ သုတ်သင်မှုမှာ ကျန်ရစ်သူတစ်ဦး၏အစ်ကိုတော်စပ်သူမောင်မောင်ခေါ် ရွှေကရဝိတ်မှာ ဖြစ်စဉ်နှင့်ပတ်သက်၍ "ခေတ်သစ်ဟသ်ာ ကိုးသောင်းဇာတ်လမ်း"အမည်၏ မြန်မာ ဘာသာစာအုပ်တစ်အုပ်ကိုရေးသားထုတ်ဝေထားခဲ့ပါပြီ။ ယခုအချိန်မတိုင်မီအထိမူ ကျန်ရစ်သူများထဲမှ တစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့နှင့် ၎င်းတို့၏မိသားစုဝင်များသည်ဒီမိုကရေစီလှုပ်ရှားမှုအား ဆန့်ကျင်သည့် စစ်တပ်၏ ဝါဒဖြန့်ချိရေးအဖြစ် အသုံးချခံရမည့်အရေး ရှောင်ရှားနိုင်ရန် ၎င်းတို့ ကိုယ်တွေ့အဖြစ်အပျက်များကို မဖော်ပြချင်ကြဟု ဆိုကြပါသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012







မျက်နှာဖုံးဆောင်းပါးမှ

# အပြောင်းအလဲများနှင့် ကံဇာတာ

“ဗေဒင်လာမေးတာ လူငယ်တွေ ပိုစိတ်ဝင်စားလာကြတယ်။ ပုံမှန်သတ်မှတ်တာ တစ်ရက် ၁၀ ဦးပဲ ဟောတာ။ အခုနောက်ပိုင်း မေးသူပိုများလာလို့ ၁၅ ဦး၊ ၁၇ ဦး တစ်ခါတလေ ၂၀ လောက်ထိ ဟောပေးလာရတယ်”ဟု မန္တလေးမြို့မှ ဗေဒင်ပညာရှင်တစ်ဦးဖြစ်သော ဆရာကံမင်းကလည်းပြောပါသည်။


နက္ခတ်သိပ္ပံပညာရှင် ဆရာဇေယျာကို၏ ဟောခန်း

ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ သစ်ပင်ရိပ်အောက် အုတ်ခုံပေါ်တွင်ထိုင်၍ ဗေဒင်ဟောပေးသော ဆရာသိန်းသန်းသျှင်ကလည်း အစိုးရသစ်လက်ထက်တွင် ဗေဒင်လာမေးသူ များလာကြောင်း ပြော၏။

ဆရာကြီးမင်းသိခ်၏တပည့်တဲ့ရော့ ဗေဒလက္ခဏာ ဆရာမချစ်စုသွယ်ထံတွင်လည်း ဗေဒင်မေးသူယခင်ထက်ပိုများလာသည်။

စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေချိန် တစ်နှစ်ခွဲကျော်ကာလအတွင်း ဗေဒင်မေးသူများလာရခြင်း၏အကြောင်းရင်းကို ဗေဒင်ဆရာ၊ ဆရာမ ၇ ဦးကိုမေးမြန်းရာအပြောင်းအလဲများကြားမိမိ၏ ကံကြမ္မာ ကြိုသိလိုသူများလာသည့်အပြင် ၎င်းတို့တစ်ဦးချင်း၏ အောင်မြင်မှုကြောင့် လာမေးသူပရိသတ်တိုးလာခြင်းလည်းပါသည်။ ဗေဒင်ဆရာတစ်ဦးချင်းစီတွင် ပင်တိုင်ဖောက်သည်များရှိရာ တစ်ဦးနှင့်တစ်ဦး ဟောရသော လူတန်းစား မတူညီပေ။

ယခင်မေးမြန်းမှုနည်းသော်လည်း ပိုမိုပွင့်လင်းလာသော အစိုးရသစ်လက်ထက်တွင် မေးမြန်းမှုသိသိသာသာ များလာသော အကြောင်းအရာမှာ နိုင်ငံရေးနှင့် အိမ်ထောင်ရေးဖြစ်သည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့မှာလည်း ယခင်ကဲ့သို့ပင်များနေဆဲ။

“အစိုးရသစ်နဲ့အစိုးရဟောင်းလက်ထက် လာမေးတာ ကွာခြားတယ်ဗျ။ နံပါတ်တစ် အများဆုံးမေးတာ နိုင်ငံရေးနောက်ကြောင်းပြန်သွားနိုင်လားလို့ ၁၀၀ မှာ ၈၀ လောက် မေးကြတယ်။ ကမ္ဘာကအသိအမှတ်ပြုတဲ့ ဒီအပြောင်းအလဲတွေက ပြည်သူတွေအတွက် ရောကောင်းနိုင်လားလို့မေးတယ်။ ဒီမေးခွန်းက ၁၀၀ ရာခိုင်နှုန်းလောက်မေးတယ်” ဟု နိုင်ငံတစ်ဝန်းလှည့်လည်ဟောပြောရသော ဆရာကံဇော်က အတွေ့အကြုံကို မျှဝေသည်။

ဆရာဇေယျာကိုကလည်း အစိုးရသစ်လက်ထက် မေးမြန်းမှုများလာသော အကြောင်းအရာကို အောက်ပါအတိုင်းဆိုသည်။

“အရင်က ဗိုလ်ချုပ်တွေမှ နိုင်ငံ့ခေါင်းဆောင် ဖြစ်နိုင်တာ။ အခုက ဒီမိုကရေစီခေတ်မှာ လူတိုင်းဖြစ်နိုင်တော့ ကိုယ့်ကံကြမ္မာ သိချင်လို့ မေးသူတွေ၊ အနာဂတ်မှာ နေဝင်ချိန် မရောက်ချင်တဲ့သူတွေ၊ ကံဇာတာ ပိုကောင်းချင်လို့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနယ်ပယ်တွေက မေးတဲ့သူတွေ များလာတယ်”

ယခုနောက်ပိုင်း နိုင်ငံရေး၊ အုပ်ချုပ်ရေးပိုင်းတို့တွင် တာဝန်ယူနေသူ အချို့မှာ မိမိတို့၏ ကံဇာတာကို ပိုမိုသတိထား၍ စစ်ဆေးကြပြီး၊ အညံ့ရှိလျှင် ကျော်လွှားနိုင်မည့်နည်းလမ်းကို စူးစမ်းကြသည်။

“ဗေဒင်နဲ့ နိုင်ငံရေးကတော့ ရောယှက်နေတာပဲ။ တက်လာတဲ့ အစိုးရအပေါ် မူတည်ပြီး အခါပေးတွေလည်း ပေါ်ထွက်တာပဲ”ဟု ဆရာဇေယျာကိုက ပြောသည်။ သို့သော် အုပ်ချုပ်သူ လူတန်းစားများအနေဖြင့် မင်းဆရာတစ်ဦးတည်းမဟုတ်ဘဲ ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်စုံမှ အကြံဉာဏ်များ ရယူသင့်ကြောင်းလည်း ၎င်းကအကြံပြုသည်။

ထို့အပြင်နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်အချို့မှာလည်း ၂၀၁၅ ရွေးကောက်ပွဲဝင်သင့်၊ မဝင်သင့် ဆုံးဖြတ်ရန် ယခုကတည်းက မိမိတို့ကံဇာတာကိုစစ်ဆေးနေပြီဖြစ်သည်။

လူထုအတွင်း ဗေဒင်ကို ယုံကြည်သူနှင့် မယုံကြည်သူဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ခေတ်အဆက်ဆက် အုပ်ချုပ်သူအစိုးရများကိုယ်တိုင် ဗေဒင်ကိန်းခန်းယတြာများကိုအသုံးပြုကြသည်ဟု ဗေဒင်ပညာရှင်များက ဆိုသည်။ လွတ်လပ်ရေး ရယူခဲ့သောအချိန်၊ ကြက်ဆူပင်စိုက်ပျိုးသောစီမံကိန်း၊ နိုင်ငံတော်အလံသစ်ပြောင်းလဲမှုစသော ဖြစ်ရပ်များမှာ ဗေဒင်ကိန်းခန်းအရတွက်ချက်ဆောင်ရွက်ခဲ့ကြောင်း ဗေဒင်ပညာရှင်အချို့က သုံးသပ်သည်။ “ဒီမိုကရေစီစနစ်အပြောင်းအလဲမှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဘယ်လိုလမ်းကြောင်းတွေ၊ ဘယ်လိုအခွင့်အလမ်းတွေ ပေါ်လာမလဲဆိုတာ လူနည်းစု စုံစမ်းတာမျိုးတော့ရှိတယ်။ ဒါပေမဲ့ စုံစမ်းတုန်း” ဟုဆရာဇင်ယော်နီကလည်း ပြောသည်။ သို့သော် ဆရာကြီးမင်းသိခ်၏တပည့် ၎င်းထံတွင် အများဆုံး လာမေးကြသည်မှာ စားဝတ်နေရေးအတွက်ပင်ဖြစ်သည်။

ယခုနောက်ပိုင်း မေးမြန်းသူများလာသော နိုင်ငံရေးနှင့်ပတ်သက်၍ ဆရာဇေယျာကိုက ၂၀၁၂ တွင် ပုံမှန်ဖြစ်သော်လည်း ၂၀၁၃ မေလမှ ၂၀၁၄ မေအထိ အလားအလာသိပ်မကောင်းဟု ဟောသည်။ ၂၀၁၄ ဇူလိုင်ကျော်တွင်မှ နိုင်ငံရေးမှာ ထူးထူးခြားခြား ကောင်းမွန်မည်ဟု ဆရာဇေယျာကိုက ပြောသည်။

“ရှားရှားပါးပါး နိုင်ငံရေးနောက်ကြောင်းပြန်၊ မပြန် မေးတာရှိတယ်။ မဟောဘူး။ ဝါရင့်နိုင်ငံရေးသမားတွေ၊ ဆောင်းပါးရှင်တွေရေးတာ ဖတ်ဖို့ညွှန်းတယ်”

စာ(၂၉)သို့

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

**စာ(၂၈)မှအဆက် ...**

ဟုဆရာသိန်းသန်းသျှင်ကဂင်း၏ အတွေ့အကြုံကို ပြန်ပြောသည်။

"အိမ်ထောင်ရေးဖောက်ပြန်လို့ မေးတာလည်းများတယ်။ တချို့က ယောကျ်ားဖောက်ပြန်လို့၊ တချို့က မိန်းမဖောက်ပြန်လို့။ ယောကျ်ားဖောက်ပြန်လို့လာမေးတာ ပိုများတယ်။ မိန်းမဖောက်ပြန်တာ စီးပွားရေးမကောင်းလို့၊ ယောကျ်ားဖောက်ပြန်တာ စီးပွားရေးကောင်းလို့။ လာမေးတဲ့သူတွေက လိုအပ်တာလုပ်ပေးဖို့ပြောတယ်။ ဆရာကတော့ မေတ္တာပို့ခိုင်းတယ်။ မနေ့ာနဲ့ စကားပြောခိုင်းတယ်"ဟု ဆရာသိန်းသန်းသျှင်ကဆို၏။

အလားတူ ဆရာကံမင်း၊ ဆရာ ဇေယျာကိုတို့ထံတွင်လည်း အိမ်ထောင်ရေးနှင့်ပတ်သက်၍ မေးမြန်းသူများသည်။

"အိမ်ထောင်ရှိပြီးသား အမျိုးသားက ကေတီဗီသွားလို့ လာမေးတာ၊ တခြားမိန်းမယူသွားလို့ လာမေးတာတွေလည်း များပါတယ်" ဟု ဆရာကံမင်းက ပြောသည်။ "အိမ်ထောင်ရေးနဲ့ပတ်သက်လို့ပြောရရင် ဖောက်ပြန်ခံရလို့ မေးတာထက် ကိုယ့်ဟာကိုယ်ရှုပ်ပြီးလာမေးတာများတယ်။ အိမ်ထောင်ကွဲပြီး နောက်အိမ်ထောင်ပြုသင့် မသင့်။ ဒီယောကျ်ားနဲ့ ကွဲသင့်လားဆိုတာမျိုးတွေ"ဟု ဆရာဇင်ယော်နီကလည်း ဆိုသည်။

ပိုမိုများပြားလာသော အိမ်ထောင်ရေးဖောက်ပြန်မှုကဲ့သို့သောပြဿနာမှာ မြန်မာသာမက ကမ္ဘာတွင်လည်း ပျံ့နှံ့နေသော ယဉ်ကျေးမှုဖြစ်လာ၍ ကာကွယ်ရန် တားဆီးရန် မလွယ်သော်လည်း မိသားစု အသိုက်အမြုံမပြိုကွဲအောင် အဓိကထား အကြံပြုဆောင်ရွက်ပေးကြောင်း ဆရာဇေယျာကိုက သူ၏အတွေ့အကြုံကို မျှဝေသည်။

ထို့အပြင် အိမ်ထောင်မပြုမီ တစ်သက်တာလက်တွဲရန် သင့်၊ မသင့်ကို နှစ်ဦးစလုံး၏ ကံဇာတာအား ပိုမိုစစ်ဆေးလာကြသည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်ပထွက်ခွာရန် ကိစ္စတို့မှာ ယခင်ကကဲ့သို့ မေးမြန်းသူများဆဲဖြစ်သည်။ ကားဈေးများ ပြုတ်ကျသည်ကို ကြုံရပြီးနောက် စီးပွားရေးလုပ်ငန်းရှင်ကြီးများလည်း ပိုမေးလာကြောင်း ဆရာဇေယျာကိုက ပြောသည်။

"ဒီနှစ်စပါး ရေနစ်မယ်၊ ကြက်သွန် ရေနစ်မယ်ဆို မစိုက်တော့ဘူး။ အခြား စီးပွားရေးပြောင်းလုပ်ကြတယ်။ အဲဒီတော့ မဆုံးရှုံးတော့ဘူး။ စီးပွားရေးကို ဗေဒင်မေးပြီးလုပ်တာ ပိုအောင်မြင်ပြီး ပိုများလာတယ်"ဟု ဆရာမချစ်စုသွယ်ကဆိုသည်။ ခေတ်ပြောင်းချိန် ကြုံရသောမေးခွန်းအသစ်များနှင့်ပတ်သက်၍ ဒေါက်တာယတြာလေဒီကလည်း "နိုင်ငံခြားသားတွေနဲ့လက်တွဲလုပ်သင့်၊ မသင့်။ အမေရိကားကို သွားသင့်မသင့် မေးလာတာမျိုးတွေကြုံရတယ်"

မန္တလေးမြို့မှ ဆရာကံမင်းကလည်း "မြေနဲ့ပတ်သက်လို့ တော်တော်များများ စိတ်ညစ်နေကြတယ်။ မြေဘယ်တော့ ရောင်းရမလဲမေးတာများတယ်"ဟု ပြော၏။ ဈေးနှုန်းအတက်အကျ ကြမ်းခဲ့သော ကား၊ အလုပ်အကိုင်၊ ကုန်ရောင်းကုန်ဝယ်၊ လုပ်ငန်းသစ် ထူထောင်ရန် သင့်၊ မသင့်၊ ရင်းနှီးမြှုပ်နှံဖို့အချိန်ကောင်း၊ မကောင်းတို့မှာ စီးပွားရေးနှင့်ပတ်သက်၍ အများဆုံးမေးသော မေးခွန်းများပင်။ စီးပွားရေးနှင့်ပတ်သက်၍လာရောက်မေးမြန်းသူများကို ခြုံငုံသုံးသပ်သောအခါ ဂင်းတို့မှာ စီးပွားရေးပိုကောင်းလာကြောင်း ဆရာမချစ်စုသွယ်နှင့် ဆရာကံမင်းတို့က သုံးသပ်သည်။

သို့သော် ဆရာသိန်းသန်းသျှင်ကမူ "စီးပွားရေးက ပိုမပြေလည်ဘူး။ သူတို့ထင်ထားတာက အစိုးရပြောင်းရင် ပိုပြေလည်မယ် ထင်တာ။ ဒါပေမဲ့ မပြေလည်ဘူး။ မပြေလည်လို့လာမေးကြတာများတယ်"ဟု သုံးသပ်သည်။ ဂင်း၏ ပရိသတ်များတွင် အခြေခံလူတန်းစားနှင့် လူလတ်တန်းစားအများဆုံးဖြစ်သည်။ ရန်ကုန်တွင် နေထိုင်သူ သုံးပုံနှစ်ပုံ၊ နယ်မှ သုံးပုံတစ်ပုံရှိကြောင်းလည်း ဂင်းကဆိုသည်။

ပညာရေး၊ ဘဝတက်လမ်းနှင့် ပြည်ပသွားရောက်ရန် သင့်၊ မသင့်တို့မှာလည်း ရှေ့ဖြစ်ဟောပုဂ္ဂိုလ်တို့ အများဆုံးဖြေကြားရသော မေးခွန်းဖြစ်သည်။ မန္တလေးတက္ကသိုလ်အနီးတွင် ဟောခန်းဖွင့်ထားသော ဆရာကံမင်းကတော့ စာမေးပွဲကောင်းမွန်စွာ ဖြေနိုင်ရန်၊ ဖြေဆိုထားသော စာမေးပွဲအောင်မြင်ရန် စသော မေးခွန်းများကို ကျောင်းသူ၊ ကျောင်းသားများကိုအများဆုံးဖြေပေးရကြောင်း ပြောသည်။

"အခုနောက်ပိုင်း မိန်းကလေးတွေ နိုင်ငံခြားသွားတာများတယ်။ မသွားခင် မေးကြတယ်။ ယောကျ်ားလေးတွေကော၊ မိန်းကလေးတွေကော နိုင်ငံခြားသွားတာနဲ့ ပတ်သက်ပြီးတော့ အများဆုံးလာမေးကြတယ်"ဟု ဆရာမချစ်စုသွယ်ကလည်း ဆိုသည်။

ကျန်းမာရေးနဲ့ ပတ်သက်၍ အများဆုံးမေးမြန်းကြသူများမှာ လူကြီးပိုင်းအရွယ်ဖြစ်သည်။ သို့သော် ယခုနှစ်ပိုင်းတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ထူးထူးခြားခြား အမေးများလာသောအနေအထားကြောင်းအရာ တစ်ခုလည်း ရှိသည်။ "ကျန်းမာရေးမှာ အမေးအများဆုံးက ဆီးချိုပဲ။ လူ ၁၀၀ မှာ ၉၀ လောက်က ဆီးချိုနဲ့ ပတ်သက်ပြီးမေးကြတယ်"ဟု ဂင်း၏ အတွေ့အကြုံကို ဆက်လက်ပြောသည်။ ဗေဒင်လာမေးသူများကိုခြုံငုံ၍သုံးသပ်ရလျှင် နိုင်ငံရေးစနစ်ပြောင်းသော်လည်း လူထုအများစုအတွက်အရေးကြီးဆုံးမှာ စားဝတ်နေရေးသာ ဖြစ်နေသေးကြောင်းလည်း ဆရာဇင်ယော်နီက သုံးသပ်သည်။

*(မှတ်ချက်။ ။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို စာဖတ်ပရိသတ်များအတွက်ရှုထောင့်ပေါင်းစုံမှ တင်ပြခဲ့၊ တင်ပြနေဆဲဖြစ်ရာ ယခုဆောင်းပါးမှာ ရှုထောင့်သစ်မှ တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ဗေဒင်နှင့်ပတ်သက်၍ ယုံကြည်သူ၊ မယုံကြည်သူဟူ၍ရှိရာ လွတ်လပ်စွာသဘောထားကွဲလွဲနိုင်ပါသည်)*

## ဌာနဆိုင်ရာ ဝန်ထမ်းများခန့်အပ်ရာတွင် ဒေသခံများ ဦးစားပေးရန်အဆို လွှတ်တော်တွင်သို့ တင်ထား

**ရန်မျိုးနိုင်**

**ရန်ကုန်၊**
**နိုဝင်ဘာ - ၃**

ဌာနဆိုင်ရာဝန်ထမ်းများ ခန့်အပ်ရာတွင် ဒေသခံ တိုင်းရင်းသားများကို ဦးစားပေးရန် အဆိုလွှတ်တော်သို့ တင်သွင်းထားကြောင်း အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်က ပြောသည်။

"ကိုယ့်ဒေသကလူက ကိုယ့်ဒေသမှာ ပြန်လုပ်ရတော့ သူက ပိုပြီးတော့ ကိုယ့်ဒေသကို သံယောဇဉ်ရှိတယ်။ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ ဆန္ဒပြင်းပြတယ်" ဟု အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ဂင်းကရှင်းပြသည်။

ယင်းအဆိုကို ပထမအကြိမ် လွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးကျင်းပစဉ်ကာလက ပြည်ထောင်စုလွှတ်တော်သို့ တိုင်းရင်းသားရေးရာကော်မတီများက တင်သွင်းထားခဲ့သော်လည်း လွှတ်တော်တွင် အဆိုများပြားနေသောကြောင့် ဆွေးနွေးရန် အလှည့်မကျသေးကြောင်း ဦးခက်ထိန်နန်ကပြောသည်။

တိုင်းရင်းဒေသများသို့ လာရောက်တာဝန်ထမ်းဆောင်သော ဌာနဆိုင်ရာ ဝန်ထမ်းအများစုသည် ဒေသခံမဟုတ်သည့် အတွက် တာဝန်ကျရာ ဒေသ၌ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် ဒေသခံများကဲ့သို့ ကျွမ်းကျင်မှုမရှိခြင်းနှင့် စားသောက်နေထိုင်မှုတွင်လည်း အခက်အခဲကြုံတွေ့ရခြင်းများရှိသည်ကို တိုင်းရင်းသားရေးရာကော်မတီများ ကွင်းဆင်းလေ့လာရာတွင်ဒေသခံပြည်သူများက တင်ပြခဲ့ကြသည်။

ဌာနဆိုင်ရာ ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ချထားခြင်း၊ ရာထူးတိုးမြှင့်ခန့်ထားခြင်းပြုလုပ်ရာတွင် သက်ဆိုင်ရာဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားဆောင်ရွက်သွားရန် တိုက်တွန်းသည့် အကြံပြုချက်တစ်စောင်ကို ညီနောင်တိုင်းရင်းသားပါတီများက ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012



(တစ်)

၂၀၀၈ ခုနှစ်ဧပြီလ ၂၄ ရက်က ဘင်္ဂလားပင်လယ်အော်ထဲတွင်လေဖိအားနည်းရပ်ဝန်းတစ်ခုစတင်ဖြစ်ပေါ်နေခဲ့ရာကနောက်တစ်စတစ်စအားကောင်း၍လာခဲ့ရာ မေလ ၂ ရက်၌ ဟိုင်းကြီးကျွန်းကိုဖြတ်ကျော်သွားခဲ့ပြီး တစ်နာရီကို မိုင် ၅၀၊ ထို့နောက် မိုင် ၆၀၊ ထို့နောက် မိုင် ၇၀၊ ထို့နောက် မိုင် ၁၂၀ နှုန်းဖြင့် ကျွန်တော်တို့၏ အသက်အိုးအိမ်စည်းစိမ်ကျွဲနွား၊လယ်ယာ မြောက်မြားလှစွာတို့အား ဖျက်ဆီးပစ်ခဲ့သည့် နာဂစ်မုန်တိုင်းကြီး၏ အလွန်၌ ကျွန်တော်တို့အများအကျိုး သယ်ပိုးပုံတချို့ကို ကြည့်ကာ ကမ္ဘာက Nargis Industries ဟု ခေါ်ဝေါ်လိုက်ပုံက စိတ်ထိခိုက်ဖို့ကောင်းလှပါသည်။ နာဂစ်အင်ဒတ်စထရီတဲ့။ အော်နာဂစ်စက်မှုလုပ်ငန်းများတဲ့လား။ မုန်တိုင်းကို အခြေပြုကာ ပေါ်ပေါက်ထွန်းသစ်လာကြသည့် NGO, INGO အသီးသီး၌ ရာထူးရာခံ လုပ်ကွင်းလုပ်ကွက် ပရောဂျက် (Project) အမျိုးမျိုးတွင် ခွင်များထည့်ကာ နေ့ချင်းညချင်း ရွှေတွဲလဲ ငွေတွဲလဲဖြစ်သွားသူများကို ရည်ညွှန်း၍ သည် Nargis Industries ဆိုသော စကားလုံး သုံးနှုန်းလိုက်ပုံရပါသည်။

မောင်သာချို

# လင်းကွန်းကွန်တီနင်တယ်ကား စီးကြမလား

ပြောရလျှင် NGO, INGO စသည့် Non Governmental Organization တို့ International Non Governmental Organization တို့အပေါ်၌ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခြေကုန်လက်ပန်းကျရာနေရာအသီးသီးရှိ လူများကတင်းပြည့်ကျပ်ပြည့်စိတ်တိုင်းမကျခဲ့ကြတာ ကြာလှပါပြီ။

ငွေ ၁၀၀ တန် ပရဟိတ လုပ်ငန်းတစ်ခု၌ ကာယကံရှင် ပြည်သူများထံသို့ ၄၀ ရောက်သော် ကံကောင်းလို့ဟု NGO သမားလေးငါးခြောက်ယောက်လောက်က ရင်ဖွင့်လာသောအခါ ကျွန်တော် အံ့သြရပါသည်။ ၆၀ က အများအကျိုးသယ်ပိုးသူတို့၏ စရိတ်စကတဲ့။

Laptop Computer ကလေးနဲ့မှ၊ i-pad ကလေးနဲ့မှ၊ Land Cruiser ကားကလေးနဲ့မှ၊ အဲကွန်းလေးနဲ့မှ၊ ဝီစကီကလေးနဲ့မှ စသည်စသည်ဖြင့် သာမညတို့ကိုစိန်စီလေသမျှ အဓိကတို့ပိန်လှီသွားကြရစမြဲဖြစ်သည်မှာ မဆန်းကြယ်လှပါ။ ရပ်ကွက်ဆွမ်းလောင်းမဏ္ဍာရုံကလေး၏ အစည်းအဝေးကအစ ကြယ်လေးငါးပွင့်ဟိုတယ်ကြီးများထဲက Forum များ၊ Work shop များ၊ Seminar များအဆုံး စရိတ်စကတွေ ဘယ်လောက်သုံးလို့ စကားလုံးရဲတိုက်ကြီးများ ဘယ်လောက်ဆောက်နေခဲ့ကြသလဲဆိုတာ ကာယကံရှင်များက ပိုလို့သိကြပါလိမ့်မည်။

(နှစ်)

အများအကျိုးအတွက် ဘဝကိုထိုးကျွေးသူမာသာထရီဆာ၌ကျွန်တော့်စိတ်ထဲငြိတာကလေး တစ်ခုရှိပါသည်။

Agnes Gonxha Bojaxhiu ဟူသည့် အမည်ရင်းကို ဖြတ်ကာ အဂ္ဂနက် (Agnes) ဟု အလွယ်ခေါ်ခဲ့ကြလေသည့် မာသာထရီဆာ၊ ၁၉၁၀ ဩဂုတ် ၂၇ ရက်၌ မွေးခဲ့လေသည်။ မာသာထရီဆာ၊ ယူဂိုဆလပ်နိုင်ငံ စကော့ပ်ယီမြို့သူ မာသာထရီဆာ၊ အယ်လ်ဘေးနီးယားလူမျိုး မာသာထရီဆာ၊ ၁၉၇၉ ဒီဇင်ဘာ ၁၀ ၌ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုယူခဲ့သူ မာသာထရီဆာ၊ ၁၉၉၇ စက်တင်ဘာ ၆ ၌ လူ့ဘဝ၏ နောက်ဆုံးဝါကျကို ချရေးထားပစ်ခဲ့သူ မာသာထရီဆာ။

သူက ဇာတိမြေကို စွန့်ခွာခဲ့ကာ ကမ္ဘာတစ်ဝန်းက အငတ်များ၊ မိမဲ့ဘမဲ့များ၊ မိဘစွန့်ပစ်များ၊ အနူများ၊ အေ့ဒ်စ်ဝေဒနာရှင်များ၊ ကာလသား ရောဂါသည်များ၊ အခြေအနေမဲ့များ၊ ကိုယ်အင်္ဂါချို့တဲ့သူများအားလုံးကို ကယ်တင်ခဲ့ရာ ကမ္ဘာ့နိုင်ငံ ၅၀ ကျော်မှာ ဒုက္ခသည်စခန်းပေါင်း ၅၀၀ တဲ့။ ဒါတွေက စာအတန်အသင့် ဖတ်ရှုမှုနှင့် လူတိုင်းလိုလို သိရှိထားနိုင်သည့် အချက်အလက်များ။

ကျွန်တော်က မာသာထရီဆာ၏ထံသို့ မော်တော်ကားကြီးတစ်စီးရောက်ရှိလာပုံကို စိတ်ဝင်စားမိခြင်းဖြစ်ပါသည်။

တစ်နေ့ အိန္ဒိယနိုင်ငံ ကာလကတ္တားအခြေစိုက် ခရစ်ယာန်သီလရှင်မကြီး မာသာထရီဆာ (Mother Teresa) ထံသို့ မော်တော်ကားတစ်စီး ရောက်ရှိ၍ လာပါသည်။ နှယ်နှယ်ရရ ကားတော့မဟုတ်။ ဇိမ်ခံကား။ လင်းကွန်းကွန်တီနင်တယ်အမျိုးအစား ဇိမ်ခံကား။ သည်ကားကို လက်ဆောင်အဖြစ်ပေးသူက ဗာတီကန်မြို့က ပုပ်ရဟန်းမင်းကြီးပဲဖြစ်ပါသည်။ အများအကျိုးသယ်ပိုးသူ မာသာထရီဆာတစ်ယောက် တစ်နေရာကတစ်နေရာသို့အလွယ်တကူသွားလာနိုင်စေရန် အလို့ငှာ မေတ္တာလက်ဆောင်ပေးသည့် မော်တော်ကား။

စီးပစ်လိုက်မှာပေါ့။ မြို့ကိုတစ်ပတ် ပတ်ပစ်လိုက်မှာပေါ့။ ဒါက ကျွန်တော့်လို အနုညာတတစ်ယောက်ရဲ့ စိတ်ကူးပါ။

သို့သော် မာသာထရီဆာကတော့ ရှင်းသောစိတ် (Clear Mind) ရှိသူဖြစ်ပါသည်။ ထို လင်းကွန်းကွန်တီနင်တယ်ဇိမ်ခံကားကို သူမစီးပါ။ ချက်ချင်းရောင်းကာရလာသည့် ငွေသားအားလုံးကို သူ့ဒုက္ခသည်စခန်းများအတွက် လိုအပ်ရာရာဆေးဝါးပစ္စည်း စားကုန်သောက်ကုန်များဝယ်ယူဖြည့်တင်းခြင်းဖြင့် အဲသည့်ဇိမ်ခံကားကို စာရင်း အပြတ်ရှင်းထည့်လိုက်ခြင်းပင်ဖြစ်ပါသည်။

သူ့ပရဟိတကိစ္စဆောင်ရွက်ပုံ၊ သူ့ NGO လုပ်ငန်း စီမံခန့်ခွဲပုံက ကိုယ့်အတွက် နည်းပါးနိုင်သမျှနည်းပါးစေပြီး အခြားသို့ဖြည့်တင်းနိုင်သမျှ ဖြည့်တင်းစေသည့် နည်းလမ်းနှင့် စရဏပါလား။

သည်လို အမျိုးသမီးကြီးအနိစ္စရောက်တော့ တစ်ကမ္ဘာလုံးမျက်ရည်ကျကြတာ ဘာများဆန်းကြယ်ပါသလဲ။

(သုံး)

အခု နာဂစ် (၂၀၀၈) အလွန်သည်ဘက်နှစ်များ၌ ကျွန်တော်တို့နိုင်ငံတွင် လူမှုရေးလုပ်ငန်းများ၊ ပရဟိတအလုပ်များ တော်တော်ကလေး လုပ်ဆောင်လာကြသည်ကို ကြည်နူးစဖွယ်တွေ့မြင်ရပါသည်။

ဘေးဒုက္ခ ရောက်သူတို့များလေလေ ကရုဏာကြီးသူတို့များလေလေဖြစ်မြဲ ဓမ္မတာဟု သဘောပေါက်ရပါသည်။

သို့သော် အများအကျိုးသယ်ပိုးဆောင်ရွက်ရင်းနှင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရှင်စိတ်ဝင်လာကာ ကြီးကျယ်ခမ်းနားလိုသော ဘက်သို့ယိမ်း၍ နွဲ့၍ပါသွားမှာကိုဖြင့် စိုးရိမ်စရာ ဖြစ်ပါသည်။

အစောင့်အနေ ထူထပ်ကြပ်မတ်စွာချထားသည့်အခန်းတွင်းက ပရဟိတသမား၊ လေအေးပေးစက်ဖွင့်ထားသည့် အခန်းတွင်းက မထွက်သည့် ပရဟိတသမား၊ ပရောဂျက်အမျိုးမျိုးအတွက် တစ်မိသားစုလုံး ပြည်ပထွက်ကာ သင်တန်းတွေလိုမ့်တက်ချင်နေသည့် ပရဟိတသမား၊ လူထုကို အသိဉာဏ်မြှင့်ပေးဖို့အတွက် ငါတို့တွေ ကမ္ဘာကျော် တက္ကသိုလ်များရှိရာဆီ ဦးစွာသွားတက်ဦးမှပါလေဆိုသည့် ပရဟိတသမား စသည်စသည်ဖြင့် လောကကြီးက ထွေကာရှုပ်ကာ ပုပ်၍ပွ၍။

လင်းကွန်းကွန်တီနင်တယ်ဇိမ်ခံကားကြီး မာသာထရီဆာ၏ ရှေ့မှောက်သို့ ရောက်ရှိလာသလို ကျွန်တော်တို့ ခင်ဗျားတို့၏ ရှေ့မှောက်သို့ ရောက်လာခဲ့သော် ဘယ်လိုလုပ်ကြမလဲ။ စီးမလား (သို့မဟုတ်) ရောင်းပစ်မလား။

နည်းနည်းကလေးအချိန်ယူပြီး စဉ်းစားကြရအောင်။ ချက်ချင်းကြီး ဖြေဖို့ကျတော့ ခက်တယ်မဟုတ်လား။ ။

---

## စာ(၂၆)ဒီမိုကရေစီကို ချစ်တာလား ကုလားထိုင်ကို ချစ်တာလား မှ

"တပ်ထဲကျတော့အစွမ်းလေးလ်လို့ ဘယ်တော်ပ့်မလဲ။ ဒါကြောင့် ဗမာနာမည် မင်းသွင်လို့ ပြောင်းလိုက်တာပေ့ါ။ ခုတော့ ငါနေတဲ့ရွာက ရှမ်းတွေနေတဲ့ရွာ၊ ရှမ်းရွာမို့ ရှေ့ကစိုင်းတစ်လုံး ထပ်တိုးပစ်လိုက်ရတယ်။ ဒါကြောင့် ဉက္ကဋ္ဌဖြစ်တာပေ့ါဟ ဟား ဟား ဟား"

သူ့စကားနှင့်သူ သဘောကျစွာ ရယ်နေလိုက်သေးသည်။ အစ်ကို အစ္စမေးလ်ရယ် ဘယ်လိုပဲစိုင်းတစ်လုံး ထပ်တိုးတိုး နှာခေါင်းချွန်ပြီး အသားမည်းတာကတော့ နဂိုအတိုင်းပါပဲဟု ကျွန်တော့်စိတ်ထဲ ပြောမိသည်။

ဘာပဲဖြစ်ဖြစ် သူပြောသွားသည့် စကားတွေကို ယနေ့တိုင်ကျွန်တော်မမေ့။ ကုလားထိုင်အရူးတွေကို မြင်တိုင်း သူ့စကားတွေကို သတိရသည်။

ကုလားထိုင် ရူးရူးပြီးတော့ဖြင့် နိုင်ငံရေးမှာ ဝင်မရှုပ်ကြဖို့လည်း အဲ့သည်လို လူမျိုးတွေကို တောင်းပန်ချင်သည်။ ကုလားထိုင်ကို ချစ်တာလား၊ ဒီမိုကရေစီကို ချစ်တာလား ကိုယ့်ကိုယ်ကိုယ် ပြောင်မေး မေးကြစေချင်သည်။

ခုကြားရသမျှတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာလည်း ကုလားထိုင်ရောဂါရနေသူတွေက များလှသည်။ ဟိုတိုင်းမှာ၊ ဒီတိုင်းမှာ၊ ဟိုမြို့နယ် သည်မြို့နယ်မှာ ပူညံ ပူညံ ဆူညံ ဆူညံ။

သည်အသံတွေကြောင့်ပင် အဖွဲ့ချုပ်ဉက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ရဲ့ အဖွဲ့ကပြည်သူတွေစိတ်မချမ်းသာအောင် အချင်းချင်း စကားများတာတွေ အချင်းချင်း မတည့်တာတွေ ဖြစ်နေတာတွေအတွက်ကို တောင်းပန်ပါတယ်" ဟု စိတ်မသက်မသာဖြင့် ပြောလာရသည်။

သို့တိုင်လည်း ၂၀၁၅ မှာတော့ အသေအချာပဲဟု တွက်ကာ ခုကတည်းက ကွက်ကျော်ခုတ် လူစုနေကြသူတွေကလည်း အနမတဂ္ဂ။

ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်သာလျှင် အသင့်တော်ဆုံးပေလား။ ကိုယ့်ထက်တော်သူ မရှိတော့ဘူးလား။ တော်သူတတ်သူ သင့်လျော်သူထက် ကိုယ့်ကိုယ်ကိုယ်ပင် သင့်မသင့် တော်မတော် မစဉ်းစားဘဲ သူကောင်းမြှောက်ကြတော့မည်လား။ ကျီးကိုသခင်မြှောက်ဖို့ ဘုတ်တွေ မွေးကြတော့မည်လား။ ဆရာမွေး၊ တပည့်မွေးဖြင့် ဩဇာတိက္ကမ ထူထောင်ကြတော့မည်လား။ ကိုယ့်လူ ကိုယ်စုလျက် လူများလျှင် အနိုင်ရစတမ်းဆိုသည့် ဒီမိုကရေစီစနစ်၏ အားနည်းချက်ကို ကိုင်ကာ လူစုဗိုလ်ကျအနိုင်ယူသည့်မင်းမဲ့စရိုက်ကို ထူထောင်ရင်း ဒီမိုကရေစီ အရဏ်ဦးကိုတိမ်သလ္လာဖုံးစေတော့မလို့လားကျွန်တော်မေးချင်သည်။

မြန်မာနိုင်ငံမှာ သင်ခန်းစာတွေ အများကြီးရှိသည်။

ဟိုယခင် ပါလီမန်နုစဉ်ခေတ်နောက်ဆုံးအချိန်များက ကုလားထိုင် လုရင်းနှင့် မင်းမဲ့စရိုက်ဆန်စွာ မင်းလှလေးလောင်းပြိုင် လူသတ်မှုဖြစ်ခဲ့သည်။ ငါန်းဇွန်ငါးလောင်းပြိုင် လူသတ်မှုတွေဖြစ်ခဲ့သည်။

ထိုအချက်များသည်ပင် စစ်အာဏာသိမ်းရဖို့ အရင်းအမြစ်တွေလည်း ဖြစ်လာခဲ့ရသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ကို စိုးရိမ်တကြီးမျှော်ကြည့်ရင်းနှင့် မေးခွန်းလေးတစ်ခုတော့ မေးစမ်းချင်သည်။ ဒီမိုကရေစီကို ချစ်တာလား၊ ကုလားထိုင်ကိုချစ်တာလား ဆိုသည့် မေးခွန်းရိုးရိုးလေးပဲ ဖြစ်ပါသည်။

ဒီမိုကရေစီ လင်းကြက်တွန်ချိန်မှာမျိုးဆက်သစ်တို့အတွက် အနာဂတ်သက်သက်ကိုသာ ရိုးသားစွာ ချစ်တတ်ကြပါစေဟု မျှော်လင့်ရင်းဖြင့် . . . ။


7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မိမိတို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အောင်နိုင်ရေး သီချင်းသံများကိုလည်း နားဆင်နေရပြီဖြစ်သည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ရ၍ ပရိသတ်၏အားကိုအပြည့်အဝရမည်မှာ သေချာပေသည်။ မိမိတို့ ပရိသတ်ကလည်း အစွမ်းကုန်အားပေးကြပေမည်။ အစွမ်းကုန်ဆိုရာတွင် စည်းဘောင်အတွင်းမှ အစွမ်းကုန်ဖြစ်စေချင်ပါသည်။

# အားကစားနှင့်အရက်

# မနီးစပ်စေချင်

ဇေထွဋ်



မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာကိုထိန်း၍ အားကစားစိတ်ဓာတ်ကို အခြေခံကာ အားပေးဖို့ လိုပေလိမ့်မည်။

အားကစားပြိုင်ပွဲများကျင်းပရန် ကာလအတန်ကြာလိုသေးသောယခုကာလကပင် မိမိအနေဖြင့် မိမိတို့နိုင်ငံ ပရိသတ်များကို အသိပေးစကားဆိုလိုခြင်းမှာ မိမိနိုင်ငံဘောလုံးပရိသတ်များ၏ အစွမ်းအစကို ပြည်တွင်း၌ ကျင်းပသည့် နိုင်ငံတကာပွဲ၊ ပြည်တွင်းအမှတ်ပေးပွဲနှင့် မြို့နယ်အဆင့်ဘောလုံးပြိုင်ပွဲများတွင် ကြုံတွေ့ဖူးပြီးသောကြောင့် ဖြစ်ပါသည်။

ပြည်တွင်း၌ ကျင်းပသည့် နိုင်ငံတကာပွဲတွင် မိမိတို့ပရိသတ်များ၏ အားပေးကြမ်းမှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပြစ်ဒဏ်ချမှတ်မှု ခံခဲ့ရဖူးသည်။ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲများတွင် အိမ်ရှင်အသင်း ပရိသတ်နှင့် အဝေးကွင်း ပရိသတ်များ ရုန်းရင်းဆန်ခတ်ဖြစ်မှုများက ဘောလုံးကွင်းအတွင်းသာ မဟုတ်ဘဲ အဝေးကွင်းပရိသတ် အပြန်လမ်းကြောင်းအထိ ပါသွားခဲ့သည်။ မြို့နယ်တွင်း ဘောလုံးပြိုင်ပွဲများတွင် ရပ်ကွက်ချင်း၊ ကျေးရွာချင်း ရန်ပွဲများဖြစ်ဖူးသည်။

အဆိုပါဘောလုံးပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာများ၏ အခြေခံအချက်များတွင် ဘောလုံးပွဲကြည့်ပရိသတ်အချို့မှာ အရက်သေစာသောက်စား လာကြခြင်းကလည်း တစ်ချက်အပါအဝင်ဖြစ်သည်ဟု သိရှိရပေသည်။ နိုင်ငံတကာအဆင့် ဘောလုံးပြိုင်ပွဲများတွင်ပင် ဒိုင်လူကြီးများ၏ ဝိဝါဒကွဲပြားသော ဆုံးဖြတ်ချက်များကို တွေ့မြင်ရကြောင်း ပွဲပြီးသုံးသပ်ချက်များက ပြဆိုနေတတ်သည်။

ဒိုင်လူကြီးများတွင်လည်း ပွဲကြီးကြပ်ရာ၌ အတိမ်းအစောင်း အနည်းငယ်ရှိနိုင်ပေသည်။ ထိုသို့သော ကာလတွင် မိမိတို့လိုလားချက်နှင့် မတိုက်ဆိုင်သော ပရိသတ်များက အားပေးမှုကြမ်းခဲ့ကြသည်။ ထိုအချိန်တွင် အရက်သေစာသောက်စားထားခြင်းက ၎င်းတို့၏ စိတ်ကို ဒီဂရီမြှင့်ပေးသည်။ ပြဿနာဖြစ်ပေါ်သော ဘောလုံးပွဲများသည် ထိုနည်းအတိုင်းပါဟု အလုံးစုံ မဆိုနိုင်သော်ငြား များသောအားဖြင့် ဆိုနိုင်ပါသည်။

ပြည်တွင်းရုပ်သံလိုင်းတစ်ခုမှထုတ်လွှင့်သော ကြော်ငြာတစ်ခုတွင် ပြကွက်လေးနှစ်ကွက်ပြသည်။ တစ်ကွက်တွင် ဘောလုံးပွဲပြကွက်လေးဖြစ်ပြီး ဒိုင်လူကြီးက ပြစ်ဒဏ်ဘောပေးရာတွင် တစ်ဖက်အသင်းသားများက ဒိုင်လူကြီးအား ခက်ထန်သော အမူအရာများနှင့် အုပ်စုလိုက် စောဒကတက်ကြသည်။ နောက်တစ်ကွက်တွင် ဘောလုံးပွဲပြီးပြင်ပ၌ နှစ်ဖက်အသင်းသားများ နေရာတစ်ခုတွင် တွေ့ဆုံမှု ပုံစံပြရာ၌ အနိုင်ရအသင်းသားနှစ်ဦးထိုင်နေသော စားပွဲသို့ တစ်ဖက်အသင်းသားနှစ်ဦး ရန်လိုစွာ ရောက်လာပုံပြပြီး ၎င်းအားကစားသမား အားလုံး အရည်တစ်ခုကိုဖန်ခွက်ကိုယ်စီ သောက်ကြရင်းဖြင့် ပျော်ရွှင်သွားကြပုံ ပြထားသည်။ ၎င်းတို့သောက်သောအရည်ကို ဘာရယ်ဟုတော့ ပြောမထား။ အရက်တံဆိပ်တစ်ခုကိုတော့ ပြသထားသည်။

ဘောလုံးပွဲတွင်း အားကစားသမားအချင်းချင်း ရုန်းရင်းဆန်ခတ်ပုံစံ၊ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ လွန်ကျူးစွာ စောဒကတက်မှုများသည် ၎င်းတို့ကိုအားပေးသောပွဲကြည့်ပရိသတ်များအား လှုံ့ဆော်ရာ ရောက်ကြောင်း သိစေလိုပါသည်။

ဘောလုံး အားကစားသမားများသည် အခြားသော အားကစားသမားများထက် ပြည်သူကပိုပြီး အားပေးခံရ၊ အတုခိုးခံရပါသည်။ ဘောလုံးသမားများ အရက်သောက်သည့် ပြကွက်ပြခြင်းက ပရိသတ်ကို အရက်သောက်ဖို့ အားပေးရာ ရောက်သည်ဟု မြင်မိပါသည်။

စီးပွားရေးကဏ္ဍအရ မည်သို့သော ဆက်စပ်ပတ်သက်မှုရှိနေပါစေ အရက်ကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့အရက်ကို ကြော်ငြာရန် အားကစားပြကွက်များနှင့် ယှဉ်တွဲမပြသင့်ပါဟု ထင်မြင်မိပါသည်။ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲစဉ်များတွင် လက်ဝှေ့သမားနှစ်ဦးအကြိတ်အနယ် ထိုးသတ်နေသည့် လက်ဝှေ့စင်ကြမ်းပြင်တွင် အရက်ကြော်ငြာကြီးများ တွေ့ရသည်မှာလည်း မအပ်စပ်လှပါ။

အချို့သော မြို့ကြီးများရှိ ဘောလုံးကွင်းများ၏ ဘေးပတ်ပတ်လည်တွင် ဆိုင်ခန်းတိုက်တန်းများရှိတတ်ပြီး ထိုဆိုင်ခန်းများတွင် အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ထားတတ်ကြပါသည်။

အိမ်ကွင်းတွင် အားသာချက်သည် ပရိသတ်၏ အားပေးမှုကြောင့်ဖြစ်သည်။ မိမိကွင်း၊ မိမိ ပရိသတ်ရှေ့တွင် ဖြစ်၍ အားကစားသမားများ အားတက်စေသည်။

နာမည်ကြီး အင်္ဂလန် ပရီးမီးယားလိဂ်၊ အီတလီစီးရီးအေပြိုင်ပွဲများ၏ ရလဒ်ခန့်မှန်းချက်ရာတွင်ပင် အိမ်ကွင်း၊ အဝေးကွင်း အားသာချက်၊ အားနည်းချက်များကို ထည့်သွင်းတွက်ချက်တတ်ကြသည်။ သို့ဖြစ်၍ ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မိမိတို့နိုင်ငံသားများအနေဖြင့် အိမ်ရှင်အားသာချက်အရပင် တစ်ပန်းသာနေပြီးဖြစ်ပါသည်။ လွန်ကဲသည့် အားပေးမှုများကြောင့် အရုပ်ဆိုးအကျည်းတန်စေသည့် ဖြစ်စဉ်များ မဖြစ်စေလိုပေ။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန် ကာလအတန်ကြာ လိုသေးသော်ငြား ပြိုင်ပွဲကျင်းပရေးအဖွဲ့အစည်းများ၊ အောင်နိုင်ရေးအဖွဲ့များအနေဖြင့် အားပေးသည့် ပရိသတ်၏အရက်သေစာသောက်စားမှုကြောင့်နောက်ဆက်တွဲရလဒ်များကို ထည့်သွင်းစဉ်းစား၍ ကြိုတင်ပြင်ဆင်နိုင်စေရန် ရေးသားလိုက်ရပါသည်။ ။

7 DAY NEWS JOURNAL
ရ ရက် သတင်းဂျာနယ်

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေ၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ငွေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# Business

7 DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012

## အမြန်လမ်းဘေး သစ်တောစိုက်ခင်းအမည်ခံ မြေ လက်ဦးယူမှုများ ကြီးထွားနေဟုဆို

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ-၂**

အမြန်လမ်းမကြီးဘေးရှိ မြေများအားပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းအမည်ခံကာ မြေလက်ဦးရယူမှုများ ကြီးစိုးနေကြောင်းလွှတ်တော်ကိုယ်စားလှယ်နှင့် ပညာရှင်အချို့က ဝေဖန်ပြောဆိုသည်။

"နေပြည်တော်နဲ့ ရန်ကုန်ကြားထဲမှာကိုလည်း တွေ့နေရတယ်။ ပုဂ္ဂလိကသစ်တောစိုက်ခင်းတွေ ရှေ့မျက်နှာစာလေးမှာပဲ စိုက်ထားတာတွေ့ရပြီး နောက်မှာတော့ကွက်လပ်ကြီး၊ ဟန်ပြစိုက်ထားတာ" ဟူ၍အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးခိုင်မောင်ရည်ကယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေး တတိယမြောက်နေ့ အခမ်းအနားတွင် ပြောကြားသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ကြီးအဖြစ် သတ်မှတ်သည့်နေပြည်တော် ဧရိယာအတွင်း၌ပင်အမြန်လမ်းမကြီးဘေးဝဲ၊ ယာ၌ ဧက ရာ၊ ထောင်ချီကာ ပုဂ္ဂလိက သစ်တောစိုက်ခင်းများအဖြစ် ဆိုင်းဘုတ်များထူ၍ နေရာယူထားကြောင်းကိုလည်း ဒေသခံများက ပြောဆိုသည်။

"ဒက္ခိဏသီရိမြို့နယ်ထဲမှာ အမြန်လမ်းမကြီးဘေးမှာပေါ့ဗျာ။ ပုဂ္ဂလိကပိုင် ဧက ၂၀၀၀ ကျွန်းစိုက်ခင်းတဲ့။ ဆိုင်းဘုတ်ကြီးနဲ့"ဟု နေပြည်တော်ကောင်စီ၊ ဒက္ခိဏသီရိမြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လယ်ဝေးမြို့နယ်အတွင်း ပါဝင်သော အမြန်လမ်းမကြီးဘေးမှ ပုဂ္ဂလိကသစ်မာစိုက်ခင်းများနှင့် ပတ်သက်၍လည်း "သစ်ပင်ဘယ်တော့စိုက်မလဲတော့ မသိဘူး။ လောလောဆယ်တော့ ဒေသခံတောင်သူတွေ သူတို့ရဲ့ မိရိုးဖလာလယ်၊ ယာတွေကို သစ်တော ဧရိယာဆိုတဲ့ စွဲချက်နဲ့ ရင်ဆိုင်နေရပြီ" ဟု လယ်သမားများ အရေးဆောင်ရွက်ပေးနေသူ ကိုကျော်ဆွေလတ်က ပြောသည်။

အဆိုပါ အမြန်လမ်းမကြီးဘေး၌ပင် ၂၀၁၀ ပြည့်နှစ်က စိန်တစ်လုံးသရက်ဖုန်ဖော်ထုတ်ရန် ဆောင်ရွက်ခဲ့စဉ်ကလည်း နေပြည်တော် ဧရိယာအတွင်း ပါဝင်သော အကွက်များကိုလက်ဦးမှုယူခဲ့ကြကြောင်း၊ မူလသတ်မှတ်ဈေးထက် ဆယ်ဆကျော်အထိ ပေးဝယ်ကာ ရယူသူများပင် ရှိခဲ့ကြောင်းလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှအရာထမ်းတစ်ဦးက ပြောသည်။

အမြန်လမ်းမကြီးဘေးတွင် ထိုကဲ့သို့ မြေလက်ဦးမှုယူကြခြင်းနှင့်ပတ်သက်ပြီး နေပြည်တော်ဒေသခံ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးနေစိုးက "ပုဂ္ဂလိကစိုက်ခင်းတွေကိုခွင့်ပြုတာက များသောအားဖြင့်

စာ(၃၄)သို့




သတင်းစာရှင်းလင်းပွဲတွင်တွေ့ရသည့် ကမ္ဘာ့ဘဏ်မန်နေဂျာနှင့်အဖွဲ့ — ဓာတ်ပုံ - ကျော်ဇင်သန်း

## ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၁၆၅ သန်း အတိုးမဲ့ချေးမည်

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံကိုအမေရိကန်ဒေါ်လာ၁၆၅သန်းချေးငွေ ထပ်မံပေးရန် စီစဉ်ထားကြောင်းမြန်မာနိုင်ငံဆိုင်ရာကမ္ဘာ့ဘဏ်မန်နေဂျာ Kanthar Shankar က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါချေးငွေ ၁၆၅ သန်းမှာ အတိုးမဲ့ချေးငွေဖြစ်ပြီး အနှစ် ၄၀ အတွင်း ပြန်ဆပ်ရမည်ဖြစ်သည်။ ယင်းချေးငွေအတွက် ကမ္ဘာ့ဘဏ်မှဝန်ဆောင်စရိတ်(ဝဒသမ ၇၅သန်း)သာ ရယူမည်ဖြစ်သည်။

"ဒီချေးငွေအတွက်ကတော့ ဘယ်စီမံကိန်းတွေမှာလုပ်မယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး။ အစိုးရအခြေခံအဆောက်အအုံတွေ မှာတော့အဓိကလေ့လာနေပါတယ်" ဟုဎင်းက ဆက်လက်ရှင်းပြသည်။

လက်ရှိတွင်ကမ္ဘာ့ဘဏ်အနေ ဖြင့် လူထုအခြေပြုဖွံ့ဖြိုးရေး

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၃ | ၈၅၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၃ | ၈၅၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၉ | ၇၀၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၈ | ၁၁၀၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၅ | ၂၇. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၂ | ကျပ် |

၂၀၁၂ နိုဝင်ဘာ ၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၈၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၄၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၄၁၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၈၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၄၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၀. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၁၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၀၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၈၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၅၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၄၆၇၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၇၅. ၂၀ |
| ရေနံစိမ်း | စည် | ၁၀၅. ၆၈ |
| ငွေ | ၁ အောင်စ | ၃၀. ၈၆ |
| ကြေးနီ | ပေါင် | ၃၄၈. ၁၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ နိုဝင်ဘာ ၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## အီတာလျံ-ထိုင်းကုမ္ပဏီ ထားဝယ်စီမံကိန်းတွင် အထည်ချုပ်၊ အစားအသောက်နှင့် ပရိဘောဂစက်ရုံများ တည်ဆောက်မည်

**ဘန်ကောက်၊**
**အောက်တိုဘာ-၃၁**

ထားဝယ်ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးရေးကို လုပ်ကိုင်နေသော အီတာလျံ-ထိုင်းကုမ္ပဏီ ITD သည် ၎င်း၏ ထားဝယ်ဆိပ်ကမ်းစီမံကိန်း၌ ၂၀၁၄ မှစ၍ အပေါ့စားစက်မှုလုပ်ငန်းများဖြစ်သည့် အထည်ချုပ်၊ အစားအသောက်နှင့် ပရိဘောဂစက်ရုံများကို ၂၀၁၄ တွင် စတင်လည်ပတ်နိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။

ITD ၏ ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီ DDC သည် လာမည့်နှစ်ဆန်းမှစ၍ စုစုပေါင်းမြေအကျယ် ဟက်တာ ၂၄,၀၀၀ မှ ၁၀၀ ခန့်ကို စက်ရုံ၊ အဆောက်အအုံများ ဆောက်လုပ်သွားမည်ဟု ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဆုနိမ်ချတ်သီနာပေါင်က ပြောသည်။

၎င်းက ဘန်ကောက်ပို့စ်သတင်းသို့ "ကျွန်တော်တို့ဟာ ဒီဧရိယာထဲမှာပဲ အဆောက်အအုံတွေနဲ့ တခြားစက်ရုံတွေကို လာမယ့်နှစ်ဆန်းမှာဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ၂၀၁၄ လောက်မှာ အားလုံးစတင်လည်ပတ်ဖို့ အဆင်သင့်ဖြစ်ပါမယ်" ဟု ပြောသည်။

ထားဝယ်စီမံကိန်းတွင် အကြီးစားစက်မှုလုပ်ငန်းကြီးများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရာ၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများအတွက်ပင် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ကုန်ကျမည်ဖြစ်ကာ စုစုပေါင်း ကုန်ကျစရိတ်များမှာ ဒေါ်လာ ၅၀ ဘီလီယံအထိ ရှိနိုင်ကြောင်း သိရသည်။

—*Ref: Bangkok Post*

## ဗီဇာကတ်များ သုံး၊ လေးလအတွင်း အသုံးပြုနိုင်မည်



ဗီဇာကတ်နှင့် ငွေပေးချေနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးရှိလာမည်ဖြစ်သည်။
ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

**အောင်သူရ**
**ရန်ကုန်၊ နိုဝင်ဘာ - ၃**

ကမ္ဘာလှည့်ခရီးသွားများ အများဆုံးအသုံးပြုသော ဗီဇာကတ်များအားမြန်မာနိုင်ငံတွင် နောက်သုံးလေးလအတွင်း အသုံးပြုနိုင်လိမ့်မည်ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းက နိုဝင်ဘာလ ၃ ရက်တွင် ပြောကြားသည်။

"မြန်မာ့ဆက်သွယ်ရေးနဲ့ ဆွေးနွေးပြီး နိုင်ငံတကာ နက်ဝ့ါခ်နဲ့ချိတ်နိုင်အောင် လုပ်ပြီးမှ သုံးလို့ရမှာသူတို့အပြောအရဆိုရင် နှစ်ပိုင်းခွဲလုပ်မယ်။ အေတီအမ်ကတ်က ၃လ၊ ၄ လမှန်းတယ်။ POS (Point Of Sale) ကတော့ ၆လ၊ ၇ လလောက်ကြာဦးမယ်" ဟု နိုဝင်ဘာ ၃ ရက်က ပြုလုပ်သော မြန်မာနိုင်ငံမှ ဘဏ်သုံးခုနှင့် လိုင်စင်သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါဗီဇာကတ်များအား ရန်ကုန်မြို့တွင် ပထမဆုံးအသုံးပြုနိုင်ရန် စီစဉ်သွားမည်ဖြစ်ပြီး မန္တလေးနှင့် ပုဂံမြို့များတွင်ပါ အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကာ နောက်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသွားများ သွားရောက်သော နေရာများတွင်ပါ အသုံးပြုနိုင်ရေးဆောင်ရွက်သွားရန်ရှိကြောင်းဗီဇာကုမ္ပဏီ၏အရှေ့တောင်အာရှနှင့် ဩစတြေးလျ-အာရှဆိုင်ရာ မန်နေဂျာမစ္စတာပီတာမေဟာက ပြောသည်။

"ဒီလိုလက်မှတ်ထိုးတယ်ဆိုတာ သမိုင်းဝင်အပြောင်းအလဲတစ်ခုပဲ။ မနှစ်က ထိုင်းနိုင်ငံမှာ ဗီဇာကတ်နဲ့ သုံးစွဲမှုက ခြောက်ဘီလီယံရှိတယ်။ ဗီယက်နမ်မှာ သန်း ၈၀၀ ကျော်သုံးသွားတယ်။ ဒီမှာသုံးလို့ရလို့ တစ်နှစ်အတွင်း သန်း ၅၀၀ သုံးမယ်ဆိုရင်တောင် မဆိုးဘူး"ဟုကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

ဗီဇာကတ်ကုမ္ပဏီနှင့်မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်နှင့်မြန်မာအရှေ့တိုင်းဘဏ်တို့သည် နိုဝင်ဘာလ ၃ ရက်က ဆီဒိုးနားဟိုတယ်တွင် ပထမဆုံးလိုင်စင်သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

စာ(၃၃) - ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၁၆၅ သန်း အတိုးမဲ့ချေးမည် မှ

လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ထောက်ပံ့ငွေကန်ဒေါ်လာ သန်း ၈၀ ကို စတင်ထုတ်ပေးမည်ဖြစ်သည်။ ယင်းထောက်ပံ့ငွေကို ၁၈ လအတွင်းမဟာ ဗျူဟာစီမံကိန်းများချမှတ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းစီမံကိန်းမှာခြောက်နှစ်ကြာမြင့်မည်ဖြစ်ပြီး ၎င်းစီမံကိန်းပြီးမှသာ ချေးငွေ ၁၆၅ သန်း ရရှိမည်ဖြစ်သည်။

အဆိုပါချေးငွေကို စီမံကိန်းများဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများကိုထောက်ပံ့ရန်လည်း အစိုးရနှင့်တွဲဖက် ဆောင်ရွက်နိုင်ခြေရှိကြောင်း သိရသည်။

စာ(၃၃) - အမြန်လမ်းဘေး သစ်တောစိုက်ခင်းအမည်ခံ မြေလက်ဦးယူမှုများ ကြီးထွားနေဟုဆို မှ

နှစ် ၃၀၊ နောက် ၁၅ နှစ် နှစ်ကြိမ် လောက်ထိ သက်တမ်းတိုးနိုင်တဲ့ အတွက် နှစ် ၆၀ ဖြစ်သွားတယ်။ လက်ရှိပေးရတဲ့ ကာလတန်ဖိုး ကလည်း သူတို့အတွက် မုန့်ဖိုးလောက်ရှိတာဆိုတော့ မြေကို မပိုင်ရင်တောင် ကိုင်ထားချင်တယ်။ နောက်ပြီးလိုသလို ပုံဖော်သွားမှာပေါ့ဗျာ" ဟု ၎င်း၏အမြင်ကို ပြောပြသည်။






7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# Commodity Watch

## မူဆယ်မြို့အဝင် မောင်းတံဂိတ် အချိန်စောပိတ်ကာ ဖြတ်သန်းသွားသူများအား ငွေကြေးတောင်းခံ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၃၁**

သက်ဆိုင်ရာက ည ၁၀ နာရီထိ သွားလာခွင့်ပြုထားသော မူဆယ်မြို့အဝင် မောင်းတံအား ည ၁၀ နာရီမထိုးခင်ပိတ်ကာ ဖြတ်သန်းသွားလာလိုသူများအား ငွေကြေးတစ်စုံတစ်ရာပေးမှ ဖွင့်ပေးကြောင်း သတင်းရရှိသည်။

အောက်တိုဘာလ ၃၁ ရက်ကပြုလုပ်သော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြှင့်တင်ရေးလစဉ်ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသော ဒေသခံများက ပြောကြားခြင်းဖြစ်သည်။

"၇ နာရီခွဲ ၈ နာရီခွဲပဲရှိသေးတယ်။ ရွာကလူတွေပြန်လာတဲ့အခါမှာ မောင်းတံပိတ်ထားပြီး ပိုက်ဆံတောင်းတယ်။ နှစ်ခါသုံးခါဖြစ်ပြီး ရွာထဲမှာ ပိုက်ဆံပေးတယ်။ တစ်စီးကို သုံးထောင်ကနေ ငါးထောင်ထိပေးရတယ်" ဟု တင်ပြပြောဆိုခဲ့သည်။

မူဆယ်မြို့အဝင်ဂိတ်မောင်းတံအား ည ၇ နာရီနောက်ပိုင်း ကုန်ကားများသွားလာခွင့် ပိတ်ထားသော်လည်း အိမ်စီးကားများကိုမူည ၁၀ နာရီထိ သွားလာခွင့်ပေးရန် သက်ဆိုင်ရာက ယခုနှစ်ဩဂုတ်လက ညွှန်ကြားခဲ့သည်။ "အဲဒီလိုကြုံလာရင် ရဲမှူးဆီဖုန်းဆက်ပါ။ ကျွန်တော်တတ်နိုင်သမျှ ကူညီပါမယ်" ဟု အဆိုပါဂိတ်အား တာဝန်ယူထားသော မူဆယ်မြို့နယ် ဒုရဲမှူးဦးရွှေဝင်းက ပြောသည်။

ယခုနှစ်ဧပြီလဆန်းမှစ၍ မူဆယ်မြို့အဝင်ဂိတ်အား ည ၇ နာရီပိတ်ရန်ညွှန်ကြားခဲ့ပြီး ဩဂုတ်လမှစ၍ စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းမြင့်က ပြည်နယ်ဝန်ကြီးချုပ်နှင့်ညှိနှိုင်းကာ လူစီးကားများကို ည ၁၀ နာရီထိသွားလာရန် ခွင့်ပြုပေးခဲ့သည်။

## ကမ္ဘာ့ဈေးနှင့်အတူ ပြည်တွင်းရွှေဈေး လိုက်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ကမ္ဘာ့ရွှေဈေးကျဆင်းသဖြင့် ပြည်တွင်းရွှေဈေး တစ်ရက်တည်း ကျပ်တစ်သောင်းကျော်ထိ ဈေးကျသော်လည်း ရွှေဝယ်လိုအားမြင့်တက်ခြင်း မရှိသေးကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောကြားသည်။

"ကမ္ဘာ့ဈေးက ဒေါ်လာ ၃၀ နီးပါးကျသွားတာကြောင့် ပြည်တွင်းဈေးလည်း ကျတာများသွားတာ။ ဈေးကျပေမယ့် ဈေးကွက်အရောင်းအဝယ်တော့ထူးထူးခြားခြား သိပ်မရှိသေးဘူး။ ဝယ်တဲ့သူလည်းမရှိသေးဘူး။ ဈေးကွက်စောင့်ကြည့်နေကြတဲ့ သဘောပဲ" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁၇၅၂ ဒေါ်လာဝန်းကျင်ရှိနေရာမှတစ်အောင်စလျှင် ၁၆၇၃ ဒေါ်လာထိ ကျဆင်းသွားသည်။

ထို့ကြောင့်ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၆၅,၀၀၀ ကျပ်ရှိရာမှ ၇၅၅,၀၀၀ ကျပ်ထိဈေးနှုန်းများ ကျဆင်းလာခဲ့သည်။

ပြည်တွင်း ရွှေဈေးနှုန်းကို ကျပ် ၇၆၀,၀၀၀ အောက် မကျနိုင်ဟု ခန့်မှန်းထားသော်လည်း ကမ္ဘာ့ရွှေဈေးကျဆင်းမှုများသောကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ ကျဆင်းသွားခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

လတ်တလောတွင် ရွှေဈေးအတက်အကျမှာ ခန့်မှန်းရခက်နေပြီး ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။ ထို့ကြောင့်ပြည်တွင်းရွှေဈေးကွက်တွင် ဝယ်လိုအားမရှိသေးဘဲ ဈေးကွက်စောင့်ကြည့်နေသည့် အနေအထားဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

လတ်တလောတွင်ပြည်တွင်းရွှေပေါက်ဈေးနှင့် ကမ္ဘာ့ရွှေပေါက်ဈေးမှာ တန်းတူဖြစ်နေကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 110,000 |
| Galaxy GIO | 133,000 |
| Galaxy Ace | 162,000 |
| Galaxy Ace Plus | 195,000 |
| Galaxy Ace 2 | 234,000 |
| Galaxy S Advance | 262,000 |
| Galaxy S2 | 245,000 |
| Galaxy Note | 332,000 |
| Galaxy S3 | 460,000 |
| Galaxy Note II | 537,000 |

**YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### SONY

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Neo L | 185,000 |
| Xperia Sola | 196,500 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 1,025,000 |
| iPhone 5 (16 GB) | 885,000 |
| iPhone 4S (64 GB) | 890,000 |
| iPhone 4S (32 GB) | 660,000 |
| iPhone 4S (16 GB) | 605,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 114,000 |
| C 8810 | 114,000 |
| T 8600 | 84,000 |
| C 8825 D | 147,000 |
| U 8836 D | 185,000 |
| U 8825 D | 123,000 |
| Ascend P1 | 265,000 |

**နိုဝင်ဘာ(၃) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၇၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၁၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**နိုဝင်ဘာ(၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Oct(28) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(29) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(30) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(31) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(1) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(2) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(3) | 3,650 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012



# 'ဆန်ဒီ' ကို သင်ခန်းစာယူခြင်း

**■ ကြည်နေဝင်းမင်း**

ဟာရီကိန်းမုန်တိုင်း 'ဆန်ဒီ' နိုင်ငံ၏ အရှေ့မြောက်ပိုင်းအတ္တလန္တိတ်ကမ်းရိုးတမ်းတစ်လျှောက်အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ဝင်ရောက်မွှေနှောက်ခဲ့ပြီးနောက် နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကူမိုတစ်ယောက်ထိတ်လန့်တုန်လှုပ်နေသောမြို့တော်ကြီးအား လှည့်ပတ်ကြည့်ရှုပြီး သတင်းထောက်များနှင့် တွေ့ဆုံခဲ့သည်။ မုန်တိုင်းကြောင့် မက်ဟက်တန်အောက်ပိုင်း၊ စတက်တင်ကျွန်းနှင့် ဘရွတ်ကလင်း၊ ကွင်းစ်ခရိုင်ဒေသအချို့မှာရေနစ်မြုပ်ခဲ့သည်။ နယူးဂျာစီကမ်းခြေအားလုံး လုံးဝဥဿုံပျက်စီးသွားစေခဲ့သည်။ မြောက်ကယ်ရိုလိုင်းနား၊ မိန်းပြည်နယ်များမှသည် မီချီဂန်အထိ ပြည်နယ်ပေါင်း တစ်ဒါဇင်ကျော်အား ဖြတ်သန်းသွားသောဆန်ဒီကြောင့် လူ ၅၀ ကျော်သေဆုံးပြီး လူပေါင်း ၈ သန်းခန့် လျှပ်စစ်မီး ပြတ်တောက်ခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှု ကန်ဒေါ်လာဘီလီယံ ၂၀ ကျော်ရှိခဲ့သည်။ အင်အားပြင်းထန်မှု အဆင့်တစ်သာသတ်မှတ်ထားသော မုန်တိုင်းငယ်လေးက ပျက်စီးဆုံးရှုံးမှု ကြီးမားပြင်းထန်စေခဲ့ပြီ ဖြစ်သည်။

သို့သော် မစ္စတာကူမို အတွက်မူ 'ဆန်ဒီ' မှာဒီထက်ပိုဆိုးနိုင်သော မုန်တိုင်းများ၏ ရှေ့ပြေးပင်ဖြစ်သည်။ "အနှစ်တစ်ရာမှာ တစ်ကြိမ်ဖြစ်တဲ့ ရေကြီးမှုမျိုးကို ကျွန်တော်တို့ ၂ နှစ်တစ်ကြိမ် ကြုံနေရပြီ။ နောက်တစ်ခါဒီလို ရာသီဥတုမျိုးကြုံလာရင် ကျွန်တော်တို့အနေနဲ့ ဒီထက်ကြိုတင်ပြင်ဆင်ထားဖို့ ကာကွယ်ထားဖို့ လိုအပ်ပါတယ်" ဟုနယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆိုသည်။

အမှန်တကယ်ပင် ကျွန်တော်တို့ပြင်ဆင်ထားဖို့ လိုအပ်ပါသည်။ လူပေါင်းများစွာနှင့် အဆောက်အအုံပိုင်ဆိုင်မှုပေါင်းများစွာမှာ ကမ်းရိုးတန်းဒေသများတွင် တည်ရှိသည် မဟုတ်ပါလော။ ရာသီဥတုပြောင်းလဲမှုကိစ္စလည်း ရှိပါသေးသည်။ ဆန်ဒီကဲ့ သို့မုန်တိုင်းမျိုးကို အနာဂတ်တွင် ပိုမိုကြုံတွေ့ရနိုင်သည်။ သို့သော်ထိုအနာဂတ်ကို ကိုင်တွယ်ရန် ကျွန်တော်တို့ အဆင်သင့်မဖြစ်သေးပါ။ သမ္မတရွေးကောက်ပွဲမဲဆွယ်ရေးလမ်းကြောင်းတွင် ကမ္ဘာကြီးပူနွေးလာမှုအကြောင်း ငြင်းခုံဆွေးနွေးမှုမရှိသလောက် ဖြစ်နေခြင်းကို ကြည့်ပါက သိသာပါသည်။ သတင်းကောင်းမှာ ကျွန်တော်တို့ ပြင်ဆင်ချိန်ရပါသေးသည်။ ဆန်ဒီကိုသင်ခန်းစာယူခဲ့လျှင် ပြင်ဆင်နိုင်သည်။

၁၉၃၈ ခုနှစ်တွင်နိုင်ငံအရှေ့မြောက်ပိုင်းမှာပင် Long Island Express ဟုခေါ်သော ဟာရီကိန်းဝင်ရောက်ခဲ့စဉ်က သတိပေးချက်လည်းနည်းပါးပြီး ပြင်ဆင်ချိန်လည်းသိပ်မရခဲ့။ ယင်းမုန်တိုင်းကြောင့် လူပေါင်း ၈၀၀ အထိသေဆုံးခဲ့ပြီး အမေရိကန်သမိုင်းတွင် လူအသေအပျောက် အများဆုံးသောမုန်တိုင်းတစ်ခုဖြစ်ခဲ့သည်။ သို့သော် ယနေ့အချိန်အခါတွင် ထိုမျှလောက် ပြင်ဆင်မှု ကင်းမဲ့မနေခဲ့ပါ။ အမေရိကန်မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေးဂြိုဟ်တုပေါင်း နှစ်ဒါဇင်ကျော်က ကမ္ဘာမြေကြီးကို စောင့်ကြည့်ပြီး ရာသီဥတုကိုကြိုတင်ခန့်မှန်းပေးနေပါသည်။ ယင်းသို့ပြင်ဆင်ထားသည့်ကြားမှာပင် နာဆာ၏ GOES-East ဂြိုဟ်တုတစ်လုံး စက်တင်ဘာလအတွင်း ရုတ်တရက်ပျက်သွားခဲ့သည်။ သို့သော် ကံကောင်းထောက်မစွာပင် နာဆာတွင် အရန်ဂြိုဟ်တုတစ်လုံး အဆင့်သင့်ရှိနေခဲ့ပြီး ဆန်ဒီမုန်တိုင်းစတင်ဖြစ်ပေါ်ချိန်တွင် အစားထိုးဝင်ရောက်နေရာယူနိုင်ခဲ့သည်။ သို့သော် ဘတ်ဂျက်ဖြတ်တောက်မှုများနှင့် အစိုးရ၏ ရေရှည်မကြည့်မှုများက အမေရိကန်ဂြိုဟ်တုအုပ်စုများကို ခြိမ်းခြောက်နေသည်။ သုတေသနဂြိုဟ်တုနှင့် အလုပ်လုပ်သော ဂြိုဟ်တုများလိုအပ်ချက်ရှိနေသည်ဟု ဂျော်ဂျီယာတက္ကသိုလ်ကမ္ဘာ့ပတ်ဝန်းကျင်လေထုလေ့လာရေး သိပ္ပံဌာနမှ ဒါရိုက်တာမစ္စတာဂျေ၊မာရှယ်ရှက်ပတ်ကပြောပါသည်။ အာကာသရှိ အခြေခံအဆောက်အအုံ အတွက် တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း သဘာဝဘေးအန္တရာယ်ပျက်စီးမှုမှ ငါးဒေါ်လာသက်သာနိုင်ခြင်းကြောင့် အာကာသလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရေးမှာ စီးပွားရေးအရတွက်ခြေကိုက်သည်။

ဟာရီကိန်း 'ဆန်ဒီ' တိုက်ခိုက်ချိန်မှာ ဒစ်ဂျစ်တယ်အမှတ်အသားကာလပင်ဖြစ်ပါသည်။ လျှပ်စစ်မီးပြတ်တောက်သွားသူများက မီးပြတ်သွားကြောင်းတွစ်တာမှနေ၍ သတင်းပို့ကြသည်။ အချို့သောနေရာများတွင် လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုမှာ ရှောင်လွှဲမရနိုင်ပါ။ စိတ်အချရဆုံး မဟာဓာတ်အားလိုင်းစနစ်များပင် ဆန်ဒီကဲ့သို့မုန်တိုင်းဒဏ်ကို ခံနိုင်မည်မဟုတ်ပါ။ သို့သော် ၂၁ ရာစုစီးပွားရေးအား ၂၀ ရာစုလျှပ်စစ်ဖြန့်ဖြူးရေးနည်းပညာများဖြင့် မပံ့ပိုးနိုင်ပါ။ အချိန်ကြာမြင့်စွာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းများမှာ ဆန်ဒီမုန်တိုင်း မတိုင်ခင်ကပင် ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ယမန်နှစ် Halloween ကာလ ကမောက်ကမနှင်းမုန်တိုင်းများတိုက်ပြီးချိန်မှာပင် အရှေ့မြောက်ပိုင်းမှ နေအိမ်ပေါင်း ၃ ဒသမ ၂ သန်းနှင့်စီးပွားရေးလုပ်ငန်းများမှာ ရက်သတ္တပတ်တစ်ပတ်ကျော်ကြာ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။ နယူးဂျာစီနှင့် ကွန်နက်တီကတ်ပြည်နယ်ကျေးလက်နေအိမ်များဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သောအိန္ဒိယမှာကဲ့သို့ မီးပျက်သွားလျှင် မီးရရှိရန် ဂျင်နရေတာများ တပ်ဆင်ထားကြသည်။

လျှပ်စစ်ဖြန့်ဖြူးသော ကုမ္ပဏီကြီးများအနေဖြင့် ငွေကြေးကျပ်တည်းမှုကြားမှပင် မုန်တိုင်းဒဏ်အတွက် ဓာတ်အားလိုင်းများကို ပြင်ဆင်နိုင်ပါသည်။ ဆန်ဒီမုန်တိုင်းမတိုက်မီက ယင်းကုမ္ပဏီများက ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ကိုင်းများခုတ်ချခြင်းများလုပ်ဆောင်ခဲ့ပါသည်။ အပျက်အစီး နည်းပါးစေခဲ့သော်လည်း လုံးဝတော့ မထိန်းချုပ်နိုင်ခဲ့ပါ။ ဓာတ်အားလိုင်းများကို မြေမြှုပ်ထားနိုင်ပါသည်။ သို့သော် ယင်းသို့လုပ်ဆောင်ခြင်းမှာ ကုန်ကျစရိတ်များပါသည်။ အထူးသဖြင့်မြို့ကြီးများမှ ဝေးလံရာဒေသများ၌ မြေမြှုပ်ထားရန်ခက်ခဲပါသည်။

ထို့ကြောင့်ပင် အမေရိကန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ၁၈ ရာခိုင်နှုန်းသာ မြေအောက်ကြိုးများ ဆွဲထားခြင်းဖြစ်သည်။ လိုအပ်နေသည်မှာ စမတ်ကျသော နည်းပညာအသုံးချသည့် ဓာတ်အားလိုင်းစနစ်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို အလျင်အမြန်သိရှိပြီး အခြားနေရာများသို့ ပျံ့နှံ့မသွားမီလိုင်းများပြတ်တောက်လျှင် အချိန်မီပြင်ဆင်ရေးဖြစ်သည်။ ခေတ်သစ်လူမှုဘဝများမှာ လျှပ်စစ်မီးပေါ်တွင် မှီခိုနေရသောကြောင့် လျှပ်စစ်ဖြန့်ဖြူးမှုမှာ တွစ်တာထက်စိတ်ချရရန် လိုအပ်ပါသည်။

ရာသီဥတုသိပ္ပံပညာရှင်များမှာလည်း ဆန်ဒီကဲ့သို့ ဟာရီကိန်းမုန်တိုင်းများ ပိုမိုကြီးမားပြီး ပိုမိုအင်အားပြင်းထန်လာခြင်းအတွက် ကမ္ဘာကြီးပူနွေးလာမှုကို မည်သည့်အခန်းကဏ္ဍမှ ပါဝင်အားဖြည့်နေသည်နှင့် ပတ်သက်၍ သဘောထားကွဲလွဲနေကြပါသည်။ သို့သော် အပူပိုင်းမုန်တိုင်းများမှာ ပူနွေးသော ရေပြင်မှဖြစ်ပေါ်လာသော စွမ်းအင်မှ တစ်ဆင့်ထွက်ပေါ်လာသည်ဟု သုတေသီများက သိရှိကြပါသည်။ ထို့အတွက်ကြောင့်ပင် ဟာရီကိန်းမုန်တိုင်းများမှာ အပူပိုင်းဇုန်ဒေသများ၌ ပို၍အတွေ့ရများပါသည်။ အတ္တလန္တိတ် သမုဒ္ဒရာရေပြင်မှာလွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကနှင့်နှိုင်းယှဉ်လျှင် ၂ ဒီဂရီဖာရင်ဟိုက်(၁ ဒီဂရီစင်တီဂရိတ်)ပိုမိုပူနွေးလာခဲ့ပြီဖြစ်သည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် လူတို့ပယောဂကြောင့်ဖြစ်ပေါ်သည့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်။ ရေပြင်များပူနွေးလာလေ၊ မုန်တိုင်းများပြင်းထန်လာလေဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုမှနေ၍ ပိုမိုအင်အားပြင်းထန်သော၊ ပိုမိုစိုစွတ်သော မုန်တိုင်းများဆီသို့ ဦးတည်သွားလိမ့်မည်ဆိုသည်ကို သိပ္ပံပညာရှင်များက သဘောတူကြပါသည်။


ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်များလည်း မြင့်တက်လာသည် ဆိုသည့် အချက်ကိုလည်းသိပ္ပံပညာရှင်များသိရှိကြပါသည်။ ပျမ်းမျှအားဖြင့် ပင်လယ်ရေမျက်နှာပြင်များ ၈လက်မ (၂၀ စင်တီမီတာ) ခန့်မြင့်တက်လာခဲ့ပြီဖြစ်ရာ မုန်တိုင်းဝင်ရောက်ခြင်းနှင့်အတူ ပင်လယ်ကမ်းရိုးတန်းရေကြီးရေလျှံမှုများလည်းကြီးမားလာခဲ့ရာ ပျက်စီးဆုံးရှုံးမှုများ ကြီးမားကျယ်ပြန့်လာပါတော့သည်။

"ဒီတစ်နှစ်၊ နှစ်နှစ်အတွင်း ကျွန်တော်တို့နိုင်ငံနဲ့ ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ရတဲ့ မုန်တိုင်းတွေဟာအရင်ကထက်ပိုပြီး ပြင်းထန်လာတယ်ဆိုတာကတော့ ရှင်းနေပါတယ်" ဟု 'ဆန်ဒီ' မုန်တိုင်းက နယူးယောက်မြို့အား မွှေနှောက်ဖျက်ဆီးပြီးနောက် တစ်ရက်တွင် မြို့တော်ဝန်မိုက်ကယ်ဘလွန်းဘာ့ဂ်က ဆိုသည်။ "ဒီကိစ္စတွေကိုကျွန်တော်တို့ကိုင်တွယ်ဖြေရှင်းရပါလိမ့်မယ်" ဟုရင်းကဆက်လက်ပြောပါသည်။ ယင်းမှာ 'ဆန်ဒီ' မုန်တိုင်း၏ နောက်ဆုံးသင်ခန်းစာပင်ဖြစ်သည်။ လောလောဆယ်တွင်ကျွန်တော်တို့မပေးဆပ်ပါကနောက်ပိုင်း၌ သေချာပေါက်ပေးဆပ်ရပါလိမ့်မည်။

*—Ref: Time*


သင့် စိတ်ကူးအိပ်မက်ထဲက
ပြီးပြည့်စုံသော အလှတရားအတွက် . . .
Gold jojoba
For Dreamy Skin
Rejuvenating Night Oil
Zilam
Made In Australia


သက်ရှည် ကျန်းမာစေဖို့ . . .
အကောင်းဆုံး ဝါကျွတ်လက်ဆောင်
SWISS DESIGN
microlife®
အဆင့်မြင့်သွေးပေါင်ချိန်တိုင်းစက်


ILBC
PRESCHOOL
ILBC Thumingalar (YANGON)
Tel: 01-578732, 562401
ILBC Parami Sein Gay Har (YANGON)
Tel : 09 425313693, 09 49304679
ILBC Sanchaung (YANGON)
Tel : 01-510293, 511377
09 49222697
ILBC Latha (YANGON)
Tel : 01-372212

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## 7DAY BOOK REVIEW

### ဖဲမွေ့ရာပေါ်က ယောက်ျားမဟုတ်သော စက်ရုပ် (ဒေါက်တာစိုးလွင်)




ယခုအပတ် ဖတ်ညွှန်းကဏ္ဍတွင် ဝါကျွတ်အချိန်အခါနှင့် တိုက်ဆိုင်နေပါ၍ အိမ်ထောင်ရေးပညာပေးဆေးပညာစာအုပ်တစ်အုပ်ကို မိတ်ဆက်ပေးမည်ဖြစ်ပါသည်။

သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင် ရေးသားသော (၂၁) အုပ်မြောက်စာအုပ်ဖြစ်သည့် ယခုစာအုပ်တွင် စုစုပေါင်း ဆောင်းပါး (၂၈) ပုဒ်ပါဝင်ပြီး အားလုံးလိုလိုမှာ ပေါ့ပေါ့ပါးပါးဖြင့် ဖတ်ရှုရမည်ဖြစ်သော အိမ်ထောင်ရှင်များနှင့် သက်ဆိုင်သည့် စာအုပ်ဖြစ်သည်။ ဒေါက်တာစိုးလွင်၏ ရေးဟန်အတိုင်း ခေါင်းစဉ်ငယ်ကလေးများ ပေးထားပုံမှာ မျက်စောင်းတစ်ချက်၊ ခါးတစ်လက်၊ နာရီလက်တံကြီး နောက်ပြန်ရွေ့ချင်၊ မနာကျင်အောင် ကြင်နာပါ၊ ဖယောင်းလားသံမဏိလား စဉ်းစား၊ မီးတောက်မီးလျှံတွေကြားက စောင်းသံ၊ ရွံ့နွံတွေကြားက ကြာဖြူပန်းတစ်ပွင့်၊ စက်ရုပ်မဟုတ်သောယောက်ျားနှင့် အရုပ်မဟုတ်တော့သောမိန်းမ အစရှိ၍ ဖတ်ရှုရပါမည်။ ဆောင်းပါးများတွင် ကိုမိုးနှင့် သူသူဆိုသည့် ညားခါစချစ်သူနှစ်ဦးတို့၏ အခက်အခဲနှင့် အဆင်မပြေမှုများ၊ သူ့အတ္တ ကိုယ့်အတ္တ အပြိုင်လွန်ဆွဲတတ်ပုံ၊ တစ်ဦးနှင့်တစ်ဦး မြတ်နိုးစုံမက်ပါသော်လည်း နားလည်မှုမရရှိသည့် အိမ်ထောင်သည်ဘဝကို ဒေါက်တာစိုးလွင်ကိုယ်တိုင် ဇာတ်ကောင်တစ်ဦးသဖွယ်ပါဝင်ပြီး ဝင်ရောက်ဆွေးနွေးရေးသားထားသည်။ ထို့အပြင် ကိုမိုးနှင့် သူသူအပါအဝင် ၎င်းကြုံတွေ့ခဲ့ရသော အိမ်ထောင်သည်အချို့၏ မပြေလည်မှုများ၊ အခက်အခဲများ၊ နီးလျက်နှင့်ဝေးနေသော အဖြစ်အပျက်များကို ပေါင်းစပ်ရေးသားထားသည်။ အမှာတွင် "သူတို့နှစ်ဦး၏အဖြစ်သည် မည်မျှအံ့ဩစရာကောင်းလိုက်ပါသနည်း၊ သူတို့နှစ်ဦးအတွက်သာ ဤကိစ္စသည် ကြီးမားပြင်းထန်သည့် ပြဿနာအခက်အခဲကြီး တစ်ခုလိုဖြစ်နေ၏။ ဘေးမှကြည့်ရသည့်သူအတွက်ကတော့ ပြဿနာဖြေရှင်းနည်းက ရှင်းခနဲ လင်းခနဲ သူတို့ ပျောက်ဆုံး၍ ရှာဖွေနေသော အရာသည် ဘယ်အရာနည်း၊ ထိုအရာကရော သူတို့နှင့် ဘယ်လောက်ဝေးဝေးတွင် ရှိသနည်း၊ သူတို့အား သူတို့ရှာဖွေနေသောအရာသည် အနီးဆုံးနေရာတွင်ရှိနေကြောင်း အသင်ကရော လှမ်းအော်ဟစ်၍ အသိမပေးချင်ဘူးလား၊ ဟောသည်လောကကြီး၌လူသားတစ်ဦး၏ ဘဝဟူသည်ပင် ရဖို့ရောက်ဖို့ အဘယ်မျှ ခက်ခဲလှပါသနည်း။ ဟိုးမိုးပေါ်မှ အပ်တစ်ချောင်းချ ဟောသည် မြေကြီးပေါ်၌ အပ်တစ်ချောင်းထောင် ထိုအပ်နှစ်ချောင်း၏ ထိပ်ဖျားခြင်းစုံရသည်ကမှ လွယ်လိမ့်ဦးမည်။ လူ့ဘဝကို ရဖို့က ခက်လှပါဘိခြင်း၊ ရခဲလှသော လူ့ဘဝတွင် လူသားအားလုံးတို့အတွက် အရေးအကြီးဆုံး၊ အလိုအပ်ဆုံး၊ အဖိုးအတန်ဆုံးအရာသည် အဘယ်နည်း၊ လူ့ဘဝကိုကြုံတောင့်ကြုံခဲ ရောက်ရှိလာခဲ့ပြီးမှ ထိုအဖိုးအထိုက်တန်ဆုံး အရေးအပါဆုံးအရာကိုမျှ မရသွားခဲ့လျှင် လူ့ဖြစ်ရကျိုးမှ နပ်ပါမည်တဲ့လား" ဟူ၍ ရေးထားသည်။

စိုးဇင်စာပေက တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဘောပင်တွေကို ဘယ်အချိန်က စတင်ထုတ်လုပ်ခဲ့တာလဲ

ယနေ့ခေတ်၌စာရေးရာတွင် မရှိမဖြစ် အသုံးပြုနေရသော ဘောပွိုင့်ပန်ခေါ် ဘောပင်များကို ဆယ့်ကိုးရာစုအကုန်ပိုင်းကပင် စတင်ပေါ် ပေါက်လာသည်ဟုဆိုနိုင်သည်။ ၁၈၈၈ ခုနှစ်၊ အောက်တိုဘာ ၃၀ တွင် အမေရိကန်လူမျိုး ဂျွန်လောက်ဒ်ဆိုသူ ပုဂ္ဂလိကဘောပွိုင့်ပန်နှင့် ပတ်သက်၍ ပထမဆုံး မူပိုင်ခွင့် မှတ်ပုံတင်ခြင်းကိုပြုလုပ်ခဲ့သည်။ ထို့နောက် ခေတ်အဆက်ဆက်တီထွင်မှုများရှိခဲ့သည်။ ဂျွန်လောက်ဒ်၏ တီထွင်မှုမှာ မင်ကိုထိန်းသိမ်းထားပြီး ဘောပင်ထိပ်ဖျားတွင် လည်နေသောဘောစေ့ဖြင့် စာရေးသားစေနိုင်ရန် ဖြစ်သည်။ သို့သော် ၎င်းသည် ဘောပင်ကို တစ်ကြိမ်မှ မတီထွင်ခဲ့သလို ၎င်းနောက်တွင် မူပိုင်ခွင့်မှတ်ပုံတင်ခဲ့သူ ၃၅၀ ခန့်မှာလည်း ယနေ့ခေတ်ဘောပင်ကဲ့သို့ ဘောပင်များ မတီထွင်နိုင်ခဲ့ပေ။

ထိုစဉ်က ဖောင်တိန်ပင်များ၏ပြဿနာမှာ ဖြည့်ထားသည့်မင်နည်းလွန်းလျှင်ပင် ကျိုးပြီး မင်များလျှင်လည်း မင်ပိတ်ဆို့နေတတ်ခြင်းဖြစ်သည်။ ထို့ပြင် မင်မှာ အပူချိန်ပေါ် မူတည်၍လည်း ပြဿနာရှိနေခဲ့သည်။ နောက်ပိုင်းတွင် ဟန်ဂေရီလူမျိုး သတင်းစာအယ်ဒီတာတစ်ဦးဖြစ်သူ လတ်စ်ဇလိုဘီရိုသည် ဘောပင်ကလောင်ထိပ်၌ ဘော့စေ့တစ်လုံးတပ်ဆင်ပြီး အသုံးပြုရာမှ ၁၉၃၈ တွင် ဗြိတိန်၌ မူပိုင်ခွင့်မှတ်ပုံတင်ခဲ့သည်။ ၁၉၄၁ တွင် ဘီရိုညီအစ်ကိုနှင့် ၎င်း၏သူငယ်ချင်း ဂျူအန်ဂျော့မေနီတို့သည် အာဂျင်တီးနားသို့ ပြောင်းရွှေ့ခဲ့ပြီး Biro Pens of Argentina ကုမ္ပဏီထောင်ကာ Birome တံဆိပ်ဖြင့် ဘောပင်များရောင်းချခဲ့သည်။ အမေရိကန်မှ မီလ်တန်ရေးနိုးဆိုသူက ထိုဘောပင်များကို ဘရာဇီးနိုင်ငံ ဗျူနိုအေးရိစ်မြို့တွင် တွေ့ခဲ့ရာမှ ရေးနိုးနိုင်ငံတကာဘောပင်ကုမ္ပဏီ တည်ထောင်ကာ ထိုကဲ့သို့ဘောပင်များစတင်ရောင်းချခဲ့သည်။ ပထမဆုံးသော အမေရိကန်တွင်ရောင်းချသည့်ဘောလ်ပွိုင့်ပန်များကို ၁၉၄၅ အောက်တိုဘာ ၂၉ တွင် နယူးယောက်၌ တစ်ချောင်းကန်ဒေါ်လာ ၉ ဒသမ ၇၅ ဖြင့်ရောင်းချခဲ့သည်။ —Wiki

## တစ်ပတ်တာကံကြမ္မာ

နိုဝင်ဘာ ၇ ရက်မှ ၁၃ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အညွှန်အဆိုးများ ကင်းစင်၍ ရည်ရွယ်ချက်များ ဆန္ဒရှိသည်များကို အောင်မြင်အောင် လုပ်ကိုင်နိုင်သော အနေအထားရှိသည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ ဖန်တီးနိုင်မည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်။ ပြောဆိုဆောင်ရွက်မှုများ အောင်မြင်မည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ ထူးခြားသော အထောက်အကူရမည်။ ရည်မှန်းချက်သစ်နှင့် အကြံအစည်သစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ချမ်းမြေ့စရာများ ဆက်တိုက်ပေါ် ပေါက်မည်။ အတတ်ပညာနှင့်ပတ်သက်သော ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်း ပူးတွဲဖြစ်ပေါ် မည်။ ဝေးကွာနေသော သူများနှင့် ပူးပေါင်း၍ တိုးတက်ခြင်း ရှိမည်။ ကိုယ်ရေး ကိုယ်တာကိစ္စများကို ဝင်ရောက်စွတ်ဖက်ခြင်း ခံရမည်။ စီးပွားကိစ္စ၊ ငွေကြေးကိစ္စများ လူယုံထား၍ မရ။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ စန်းပွင့်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ သူတစ်ပါးနှင့် တွဲဖက်လုပ်သော လုပ်ငန်းများမှ အောင်မြင်တိုးတက်မှုများ ရရှိမည်။ အကျိုးအမြတ်ရရှိမည်။ တစ်ပြိုင်နက်တည်းတစ်ခုထက်မကသော လုပ်ငန်းများ ဆောင်ရွက်ရမည်။ အဆင့်မြင့်ဘဝ တိုးတက်မှုကို ဖန်တီးနိုင်မည်။ လက်လွန်ထားသော ငွေပြန်ရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အထင်လွဲမှားမှုများ ဖြေရှင်းရမည်။ နားလည်မှု လွဲမှားမှုကြောင့် ပြဿနာများဖြစ်တတ်သည်။ အတိုက်အခံ အခက်အခဲများနှင့် ကြုံမည်။ ပစ္စည်းပျောက်တတ်သည်။ အရေးကြီးသော စာရွက်စာတမ်း၊ ငွေကြေးကိစ္စများတွင် သတိနှင့်ယှဉ်ပြီး ဆောင်ရွက်ပါ။ အရပ်ဝေးမှ ကောင်းသော သတင်းစကားနှင့် ထူးခြားသော ပစ္စည်းရရှိမည်။ မိသားစုတွင် ခြံ၊ ကားနှင့်ပတ်သက်၍ စကားများရမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အရပ်ဝေးနှင့် ဆက်နွှယ်၍ စီးပွားခန တိုးတက်မည်။ အမေ၊ အဖွား၊ အဒေါ် အစရှိသည့် အသက်ကြီးရင့်သူတို့အတွက်ကျန်းမာရေးအညံ့ရှိမည်။ ခရီးသွား၍ အကျိုးရှိမည်။ အပြောင်းအလဲနှင့် တိုးတက်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ အလုပ်လျှောက်၊ အလုပ်ရှာခြင်း၊ ပညာသင်တန်းကိစ္စဆောင်ရွက်ခြင်းအတွက် အထူးကောင်းသောကာလဖြစ်သည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရည်ရွယ်ချက်မြင့်မြင့်မားမားနှင့် တိုးတက်မှုများ ဖန်တီးနိုင်သည်။ မိသားစုအလုပ် စီးပွားများလုပ်ကိုင်အကျိုးပေးမည်။ အဆုံးသတ်ခါနီးမှ အခက်ကြုံပြီး ဆိုင်းငံ့ထားရသည့် ကိစ္စများကို ပြန်လည်ဆောင်ရွက်၍ အဆင်ပြေမည်။ တစ်ပါးသူ၏ ကိုယ်ရေး ကိုယ်တာကိစ္စ၊ လျှို့ဝှက်ချက်များကို ထိန်းသိမ်းကူညီပေးရလိမ့်မည်။ ပေါ် ပေါက်လာသော အခွင့်အရေးများအား လက်ခံပါ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ငွေကြေးကံကောင်းခြင်းများ ဆက်တိုက်ကြုံမည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး တိုးတက်သော အနေအထားနှင့် အကျိုးပေးသော အခြေအနေကို ရရှိမည်။ မိတ်ဆွေတိုးပွားမည်။ ပညာအတတ်နှင့် ပတ်သက်၍ ဆောင်ရွက်သလောက် အကျိုးရှိမည်။ လုပ်ငန်းခွင်မှ သူများအဖို့ ပညာသင်တန်းနှင့်ပတ်သက်သော ကိစ္စများကြုံမည်။ အိမ်ထောင်သည်များတွင် ငွေကုန်များမည်။ တစ်ခုထက်ပိုသော လုပ်ငန်းများလုပ်ရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စီမံရည်ရွယ်ထားသည့် ကိစ္စများကို လက်တွေ့အကောင်အထည်ဖော်သောအခါ အနှောင့်အယှက်များခြင်း၊ ဖရိုဖရဲ ကစဉ့်ကလျား ကြုံမည်။ ခရီးသွား၍ အကျိုးရှိမည်။ နေရာပြောင်း၍ တိုးတက်မည်။ လူမျိုးကွဲနှင့် ပတ်သက်သော ကိစ္စမှ ကောင်းသော အကျိုးဆက်ရမည်။ ငွေမချေးရ။ ဆုံးမည်။ အမြတ်တနိုးထားသော ပစ္စည်းများ ပျောက်တတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေကြေးကံကောင်းမည်။ အရေးကြီးသော ခြေလှမ်းသစ်များ ချမှတ်ဆောင်ရွက်ရမည်။ အတွေ့အကြုံသစ်များရရှိမည်။ ဖြစ်ပေါ် လာသော အပြောင်းအလဲများကို လက်ခံ၍ တိုးတက်မှုများ ဖန်တီးရမည်။ ငွေကြေးကိစ္စ အလုပ်ကိစ္စများတွင် ထူးထူးခြားခြား ကြုံမည်။ ကြိုးပမ်းဆောင်ရွက်ထားသည့်ကိစ္စ၏ အကျိုးဆက်ကောင်းကို ရရှိခံစားရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ချက်ချင်း ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ရသော အနေအထားမှ တိုးတက်မှုများရရှိမည်။ ဆုံးဖြတ်ချက် မှန်ကန်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်ခြင်းမှ အလုံးစုံ အဆင်ပြေသော အနေအထား ကြုံမည်။ ငွေကြေးအတွက် ပြောဆိုမှုများအောင်မြင်မည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်ရမည်။ အပြိုင်အဆိုင် အတိုက်အခံကြားမှ တိုးတက်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်မှန်းချက်များ အောင်မြင်မည်။ အတိုက်အခံများအား ကျော်လွှားနိုင်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ စိတ်တိုဒေါသထွက်လွယ်မည်။ မြှုပ်နှံထားသော ငွေကြေးမှ ကောင်းသော အကျိုးအမြတ်ရမည်။ လူသစ်၊ မိတ်ဆွေသစ်များနှင့် ဆက်ဆံ၍ တိုးတက်မှုသစ်များ ရရှိမည်။ တစ်ခုထက်မကသော လုပ်ငန်းများ လုပ်ရမည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကြန့်ကြာနေသည်များ အလုံးစုံ အဆင်ပြေသွားမည်။ အပြောင်းအလဲရှိမည်။ အလုပ်အခွင့် အလမ်းသစ်များ ပေါ် ပေါက်မည်။ လက်ခံနိုင်သည်။ ရင်းနှီးသူများနှင့် အမြင်မတူညီမှုများဖြစ်၍ ပဋိပက္ခအသွင် မဆောင်အောင် ဆောင်ရွက်ပါ။ လုပ်ကိုင်နေကျ မဟုတ်သော အလုပ်များ ဆောင်ရွက်ရမည်။ အလုပ်ပို တာဝန်ပိုများ ဆောင်ရွက်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၀၇)



## အလျားလိုက်

၄။ လတ်တလော ယူကျူ့ဘ်တွင် နာမည်အကြီးဆုံးသီချင်း
၅။ အရည်အသွေးမပြည့်ဟု လယ်သမားများပြောသည့်ပစ္စည်း
၉။ ရေနံချောင်းတွင် ဖျက်သိမ်းမည့်အရာ
၁၀။ အသက်အန္တရာယ်ထိခိုက်နိုင်သော အချိုရည်
၁၁။ အမေရိကန်ရွေးကောက်ပွဲတွင် ယိမ်းကနေသော ပြည်နယ်တစ်ခု
၁၂။ ရန်ကုန်မြို့လမ်းမများတွင် အတွေ့ရများလာသူလေးများ

## ဒေါင်လိုက်

၁။ ရေပူ၊ ရေအေးအသင့်ရရှိနိုင်သည့်ပစ္စည်း
၂။ ရင်သားလှီးဖြတ်ဖယ်ထုတ်ခြင်း
၃။ ရွှေ့လျားစစ်ဆေးရေးအဖွဲ့ ဖွဲ့ရသည့် အကြောင်းရင်း
၆။ ပြည်တွင်းဈေးကွက်တွင် ရောင်းမည့်ကား
၇။ နေပြည်တော်တွင် ထုတ်လုပ်ဖြန့်ဖြူးမည့်အရာ
၈။ သုံးပွင့်ဆိုင်အဖွဲ့ဟု အဓိပ္ပာယ်ရသောစကားလုံး


**Smart Dictionary ကံထူးသူ**

၁။ တင်အောင်ဝင်း၊ ၁၂/ဒဂဆ(နိုင်)၀၁၀၁၃၅ အခန်း(၂၀၇)၊ နိမ္မာန်လမ်း၊ မေတ္တာညွန့်၊ တာမွေ။

**ကျန်အဖြေမှန်သူများ**

၂။ နုနုမြိုင်၊ ၅/ခဥတ(နိုင်)၀၀၄၈၂၅
၃။ ရိရိမော်၊ ၁၂/ကတတ(နိုင်)၀၁၀၈၇၅
၄။ အောင်မျိုးသွင်၊ ၁၂/မညန(နိုင်)၁၄၀၇၈၆
၅။ နှင်းသီရိထိုက်၊ ၁၂/သဃက(နိုင်)၁၇၆၀၈၈
၆။ ရွှေစင်ဟန်၊ ၉/ခမဆ(နိုင်)၀၃၀၁၆၁
၇။ နှင်းဟေမာအောင်၊၁၀/ကထန(နိုင်)၀၉၉၇၇၄

**ပဟေဠိ အမှတ်စဉ်(၂၀၆)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၂) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၉-၁၁-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်- A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **ဖုန်း- ၀၉-၇၃၀၃၇၇၇၆**

**၀၉-၇၃၂၀၄၃၇၄**

**Teacher Lutherman**

English Four Skills ကို အခြေခံမှစ၍ သင်ကြားပေးသည်။ သီးသန့်ဝိုင်းများလည်း လက်ခံသည်။ Phonetics ဝိုင်းများလည်း လက်ခံသည်။

**ဖုန်း- ၀၉ ၄၅၀၀၄၆၇၃၅**

**ဆရာထက်မြက်**

၈၊ ၉၊ ၁၀ တန်း ဘာသာစုံသင်/ ဝင်ခွင့်အမျိုးမျိုးအင်္ဂလိပ်စာအိမ်သင်ဝိုင်းများ။ **ဖုန်း- ၀၉ ၄၂၀၀၉၃၃၉**

**Beauty** (အမျိုးသားဆံသ)

Since(1956), တိုက်(၂)၊ အခန်း(၅)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။

**OK ပါကေး**

OK Parquet မှ ကျွန်း၊ ပျဉ်းကတိုး၊ ကိုရီးယားပါကေးများကို Singapore နည်းပညာများဖြင့် ဝန်ဆောင်မှုပေးပါသည်။ **ဖုန်း- ၀၉ ၅၄၀၂၆၀၅**

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ပါမစ်ရပြီး ဗိုလ်အောင်ကျော်လမ်း၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)ထောင့်ကွက်၊ သိန်း-၂၇၀(ညှိနှိုင်း)။

**ဖုန်း- ၀၉ ၄၂၀၀၃၂၀၈၆**

**ရောင်းမည်**

ရန်ကုန်-နေပြည်တော် အမြန်လမ်းနံဘေးတွင် မြေ(၂)ဧက ရောင်းရန်ရှိသည်။ တစ်ဧက-၁၅ သိန်း(ညှိနှိုင်း)

**ဖုန်း- ၀၉ ၄၃၀၃၀၁၃၀**

**ရွှေသန့်သန့်ပုစွန်ခြောက်ဖြန့်ချိရေး**

တစ်ပိဿာနှင့်အထက် ဖုန်းဖြင့်မှာယူသူများအား အိမ်အရောက်အခမဲ့ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း။

**ဖုန်း- ၀၉ ၅၁၇၅၄၈၂**

**ရောင်းမည်**

အင်တာနက်ဆိုင်သုံး ကွန်ပျူတာ စားပွဲခုံ(၄၀)လုံး ရောင်းမည်။

**ဖုန်း- ၀၉ ၅၁၂၇၁၇၆**

**ငှားလိုသည်**

ကုန်တင်ရေယာဉ်တစ်စီး၊ ကုန်ချိန် ၇၀၀၀၀ ပိဿာပါ။

**ဖုန်း- ၀၉ ၄၂၂၄၅၁၀၁၀**

**Study Guide**

၉ တန်း တစ်ဘာသာချင်း၊ ဘာသာစုံ အထူးကြပ်မတ်သင်ကြားပေး သည်။ ၁၀ တန်း အခြေခံကောင်း စေရန် သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၄၇၁၄၉**

**ဦးဟန်သာ အင်္ဂလိပ်စာ**

လှဆန်းယဉ်တိုက် (၃)လွှာ၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်လှည်းတန်း။

**ဖုန်း- ၀၉ ၅၁၄၆၄၅၂**

**သင်ကြားပေးသည်**

မူလတန်း၊ အလယ်တန်း စာပြပေးသည်။ Math, Eng သီးသန့်သင်ကြားသည်။ Guide ငှားနိုင်သည်။

**ဖုန်း- ၀၉ ၄၂၀၀၀၃၈၆၉**

**သင်ကြားသည်**

၈၊ ၉၊ ၁၀ တန်း ဘာသာစုံ အိမ်အရောက်သင်ကြားသည်။ Grade(11) သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝဘာသာရပ်များ အမှတ်ကောင်းကောင်းရလိုသူများ ဆက်သွယ်နိုင်သည်။ 1st Year MBBS များအတွက် Guide ရှိသည်။

**ဖုန်း- ၀၉ ၇၃၀၄၇၀၁၅**

**ဆရာဦးအောင်မင်းဟိန်း(ကထိက)**

Chemistry သီးသန့်သင်ကြားပေးသည်။ **ဖုန်း- ၀၁ ၂၄၃၇၃၉**

**Mr.Duke P.Pohla**

**(CELTA Qualified)**

4 Skills 4 Your English.

**Ph: 09 73161510**

**ခြံရောင်းမည်**

သဃ်န်းကျွန်းဈေးသစ်ကြီးအရှေ့၊ ဇဝနလမ်း၊ ဂုတ်ခြံ၊ ၀. ၁၅၆ ဧက (၆၆၀၀ စတုရန်းပေ) ညှိနှိုင်းဈေး။

**ဖုန်း- ၀၉ ၄၃၃၄၃၃၃၃**

**ကွန်ဒိုတိုက်ခန်းအမြန်ရောင်းမည်**

ရန်ကင်းပန်းခြံကွန်ဒို၊(၅)လွှာထောင့်ခန်း၊ ပါကေးခင်း၊ A/C (၅)လုံး၊ ကျပ်သိန်း(၁၆၀၀)၊ ပွဲစားမလို။

**ဖုန်း- ၀၉ ၇၃၁၂၆၇၆၁**

**ရောင်းမည်**

လိုက်ထရပ်(၁)တန်၊ ၉၇ မော်ဒယ်လ်၊ ၈ဃ/. . .၊ အပြာရောင်၊ ကားကောင်း၊ လုပ်ငန်းလုပ်ရန်အသင့်။

**ဖုန်း- ၀၉ ၅၀၂၀၁၇၈**

**အိမ်လာသင်မည်**

၉၊ ၁၀ တန်း သင်္ချာ၊ ၉ တန်း ရူပဗေဒ၊ M.Sc, B.Ed ဆရာမကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ကြားပေးမည်။**ဖုန်း-၀၉၄၂၀၁၄၃၂၂၀**

**တိုက်နှင့်ခြံရောင်းမည်**

အမှတ်(၆၁၀)၊ အင်ကြင်းလမ်း၊ ၃၄ သစ်တောရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ပွဲစားမလို၊ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

**ဖုန်း-၀၉ ၅၁၈၈၂၃၀/ဦးဇော်ထွန်း**

**ရောင်းမည်**

လုပ်ငန်းသုံး Dump Truck Howo 6 x 4 (25 Tons) Brand-Sino Truck Model-2011, အသစ်စက်စက်၊ ကျပ်သိန်း(၅၀၀)(ညှိနှိုင်း)။

**ဖုန်း- ၀၉ ၄၃၁၉၃၄၇၅**

**Computer Services**

ကွန်ပျူတာနှင့် ပတ်သက်သော အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် ဖုန်းတစ်ချက် ဆက်ရုံဖြင့် အိမ်၊ ရုံးအရောက် ဝန်ဆောင်ပေးလျက်ရှိပါသည်။

**ဖုန်း- ၀၉ ၇၃၀၇၀၉၇၂**

**Study Guide**

IDCS, IADCS and BIT courses and assignments.

**Ph: 09 73005135**

**သင်တန်း**

တရုတ်စာနှင့် တရုတ်စကားပြောသင်တန်း။ သင်တန်းကြေး-၇၀၀၀ ကျပ်၊ သင်တန်းချိန်- အင်္ဂါ၊ ဗုဒ္ဓဟူး။

**ဖုန်း- ၀၉ ၇၃၀၅၇၂၀**

**ရောင်းမည်**

ပေ(၇၅×၉၀)၊ ဘိုးဘွားပိုင်မြေ၊ မီတာ(၂)လုံး၊ RC ထပ်၊ ဖုန်းပါ၊ ပုသိမ်မြို့။ (ညှိနှိုင်းဈေး)

**ဖုန်း- ၀၉ ၄၂၅၃၁၃၄၇၇**

**Brothers' Net**

**Computer Service Center**

ကွန်ပျူတာပြုပြင် တပ်ဆင်ခြင်း၊ Virus Scan ဖတ်ခြင်း၊ Network နှင့် Internet ချိတ်ဆက်တပ်ဆင်ခြင်း၊ Phone ဖြင့် Internet ချိတ်ဆက်ခြင်းများကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေပါပြီ။

**ဖုန်း- ၀၉ ၄၃၀၆၈၃၀၁**

**'Teacher Lily' B.Ed(Eng)**

၈၊ ၉၊ ၁၀ တန်း အင်္ဂလိပ်စာ သီးသန့်သင်တန်းများ အိမ်ဝိုင်းများစီစဉ်ပေးသည်။ Essay, Letter and Grammar အထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅**

**မြတ်ဆရာပူဇော်ပွဲ**

အထက(၁) ပန်းဘဲတန်း(စိန့်မေရီ) ကျောင်း၊ ၁၉၆၂-၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကိုတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဖုန်း- ၀၉ ၅၀၁၃၆၁၇**

**သင်တန်း**

ကွန်ပျူတာအခြေခံမှစပြီး လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာသုံးတတ်စေရန် အိမ်တိုင်ရာရောက် သင်ပေးသည်။ **ဖုန်း- ၀၉ ၄၄၄၀၁၁၂၇**

**Myo Min**

**(Electrical & Air Con)**

Air Con များနှင့် အိမ်တွင်းလျှပ်စစ်မီးများကို အသစ်တပ်ဆင်ခြင်း၊ ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ **ဖုန်း- ၀၉ ၈၆၂၃၉၅၉**

**F5 Computer System**

Computer များကို Windows Installation & Application Install, Cleaning Virus, Network Troubleshooting များအတွက် အိမ်/ဆိုင်အရောက် ဝန်ဆောင်မှုပေးနေပါပြီ။

**ဖုန်း- ၀၉ ၄၅၀၀၅၃၆၉၁**

**အမြန်ရောင်းလိုသည်**

လက်ရှိလည်ပတ်နေသော စည်ဘီယာဆိုင် ပစ္စည်းစုံ၊ နေရာကောင်း ကွန်တိန်နာကားဝင်းအနီး၊ ယုဇနဉယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)။

**ဖုန်း- ၅၉၃၅၉၀**

**Teaching & Guide**

အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။ Grade I to Grade X ။

ဒေါ်ခင်နှင်းယု **B.A (English)**

**Ph: 09 450040328**

**အင်္ဂလိပ်စာသင်တန်း**

ရဟန်း၊ ရှင်သာမဏေများအတွက် (အခမဲ့ပညာဒါန)၊ ဥက္ကံမြို့၊ စိတ္တသုခ ပညာရေးအကယ်ဒမီ၏ ရေရှည်အင်္ဂလိပ်စာသင်တန်းကို အခြေခံမှစ၍ တစ်ဆင့်ချင်းသင်ကြားပေးမည်။

**ဖုန်း- ၀၉ ၄၂၁၁၃၂၃၉၁**

**သင်ကြားသည်**

Grade 10, 11 ဇီဝဗေဒဘာသာရပ် တစ်ဦးချင်းနှင့် အိမ်ဝိုင်းများ ဆရာကိုယ်တိုင် စနစ်တကျသင်မည်။

**ဖုန်း- ၀၉ ၄၅၀၀၂၂၉၆၉**

**ရောင်းမည်**

ဥယျာဉ်ခြံမြေ (၁. ၅၄ ဧက)၊ ကွင်းအမှတ်(၆၂၁)၊ ခရုချောင်းအနောက်ကွင်း၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းအနီး။

**ဖုန်း- ၀၉ ၅၀၁၇၈၇၄**

7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# စာ(၂၇) ရက်စက်မှုအဟောင်း ဖော်ထုတ်မှုအသစ်များနှင့် မြန်မာ မှ

အခြားတစ်ဖက်တွင်တော့ ကျန်ရစ်သူများမှာ အနောက် (နိုင်ငံရေး သမားများ) ဘက်မှ စာနာမှု (သို့မဟုတ်) ထောက်ခံမှု အနည်းငယ်သာ ရခဲ့ကြသည်။ ဤသို့လျှင် ကြာရှည်နေသော တိတ်ဆိတ်မှုမှာ ဒီမိုကရေစီ လှုပ်ရှားမှုကို သိက္ခာကင်းမဲ့စေနိုင်ပါသည်။

သို့သော်လည်း ခံစားခဲ့ရသူများ၏ ပူဆွေးမှုများကို နားထောင်ပေးရန် အစိုးရ၏ ဆန္ဒမရှိမှုမှာ ပိုမိုကျယ်ပြန့်သော အထိအခိုက်မခံနိုင်သည့် ကိစ္စတစ်ရပ်ကို ရောင်ပြန်ဟပ်ပြနေပါသည်။ ထိုကိစ္စမှာ စစ်တပ်က ဒီမိုကရေစီလှုပ်ရှားမှုနှင့် တိုင်းရင်းသားလူနည်းစုအုပ်စုများအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မျိုးဖြုတ်သတ်ဖြတ်မှုများကို မည်သို့ ကိုင်တွယ်မည်နည်းဆိုသည့် ကိစ္စဖြစ်ပါသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International၊ လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ Human Rights Watch နှင့်အခြား လူ့အခွင့်အရေး အဖွဲ့အစည်းများသည် မြန်မာစစ်တပ်၏ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ အပေါ် လက်နက်အင်အားအသုံးပြု၍ နှိမ်နင်းခြင်း၊ တရားစီရင်ခြင်း မရှိဘဲ သတ်ဖြတ်မှုများ၊ လက်လွတ်စပယ်ဖမ်းဆီးမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများနှင့် မုဒိန်းမှုများကို အသေးစိတ် မှတ်တမ်းတင်ထားကြပါသည်။ Human Rights Watch အဖွဲ့မှ မြန်မာ့ရေးရာ အကြီးတန်းသုတေသီ ဒေးဗစ်မက်သီးဆင်က "ABSDF ကိစ္စဟာ အစိုးရတပ်ဖွဲ့တွေကနေ သူပုန်အုပ်စုတွေအထိ အကြမ်းဖက်မှုနဲ့ ပတ်သက်လို့ ကျူးလွန်ကြသူတွေကို နမူနာတစ်ခုအဖြစ် ပြသသင့်တဲ့ ကိစ္စဖြစ်ပါတယ်။ ဒီအမှုက အတိတ်က မတရားမှုတွေကို ဖြေရှင်းရေးနဲ့ပတ်သက်လို့ ထိုကျယ်ပြန့်တဲ့ လူထုကြား အငြင်းအခုံကို လှုံ့ဆော်စေနိုင်ပါတယ်။ ဘယ်လို (တရားစီရင်ရေး)ယန္တရားက ဆယ်စုနှစ်များစွာဖြစ်ခဲ့တဲ့ မတရားမှုတွေ၊ အပြစ်ဒဏ်က လွတ်ခဲ့မှုတွေကို အဆုံးသတ်ရေးမှာ အကောင်းဆုံးသင့်တော်တာ ဖြစ်မလဲဆိုတာကို လှုံ့ဆော်စေနိုင်ပါတယ်" ဟု ပြောသည်။

ပထမဆုံးသော မဖြစ်နိုင်သည့် ကိစ္စတစ်ရပ်ကိုမူ ABSDF သတ်ဖြတ်မှုများမှ အသက်ရှင်ကျန်ရစ်ခဲ့သူများက ပြုလုပ်ခဲ့ကြပြီးပါပြီ။ သို့သော် မြန်မာ (သို့မဟုတ်) အခြားနေရာ တစ်ခုခုရှိ တရားရေး အဖွဲ့အစည်း တစ်ရပ်ရပ်က ၎င်းတို့အမှုကို ကိုင်တွယ်ဆောင်ရွက်လို စိတ်ရှိသလား ဆိုသည်မှာ ဆက်လက်ကြည့်ရှုရဦးမည်။ "အတိတ်က ချိုးဖောက်ခဲ့မှုတွေကို မသိကျိုးကျွံပြုခြင်းဟာ မတရားပြုခဲ့သူတွေကို စွပ်စွဲခံရမှု ကင်းအောင်လုပ်တာ၊ အပြစ်မဲ့ ခံစားခဲ့ရသူတွေနဲ့ သူတို့မိသားစုတွေအတွက် အမှန်တရားကို ငြင်းပယ်တာ၊ ပြီးတော့ အရပ်သားတွေအပေါ် ပြစ်ဒဏ်ခံစရာမလိုဘဲ အကြမ်းဖက်မှုကျူးလွန်ဖို့ သေနတ်ကိုင်ထားတဲ့ မျိုးဆက်သစ်တစ်ရပ်ကို အလားအလာရှိရှိအားပေးအားမြှောက်ပြုတာပါပဲ။ မြန်မာ့လက်နက်ကိုင် တပ်ဖွဲ့တွေဟာ သင့်တော်လျောက်ပတ်တဲ့ တရားရေးအရ စုံစမ်းစစ်ဆေးမှုတွေကို ရင်ဆိုင်ရတာ ရှားလှတယ်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေမှာလည်း အဲဒီလို မရှိကြပါဘူး" ဟုသုတေသီမက်သီးဆင်က ပြောလိုက်ပါသည်။

*-Ref : Myanmar : Old Atrocity, new implications by Bertil Lintner. Asia Times.*

(မူရင်းဆောင်းပါးရှင် ဘာတီးလ်လစ်တနာသည် ယခင်က Far Eastern Economic Review ၏ သတင်းထောက်ဟောင်းတစ်ဦးဖြစ်ပြီး မြန်မာ့အရေးစာအုပ်များစွာ ရေးသားခဲ့သည်။ ယင်းတွင် Aung Sann Suu Kyi and Burma's Struggle for Democracy (2011) နှင့် Burma in Revolt : Opium and Insurgency Since 1948 (၂၀၀၃)၊ Outrage Burma's Struggle for Democracy (၁၉၉၀)၊ The Rise and Fall of the Communist Party of Burma (၁၉၉၀) တို့ပါဝင်သည်။ ၎င်းသည် လက်ရှိတွင် Asia Media Services ၏ ဆောင်းပါးရှင်တစ်ဦးဖြစ်သည်။)

## JOKE

### No လို့ မပြောတတ်ဘူး

ဂျက်ဖ်သည် မကြာသေးမီက စေ့စပ်လိုက်ပြီး ၎င်းနှင့်စေ့စပ်ထားသူ မိန်းကလေးအား မိသားစုဝင်များနှင့် မိတ်ဆက်ရန် အိမ်သို့ခေါ်လာသည်။ ခဏတာ စကားစမြည်ပြောကြပြီးနောက် ဂျက်ဖ်၏ အမေက ချစ်သူ ချွေးမလောင်းအား မိသားစုဝင်များနှင့် တွေ့ဆုံရသည်မှာ ပျော်ရဲ့လားဟုမေးရာ မိန်းကလေးကလည်း ယဉ်ကျေးသိမ်မွေ့စွာပင် "ပျော်ပါတယ်ရှင်" ဟု ပြန်ပြောပါသည်။

ဤတွင် ဂျက်ဖ်က သူ၏ချစ်သူဘက်မှနေ၍ "သူကဒီလိုပဲ ပြောမှာမေမေ" ဟုဆိုရင်း "သူက No လို့ပြောမယ့်လူမျိုးမဟုတ်ဘူး" ဟုပြောရာ ဂျက်ဖ်၏အဖေက "အေးပေါ့ကွ။ ဒါ့ကြောင့်လည်း မင်းတို့လက်ထပ်ဖို့စေ့စပ်ဖြစ်ကြတာပေါ့" ဟု ဆိုပါတော့သည်။

### ကိစ္စမရှိပါဘူး

မာရီယန်အလုပ်လုပ်သော သွားဆေးခန်းတွင် လူနာတစ်ဦးမှာ အမြဲတမ်းပင် အချိန်နောက်ကျတတ်သည်။ တစ်နေ့တွင် ထိုလူနာမှာ သူသွားကိုက်နေကြောင်း ပြောရင်း "၁၅ မိနစ်လောက်နောက်ကျမယ်နော်။ ပြဿနာမရှိဘူးမဟုတ်လား" ဟု ပြောရာ မာရီယန်ကလည်း "ပြဿနာမရှိပါဘူးရှင်။ အချိန်မရရင်လည်း ကျွန်မတို့ထုံဆေးမပေးတော့ဘူးလေ" ဟု ပြန်ပြောလိုက်သည်။ ထိုနေ့တွင်ဆေးခန်းသို့ ထိုလူနာစောစောရောက်လာပါသည်။


## 2012 Taiwan Trade Mission to Myanmar

The Taiwan External Trade Development Council (TAITRA) will be leading a trade delegation of 31 well-established Taiwanese suppliers representing various industries to visit Myanmar from Nov 13 to 17. The purpose of this visit is to explore the market opportunity there and to boost trade relations with the local businesses. The participating enterprises are expected to present their best products and services and also to discuss cooperation with the domestic buyers through a series of trade meetings to be held in both Mandalay and Yangon.

The Taiwanese delegates are noted for supplying various high-quality and state-of-the-art products. Since they represent different industries, the local buyers will be presented with a wide range of products to choose from. Products on display include:

**Auto Parts & Components**: C.V. joints, ATV joint axles, engine products and fans, lubricants, air conditioning parts, water and fuel pumps, vehicle power suppliers and inverters, auto repair equipment and automotive interior parts.

**Machinery**: Machine tooling; welding, grinding and canned seafood processing equipment, and concrete block making production line.

**Industrial Products**: Blowers, LED lighting products, air diffusers, dampers, insulation materials, and more.

**Textiles & Accessories**: Various kinds of yarn, fabric dyes, nylon and polyester fabrics, fishing nets and garments,

**Hand Tools & Metal Hardware**: Car repair tools, air and hand tools, sockets, air compressors, door/window locks and accessories and special former screw, nuts, washers and fasteners.

**Household Appliances**: Gas stoves, built-in hobs, water heaters, dish dryers, water filters, R.O. water system, flip flops, electronics, home appliances, green construction materials and LED bike lights, LED headlamps and solar torches.

**Power & Electrical Devices**: Molded case circuit breakers, automatic transfer switches, miniature circuit breakers, residual current devices, electric wires and cables, enameled wires, UPS, diesel-powered generators, gas-powered generators, bay lights, solar streetlights, etc.

**Foods & Cosmetics**: Dietary supplements, bio-tech skin care products and color cosmetics.

The dates, locations and events for the 2012 Taiwan Trade Mission are as follows:

| Country | Myanmar | Myanmar |
|---|---|---|
| City | Mandalay | Yangon |
| Date | Wed. Nov. 14 | Fri.Nov. 16 |
| Time | 09:30-12:30 | 13:00-17:00 |
| Venue | Sedona Hotel | Chatrium Hotel |
| Address | Junction of 26th &66th Street, Mandalay | Yangon 40, Natmauk Rd. Tamwe, Yangon |

All interested parties are encouraged to contact the following office and local coordinator for further information:

| | |
|---|---|
| **Taiwan Trade Center, Bangkok**<br>Unit 1204, 12th Fl., GPF Witthayu Tower A,<br>93/1 Wireless Road, Pathumwan,<br>Bangkok 10330, Thailand<br>Tel: 66-2–6514470<br>Fax: 66-2-6514472<br>Email: Bangkok@taitra.org.tw | Local coordinators:<br>**Mandalay:**<br>**Miss Shirlynn**<br>**02-77953**<br>**09-2045866**<br>**Yangon**<br>Mr. Michael Yeh<br>HP: 901546652 |

Organized by The Bureau of Foreign Trade, MOEA

Implemented by Taiwan External Trade Development Council (TAITRA)

Environment

7 DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012

# တရုတ်ပိုက်လိုင်း စီမံကိန်းဆိုင်ရာ တိကျသောအချက်များ အများပြည်သူသို့ ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်း စီမံကိန်းကို တိကျသော အချက်အလက်များဖြင့် နိုဝင်ဘာလလယ်တွင် အများပြည်သူသိရှိစေရန် ထုတ်ပြန်မည်ဖြစ်ကြောင်း မြန်မာ-တရုတ်ပိုက်လိုင်း စောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ကိုတင်သစ်က ပြောသည်။

အဆိုပါကော်မတီကအောက်တိုဘာ ၁ ရက်တွင်အဖွဲ့အစည်း ၁၂ ဖွဲ့၊ (အသစ်တိုးအဖွဲ့မပါ) က ပိုက်လိုင်းနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု မရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခြင်း၊ ဒေသခံများ ပူးပေါင်းပါဝင်ခွင့်မပေးခြင်းစသော အချက်အလက်များ ပါဝင်သော အချက် ခုနစ်ချက်ပါ ထုတ်ပြန်ချက်ကိုထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ပြီးနောက် ကုမ္ပဏီမှတာဝန်ရှိပုဂ္ဂိုလ်များက အောက်တိုဘာ ၁၉ ရက်တွင် တွေ့ဆုံခဲ့ကာ ကုမ္ပဏီနှင့်ပတ်သက်၍ သတင်း အချက်အလက်များ ဖြေကြားခဲ့ပြီး အချို့အချက်အလက်များကို ငြင်းဆိုခဲ့သည့် အချက်အလက်များနှင့် ပတ်သက်ပြီး တိကျသော သက်သေများတောင်းဆိုခဲ့ခြင်းကြောင့် တွေ့ဆုံပြီး နောက်ပိုင်း အချက်အလက်များ ကောက်ယူနေခြင်းဖြစ်ကြောင်းကောက်ယူပြီးသော အချက်အလက်များကို နိုဝင်ဘာလလယ်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ကိုတင်သစ်က ပြောသည်။

ပထမအကြိမ် တွေ့ဆုံစဉ်တင်ပြတောင်းဆိုသော အချက်များအနက် ပိုက်လိုင်းကြောင့် ပျက်စီးခဲ့သော ပြင်ဦးလွင်-မန္တလေးကားလမ်းကိုပြန်လည်ပြုပြင်ပေးခဲ့ကြောင်း၊ နေရာတိုင်း ပြုပြင်ပေးခြင်းရှိမရှိနှင့် လျော်ကြေးကိစ္စများနစ်နာမှုရှိ၊ မရှိ ပြန်လည်လေ့လာပြီးထုတ်ပြန်မည်ဖြစ်ကြောင်း ကိုတင်သစ်က ဆက်လက်ပြောကြားသည်။

"လူမှု အဖွဲ့အစည်းတွေ တောင်းဆိုတာက ဝိုးတိုးဝါးတား ဖြစ်နေတယ်။ ပြတ်ပြတ်သားသား မရှိဘူး။ ဒါ့ကြောင့်မို့လို့ ကုမ္ပဏီဘက်က ဘယ်အချက်မှ မလိုက်လျောနိုင်ပါဘူး" ဟုယင်းကုမ္ပဏီ လူမှုဆက်ဆံရေးဌာန အတွင်းရေးမှူးက ပြောကြားသည်။



**ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသည့်တစ်နေရာ** ဓာတ်ပုံ-အောင်သူရ

ထုတ်ပြန်ချက်နှင့် ပတ်သက်၍အချက်အလက်များဖြင့်တိကျသော သတင်းအချက်အလက်များပေးပါက ကုမ္ပဏီက ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နေရာနှင့် ပြဿနာကို အတိအကျ အမည်များဖြင့်ဖော်ပြီး ဓာတ်ပုံများ မြေပုံများနှင့်ပေးပါက ကုမ္ပဏီအနေဖြင့် ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း ကုမ္ပဏီအတွင်းရေးမှူးက ဆိုသည်။

မြေလျော်ကြေးကိစ္စတွင် အမြဲတမ်းသုံး မီတာ ၃၀ တွက် မြေလျော်ကြေးပေးပြီးဖြစ်သော်လည်း ယာယီသုံးမြေအတွက်လျော်ကြေးများမပေးရသေးကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ကုမ္ပဏီသို့ မေးမြန်းရာတွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်၌ လုပ်ငန်းမပြီးစီးသေးသောကြောင့် လျော်ကြေး အပြည့်အဝပေးချေခြင်း မပြုရသေးသည်ကလွဲ၍ အခြားဒေသများတွင် လျော်ကြေးပေးပြီးဖြစ်ကြောင်း၊ အကယ်၍ဒေသခံများက မိမိပိုင်မြေကို သဘောမတူပါက ငြင်းဆိုခွင့်ရှိကြောင်း ကော်မတီနှင့်တွေ့ဆုံရာတွင်ပြောကြားခဲ့သည်ဟု ကိုတင်သစ်က ပြောသည်။

ယခုနှစ် ဇွန်လအထိ အမြဲတမ်းမြေအတွက်လျော်ကြေးငွေ ၂၃ ဒသမ ၅ ဘီလီယံနှင့် ယာယီသိမ်းမြေအတွက် လျော်ကြေးငွေ ကျပ်ငွေသန်းပေါင်း ၁၂၀၀ အထိ လျော်ကြေးပေးပြီးဖြစ်ကြောင်း၊ ပိုက်လိုင်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လည်ပတ်နိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီက ဖြေကြားခဲ့သည်။

## ENVIRONMENT Cartoon




# အင်းတော်ကြီးသို့စီးဝင်သည့် ခေါင်းတုံချောင်းရေတွင် ဓာတ်သတ္တုပါဝင်မှုမြင့်မား

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

အင်းတော်ကြီးကန် ဘေးမဲ့တောသို့စီးဝင်သော ချောင်းများအနက် ခေါင်းတုံ ချောင်းရေတွင် လူကိုအန္တရာယ်ဖြစ်စေသော ဓာတ်သတ္တုပါဝင်မှု မြင့်မားနေသည်ကို တွေ့ရှိရကြောင်း သုတေသနပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးမိတ်ဆွေများအသင်း ဥက္ကဋ္ဌဦးမြင့်အောင်က ပြောသည်။


ယင်းချောင်းသည် ရွှေလုပ်ငန်းများ လုပ်ကိုင်ရာ မိုင်းနောင်ရွာမှ ဖြတ်သန်းစီးဆင်းလာသော ချောင်းဖြစ်ပြီး နွေရာသီမှလွဲ၍ အခြားရာသီများတွင် စီးဆင်းသော ချောင်းဖြစ်သည်။

ပါဝင်သော ဓာတ်သတ္တုပါဝင်မှုများမှာ ရေအရည်အသွေးတွင်ပါဝင်သောပမာဏထက်များပြားနေကြောင်း၊ ဗင်နာဒီယမ်(Vanadium)၊ ခရိုမီယမ်(Chromium)၊ မဂ္ဂနီ (Manganese)၊ ကြေးနီ၊ အာဆင်းနစ်၊ ဇင့်ဓာတ်ပါဝင်မှုသည် ပုံမှန်ထက်တစ်ဆနှင့် နှစ်ဆပါဝင်မှုရှိသည်ကိုတွေ့ရှိရကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လူခန္ဓာကိုယ်အတွင်းရောက်ရှိပါက ခရိုမီယမ်ဓာတ်များပါက ကျောက်ကပ်၊ အသည်း၊ သွေးတစ်ရှူး၊ အာရုံကြောတစ်ရှူးများ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး ကြေးနီဓာတ်များပါ အသည်းကို ပျက်စီးစေပြီး အခြားသွေးအားနည်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းများကို ပျက်စီးစေနိုင်ကြောင်း၊ အာဆင်းနစ်ဓာတ်များက မူမမှန်သော ခံစားမှုများ ဖြစ်ပေါ်ခြင်း၊ နားလေးခြင်း၊ မျက်စိမှုန်ခြင်း၊ သွေးဖြူဥလျော့ကျခြင်း၊ အော့အန်ခြင်း၊ အသက်ရှူလမ်းကြောင်း ကင်ဆာဖြစ်ခြင်း၊ ကြွက်တက်ခြင်း၊ ခြေလက်ထိပ် ထုံကျင်ခြင်း၊ ဝမ်းလျှောခြင်းများဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

စမ်းသပ်စစ်ဆေးသော ရေသည် ရွှေလုပ်ငန်းများရှိသော မိုင်းနောင်ရွာနှင့် မမုံကိုင်ရွာအကြား ဖြတ်သန်းပြီး အင်းတော်ကြီးကန်အနီးရှိ သံနုန်းသောင်များ ထူထပ်သည့် ချောင်းရေကို သယ်ယူပြီး ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ သွားရောက်ဓာတ်ခွဲစမ်းသပ်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အင်းတော်ကြီးကန်သို့ စီးဆင်းသော ချောင်းများတွင် အချို့ချောင်းသည် ရွှေတူးဖော်သည့် လုပ်ငန်းများကြောင့် ကောခြင်းမျိုး ကြုံတွေ့ရနေကြောင်း သိရသည်။

Tourism

7 DAY NEWS JOURNAL

Vol.11, No.35 • NOVEMBER 8 , 2012


# ကမ်းခြေဟိုတယ်အချို့ ဈေးမြင့်တက်

**နိုင်ချို**

**ရန်ကုန်၊ နိုဝင်ဘာ - ၁**

ခရီးသွားရာသီစတင်ချိန်တွင်ပြည်တွင်း ခရီးသွားအများဆုံး သွားရောက်သော ချောင်းသာ ကမ်းခြေအပါအဝင် ကမ်းခြေဟိုတယ်အခန်းခများ ယခင်နှစ်ကထက် ပိုမိုမြင့်တက်လာကြောင်းသတင်းရရှိသည်။

ချောင်းသာကမ်းခြေရှိ အဆင့်မြင့်ဟိုတယ်များတွင် အောက်တိုဘာလ ၁ ရက်မှ စတင်၍ ဟိုတယ်အခန်းခများ မြင့်တက်သွားကြောင်း၊ အခန်းခများမှာ ယခင်နှစ်ကထက် ကျပ်ငါးထောင်မှ တစ်သောင်းကျော်အထိမြင့်တက်သွားကြောင်း ပြည်တွင်းခရီးသွားအချို့ထံမှ သိရသည်။

ဟိုတယ်အခန်းခမြင့်တက်မှုကြောင့်ပွင့်လင်းရာသီတွင် အဆင့်မြင့်မြင့် ခရီးသွားမည့်ပြည်တွင်းခရီးသွားများ အခက်တွေ့နိုင်ပြီး ကုမ္ပဏီများမှဝန်ထမ်းများအတွက် စီစဉ်ပေးသည့်ခရီးစဉ်များလည်း ယခုနှစ်အတွက် အခက်ကြုံရနိုင်ကြောင်း သုံးသပ်ကြသည်။

"ဟိုတယ်အခန်းတွေက တစ်သောင်းခွဲ၊ နှစ်သောင်းလောက်ကို မြင့်သွားတာ။ SEA View အခန်းတွေဆို ပိုဆိုးတယ်။ ကျွန်တော်တို့က ချောင်းသာကို နှစ်တိုင်းသွားနေကျပါ။ အခန်းခက မြင့်သွားတော့ ဝန်ထမ်းတွေအတွက် အခက်တွေ့တာပေါ့။ ဒီနှစ်တော့ ရွာထဲမှာပဲ တည်းလိုက်ရတယ်" ဟု ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ဟိုတယ်အနေနဲ့ ဈေးနှုန်းမတက်တာ သုံးနှစ်လောက်ရှိပါပြီ။ အခု အောက်တိုဘာ ၁ ရက်ကစပြီး အခန်းခတွေကို ကျပ် ၅၀၀၀ ကနေ ၁၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြှင့်လိုက်ပါတယ်။ ဈေးနှုန်းက တအားမတက်ပါဘူး။ ကျွန်မတို့အနေနဲ့ ကုန်ဈေးနှုန်းက အရင်နှစ်ကနဲ့ မတူတော့ဘူး။ ချောင်းသာဟိုတယ်ဇုန်မှာလည်း



*ကမ္ဘာကျော် ငပလီကမ်းခြေအား ဝေဟင်မှမြင်ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အကုန်ဒီဈေးတွေပါပဲ" ဟု Hotel Max မှ Marketing Manager ဒေါ်အေးသက်ခိုင်က ပြောသည်။

၎င်းကပင်ဆက်လက်၍ ဟိုတယ်အခန်းခများ အနည်းငယ်မြင့်တက်ထားသော်လည်း ယခုနှစ်ခရီးသွားရာသီအတွင်း ဧည့်သည်အရေအတွက်မှာ လျော့နည်းခြင်းမရှိကြောင်း၊ ဟိုတယ်အခန်းများမှာ ပုံမှန်ဧည့်သည်များဖြင့် ပြည့်ကြောင်း၊ ဟိုတယ်အနေဖြင့် ဝန်ဆောင်မှုအား ပိုမိုကောင်းမွန်စွာပေးကြောင်း ဆိုသည်။

"အခန်းခက အစားစားရှိပါတယ်။ နေရာရယ်၊ ဝန်ဆောင်မှုပိုင်းရယ်မှာ ဈေးနှုန်းကွာသွားတာပါ။ အခန်းဈေးနှုန်းတွေက အနိမ့်ဆုံး နှစ်သောင်းကနေ နှစ်သိန်းအထိ ရှိပါတယ်။ ဈေးနှုန်းက အရမ်းကြီးမြင့်တက်သွားတာမျိုး မရှိပါဘူး" ဟု ချောင်းသာဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးကျော်ဟိုးက ပြောသည်။

ငွေဆောင်ကမ်းခြေရှိဟိုတယ်များတွင် ဟိုတယ်အခန်းခများမှာ နိုဝင်ဘာ ၁ ရက်မှစတင်၍ ၁၅၀၀၀ ကျပ်ဝန်းကျင်မှ ၃၀၀၀၀ ကျော်အထိမြင့်တက်သွားကြောင်း၊ ထို့အပြင်လာမည့် ဒီဇင်ဘာ ခရစ္စမတ်ကာလတွင် ဈေးနှုန်းထပ်မံမြင့်ရန်ရှိကြောင်း၊ ဈေးမြင့်သော်လည်း ဧည့်သည်အဝင်မှာ ယခင်အတိုင်းပင်ဖြစ်ကြောင်း Aureum ငွေဆောင်ဟိုတယ်မှတာဝန်ရှိသူတစ်ဦးမှ သိရသည်။

ငပလီကမ်းခြေတွင်မူ ရခိုင်ပြည်နယ်ပဋိပက္ခများကြောင့် ဧည့်အဝင်နည်းပြီး ဟိုတယ်အခန်းဈေးနှုန်းများမှာ ယခင်နှစ်က အတိုင်းပင်ဖြစ်ကြောင်း Sandoway Resort မှ သိရသည်။

## စင်ကာပူလေကြောင်းလိုင်း ရန်ကုန်-စင်ကာပူ နေ့စဉ် ပျံသန်းမည်

**နိုင်ချို**

**ရန်ကုန်၊**
**နိုဝင်ဘာ - ၁**

ပြည်ပလေကြောင်းလိုင်းတစ်ခုဖြစ်သည့် စင်ကာပူလေကြောင်းလိုင်း (SIA) သည် ရန်ကုန်နှင့် စင်ကာပူကြား နေ့စဉ်ခရီးစဉ်များကိုအောက်တိုဘာ ၂၈ ရက်မှစတင် ပျံသန်းနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာချိန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်လာမှုများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းသစ်များ မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲမှုတွင်စင်ကာပူလေကြောင်းလိုင်းမှာ တစ်ခုအပါအဝင်ဖြစ်သည်။

စင်ကာပူလေကြောင်းလိုင်း (SIA) သည်စင်ကာပူ-ရန်ကုန် ခရီးစဉ်အား ဘိုရင်း-၇၇ လေယာဉ်ဖြင့် တစ်ပတ်လျှင် ၁၈ ကြိမ်ပျံသန်းပြေးဆွဲ သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် Silk Air လေကြောင်းလိုင်းသည် Airbus 320 ဖြင့်စင်ကာပူ-ရန်ကုန် ခရီးစဉ်အား တစ်ပတ်လျှင် (၁၆) ကြိမ် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း စင်ကာပူလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ (Vice-President) တစ်ဦးဖြစ်သည့် Mr.Mak Swee Wah က ပြောသည်။

စင်ကာပူလေကြောင်းလိုင်းသည် စင်ကာပူ-ရန်ကုန် ပြေးဆွဲသည့် ခရီးစဉ်တွင် ဒုတိယမြောက် ပြည်ပလေကြောင်းလိုင်းတစ်ခုဖြစ်သည့် စင်ကာပူလေကြောင်းလိုင်း နည်းတူ ပြီးခဲ့သော စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း တောင်ကိုရီးယား လေကြောင်းလိုင်း(KAL)၊ အရှေ့အလယ်ပိုင်းသို့ ပျံသန်းသည့် ကာတာလေကြောင်းလိုင်း၊ တိုင်ပေ EVA လေကြောင်းလိုင်းအပြင် ANA လေကြောင်းလိုင်းများ လည်း မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲနေပြီဖြစ်သည်။

## မန္တလေး-ဂယာ MAI လက်မှတ် အသွားအပြန် ကန်ဒေါ်လာ ၃၈၀ ဝန်းကျင်ရှိ

**နိုင်ချို**


**ရန်ကုန်၊နိုဝင်ဘာ-၁**

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း (MAI)က ယနေ့(နိုဝင်ဘာ ၁)ရက်မှစတင်၍ မန္တလေး-ဂယာ-မန္တလေးခရီးစဉ်အား စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေး-ဂယာ-မန္တလေးသို့ အဖွဲ့လိုက် အသွားအပြန်မှာ အမေရိကန်ဒေါ်လာ ၃၈၀ ခန့်ရှိပြီး တစ်ဦးချင်း အသွားအပြန်မှာ အမေရိကန်ဒေါ်လာ ၄၀၀ ကျော်ခန့်ရှိကြောင်း MAI မှ သိရသည်။

"မန္တလေးကနေဂယာကို တိုက်ရိုက်သွားလို့ရပြီဆိုတော့ ကောင်းပါတယ်။ အရင်ကဆို ရန်ကုန်ကို သွားရတယ်။ ရန်ကုန်လေဆိပ်ကမှ တစ်ဆင့်သွားရတော့ ခရီးကြန့်ကြာတယ်။ ပိုက်ဆံလည်းပိုကုန်တာပေါ့"ဟုမန္တလေးမြို့အောင်မြေသာစံအရပ်၌နေသော ဗုဒ္ဓဂယာဘုရားဖူး အတွေ့အကြုံရှိသူ ဒေါ်တင်တင်ဝင်းက ပြောသည်။

"ဒီမန္တလေး-ဂယာ ခရီးစဉ်က ပထမဦးဆုံးပါ ။ မန္တလေးမြို့နဲ့ မြန်မာပြည်အထက်ပိုင်းမှာရှိတဲ့ ဘုရားဖူးခရီးသည်တွေ အဆင်ပြေဖို့ပါ။ မန္တလေး-ဂယာ-မန္တလေးကို Aribus A 320 လူဦးရေ ၁၈၀ ခန့်စီးနိုင်တဲ့ လေယာဉ်အသစ်နဲ့ ပျံသန်းပြေးဆွဲမှာပါ" ဟု MAI မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်အေးမရသာမှ ပြောသည်။ မန္တလေး-ဂယာ-မန္တလေးခရီးစဉ်အား တစ်ပတ်တွင် သုံးကြိမ်ပျံသန်းမည်ဖြစ်ပြီး အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ တနင်္ဂနွေနေ့များတွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။


7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

## The Cartoon Logo































7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# အငြင်းပွားဖွယ်ရာ ဆည်စီမံကိန်း ကမ္ဘောဒီးယားအစိုးရ အတည်ပြု

**ဖနွမ်းပင်၊ နိုဝင်ဘာ-၃**

ကမ္ဘောဒီးယားအစိုးရသည်တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီများစွာ ပါဝင်ဆောင်ရွက်မည့် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်ကြီးတစ်ခုကို ခွင့်ပြုလိုက်ကြောင်းသိရသည်။

အဆိုပါစီမံကိန်းတွင် ဒေါ်လာ ၇၈၁ ဒသမ ၅ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်ကာ ဆည်မှ လျှပ်စစ်ဓာတ်အား ၄၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့်စက်ရုံတည်ဆောက်မည်ဖြစ်သည်။ အစိုးရသည် စီမံကိန်းတွင် ပါဝင်သည့် တရုတ်နှင့် ဗီယက်နမ်ကုမ္ပဏီများ၏ အမည်ကိုဖော်ပြပေးထားပြီး အဆိုပါသဘောတူညီချက်ကြောင့် ဆည်တည်ရှိရာ နိုင်ငံမြောက်ပိုင်းစတန်ထရန်ပြည်နယ်ရှိမဲခေါင်မြစ်အနီးကျေးရွာများအပေါ် သက်ရောက်မှုရှိနိုင်သည်။

ဝန်ကြီးချုပ်ဟွန်ဆင်သည် အာဏာပိုင်များနှင့် ကုမ္ပဏီတို့အားစီမံကိန်းတည်ဆောက်ရာတွင်ပြန်လည်ပြောင်းရွှေ့အခြေချရမည့် မိသားစုများအတွက် မြေနေရာနှင့် နေအိမ်အသစ်များ ဆောက်လုပ်ပေးရန်လည်း ညွှန်ကြားထားသည်ဟု ကြေညာချက်အရသိရသည်။ အဆိုပါဆည်ဆောက်လုပ်မှုကြောင့် လူငါးသောင်းကျော်ခန့် နေရာမှဖယ်ရှားပေးရနိုင်ကြောင်း 3S Rivers Protection Network သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ပညာရှင်မီယက်မင်းက ခန့်မှန်းသည်။ ကုလသမဂ္ဂ လူ့အခွင့်ရေးကိုယ်စားလှယ် ဆူရာဆူဘီဒီကလည်းစက်တင်ဘာလက ထုတ်ပြန်သည့် ၎င်း၏အစီရင်ခံစာတွင် ဆည်ဆောက်လုပ်မှုကြောင့်ထိခိုက်မှုများရှိနိုင်ကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယမန်နှစ်ကနိုင်ငံအတွက် အကြီးဆုံးသောရေအားလျှပ်စစ်ဆည်တစ်ခုကို တရုတ်ဘက်မှ ထောက်ပံ့သောဒေါ်လာသန်း ၂၈၀ ကျော် စီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်ခဲ့ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များက ဝေဖန်ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် တရုတ်ကုမ္ပဏီများ အထောက်အပံ့ပေးထားသော ဆည်လေးခုအပါအဝင် ဆည်ကိုးခုကို ၂၀၁၉ ခုနှစ်တွင်ဖွင့်လှစ်မည်ဟု သိရသည်။

—Ref: AFP



Photo - AFP

# အင်ဒိုနီးရှားရဲတပ်ဖွဲ့ စစ်သွေးကြွတစ်ဦးကို အသေမိပြီး ဗုံးများသိမ်းဆည်းရမိ

**ပိုဆို၊ နိုဝင်ဘာ-၃**

အင်ဒိုနီးရှားရဲတပ်ဖွဲ့သည် ဆူလာဝေစီကျွန်း၏ ပိုဆိုခရိုင်တွင် အကြမ်းဖက်သမားနှိမ်နင်းရေး စီးနင်းမှုတစ်ခုပြုလုပ်စဉ် သံသယရှိသူ စစ်သွေးကြွတစ်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဗုံးများစွာလည်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါစီးနင်းမှုကို ဒေသခံရဲအဖွဲ့နှင့် အကြမ်းဖက်တိုက်ဖျက်ရေးယူနစ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး ပိုဆိုခရိုင်ရှိ ကေယာမေယာရွာမှ နေအိမ်တစ်လုံးတွင် ရှာဖွေခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်ဘိုင်ရက်ဖလီအမ်မာက "သံသယတရားခံတစ်ဦးကတော့ စီးနင်းမှုမှာ သေဆုံးခဲ့ပါတယ်။ နောက်တစ်ဦးကိုတော့ ဖမ်းမိခဲ့ပြီး ပြည်နယ်မြို့တော်ပါ လူကရဲဌာနချုပ်မှာစစ်ဆေးနေပါတယ်"ဟုသတင်းထောက်များသို့ ပြောသည်။

ရဲတပ်ဖွဲ့သည် ယင်းနေအိမ်၌ တပ်ဆင်ထားသော ဗုံးများနှင့် အခြားလက်နက်ပစ္စည်းများစွာ တွေ့ခဲ့ရသည်။ ယခုစီးနင်းမှုမှာ ဗုဒ္ဓဟူးနေ့အောက်တိုဘာ ၃၁ ရက်က ပိုဆိုတွင် စစ်သွေးကြွတစ်ဦးကို အသေဖမ်းမိပြီး ကျန်နှစ်ဦးကို လက်နက်များဖြင့် ဖမ်းမိပြီးနောက် ထပ်မံဖြစ်ပေါ်ခဲ့ ခြင်းဖြစ်သည်။ ပိုဆိုမြို့သည် ၁၉၉၀ နှစ်များအတွင်း မွတ်ဆလင်နှင့်ခရစ်ယာန်များအကြား ဘာသာရေးပဋိပက္ခဖြစ်ခဲ့ပြီး ၂၀၀၀ ခုနှစ်များအတွင်း ပဋိပက္ခကြောင့် လူထောင်ချီသေဆုံးခဲ့ရာမြို့ဖြစ်သည်။ ထိုစဉ်မှစ၍ အင်ဒိုနီးရှားအစိုးရက ယင်းနေရာကို အကြမ်းဖက်သမားတို့ တည်ရှိရာအဖြစ်သတိထား သတ်မှတ်ခဲ့သည်။

—*Ref: AFP*

# ဩစတြေးလျတွင် ရထားနှင့်ကားတိုက်မိ၍ လူတစ်ဦးသေ ဆယ့်နှစ်ဦးခန့် ဒဏ်ရာရ

**ဆစ်ဒနီ၊ နိုဝင်ဘာ-၃**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ထရပ်ကားနှင့် ရထားတစ်စီးတိုက်မှုကြောင့်လူတစ်ဦးသေဆုံးခဲ့ပြီး တစ်ဒါဇင်ခန့် ဒဏ်ရာရသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ထရပ်ကားက မဲလ်ဘုန်းတောင်ပိုင်း ဒန်ဒင်နောင်းဆောသ်ဆင်ခြေဖုံးရထားလမ်းကို ဖြတ်ကူးစဉ် ခရီးသည်တင်ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့စစ်ဆေးသူများက ပြောသည်။


ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ထိုရထားနှင့်ကားတိုက်မှုသည် အံ့ဩစရာကောင်းကြောင်းဆိုသည်။ "ကျွန်တော် ယုံတောင်မယုံနိုင်ပါဘူး။ ဒီလိုမျိုးကို ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူးတာပါ" ဟု ၎င်းကပြောသည်။ အရေးပေါ်ကယ်ဆယ်ရေးသမားများသည် ရထားမောင်းသူကို တစ်နာရီကျော်ကြာမှ ကယ်တင်နိုင်ခဲ့ပြီး ၎င်း၏အခြေအနေမှာ စိုးရိမ်စရာရှိကြောင်းပြောသည်။ အခြားဒဏ်ရာရရှိသူများမှာမူ အသေးစားဒဏ်ရာများသာ ဖြစ်သည်ဟု သိရသည်။

အာဏာပိုင်များက မတော်တဆမှုဖြစ်ပွားချိန်တွင် ရထားပေါ်၌ လူသုံးဆယ်ခန့်သာရှိကြောင်း အားလပ်ရက်ဆိုပါက ယင်းထက်သေဆုံးသူများနိုင်ကြောင်းပြောသည်။

—*Ref: AFP*



7DAY N
Vol.11, , 2012



# Leader's Profile

## အမေရိကန်သမ္မတ ရွေးကောက်ပွဲ စိန်ခေါ်သူ မစ်ရွမ်းနေ

ရဲမင်း

မစ္စတာမစ်ရွမ်းနေသည် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီး ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌လက်ရှိသမ္မတဘားရက်အိုဘားမား အားစိန်ခေါ်ရန် ရီပက်ဘလေကန်ပါတီက ရွေးချယ်အမည်စာရင်းတင်သွင်းခဲ့သူဖြစ်သည်။ မစ္စတာရွမ်းနေသည် မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ယူခဲ့သည်။

မစ်ရွမ်းနေကို ၁၉၄၇ ခုနှစ် မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့၌ မွေးဖွားခဲ့သည်။ ရွမ်းနေ၏ဖခင်မှာ နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး မိခင်မှာ အိမ်ရှင်မဖြစ်သည်။ မီချီဂန်ပြည်နယ်မှာပင် ကြီးပြင်းခဲ့သူ မစ်ရွမ်းနေသည် အသက် ၁၉ နှစ်အရွယ်တွင် ပြင်သစ်နိုင်ငံ၌ လပေါင်း ၃၀ ကြာ သွားရောက်နေထိုင်ခဲ့ပြီး 'မာမွန်'ခရစ်ယာန်သာသနာပြုအဖွဲ့၏ လုပ်ငန်းများ သွားရောက်လုပ်ကိုင်ခဲ့သည်။

မစ်ရွမ်းနေသည် ၁၉၇၅ ခုနှစ်တွင် ဘရီဂန်ယန်းတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး နောက်ပိုင်း ဟားဗတ်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ရရှိခဲ့သည်။ ယင်းနောက် မစ်ရွမ်းနေသည် စီမံခန့်ခွဲရေးအကြံပေးရေးလုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ၁၉၇၇ ခုနှစ်၌ Bain & Company တွင် နေရာတစ်နေရာ ရလာခဲ့သည်။ အဆိုပါကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ကိုင်ရင်း ၁၉၈၄ ခုနှစ်တွင် ကုမ္ပဏီအား ဘဏ္ဍာရေးအကျပ်အတည်းမှ ဆွဲထုတ်ခဲ့သည်။ နောက်ပိုင်းတွင် မစ်ရွမ်းနေသည် Bain Capital ဟုခေါ်သော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကို တည်ထောင်ခဲ့ပြီး အမြတ်အစွန်းအများအပြား ရရှိခဲ့သည်။ အမေရိကန်တွင် အကြီးဆုံးပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု ဖြစ်လာသည်။ မစ္စတာရွမ်းနေမှာလည်း ကန်ဒေါ်လာ သန်း ၁၉၀ မှ ၂၅၀ ကြား ချမ်းသာကြွယ်ဝသည်ဟု ခန့်မှန်းရပြီး ယခင်က နိုင်ငံရေးမဲဆွယ်ပွဲများ၌ ၎င်း၏ ကိုယ်ပိုင်ငွေကြေးများကို သုံးစွဲခဲ့သည်။

မစ္စတာမစ်ရွမ်းနေသည် The Church of Jesus Christ of Latter-day Saints ဟုခေါ်သော အဖွဲ့၌ တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး ၎င်း၏မွေးရပ်မြေ ဘော်စတွန်မြို့ဒေသအတွက် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည်။ မစ်ရွမ်းနေသည် နောက်ပိုင်းတွင် ၎င်း၏ကုမ္ပဏီနှင့် ခရစ်ယာန်ဘုရားကျောင်း ဦးစီးဦးဆောင်အဖြစ်မှ နုတ်ထွက်ပြီး ၁၉၉၄ ခုနှစ်တွင် မက်ဆာချူးဆက်ပြည်နယ် ကိုယ်စားပြု အမေရိကန်အထက်လွှတ်တော် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ သို့သော် အမေရိကန်နိုင်ငံ၏ နာမည်ကြီး နိုင်ငံရေးသမား တက်ဒ်ကနေဒီကို ရှုံးနိမ့်ခဲ့သည်။ သို့သော် မစ်ရွမ်းနေသည် ၂၀၀၂ ခုနှစ် Salt Lake မြို့ ဆောင်းရာသီကျောင်းပရေးကော်မတီတွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ပြီး လူသိများလာခဲ့သည်။ ၂၀၀၂ ခုနှစ်မှာပင် မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရသည်။ ပြည်နယ်ကျန်းမာရေး စောင့်ရှောက်မှုပြုပြင်ပြောင်းလဲရေးဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုကာလတွင် ရီပက်ဘလေကန်ပါတီကို ကိုယ်စားပြုခွင့်ရရန် ကြိုးပမ်းခဲ့သော်လည်း မစ္စတာဂျွန်မက်ကိန်းအား ရှုံးနိမ့်ခဲ့သည်။ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက်လည်း တစ်နှစ်ခန့် ကြိုတင်ပြင်ဆင်ခဲ့သည်။ ရီပက်ဘလေကန်ပါတီ ပဏာမရွေးကောက်ပွဲများ၌ စိန်ခေါ်သူများ တစ်ဦးပြီးတစ်ဦး ပြုတ်ကျကျန်ခဲ့ပြီးနောက် ရီပက်ဘလေကန်ပါတီအား ကိုယ်စားပြု၍ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု လက်ရှိသမ္မတ ဘားရက်အိုဘားမားနှင့် ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

မစ္စတာ မစ်ရွမ်းနေသည် ဇနီး သည် အန်းရွမ်းနေနှင့် ၁၉၆၉ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားငါးဦး၊ မြေး ၁၆ ဦး ထွန်းကားခဲ့သည်။

—Ref: Wikipedia.com

## တူရကီအရှေ့တောင်ပိုင်း ကားဗုံးပေါက်ကွဲမှု လူတစ်ဦးသေ၊ ၁၈ ဦးဒဏ်ရာရ

**ဒီရာဘာကေ၊ နိုဝင်ဘာ - ၅**

တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်ဘက်မော်တော်ယာဉ်တစ်စီးအား ပစ်မှတ်ထားကာ ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာတွင် ၁၁ နှစ်အရွယ် ကလေးတစ်ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တူရကီ တာဝန်ရှိသူများက ပြောကြားသည်။

တူရကီနိုင်ငံနှင့် အီရန်၊ အီရတ်နိုင်ငံနယ်စပ်အနီးရှိဆင်ဒင်းလီမြို့အတွင်းသို့ တူရကီအထူး ရဲတပ်ဖွဲ့မှ လူတင်သံချပ်ကာယာဉ်တစ်စီး ဝင်ရောက်ချိန်၌ အဆိုပါဗုံးပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းဒေသမှာ တူရကီ လုံခြုံရေးတပ်ဖွဲ့များနှင့် ကာ့ဒ်လူမျိုးစစ်သွေးကြွများအကြား မကြာခဏ ပဋိပက္ခဖြစ်ရာဒေသဖြစ်သည်။

ဒဏ်ရာရရှိသူ အများစုမှာ ဖြတ်သွားဖြတ်လာ လမ်းလျှောက်နေသူများဖြစ်ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ခဲ့သည်။ သံချပ်ကာယာဉ်ပေါ်မှ ရဲတပ်ဖွဲ့ဝင်များမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း ဒိုဂန် သတင်းအေဂျင်စီက ထုတ်ပြန်သည်။

"ဒီ သူရဲဘောကြောင်တဲ့ တိုက်ခိုက်မှုဟာ မင်္ဂလာဆောင်ပွဲတစ်ခုအနီးမှာဖြစ်ပေါ်တာပါ။ ကံမကောင်းအကြောင်းမလှစွာဘဲ အရပ်သားတွေ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်" ဟု တူရကီဝန်ကြီးတေရစ်အာဒိုဂန်က ၎င်း၏ AK ပါတီအစည်းအဝေးတစ်ရပ်တွင် ပြောကြားပြီး ၁၁ နှစ်သားအရွယ် ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း ပြောသည်။

ယင်းဧရိယာတွင် အခြားကားဗုံးထောင်ထားခြင်းများ ရှိ၊ မရှိကို သိရှိနိုင်ရန်နှင့် ဗုံးထောင်သူများကိုဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့များက ချက်ချင်းလက်ငင်းရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဗုံးခွဲမှုကို မည်သည့်အဖွဲ့အစည်းကမှ ၎င်းတို့လက်ချက်ဟု ပြောကြားခြင်း မရှိသေးပေ။ —Ref: AFP

## နောက်ကျောဖုံး - တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် မှ

ဝန်ကြီးချုပ်ဝမ်ကိုယ်တိုင်သည်လည်း ပါတီ၏ နိုင်ငံရေးဦးဆောင်ကော်မတီပေါ် လစ်ဗျူရိုသို့ထိုကိစ္စကို စစ်ဆေးပေးရန်တောင်းဆိုခဲ့ကြောင်း သတင်းစာတွင်ဖော်ပြထားသည်။ ဝမ်သည် တရုတ်အာဏာရပါတီဖြစ်သော ကွန်မြူနစ်ပါတီ၏ အရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်ရာ ထိပ်ထိပ်တန်းအဖွဲ့တွင် ကော်မတီဝင်တစ်ဦးဖြစ်ပြီး ယခုကဲ့သို့ ကိုယ်တိုင်တောင်းဆိုခြင်းမှာ ၎င်း၏အမည်သန့်ရှင်းမှုရှိစေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အမည်မဖော်လိုသော သတင်းရင်းမြစ်များကို ကိုးကား၍ သတင်းစာတွင်ဖော်ပြသည်။

နယူးယောက်တိုင်းမ်သတင်းစာ၏ အောက်တိုဘာ ၂၆ ရက်က ဖော်ပြချက်တွင် ဝမ်၏မိခင်၊ သားသမီးများနှင့် ဆွေမျိုးများသည် ၁၉၉၈ ခုနှစ်တွင် ဝမ်ဒုဝန်ကြီးချုပ်ဖြစ်လာချိန်မှစ၍ ချမ်းသာကြွယ်ဝလာကြောင်း စီးပွားရေးဆိုင်ရာမှတ်တမ်းများကိုသုံး၍ ဖော်ပြခဲ့သည်။ သို့သော် ဝမ်၏မိသားစုဆွေမျိုးများဘက်က ရှေ့နေများက နယူးယောက်တိုင်းမ်သတင်းကို မဟုတ်မှန်ကြောင်း ငြင်းဆိုကြေညာခဲ့ကြသည်။ အချို့သော ဆန်းစစ်သူများက ဝန်ကြီးချုပ်ဝမ်သည် ၎င်း၏ပိုင်ဆိုင်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုလိုက်ခြင်းဖြင့် တရုတ်နိုင်ငံတွင် ကာလရှည်ကြာစွာ တန့်ရပ်နေသော 'နေရောင်ခြည်ဥပဒေ'ခေါ် ထိပ်တန်းခေါင်းဆောင်များ၏ မိသားစုဝင်များ ပိုင်ဆိုင်မှု လူသိရှင်ကြားကြေညာရေး ဥပဒေကို ပြဋ္ဌာန်းရန် ဝမ်အနေဖြင့် တွန်းအားပေးဖွယ်ရှိသည်ဟု ဆိုနေကြသည်။

—Ref: Thestar

## စာ(၄၆) - ဖြီလစ်ဘောင်မ်ဂတ်တနာနှင့် တွေ့ဆုံခြင်း မှ

အချိုရည်တွေရောင်းပြီး ရှာဖွေခဲ့တာပါ။ ကျွန်တော်တို့ လူတွေကို ပျော်ရွှင်မှု အများကြီးပေးခဲ့ပါတယ်။ ဆိုလိုတာက တစ်ကမ္ဘာလုံးဟာ စောင့်ကြည့်ခဲ့ပြီး အဲဒါကပဲသူ့ဘာသာသူစကားပြောပါလိမ့်မယ်။

**နောက်ထပ်ဘာလုပ်ဖို့ ရှိပါသလဲ။**

ကျွန်တော်က ဒီလေထီးခုန်တဲ့အလုပ်ကနေ တရားဝင်အနားယူလိုက်ပြီဆိုတော့ ကလေးဘဝထဲက ရှိခဲ့တဲ့ ဒုတိယ အိပ်မက်ဖြစ်တဲ့ ရဟတ်ယာဉ်မောင်းနှင်ရေးကိစ္စကို လုပ်ပါမယ်။ ၂၀၀၆ ခုနှစ်တည်းက ကျွန်တော့်မှာ ကူးသန်းရောင်းဝယ်ရေး ရဟတ်ယာဉ်မောင်းနှင်ခွင့်လိုင်စင်ရထားပြီးပါပြီ။ ဒါက အနာဂတ်မှာ ကျွန်တော့်လုပ်ရမယ့်ဟာပေါ့။ ကိုယ့်စွမ်းရည်တွေကို လူထုအကျိုးပြုလုပ်ငန်းထဲ ထည့်ဝင်ရမယ်ဆိုရင် မီးသတ်သမားတစ်ယောက်၊ တောင်တက်ကယ်ဆယ်ရေးသမားတစ်ယောက်အဖြစ် လုပ်ချင်ပါတယ်။ ဒါ့ကြောင့် အဲဒါတွေထဲမှာ ရှိနေမှာပါ။ ဒါဟာ ကိုယ်နဲ့သက်ဆိုင်တဲ့အရာပါပဲ။

—Ref: Felix Baumgowtner: Life on the Edge: Euro News.

## စာ(၅၀) - မြန်မာအလေးမ ကစားသမားတို့အတွက် ရောင်နီလေလား မှ

အဖွဲ့ချုပ်တာဝန်ရှိသူများက ဆိုကြသည်။ ယခုပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၇ ရက်၊ ညနေ ၅ နာရီတွင် သိမ်ဖြူအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများကိုမူ နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ပရိသတ်များအနေဖြင့်လည်း ဝင်ကြေးအခမဲ့ဖြင့် လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

အစဉ်အလာ ကြီးမားခဲ့သော မြန်မာ့အလေးမအားကစားနည်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်စိတ်ဝင်စားမှုရရှိစေရန်လိုအပ်နေချိန်တွင် နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ် အိမ်ရှင်ပြုလုပ်ကျင်းပခွင့်ရရှိသည့် အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲက မည်သည့်အတိုင်းအတာအထိ အထောက်အကူပြုနိုင်မည်ဆိုသည်ကိုမူ စောင့်ကြည့်ရမည်သာဖြစ်ပါသည်။

## နောက်ကျောဖုံး - အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မှ

ဒေသဆိုင်ရာ လူမှုကွန်ရက်တစ်ခုဖြစ်သည့် Foursquare တွင်လည်း အသုံးပြုသူများအတွက် အနီးဆုံးမဲရုံကို ရှာဖွေနိုင်မည့် Application ဆော့ဖ်ဝဲတစ်ခုသုံးနိုင်ရန်စီစဉ်ပေးထားသည်။ သတင်းများအရဖေ့စ်ဘွတ်ခ်ကွန်ရက်တွင် မဲပေးကြရေး လှုံ့ဆော်မက်ဆေ့ချ်များပေးပို့မှုကို အကြိမ်သန်းပေါင်းများစွာပြုလုပ်ခဲ့ကြသည်ဆိုသည်။

၂၀၁၀ ပြည့်နှစ်က ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများ ပြုလုပ်ခဲ့သော လေ့လာမှုအရ လူမှုမီဒီယာများသည် မဲဆန္ဒရှင်များ၏ မဲပေးမှုပုံစံအပေါ် သြဇာသက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့သည်။ ယင်းလေ့လာမှုတွင် ဖေ့စ်ဘွတ်ခ်အသုံးပြုသူ ၆၁ သန်းကို လေ့လာခဲ့သည်။ ယခုအခါ အင်တာနက်လွတ်လပ်ခွင့်မြှင့်တင်ရေးအဖွဲ့ Fight For the Future ကလည်း Vote with Friends ဟူသော application ဆော့ဖ်ဝဲကိုတီထွင်ပေးထားပြီး ယင်းကို အသုံးပြုခြင်းအားဖြင့် ဖေ့စ်ဘွတ်ခ်သုံးသူများသည် မိမိတို့၏ မိတ်ဆွေများမှ မည်သူက မဲပေးရန် စာရင်းပေးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

—Ref: CNA

## နောက်ကျောဖုံး - ယူရိုဇုန်အကျပ်အတည်း မှ

ဂျီ - ၂၀ ဆွေးနွေးပွဲများတွင် ညှိသည်တော်အဖြစ်တက်ရောက်နေသော စပိန်ဘဏ္ဍာရေးဝန်ကြီး လူဝစ်ဒီ၊ ဂူအင်ဒေါ့စ်ကလည်း စပိန်နိုင်ငံတွင် လုပ်ဆောင်နေသည့် ဘဏ်လုပ်ငန်းနှင့် အလုပ်သမားရေးရာပြုပြင်ပြောင်းလဲမှုများအကြောင်း ရှင်းလင်းပြောကြားမည်ဖြစ်သည်။ သို့သော် ဘဏ္ဍာရေးအကူအညီမရယူခြင်းကိစ္စကိုမူ ရှည်ရှည်ဝေးဝေး ပြောမည်မဟုတ်ဟု မျှော်လင့်ရသည်။

အမေရိကန်မှာလည်း ၎င်း၏စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို လျော့ကျစေနိုင်သည့် အသုံးစရိတ်လျှော့ချရေး၊ အခွန်အကောက်များ တိုးမြှင့်ရေးစသည့် ဘဏ္ဍာရေးမညီမျှမှုဖြစ် စေနိုင်ခြင်းကိစ္စရပ်များအတွက် နိုင်ငံအများ၏ အာရုံစိုက်စရာဖြစ်နေသည်။

"ကမ္ဘာ့နိုင်ငံအများအပြားက ပြဿနာပေါင်းစုံအပေါ် စိုးရိမ်ပူပန်မှုများရှိနေတဲ့အချိန်မှာ အခုလို ဂျီ-၂၀ အစည်းအဝေးပွဲကျင်းပနေရတာပါ" ဟု မက္ကဆီကို ဘဏ္ဍာရေးဝန်ကြီး ဟိုဆေးအန်တိုနီယိုက ပြောကြားသည်။ —Ref: AFP

## နောက်ကျောဖုံး - ဆန်ဒီမုန်တိုင်း ဒုက္ခသည်များ မှ

နယူးယောက်မြို့နှင့် ကပ်လျက်နယူးဂျာစီမြို့၌လည်း လူပေါင်းတစ်သန်းခန့်မှာ လျှပ်စစ်မီးမရရှိဘဲ အမှောင်ထဲတွင် ခိုက်ခိုက်တုန်အောင် အအေးဒဏ်ခံစားနေရသည်။

ကမ်းရိုးတန်းမှ အိမ်များအားနစ်မြုပ်သွားစေခဲ့သည့်အမေရိကန်သမိုင်းတွင် အဆိုးရွားဆုံး မုန်တိုင်းတစ်ခုဖြစ်သော"ဆန်ဒီ"တိုက်ခတ်ပြီး ရက်သတ္တပတ်ခန့်ကြာမြင့်လာသည့်အချိန်ထိ လောင်စာဆီမလုံလောက်မှုများ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ရှိနေဆဲဖြစ်သည်။ နယူးယောက်မြို့ တစ်မြို့တည်းမှာပင် လူပေါင်း ၃၀,၀၀၀ မှ ၄၀,၀၀၀ ခန့်အတွက် နားခိုစရာလိုအပ်နေကြောင်း နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘာ့ဂ်က ပြောကြားသည်။

"ဒီမြို့မှာ လူမနေဘဲ လစ်လပ်နေတဲ့ နေစရာနေရာတွေ အများကြီးမရှိပါဘူး။ နေစရာအတွက် ပြဿနာရှိပါတယ်။ ဒါပေမဲ့ ဘယ်သူမှ လမ်းပေါ်မှာ အိပ်မနေစေရပါဘူး။ ဒါဟာ စိန်ခေါ်မှုတစ်ရပ်ပါ။ ဒီကိစ္စကို ကျွန်တော်တို့အမြန်ဆုံး ကိုင်တွယ်ဆောင်ရွက်နေပါတယ်" ဟု မစ္စတာ ဘလွန်းဘာ့ဂ်က ပြောကြားသည်။

အပူချိန်ကျဆင်းမှုမှာလည်း ညတွင်းချင်းပင်ရေခဲအမှတ်နားသို့ရောက်ရှိလာပြီး ဆောင်းရာသီအစောပိုင်း မုန်တိုင်းတစ်ခုလည်း ယင်းဒေသသို့ ယခုသီတင်းပတ်အတွင်း ဝင်ရောက်လာမည်ဟု မျှော်လင့်ထားသည်။ ယင်းမုန်တိုင်းနှင့်အတူ လေပြင်းများကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သိရသည်။

—Ref: Reuters

7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012



# “ကျွန်တော်တို့ လူတွေကို မျှော်လင့်မှုအများကြီးပေးခဲ့ပါတယ်

## အသံထက်မြန်သောနှုန်းဖြင့် ကမ္ဘာ့စံချိန်တင် လေထီးခုန်ခဲ့သူ ဖီလစ်ဘောင်မ်ဂတ်တနာနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဩစတြီးယားနိုင်ငံသား လေထီးခုန်သမားဖီလစ်ဘောင်ဂတ်တနာဟာ မကြာသေးမီကကမ္ဘာ့ပထမဆုံးသော အသံထက်မြန်တဲ့မြန်နှုန်းနဲ့ကောင်းကင်ကနေ အလွတ်ခုန်ချသူ အမြင့်ခုန်သမားအဖြစ်စံချိန်ရရှိထားခဲ့သူဖြစ်ပါတယ်။ အခုတော့ ၎င်းဟာ အမြင့်ကနေလေထီးခုန်ခြင်းနဲ့ပတ်သက်လို့ ကမ္ဘာ့စံချိန်သုံးခု အထိရရှိပြီးနောက်သူ့ရဲ့ပရော်ဖက်ရှင်နယ်အလုပ်ကနေ အနားယူတော့မယ်လို့ တရားဝင်ကြေညာခဲ့ပြီ ဖြစ်ပါတယ်။ ‘အကြောက်အလန့်မဲ့ ဖီလစ်’ Fearless Felix လို့အမည်ရတဲ့ အသက် ၄၃ နှစ် အရွယ် ဖီလစ်ဘောင်ဂတ်တနာဟာ အောက်တိုဘာလအတွင်း အသံထက်မြန်တဲ့ နှုန်းနဲ့ကောင်းကင်မှ နယူးမက္ကဆီကိုသဲကန္တာရထဲ ခုန်ဆင်းကာ သိပ္ပံပညာနဲ့ လူသားရဲ့ ခံနိုင်ရည်စွမ်းရည်တို့ကြားက နယ်နိမိတ်အကန့်အသတ်တွေကို စမ်းသပ်ကြည့်ခဲ့တာပါ။ သတင်းတွေအရတော့ ၎င်းရဲ့အသံထက်မြန်တဲ့နှုန်းနဲ့ဝေဟင်မှ ခုန်ဆင်းခဲ့မှု ကမ္ဘာ့စံချိန်သစ်ရရှိရေးမှာ သုံးခဲ့တဲ့ ကုန်ကျစရိတ်က ယူရိုသန်း ၅၀ လောက်ရှိတယ်လို့ သိရပါတယ်။ ယခုဖော်ပြလိုက်တာ ယူရိုသတင်းရဲ့သတင်းထောက် အန်ဒရီဟာဘိုလီသိုနဲ့ဖီလစ်ဘောင်ဂတ်တနာတို့ရဲ့အမေးအဖြေများပဲဖြစ်ပါတယ်။

**ကိုယ့်အောက်က ကမ္ဘာမြေကြီးရဲ့ ၃၉ ကီလိုမီတာအထက်မှာ ဒုံးပျံထိပ်ဖူးအစိတ်အပိုင်းတစ်ခုထဲဝင်နေရချိန်မှာ ခင်ဗျားဘာတွေ စဉ်းစားနေခဲ့ပါသလဲ။**

ဟုတ်ကဲ့။ ကျွန်တော်က အပေါ်တက်ဖို့ကိုပဲ အာရုံပြုနေခဲ့တာပါ။ ဘာလို့လဲဆိုတော့ ကိုယ့်မှာလုပ်စရာအလုပ်တွေအများကြီးရှိနေခဲ့လို့ပါ။ ဒီနောက်တော့ ကျွန်တော်လည်း ဒုံးပျံထိပ်ဖူးအပေါ်ကို တက်သွားတယ်။ စက္ကန့်နည်းနည်းလောက်တော့ကျွန်တော့်မှာ ( ကောင်းကင်ထက်က) မြင်ကွင်းကို ခံစားဖို့ အခွင့်အရေးရခဲ့တာပေါ့။ ထူးခြားလှတဲ့ မြင်ကွင်းပါ။ သိပ်ပြီးထင်ရှားလွန်းပြီး လှလွန်းတယ်။ ဒါပေမဲ့ ကိုယ်က (လေဟာနယ်ထဲ မှာဂြိုဟ်တုခန်း) အပြင်ဘက်မှာရပ်နေရချိန်မှာတော့ အကြာကြီးရပ်မနေနိုင်တော့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်လည်းကိုယ့်ယာဉ်စနစ်ကနေ အဆက်အသွယ်ပြတ်သွားတာနဲ့အမျှ ကိုယ့်အတွက် အရန်ဆောင်ထားတဲ့ အောက်ဆီဂျင်ဘူးတွေမှာကလည်း ၁၀ မိနစ်စာပဲရှိတော့တာကိုး။ အဲဒီမှာ ကိုယ်ရပ်တည်နေရတဲ့အချိန်မှာ တကယ်မြန်မြန်သိသွားတာကတော့ ကိုယ်ဟာ အန္တရာယ်ကြီးတဲ့ပတ်ဝန်းကျင်ထဲ ရှိနေပြီဆိုတာပဲ။ ဆိုလိုတာကတော့ ကျွန်တော်မြန်မြန်ကြီးကို ခုန်ဆင်းရတော့မှာပေါ့။

**ဒီတော့ခုန်ဆင်းလိုက်ပြီးနောက်ပိုင်း ဘာတွေဖြစ်သွားလဲ။**

ကျွန်တော်တို့သိခဲ့တာကတော့ ကျွန်တော်ဟာ ချာလပတ်လှည့်နေတဲ့ ဝဲတစ်ခုထဲဝင်သွားရတော့မယ်ဆိုတာပဲ။ အဲဒါအမှန်ပဲလေ။ အဲဒီမှာ လေကလည်းမရှိဘူး။ လုံးဝကို ဘူးခွံတစ်ခုထဲရောက်လုနီးပါးအခြေအနေပေါ့။ ဒါ့ကြောင့် ကျွန်တော်တော့အချိန်အကြာကြီးကြာအောင် ပတ်ချာလည်ရမ်းနေတော့မှာ သိထားခဲ့တယ်လေ။ ဒါဟာ ကျွန်တော်ဘယ်လောက်မြန်မြန် အဲဒီလိုလည်နေတာကို ရပ်နိုင်စွမ်းရှိမလဲဆိုတဲ့ မေးခွန်းတစ်ခုပဲပေါ့။ ကျွန်တော်လုပ်ခဲ့ပါတယ်။ ကိုယ့်ရှိသမျှလေထီးခုန်စွမ်းရည်တွေအားလုံးအသုံးချပြီး အဲဒီလည်နေတာကိုရပ်နိုင်အောင် လုပ်ခဲ့ရတာပေါ့။ ကျွန်တော်လုပ်ခဲ့တယ်။ ဒါ့ကြောင့် ကျွန်တော်တကယ်ပဲ ကောင်းကောင်းလုပ်ခဲ့ရမယ်ပေါ့။ အဲဒီလေးမိနစ်နဲ့ စက္ကန့် နှစ်ဆယ်အတွင်းမှာပဲ စွမ်းဆောင်နိုင်ရမယ်ပေါ့လေ။

**ဒီလိုလေထဲခုန်ချစဉ်လည်နေတာကို“သေမင်းတမန်မွှေ့လည်မှု”လို့ခေါ်ကြတာ ကြားဖူးထားပါတယ်။ ဒီတော့ ခေါင်းကနေခြေဖျားအထိပတ်ချာရမ်းနေချိန်မှာ ကိုယ့်ကိုယ်ကိုယ် အတိအကျတည်ငြိမ်အောင်ဘယ်လိုလုပ်ခဲ့ရသလဲ။**

ဒီကိစ္စက အဲဒီလိုလည်နေတာမျိုးကိုလေ့ကျင့်လို့မရဘူးဗျ။ ခင်ဗျားအနေနဲ့ အသံထက်မြန်တဲ့နှုန်းနဲ့ ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ရင်လည်း မဖြစ်ဘူးပေါ့။ ပြီးတော့ကိုယ်လေထဲမွှတ်မွှတ်လည်နေတဲ့အချိန်မှာ အဲဒါကိုရပ်တန့်ဖို့အချိန်က စက္ကန့် ၅၀ လောက်ပဲရတယ်။ ဒီတော့ကိုယ့်လက်မောင်းတွေနဲ့ ခြေထောက်တွေကိုသုံးရမယ်။ အားလုံးကို သိမ်သိမ်မွေ့မွေ့လေးလုပ်ရပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ်က တစ်နာရီကိုမိုင် ၈၃၀ နှုန်းနဲ့ သွားနေတာကို သတိရနေရမှာကိုး။ ဒါ့ကြောင့် အဲဒီလည်နေတာကို ရပ်တန့်ဖို့နည်းလမ်းရှာတွေ့ရတာ တကယ်ပဲ ခက်တယ်ဆိုတာ သိခဲ့ရပြီ။ ဒါပေမဲ့ ကျွန်တော်လုပ်ပြခဲ့ပါတယ်။

> **ဖီလစ်ဘောင်မ်ဂတ်တနာ၏ စံချိန်အချို့**
>
> ၁။ ကွာလာလမ်ပူရှိပီထရိုနာ့စ်တာဝါအဆောက်အအုံပေါ်မှလေထီးဖြင့်ခုန်ဆင်းကာ ကမ္ဘာ့အမြင့်ဆုံးနေရာမှလေထီးဖြင့် ခုန်ချနိုင်သည့်စံချိန်။ ပီထရိုနာ့စ်မျှော်စင်မှာ အမြင့်ပေ ၄၅၁ ဒသမ ၉ မီတာ (၁,၄၈၃ ပေ) ရှိသည်။
>
> ၂။ အင်္ဂလိပ်ရေလက်ကြားကို အထူးပြုလုပ်ထားသည့် ကာဗွန်ဖိုက်ဘာတောင်ပံတပ်ကာ ဖြတ်ပျံနိုင်သည့်စံချိန်။
>
> ၃။ ၂၀၀၇ ခုနှစ်တွင်တိုင်ပေရှိထိုစဉ်ကကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံ တိုင်ပေ ၁၀၁ ပေါ်မှ လေထီးခုန်ချနိုင်သည့်စံချိန်။
>
> ၄။ ၂၀၁၂ အောက်တိုဘာ ၉ တွင် နယူးမက္ကဆီကို ပြည်နယ်အထက်ကောင်းကင်အမြင့် ၃၉,၀၄၅ မီတာ (၁၂၈,၁၀၀ ပေ သို့မဟုတ် ၂၄ မိုင်)မှ တစ်နာရီ ၁,၃၄၂ ကီ လိုမီတာ (၈၃၄ မိုင်နှုန်း) ဖြင့်ခုန် ဆင်းကာ ကမ္ဘာ့ပထမဆုံးအသံထက်မြန်သည့် အရှိန်နှုန်းဖြင့် ခုန်ဆင်းနိုင်သူ လေထီးခုန်သမား စံချိန်ရရှိ။

**အသံထက်မြန်တဲ့နှုန်းနဲ့ (လေထဲ)ဖြတ်သန်းသွားခဲ့ရတာကိုရော သတိပြုမိရဲ့လား။ အဲဒါ ဘာနဲ့တူပါသလဲဗျ။**

အသံထက်မြန်နှုန်းကို ကျွန်တော်ဖြတ်ကျော်နေချိန်မှာ တကယ်ပဲ ကျွန်တော်ဘာမှ မသိခဲ့ပါဘူး။ ဘာကြောင့် လဲ ဆို တော့ ဘာလက္ခဏာမှ မပြခဲ့ဘူးလေ။ ကျွန်တော်ပြောခဲ့တာကတော့ ကျွန်တော့်ဝတ်စုံတစ်လျှောက်မှာ လှိုင်းတစ်ခုဖြတ်သွားတော့မယ်ပဲ။ အဲဒီလှိုင်းကို ကျွန်တော်တစ်ခါမှ မမြင်ခဲ့ရဘူး။ အသံထက်မြန်တဲ့နှုန်းတဲ့ ကျလာတဲ့ အသံကြီးကိုလည်း ကျွန်တော်မကြားမိခဲ့ဖူးဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်အနောက့်မှာ ဖြစ်ခဲ့တာကိုး။ အဲဒီအချိန်လောက်မှာပဲ ကျွန်တော်က လေထီးကိုဖွင့်နေတော့ ကိုယ်အသံရဲ့မြန်နှုန်းကို စံချိန်ချိုးနိုင်လား၊ မနိုင်ဘူးလား မသိခဲ့ဘူးဗျ။ ဒါပေမဲ့ကျွန်တော်မြေကြီးပေါ်ရောက်တော့ လူတွေအများကြီး ကျွန်တော့်ကို ပြောကြတယ်။ ဘာလို့လဲဆိုတော့ မြေကြီးပေါ်မှာသူ တို့အဲဒီအသံကြီးကို ကြားခဲ့ရတယ်တဲ့။

**အဲဒီအချိန်တုန်းက ကိုယ်လုပ်နိုင်မယ်လို့ရော တွေးမိလား။ အဆိုးဆုံးဖြစ်သွားနိုင်တာက ကိုယ်နောက်မှာရှိနေတာဆိုတော့လေ။**

သတင်းစာရှင်းလင်းပွဲမှာ ဘရိုင်ယန်ဘူတလေ (ဖြစ်စဉ်မှတ်တမ်းကို တရားဝင်စောင့်ကြည့်စစ်ဆေးပေးခဲ့သူ) က ကိန်းဂဏန်းတွေနဲ့ အတိအကျ ပြောတော့ အဲဒါဟာ ကျွန်တော့်အနေနဲ့ အသံထက်မြန်တဲ့စံချိန်ချိုးနိုင်ခဲ့ကြောင်း ပထမဆုံးအကြိမ်ကြားဖူးတာပါပဲ။ အဲဒါလေးက တော်တော်ကောင်းတဲ့အချိန်ပဲ။ ကျွန်တော့်ကိုယုံပါ။

**ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ အကန့်အသတ်တွေ ကျော်လွန်အောင်လုပ်ပြခဲ့တယ်။ ဒီလိုမျိုး ထူးထူးခြားခြားလုပ်တာမျိုးအတွက် ဘယ်လိုပြင်ဆင်ခဲ့ရသလဲ။**

ကိုယ်လေ့ကျင့်သမျှအချိန်တိုင်းက လေတပ်စခန်းမှာ အမြင့်ခုန်တာပဲ ဖြစ်နေတယ်။ ဝေးဝေးလံလံအမြင့်ကနေခုန်ရတာမျိုးကတော့ခက်ပါတယ်။ ဒါ့ကြောင့် ကိုယ်ခုန်ချတဲ့အခါ အပူရှိန်ကလည်းပါတယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ ဆို တာ ကျွန်တော် သိခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ပေါင်းများစွာအတွင်းစမ်းသပ်မှုတွေအများကြီး ကျွန်တော်လုပ်ခဲ့ရပါတယ်။ ကျွန်တော်တို့ ကောင်းကင်ထက် ဟိုးအမြင့်ကရော၊ အနိမ့်ပိုင်းလောက်ကပါ ခုန်ချတာ။ ဝတ်စုံဝတ်ထားပြီး အဲဒီထဲမှာ လေဖိအားပေးထားတာရော၊ ဖိအားမရှိတာရော ပုံစံမျိုးစုံလေ့ကျင့်ခဲ့တယ်။

လေလွှတ်ထားတဲ့ ပိုက်လိုင်းထဲမှာလည်း ယာဉ်ငယ်တစ်ခုထဲနေပြီး ဝတ်စုံအပြည့်လေ့ကျင့်ခဲ့တယ်။ ပြီးတော့ကျွန်တော်ခုန်ချစဉ်မှာ စီးမယ့် ယာဉ်အိမ်ငယ်ကိုလည်းကိုယ်တိုင်အပူချိန်နဲ့လေထုအမြင့်တွေမှာ စမ်းသပ်ခဲ့တယ်။ ဒီနောက်တော့ ပေ ၇၀,၀၀၀ အမြင့်ကတစ်ကြိမ်၊ ပေ ၉၀,၀၀၀ အမြင့်ကတစ်ကြိမ်ခုန်ချခဲ့တာဆိုတော့အဲဒီနေ့မှာ ကျွန်တော်တို့ တကယ်စမ်းသပ်လုပ်ခဲ့တာ ပေ ၁၂၉,၀၀၀ အမြင့်လောက်ဖြစ်သွားတာပေါ့လေ။ ဒါ့ကြောင့် ကျွန်တော်ဟာ အပြည့်အဝပဲစိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ ပြင်ဆင်ထားခဲ့ပါတယ်။

**ခင်ဗျားရဲ့ အမြင့်ခုန်ဆင်းမှုကို ရာသီဥတုဆိုးလို့ ရွှေ့ဆိုင်းခဲ့ရသေးတယ်နော်။ ပြီးတော့ သတ်မှတ်ထားတဲ့ ကောင်းကင်အမြင့်ကို ရောက်ဖို့ နှစ်နာရီခွဲလောက်ကြာခဲ့ရတယ်ဆို။ ခင်ဗျားအာရုံကြောတွေကို ထိန်းချုပ်မှုရအောင် ဘယ်လိုလုပ်ခဲ့ရသလဲ။**

အဲဒါဟာလွယ်တဲ့ အရာတော့မဟုတ်ဘူးပေါ့။ နှစ်တွေအများကြီးကြာအောင် လေ့လာထားရတဲ့ကိစ္စပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်က နာရီပေါင်းများစွာ ယာဉ်အိမ်ငယ်လေးတစ်ခုထဲထိုင်နေတယ်ဆိုတော့ မလွယ်ဘူးပေါ့။ ဒီမှာ အင်တာဗျူးလုပ်ဖို့ခြောက်နာရီ၊ ခုနစ်နာရီလောက်ထိုင်ရုံပဲ ထိုင်နေတာကတောင် မလွယ်ဘူးလေ။ ကိုယ်က လေဖိအားရှိတဲ့ဝတ်စုံထဲမှာ နေရတယ်ဆိုရင်တကယ်ဆိုးတာပဲ။ အောက်ဆီဂျင်ရှူရုံလေးရှူပြီးတော့ ကိုယ်ကြားရတာကလည်းကိုယ့်အသက်ရှူသံနဲ့ မစ်ရှင်ထိန်းချုပ်ရေးက အသံပဲ။ ဒါပေမဲ့ ငြိမ်ငြိမ်နေမှဖြစ်မယ်လေ။ ဒါမှမဟုတ်ရင် ကျွန်တော်အောင်မြင်ခဲ့မှာ မဟုတ်ပါဘူး။

**အခုလို ဟိုးကမ္ဘာ့အမြင့် အမြင့်ကနေခုန်ချခဲ့တာဟာ ပိုက်ဆံဖြုန်းတဲ့ကိစ္စပဲလို့ ပြောကြတဲ့သူတွေကို ခင်ဗျားရဲ့ တုံ့ပြန်မှုက ဘာဖြစ်မလဲ။**

ဟုတ်ကဲ့ လူတွေကတော့ ဒါကို အမြဲပြောကြမှာပဲ။ ဒါပေမဲ့ နိုင်ငံရေးမှာလည်းကြည့်လေ။ သူတို့ငွေဘယ်လောက် ဖြုန်းနေကြသလဲ။ အခုဟာက ပုဂ္ဂလိကလူတစ်ဦးရဲ့ ငွေတွေပါ။ သူဟာ ဒီငွေကိုနှစ်ပေါင်းများစွာ Red Bull

စာ(၄၅)သို့

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.35 • NOVEMBER 8 , 2012



## ခွေတွေဆက်စီစဉ်နေတယ်ဆိုတဲ့ ဖြိုးကြီး

ကြူကြူဟာန်

'အထည်ကြီးပျက်'သီချင်းနဲ့ ဂီတလောကမှာ အောင်မြင်လာခဲ့တဲ့ အဆိုတော်ဖြိုးကြီးက ကိုယ်ရေးကိုယ်တာကိစ္စတွေကြောင့် အနုပညာအလုပ်တွေကို လုပ်သင့်သလောက် မလုပ်နိုင်ခဲ့ပေမယ့် အခုအချိန်မှာ ဒုတိယအယ်လ်ဘမ် 'မမုန်းကြေး'စီးရီးနဲ့ ပရိသတ်ဆီ ရောက်ရှိလာခဲ့ပါပြီ။ 'မမုန်းကြေး' အယ်လ်ဘမ်ထွက်ရှိပြီးနောက် ရှေ့ဆက်အနုပညာအလုပ်ကိုတောက်လျှောက်လုပ်သွားတော့မယ်လို့ဆိုလာသူဖြိုးကြီးကိုဂီတနဲ့ပတ်သက်တဲ့အကြောင်းအရာတချို့ကိုမေးမြန်းခဲ့ပါတယ်။

**ပထမခွေနဲ့ အခု'မမုန်းကြေး'ခွေက နှစ်တော်တော်ကြာအောင် လုပ်ခဲ့ရတော့ ဒီခွေကို ကျေနပ်မှုရှိပါရဲ့လား။**

**စာ(၄၉)သို့**

## ကြောင်အစစ်အကောင် ၂၀နဲ့ ရိုက်ထားတဲ့ ဖြူဖြူရဲ့အန္တရာယ်ကြောင်မလေး

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ဖြူဖြူကျော်သိန်း၏ နောက်ဆုံးထွက်စီးရီး 'မိန်းကလေးတစ်ယောက်အသည်းကွဲနေတယ်' ထဲမှ 'အန္တရာယ်ကြောင်မလေး' တေးသီချင်းကို ဗီစီဒီရိုက်ကူးရာတွင် တကယ့်ကြောင်အစစ်အကောင် ၂၀ ခန့်နှင့် ရိုက်ကူးခဲ့ကြောင်း ဖြူဖြူကျော်သိန်းက ပြောသည်။

'အန္တရာယ်ကြောင်မလေး' သီချင်းမှာ ယင်းစီးရီးထဲတွင် ၎င်း၏ သီဆိုဟန်ကို ထုတ်ပြနိုင်သည့် သီချင်းအဖြစ် ပရိသတ်အတော်များများက လက်ခံထားပြီး ဗီစီဒီအဖြစ်ရိုက်ကူးရာတွင်လည်းကြောင်အစစ်တစ်ကောင်၏စိတ်ခံစားချက်နှင့် မျက်နှာပေးမျိုးဖြစ်အောင် ဒါရိုက်တာသုံးပေါင်ကရိုက်ကူးပေးခဲ့ကြောင်း ဖြူဖြူကျော်သိန်းက ပြောသည်။ "ဖြူဖြူကကြောင်အရမ်းချစ်တယ်။ ရှိုးပွဲတွေမှာဖြူဖြူtrade mark က မျက်နှာဖုံးတပ်တာနဲ့ ကြောင်လိုအော်တာဆိုတော့ကြောင်တစ်ကောင်ခံစားချက်နဲ့သီချင်းတစ်ပုဒ်ကို ကိုစောခူဆဲလ်ကိုပြောပြီး အပ်လိုက်တာ။

**စာ(၄၉)သို့**






## ကာလရှည်လက်တွဲခဲ့သော ချစ်သူနှင့် အီဗန်ရေချယ်ဝုဒ် လက်ထပ်

**လော့စ်အိန်ဂျလိစ်၊ နိုဝင်ဘာ-၃**

ဟောလိဝုဒ်မင်းသမီး အီဗန်ရေချယ်ဝုဒ်သည် သရုပ်ဆောင်ဂျင်မီဘဲလ်နှင့် ပြီးခဲ့သော (အင်္ဂါနေ့) စက်တင်ဘာ ၃၀ ကလက်ထပ်ခဲ့ကြောင်း သူမ၏ ကိုယ်စားလှယ်ဖြစ်သူက အတည်ပြုလိုက်သည်။ ကိုယ်စားလှယ်က ထုတ်ပြန်သော ကြေညာချက်တွင်မင်းသမီး အီဗန်(၂၅နှစ်)သည် ဂျင်မီ(၂၆နှစ်)နှင့် မိသားစုဝင်များ၊ ရင်းနှီးသောမိတ်ဆွေများရှေ့မှောက်၌ အကျဉ်းရုံး၍ အခမ်းအနားလေးပြုလုပ်ကာ လက်ထပ်ခဲ့ကြောင်း ဖော်ပြထားသည်။

အီဗန်က တွစ်တာဝက်ဘ်ဆိုက်၌ မင်္ဂလာပွဲနှင့်ပတ်သက် ၍ "စကားလုံးတွေက ကျွန်မခံစားနေရတဲ့ ပျော်ရွှင်မှုကို မဖော်ပြနိုင်ပါဘူး။ ဒီနေ့တော့ ကျွန်မလက်ထပ်ချင်တဲ့သူနဲ့ လက်ထပ်ခဲ့ပါပြီ။ သိပ်ပျော်ပါတယ်" ဟုရေးသားခဲ့သည်။ အီဗန်ရေချယ်ဝုဒ်သည် ပြီးခဲ့သော ဇန်နဝါရီလကပင် ဂျင်မီဘဲလ်နှင့် စေ့စပ်ခဲ့ပြီဟုသတင်းများထွက်ပေါ်ခဲ့သည်။ ၎င်းတို့သည် ၂၀၀၅ ဂရင်းဒေးဂီတအဖွဲ့၏ ဗီဒီယိုတစ်ခုတွင် တွဲဖက်သရုပ်ဆောင်ခဲ့ပြီးနောက် စတင်လက်တွဲခဲ့ကြသည်။ ၎င်းတို့နှစ်ဦး၏ ခန္ဓာကိုယ်တွင် တစ်ဦးစီ၏အမည်အတိုကောက်များကိုလည်း ဆေးမင်ရေးထိုးထားသည်ဟုသိရသည်။—Ref: People

7 DAY NEWS JOURNAL
Vol.11, No.35 · NOVEMBER 8 , 2012

## အိပ်မက်ဆုံရာ Season-4 ကို မူလပုံစံဖြင့် ရိုက်ကူးထုတ်လွှင့်မည်

ကြူကြူဟာန်

**ရန်ကုန်၊ နိုဝင်ဘာ-၃**
Channel-7 ရုပ်သံလိုင်းတွေ ထပ်မံထုတ်လွှင့်မည့် 'အိပ်မက်ဆုံရာ' Season-4 ကို ယခင် Season-1 ပုံစံအတိုင်း ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"တချို့ကလေးတွေက သူတို့ Group အဖွဲ့လေးတွေ ဆိုချင်တယ်ပေါ့။ သူတို့ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးတဲ့ အနေနဲ့ Season-3 မှာအဖွဲ့ယှဉ်ပြိုင်မှုတွေကို ထည့်ပေးထားတာ" ဟု 'အိပ်မက်ဆုံရာ' အစီအစဉ်တာဝန်ခံ မခင်နီတာထွန်းက ပြောသည်။

'အိပ်မက်ဆုံရာ' Season-4 အတွက် လူဦးရေ တစ်ထောင်ခန့် လာရောက်လျှောက်ထားကြပြီး ထိုလျှောက်ထားသူများထဲမှ ရှစ်ယောက် (သို့) ဆယ်ယောက်ကို အဆင့်နှစ် ရွေးချယ်ပြီး သီချင်းအမျိုးအစားအလိုက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## မိုးဟေကိုနှင့်သတင်းစာပါ ကြေညာချက်အကြောင်း

ကြူကြူဟာန်

**ရန်ကုန်၊ နိုဝင်ဘာ-၁**
သရုပ်ဆောင်မိုးဟေကို(ခ)မအေး အေးခိုင်၏ ခင်ပွန်းဖြစ်သူ ကိုညီညီထွန်းက ယခုလက်ရှိမိုးဟေကို နေထိုင်သောနေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အောက်တိုဘာ ၃၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ညီညီထွန်းနှင့်မိုးဟေကိုတို့သည် ၂၀၀၈ ဧပြီလကပင် ကမာရွတ်မြို့နယ်တရားရုံး၌တရားဝင်လက်ထပ်ခဲ့ပြီး သုံးလအကြာ အမှတ်(၇၄/ဘီ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်ရှိနေအိမ်ကိုမိုးဟေကိုအမည်ရင်းဖြင့်ဝယ်ပေးခဲ့ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။ ယခုအခါ အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ညီညီထွန်းက စင်ကာပူနိုင်ငံသို့ ခေတ္တထွက်ခွာသွားပြီး ယင်းမရှိသည့်အချိန်တွင် နေအိမ်နှင့် မြေနေရာကို လက်ရှိနေထိုင်သူများက မိမိသဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည်တို့ကိုမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဟုဖော်ပြထားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ မိုးဟေကိုကို ဆက်သွယ်မေးမြန်းရာ ဓာတ်ပုံရိုက်ခြင်း၊ အင်တာဗျူးဖြေဆိုခြင်းများ မပြုလုပ်လိုကြောင်းသူမကပြောသည်။









## စာ-၄၇၊ ခွေတွေဆက်စီစဉ်နေတယ်ဆိုတဲ့ ဖြိုးကြီး မှ

ကျွန်တော် ကျေနပ်ပါတယ်။ ကျေနပ်လို့လည်း ထွက်တာပါ။ နောက်ပြီးတော့ ကျွန်တော်နဲ့ ပရိသတ်ကြားမှာ သီချင်းကလည်း နည်းတော့ ရှေ့ဆက်ပြီး သီချင်းဆက်ဆိုမှာဖြစ်တဲ့အတွက် ကျွန်တော့်ပရိသတ်ကို သီချင်းတွေ ပေးဖို့လိုပါတယ်။ အဲဒါမှ ကျွန်တော့်ကိုပရိသတ်က သီချင်းဆက်ဆိုခွင့်ပေးမှာပါ။

**ပရိသတ်နဲ့ တော်တော်ကြာ အဆက်ပြတ်ပြီးမှ အခု ရှေ့ဆက်ပြီး သီချင်းတွေဆက်ဆိုသွားတော့မယ်ဆိုတော့ ဘယ်လိုတွန်းအားတွေကြောင့်လဲ။**

အဓိကတော့ အနုပညာလုပ်ဖို့ပဲ။ မဖြစ်ရင်လည်း မလုပ်ချင်ဘူး။ အကောင်းဆုံးကြိုးစားခဲ့ပြီးတော့ ပရိသတ်ပေးမယ့် အခွင့်အရေးနဲ့ ကိုယ့်ရဲ့ကံအပေါ်မှာပဲ မူတည်ပြီးတော့ လှုပ်ရှားမှာပါ။ တွန်းအားကတော့ အမှန်တိုင်းပြောရင် မေတ္တာတရားပါပဲ။ အချစ်တော့ မဟုတ်ပါဘူး။ မေတ္တာနဲ့စေတနာပါ။ ကျွန်တော်နဲ့ အနီးစပ်ဆုံး လူတွေဆီကလည်း ရပါတယ်။ တစ်ဦးတည်းသော လူဆီကလည်း ရပါတယ်။ ပရိသတ်တွေဆီကလည်း ရပါတယ်။

**အစ်ကို့ကို ပရိသတ်က အငြိမ်သီချင်းတွေနဲ့ ပိုအားပေးတာများတော့ အခုဒီခွေမှာ ပုံစံကို ဘယ်လိုပုံစံမျိုးလုပ်ထားလဲ။**

ဒီအခွေမှာ ကျွန်တော် အလေးအပေါ့လေးမျှအောင် လုပ်ထားပါတယ်။ သိပ်အမြန်ကြီးလည်း မဟုတ်ဘူး။ သိပ်အဆူကြီးလည်း မဟုတ်ဘူး။ သိပ်အနှေးကြီးလည်း မဟုတ်ဘူး။ အလယ်အလတ်ပဲ သွားတယ်။ ဘာလို့လဲဆိုရင် စာသားရော၊ တန်ဖိုးရော အားလုံးအဆင်ပြေအောင် ကျွန်တော် အချိန်အများကြီး ယူထားတာပါ။ ဒီသီချင်းတွေက နဂိုတည်းက ဒီအခွေကကော်ပီကို Own Tune နှစ်ပုဒ်လောက်ပါတယ်။ ကျွန်တော် နဂိုတည်းက ကော်ပီရွေးလို့ရှိရင် လူမသိတဲ့ သီချင်းတွေရွေးတာပေါ့။ တချို့ကျ ဟောင်းသွားပေမယ့် အခုထက်ထိ ခေတ်မီတဲ့ဟာလေးတွေ ရွေးတယ်။ အခွေအတွက် လိုနေမယ့် ဒီခေတ်နဲ့လိုနေမယ့် သီချင်းလေးတွေကျတော့ ထပ်တီးပြီး ထပ်ထည့်တာပေါ့။ သီချင်းသုံးပုဒ်လောက်ပေါ့။ တချို့ကျတော့ ထုတ်လိုက်ရတာပေါ့။ တချို့ကော်ပီကျတော့ တိုက်ကုန်တော့ ထုတ်လိုက်ရတာပေါ့။ တေးရေးခတော့ ဆုံးတာပေါ့နော်။

**မယုဇနကလည်း ပြန်ရောက်နေတယ်ဆိုတော့ မောင်နှမနှစ်ယောက်တွဲပြီး တစ်ခုခုလုပ်ဖို့များရှိမလား။**

ယုဇနနဲ့လုပ်ဖို့တော့ရှိတယ်။ သူကတော့ သူ့အမျိုးသားနဲ့ Own Tune တစ်ခွေလုပ်ဖို့ player တွေနဲ့ ပြောနေတယ်။ အဲဒါပြီးရင် နှစ်ယောက်တွဲလုပ်မယ်။ မောင်နှမဆိုတော့ အချစ်အကြောင်းလည်း ဆိုလို့မရဘူး။ အဲဒီတော့ ဘာအကြောင်းဆိုမှာလဲ နှစ်ယောက်တွဲကို ကာလာလှအောင်လို့ ယောကျ်ားလေးနဲ့ မိန်းကလေး စဉ်းတော့စဉ်းစားတယ်။ အရင်တုန်းကတော့ လုပ်ဖို့စီစဉ်ထားတာရှိတယ်။ အခွေလည်းတည်ပြီး တီးဖူးတယ်။ မထွက်ဖြစ်ဘူး။

**အစ်ကိုတို့ရဲ့ မင်္ဂလာသတင်းရော ဘယ်တော့လောက် ကြားရမလဲ။**

ကျွန်တော်ပြောပါ့မယ်။ အခုတော့ အများကြီး ကြိုးစားနေပါတယ်။ အဓိက Step Up ဖြစ်ဖို့ပေါ့နော်။ ၂ နှစ်၊ ၃ နှစ်ပေါ့။ ကြိုးစားရဦးမှာပါ။ ဒီဘက်မှာ အကြွေးတွေရှိသေးတယ်။ ပရိသတ်ကို အကြွေးတွေရှိသေးတယ်။

**ဂီတအစည်းအရုံးအမှုဆောင်သစ် လက်ထက်မှာ ဂီတသမားတွေရဲ့ ရပိုင်ခွင့်တွေအတွက် လုပ်နေကြတယ်။ FM နှစ်ခုကလည်း အနုပညာကြေးတွေ ပေးပြီးပြီ။ ထုတ်ပေးနေပြီဆိုတော့ အစ်ကိုရော အနုပညာကြေး ဘယ်လောက်ရထားပြီးပြီလဲ။ အရင်က အဲဒီလိုပြန်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ဖူးလား။**

မထုတ်ရသေးဘူး။ ဖုန်းလည်းမဆက်ရသေးဘူး။ သူတို့ကတော့ ပေးမှာပါ။ ဒီအလုပ်တွေနဲ့ မအားလို့ မဆက်ရသေးတာ။ အခုတော့ အဆင်ပြေမှာပါ။ ဖြူဖြူတို့ လုပ်နေတာပဲလေ။ အမှန်တကယ်တော့ ရသင့်ပါတယ်။ Radio Channel တွေဘက်က ကြော်ငြာတွေနဲ့ သူတို့စီးပွားရေးပုံစံမျိုးတွေ လုပ်လာကြတဲ့အခါကျတော့ စီးပွားရေးလုပ်ရင် ပိုက်ဆံပါလာရင် ပိုက်ဆံတော့ပြန်ပေးရမှာပေါ့။ စီးပွားရေးလုပ်ရင်တော့ Give and Take က လုပ်ရမှာပဲ။ အနုပညာသမားတွေ ရသင့်တဲ့ဟာပဲ။

**မူပိုင်ခွင့်ဥပဒေကို ၂၀၁၃ မှာ အပြီးရေးဆွဲမယ်ဆိုတော့ အစ်ကိုတို့အနေနဲ့ ဘယ်လိုပြင်ဆင်ထားသင့်တယ်လို့ထင်လဲ။**

Copy right ကတော့ လာမှာပဲ၊ သူတို့ rule တွေ ကြည့်ပြီးတော့ သူတို့တောင်းဆိုတာကို ပေးနိုင်ရင်ဆို မပေးနိုင်ရင် Own Tune လုပ် ဒါပဲရှိတာပဲ။ Own Tune ကတော့ လုပ်ရမှာပဲ။ Own Tune လုပ်ပြီဆိုရင် Copy right ကတော့ ကျွန်တော်ထင်တယ်။ နည်းနည်းကျယ်တယ်။ သူက ဘယ်လို rule နဲ့ သွားမလဲမသိသေးဘူး။ Player တွေက ဘယ်လိုပါမလဲ။ ဒီ rule က International နဲ့ သွားရမှာ Copy right လာမယ်ဆိုရင် International က လာမှာ သူတို့rule က ဘာမှန်းမသိသေးဘူး။ သေချာကြည့်ကြည့်မှ သိမယ်။ အဆိုသမားကတော့ သီချင်းကို မပိုင်တာတော့ ကျိန်းသေတယ်။ အရေးသမား၊ မူရင်းရေးတဲ့ တေးရေးဆရာ ပိုင်တာတော့ ကျိန်းသေတယ်။ Player တို့ Studio ကတော့ မပါဘူးထင်တယ်။ အဲဒီလိုမျိုး မြန်မာနဲ့ နည်းနည်းလွဲနေတာလေးတွေတော့ ရှိတာပေါ့။ အခုဆိုငါးပုံခွဲတာတို့ရှိတယ်။ သီချင်းတစ်ပုဒ်ကို ဟိုမှာ အဲဒီလို မပါဘူး။ ဟိုမှာမပါတဲ့ နှစ်ခုလောက်က ဒီမှာ ပါနေတာရှိတယ်။

**အစ်ကိုတို့ အဆိုရှင်တွေဘက်က တောင်းဆိုချင်တာက ဘာများဖြစ်မလဲ။**

လိုင်းပေါ်မှာ ဘယ်နှကြိမ်လွှင့်တယ်ဆိုတာ သိချင်တယ်။ အသုံးပြုပြီးတော့မှ သုံးပါတယ် ပြောတာ မလိုချင်ဘူး။ မသုံးခင်တည်းက ကြိုပြီးစာချုပ်လာချုပ်တာမျိုးတို့ လိုချင်တယ်။ အဲဒါမျိုးတွေ အခုဆိုရင် iPad တို့၊ iTune တို့မှာ သီချင်းတွေ ရောင်းနေတာရှိတယ်လေ။ အဲဒါတွေက Own Tune တွေများလာရင် ဒါလုပ်လာလို့ ရတယ်လေ။ Credit တွေကတော့ နိုင်ငံရဲ့တိုးတက်မှုနဲ့ ဆိုင်တာပေါ့။

**'မမုန်းကြေး' အယ်လ်ဘမ်ထွက်ပြီးရင် နောက်လုပ်မယ့် အစီအစဉ်တွေရှိရင် ပြောပြပါလား။ နောက်အနုပညာခြေလှမ်းတွေသိပါရစေ။**

ကျွန်တော်တော့ မသိသေးဘူး။ သီချင်းဆိုဖို့ပဲ အမြဲစဉ်းစားထားတယ်။ ဒီအခွေပြီးတဲ့နေ့မှာ နောက်နှစ်ခွေအတွက် တည်နေပြီ။ ပြန်ဆိုမယ့် အယ်လ်ဘမ်တစ်ချပ်က တည်ပြီးသွားပြီ။ အဲဒါကို ကျွန်တော့်ကွန်ပျူတာထဲမှာ ဖိုင်တစ်ခုနဲ့ စီလိုက်ပြီ။ နောက် တတိယအယ်လ်ဘမ် Solo အယ်လ်ဘမ်သီချင်းတွေကို ဖိုင်တစ်ခုနဲ့ စီနေပြီ။ အဓိက 'မမုန်းကြေး' မထွက်နိုင်တဲ့အတွက်ပိတ်နေတယ်။ ဘယ်လိုမှလုပ်လို့မရဘူး ဖြစ်နေတယ်။

## စာ-၄၇၊ ကြောင်အစစ်အကောင် ၂၀နဲ့ ရိုက်ထားတဲ့ ဖြူဖြူရဲ့ အန္တရာယ်ကြောင်မလေး မှ

ကိုစောခူဆဲလ်ရေးပေးထားတဲ့ စာသားတွေကလည်း ကြောင်တစ်ကောင်ရဲ့ သဘာဝနဲ့အရမ်းကွက်တိကျနေတယ်။ ဖြူဖြူကိုယ်တိုင်လည်း ကြောင်အစစ်ဖြစ်ချင်တာကြောင့် ဝတ်စုံကအစ ကိုယ့်စိတ်ကူးကို အစ်မ (ညိုညိုသိန်း) က ဖန်တီးတယ်" ဟု ရိုက်ကွင်းအတွေ့အကြုံကို သူမက ပြောသည်။

'အန္တရာယ်ကြောင်မလေး' သီချင်းကို ရဲတိုက်၊ ဖြူဖြူကျော်သိန်းနှင့် ကြောင်အကောင် ၂၀တို့ဖြင့် ဒါရိုက်တာသုံးပေါင်က ရိုက်ကူးထားပြီး ကြောင်တစ်ကောင်၏ သဘာဝပီပြင်စေရန် မလေးရှားနိုင်ငံမှ ဝယ်ယူလာသော ခေါင်းပေါင်းအနက်၊ တစ်ကိုယ်လုံးကိုယ်တိအကျပ်အနက် ဝတ်စုံ၊ ကြောင်လက်သည်းများဖြင့် တူစေရန် ဂျပန်နိုင်ငံမှ ဝယ်ယူလာသော လက်သည်း ခြေသည်းများ၊ ကြောင်တစ်ကောင်၏ မျက်လုံးများနှင့် တူစေရန် မိတ်ကပ်ကို ညီညီမောင်(စမ်းချောင်း)က လိမ်းခြယ်ပေးခဲ့ကြောင်း သိရသည်။ "ကြောင်အစစ်တွေနဲ့ ရိုက်ရတော့ ကြောင်တွေကိုမပျောက်အောင် လိုက်ဖမ်းရတာတစ်ခုပါပဲ" ဟု ရိုက်ကွင်းအခက်အခဲကို ဖြူဖြူကျော်သိန်းကပြောသည်။

ဖြူဖြူကျော်သိန်း၏ 'မိန်းကလေးတစ်ယောက် အသဲကွဲနေတယ်' စီးရီးထဲမှ 'ကြိုးပြတ်သူ'၊ 'ချယ်ရီလမ်း'နှင့် 'အန္တရာယ် ကြောင်မလေး' အပါအဝင် သီချင်းကိုးပုဒ်ကို ဒါရိုက်တာသုံးပေါင်နှင့် ရိုက်ကူးမည်ဖြစ်ပြီး ကျန်သီချင်းနှစ်ပုဒ်ကို မီဒီယာကမ္ဘာဖြင့် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

the SUN INSTITUTE

APPLICATION FORM များအား: **www.thesuninstitutemyanmar.org** မှ download လုပ်ယူ၍ **office@thesuninstitutemyanmar.org** သို့ e-mail မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်သည်။

### I. ENGLISH LANGUAGE CLASS

ယခုဖွင့်လှစ်မည့် တန်းခွဲသစ်မှာ စနေ၊ တနင်္ဂနွေ မနက် (၉) နာရီ မှ နေ့လည် (၁၂) နာရီ အတန်း ဖြစ်ပြီး သင်တန်းချိန်များမှာ စုစုပေါင်း (၃၆) နာရီ ဖြစ်ပြီး (၆) ပတ် ဖြစ်ပါသည်။ တန်းခွဲသစ်ကို၁၆.၁၁.၂၀၁၂ (ညနေ၆နာရီမှ၈နာရီ) တွင် Orientation ပြုလုပ်မည်ဖြစ်ပြီး၁၇.၁၁.၂၀၁၂ တွင်စတင်ဖွင့်လှစ်သွားပါမည် ဖြစ်သည်။ တန်းခွဲတစ်ခုတွင် လူဦးရေ(၂၅)ယောက်သာလက်ခံပါမည်။

Application Form ပိတ်ရက်
၁၅.၁၁.၂၀၁၃

### II. BASIC BUSINESS OPERATIONS

လုပ်ငန်းခွင်တွင် အမှန်တကယ်လိုအပ်မည့် အသိပညာများ၊ သတင်းအချက်အလက် စုစည်းမှု အတတ်ပညာများ၊ လုပ်ငန်းတို့၏ သဘောသဘာဝများကို အလုပ်အကိုင်သစ်ရှာဖွေနေသူများနှင့် မိမိလုပ်ကိုင်ရာလုပ်ငန်းခွင်တွင်ပိုမို၍ အရည်အသွေးပြည့်ဝသောသူတစ်ဦးဖြစ်လိုသူများ အတွက် စာတွေ့လေ့လာသင်ယူမှု တစ်လနှင့် လက်တွေ့လုပ်ကိုင်မှု လုပ်ငန်းခွင်အတွေ့အကြုံ [Internship] နှစ်လ ဖြင့်စုစုပေါင်းသုံးလသင်တန်းများပို့ချပေးသွားမည် ဖြစ်သည်။

စာတွေ့သင်ကြားမှုတွင် ပါဝင်မည့်ဘာသာရပ်များ-

[1] Team Building
[2] Selling Over the Phone
[3] Negotiation Skills
[4] Meeting.....Skills
[5] Listening [gathering info.]
[6] Customer Care
[7] Goal Setting
[8] Career Development
[9] How to deal with difficult people
[10] Logistics Management
[11] Office Administration Skills
[12] Information Gathering Skills
[13] How to Approach the Customer
[14] Motivation
[15] Time Management
[16] Note Taking Skills
[17] Mind Mapping
[18] English Speaking Classes
[19] Decision Making
[20] ICT
[21] Seminars

သင်တန်းအတန်းချိန်နှင့် လုပ်ငန်းခွင်ဝင်မှု Attendance ၈၅% ပြည့်မီသူများကိုသာ Certificate ပေးအပ်သွားမည်ဖြစ်သည်။

စာတွေ့သင်ကြားမှုကာလ - (၇၂)နာရီ/(၁)လ
လုပ်ငန်းခွင်အတွေ့အကြုံ - (၂) လ
သင်တန်းသားလက်ခံမှုဦးရေ - (၅၀) ဦး
သင်တန်းလက်ခံမှုနောက်ဆုံးရက်(Deadline) - ၁၂.၁၁.၂၀၁၂
သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၁၅.၁၁.၂၀၁၂
သင်တန်းကြေး - ၃၀,၀၀၀ ကျပ်
အတန်းချိန် - အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး မနက်(၁၀) မှ ညနေ (၅)နာရီ

### III. SALES AND MARKETING

အရောင်းမြှင့်တင်မှုအပိုင်းတွင် ပိုမိုအရည်အသွေးပြည့်ဝသောသူတစ်ဦးဖြစ်လိုသူများ အတွက် The SUN Institute မှ သင်ကြားပို့ချပေးရန် စီစဉ်လျက်ရှိပါသည်။ အောက်ဖော်ပြပါ ဘာသာရပ်များနှင့် သင်ကြားပို့ချပေးပါမည်။

[1] Critical Thinking for Sale and Marketing Executive
[2] How to Approach the Customers
[3] Customer Care
[4] Motivation/Persuasion/Creativity Skills
[5] Personality Development
[6] Marketing
[7] Super Sales Technique
[8] Role Play
[9] Developing the Product
[10] Pricing
[11] Channel Intermediaries
[12] Marketing Communications

သင်တန်းလက်ခံမှုနောက်ဆုံးရက် (Dead line) ၁၅.၁၁.၂၀၁၂
သင်တန်းစတင်ဖွင့်လှစ်မည့်ရက် ၁၇.၁၁.၂၀၁၂

သင်ကြားမှုကာလ - (၃၆) နာရီ / (၁)လခွဲ
သင်တန်းသားလက်ခံမှုဦးရေ - (၅၀) ဦး
သင်တန်းကြေး - ၃၀,၀၀၀ ကျပ်
အတန်းချိန် - စနေ၊ တနင်္ဂနွေ (မနက် ၁၀နာရီ မှ နေ့လည် ၁နာရီ)

ဆက်သွယ်ရန်လိပ်စာ - ရသာကွန်ဒို(အမှတ်-၄၈၅၊၄၆၀)၊အခန်း-ဃ၊၄-လွှာ(သုံးပန်လှလက်ဖက်ရည်ဆိုင်အနီး)၊မဟာဗန္ဓုလလမ်းနှင့်၃၁-လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၉၂၀၉၊ ၀၉ ၇၃၂ ၁၁ ၇၄၉၊ ၀၉ ၄၂၁ ၀၂၆၀၃၄၊ ၀၉ ၅၁၃ ၉၉၆၇၊ ၀၉ ၂၀၄ ၄၁၃၇။

# မြန်မာအလေးမ ကစားသမားတို့အတွက် ရောင်နီလေလား

ပိုလ်ပိုလ်ဝင်း



**မြန်မာ** နိုင်ငံအလေးမအဖွဲ့ချုပ် သက်တမ်း၆၆နှစ်အကြာတွင်အာရှအဆင့်လူငယ်အလေးမပြိုင်ပွဲတစ်ရပ်ကို ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီဖြစ်သည်။ အာရှနိုင်ငံပေါင်း ၂၁ နိုင်ငံမှ အားကစားသမားစုစုပေါင်း ၃၀၀ ကျော်ပါဝင်ဆင်နွှဲမည့် အဆိုပါပြိုင်ပွဲကြီးကို နိုဝင်ဘာလ ၇ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာပရိသတ်များ မိမိမြေတွင်ပထမဆုံးအကြိမ်အားပေးကြည့်ရှုနိုင်မည့်အခွင့်အရေး ရရှိတော့မည်ဖြစ်သည်။

ပြီးခဲ့သည့်ဧပြီလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပခဲ့သည့် အာရှအလေးမအဖွဲ့ချုပ်ညီလာခံတွင် ယခုနှစ် အာရှလူငယ်နှင့် အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ်နှစ်နိုင်ငံလျှောက်ထားခဲ့ရာ အာရှအလေးမအဖွဲ့ချုပ် ၄၅ နိုင်ငံ၏မဲရွေးချယ်မှုတွင် မြန်မာနိုင်ငံက မွန်ဂိုလီးယားနိုင်ငံအား ကျော်ဖြတ်ကာ လက်ခံကျင်းပခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

အာရှအလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲကို နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံက အိမ်ရှင်ပြုလုပ်ခဲ့သည့်ယခင်ဆီးဂိမ်း(၁၉၆၁၊၁၉၆၉ အရှေ့တောင်အာရှကျွန်းဆွယ်) နှစ်ကြိမ်မှလွဲ၍ နိုင်ငံတကာအလေးမသီးသန့်ပြိုင်ပွဲတစ်ရပ်ကို ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့် ရရှိခြင်းလည်း ဖြစ်သည်။

အာရှလူငယ်ပြိုင်ပွဲတွင် ယူ-၁၇ (အသက် ၁၇ နှစ်အောက်) ကျား၊မပြိုင်ပွဲများပါဝင်မည်ဖြစ်ပြီး အငယ်တန်းပြိုင်ပွဲမှာ ယူ-၂၀(၂၀ နှစ်အောက်) ကျား၊မ ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည် ဖြစ်သည်။ အဆိုပါပြိုင်ပွဲနှစ်ရပ်လုံးတွင်(ကျား)ပြိုင်ပွဲတွင် ကိုယ်အလေးချိန်တန်း ၈ တန်းနှင့် (မ)ပြိုင်ပွဲတွင် ၇ တန်း၊ စုစုပေါင်း ကိုယ်အလေးချိန်တန်း ၁၅ တန်းစီ ထည့်သွင်းကျင်းပမည် ဖြစ်သည်။

ယခုပြိုင်ပွဲတွင် အာရှသာမက ကမ္ဘာ့အလေးမ အားကစားလောကတွင် အင်အားကြီးနိုင်ငံများဖြစ်ကြသောတရုတ်၊ကိုရီးယား၊ အီရန်၊ထိုင်း၊ကာဇက်စတန်၊ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန် နိုင်ငံများမှ အားကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ မြန်မာအားကစားသမား ဦးဇော်ဝိတ်သည် အလေးမ အားကစားနည်းဖြင့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အလေးမအားကစားသည်လည်း အာရှအဆင့်တွင်သာမက ကမ္ဘာ့စံချိန်များကိုပါ ချိုးနိုင်သည်အထိ အစဉ်အလာကောင်းများ ရရှိထားခဲ့သည့် အားကစားနည်းတစ်ရပ် ဖြစ်သည်။

မြန်မာအားကစားသမားများအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲများတွင်လည်းအလေးမအားကစားနည်းမှ ၂၀၁၁ပြိုင်ပွဲမတိုင်ခင်အထိ အကြိမ်တိုင်း ရွှေတံဆိပ်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်း၌မူ ကြေးတံဆိပ်တစ်ခုသာ ရရှိခဲ့သည်အထိ ကျဆင်းခဲ့သည်။

မြန်မာ့အလေးမ အားကစားနည်းကျဆင်းခဲ့ရသည့် အဓိကအကြောင်းရင်းမှာမြန်မာအားကစားနည်းများတွင် အဓိကပြဿနာဖြစ်နေဆဲဖြစ်သည့် မျိုးဆက်သစ်ပြတ်လပ်ခြင်းကြောင့်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

"လက်ရှိအချိန်မှာ မျိုးဆက်သစ်ကစားသမားများ မွေးထုတ်ရေးအဓိက ပြန်လည်လုပ်ဆောင်နေရပါတယ်။ မျိုးဆက်ဟောင်းတွေလည်း မရှိတော့ပါဘူး။ အလေးမ အားကစားနည်းဆိုတာက အနည်းဆုံး လေးနှစ်သက်တမ်းလောက် လက်ရွေးစင်စခန်းမှာ လေ့ကျင့်မှုရှိမှ နိုင်ငံတကာပြိုင်ပွဲဝင် ပြိုင်ဖို့ အနေအထားရနိုင်တာပါ။ ကစားသမားတွေထွက် လာဖို့ဆိုတာက ပြိုင်ပွဲတွေရှိဖို့လိုအပ်ပါတယ် ပြည်တွင်းက အဆင့်လိုက်ပြိုင်ပွဲတွေ ထွက်ပေါ်လာဖို့ဆိုတာက အဖွဲ့ချုပ်တစ်ခုတည်းတော့ လုပ်လို့ မရနိုင်ပါဘူး"ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်အောင်စိုးက ပြောသည်။

လက်ရှိအခြေအနေတွင် အဖွဲ့ချုပ်မှ ပုသိမ်၊ မြောင်းမြ၊ လပွတ္တာ၊ ဆိတ်ဖူးတောင်၊ လယ်ဝေး၊ ပျဉ်းမနားမြို့တို့၌ အလေးမအားကစားကလပ်များ ဖွင့်ပေးထားလျက်ရှိပြီး အလေးမအားကစားပစ္စည်းများ၊ နည်းစနစ်ပိုင်း သရုပ်ပြမှုများကို အဖွဲ့ချုပ်စရိတ်ဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း ၎င်းကဆိုသည်။

"အရင်က ရန်ကုန်မြို့မှာ အလေးမကလပ်များစွာ ရှိခဲ့ပေမယ့် လက်ရှိမှာတော့ တစ်ခုမှ မရှိတော့ပါဘူး"ဟု ဦးကျော်အောင်စိုးက ပြောသည်။ ယခင်မန္တလေးတိုင်းချန်ပီယံဟောင်းနှင့် ယခု အဖွဲ့ချုပ် အမှုဆောင်တစ်ဦးဖြစ်သူ ဦးတိုက်စိုးကလည်း "လက်ရှိအားကစားသမားရှားရတဲ့ အကြောင်းရင်းက အားပေးမှုနည်းနေသေးလို့ပဲ။ အားကစားနည်းတစ်ခုကို စိတ်ဝင်စားမှုများဖို့က မီဒီယာတွေရဲ့ ပံ့ပိုးမှုလည်း လိုအပ်ပါတယ်"ဟု ဆို သည်။

ရန်ကုန်မြို့တွင်ကျင်းပမည့် အာရှလူငယ်တံခွန်စိုက်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးအဖြစ် ၁၃ နှစ်ကစားသမား ပါဝင်မည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့မှ အသက်အငယ်ဆုံးကစားသမားမှာ ၁၅ နှစ်ဖြစ်ကြောင်း သိရသည်။

"အသက် ၁၃ နှစ်လောက်မှာ နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ဝင်ပြိုင်နိုင်ဖို့အတွက် ဒီကလေးတွေကို အနည်းဆုံး အသက် ကိုးနှစ်၊ ဆယ်နှစ်လောက်ကတည်းက လေ့ကျင့်ပေးရမှာပါ။ မြန်မာမှာက လက်ရှိအနေ အထားအရ အဲလိုမရှိသေးပါဘူး။ အဖွဲ့ချုပ်အနေနဲ့ တတ်နိုင်သလောက်တော့ လုပ်ပေးနေပါတယ်။ ဒါပေမဲ့ ခုလေ့ကျင့်ပေးနေတဲ့ကလေးတွေ အနေနဲ့က လာမယ့် ၂၀၁၅၊ ၂၀၁၇ လောက်ကျရင်တော့ အားကိုးရမှာပါ" ဟု ဦးတိုက်စိုးက ဆိုသည်။

နိုဝင်ဘာလ ၇ ရက်မှ ၁၂ ရက်အထိ သိမ်ဖြူအားကစားရုံတွင် ကျင်းပမည့် အဆိုပါ ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံမှ အားကစားသမား ၂၅ ဦး(အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၃ ဦး) ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာအလေးမအသင်းကို ဘူလ်ဂေးရီးယားလူမျိုး Mt.Stoychov က လွှန်ခဲ့သည့် လေးလခန့်က စတင်ကိုင်တွယ်နေခြင်းဖြစ်ပြီး ၎င်းလက်ထက်တွင် အားကစားသမားများအနေဖြင့် တိုးတက်မှုရှိကြောင်း အဖွဲ့ချုပ်တာဝန်သူက ဆိုသည်။

မြန်မာအလေးမ အဖွဲ့အနေဖြင့်လည်း အာရှလူငယ်နှင့် အငယ်တန်းပြိုင်ပွဲကိုယခင်ကဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း အမြင့်ဆုံးအောင်မြင်မှုအဖြစ် တစ်ဦးချင်းစတုတ္ထသာ ရရှိခဲ့ဖူးကြောင်း သိရသည်။ အိမ်ရှင်ပြုလုပ်မည့် ယခုနှစ်ပြိုင်ပွဲတွင်လည်း လက်ရှိအနေအထားအရ မြန်မာအားကစားသမားများမှာ ဆုတံဆိပ်ရရှိရန်ထက် အတွေ့အကြုံပိုင်း ရရှိရေးကိုသာ ဦးစားပေးဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံးကြိုးစားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြော သည်။

အိမ်ရှင်ပြုလုပ်ရသည့် အတွက် အခြားအခွင့်အရေးတစ်ရပ်မှာ ပြည်တွင်းဒိုင်လူကြီးများအနေဖြင့် နိုင်ငံတကာမှ ဒိုင်လူကြီးများနှင့်အတူ ပြိုင်ပွဲတွင် ပြုလုပ်မည့် လက်တွေ့စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

"လက်ရှိ ပြည်တွင်းမှာ နိုင်ငံတကာအဆင့်အလေးမဒိုင်ကငါးဦးလောက်ပဲရှိတာပါ။ စာတွေ့ဖြေထားတာ ၁၄ ဦးရှိပါတယ်။ ဒီဒိုင်တွေအနေနဲ့ အခြားတစ်နိုင်ငံမှာ လက်တွေ့စာမေးပွဲအတွက်သွားဖို့ဆိုတာ မလွယ်ပါဘူး။ ခုအိမ်ရှင်လုပ်ရတဲ့အခြေအနေမှာ အားလုံးပါဝင် ဖြေဆိုနိုင်တဲ့ အခွင့်အရေးကောင်း ရရှိမှာဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်အနေဖြင့်လည်း ပြိုင်ပွဲအတွက် အလေးမဆိုင်ရာ အားကစားပစ္စည်းများကို ကျပ်သိန်းကိုးရာဖိုးခန့် ဝယ်ယူပြင်ဆင်ထားပြီး အိမ်ရှင်နိုင်ငံ၏ ပြင်ဆင်မှုအပိုင်းများကို အကောင်းဆုံးကြိုးစားထားကြောင်း ဦးတိုက်စိုးက ပြောသည်။

ယခုပြိုင်ပွဲကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ပြုလုပ်ရသည့်အတွက် အလေးမအားကစားကိုပြည်သူများ ပိုမိုထိတွေ့ သိရှိလာနိုင်ရန်၊ လာမည့်ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် ပြိုင်ပွဲလက်ခံကျင်းပပုံ အတွေ့အကြုံများ လေ့လာသုံးသပ်နိုင်ခြင်း၊ ပြောင်းလဲလာသောမြန်မာနိုင်ငံအနေအထားကိုအာရှနိုင်ငံများမှ မျက်မြင်တွေ့ရှိနိုင်ရန် စသည့် အဓိကရည်ရွယ်ကြောင်း

စာ(၄၅)သို့



# ဆူဇူးကီးဖလားနောက်ဆုံးအဆင့်တွင် အဓိကတိုက်စစ်မှူးများ ဒဏ်ရာများကြောင့် လွဲချော်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

အာဆီယံဆူဇူကီး ဖလားနောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာလက်ရွေးစင်ဘောလုံးအသင်းတွင်အဓိကတိုက်စစ်မှူးများ၏ ဒဏ်ရာများမှာ ပြန်လည်ကစားနိုင်သည့်အခြေအနေမရှိသေး၍ ပွဲစဉ်များ လွဲချော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။




မြန်မာအသင်း၏ ပဏာမလက်ရွေးစင် ၂၅ ဦးစာရင်းအားထုတ်ပြန်ကြေညာခဲ့ရာ တိုက်စစ်မှူးကျော်ကိုကိုမှာ ဒဏ်ရာအခြေအနေအရ ပါဝင်လာခြင်းမရှိဘဲ ပြန်လည်ရွေးချယ်ခံခဲ့ရသည့် တိုက်စစ်မှူးစိုးမင်းဦးသည်လည်း ရှုံးထွက်ပြိုင်ပွဲတွင် ရရှိခဲ့သည့်ကြွက်သားဒဏ်ရာ အခြေအနေကြောင့် တိုက်စစ်မှူးမိုင်းအိုက်နိုင်နှင့် ပြန်လည်အစား ထိုးခဲ့ရသည်။

ခြေစစ်ပွဲအဆင့်တွင် တိုက်စစ်မှူး ကျော်ကိုကိုနှင့် ရန်ပိုင်တို့ မပါဝင်နိုင်မှုကြောင့် မြန်မာအသင်းရှေ့တန်း၌ အားနည်းခဲ့ရသည်။ ထို့ကြောင့် နည်းပြချုပ်ပတ်ဆောင်ဟွာအနေဖြင့် နောက်ဆုံးအဆင့်ပြိုင်ပွဲအတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် မြန်မာကစားသမားများထဲမှ ဂိုးအများဆုံးသွင်းယူထားသူ ကမ္ဘောဇတိုက်စစ်မှူးစိုးမင်းဦးအား ပြန်လည်ရွေးချယ်ခဲ့သော်လည်း ၎င်းသည်လည်း ဒဏ်ရာရရှိခဲ့သောကြောင့် ယင်းမှာ မြန်မာအသင်းရှေ့တန်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာသည်။

ထို့ပြင် ပဏာမ စာရင်းထဲပါဝင်လာသည့် တိုက်စစ်မှူး ရန်ပိုင်နှင့် ကျော်ဇေယျာဝင်းတို့သည်၏ ဒဏ်ရာများမှာလည်း အပြည့်အဝကောင်းမွန်ခြင်းမရှိသေးကြောင်းသိရသည်။ အသစ်ဖွဲ့စည်းလိုက်သည့် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင်ခြေစစ်ပွဲအောင်အသင်းမှ ကစားသမား ၁၇ ဦးပါဝင်လာပြီး ရာဇာဝင်းသိန်း၊ ရန်အောင်ဝင်း၊ ညီညီမင်းတို့မှာ ပြန်လည်ပါဝင်လာခြင်းမရှိပေ။ နည်းပြချုပ် ပတ်ဆောင်ဟွာ ရွေးချယ်ထားသည့် ပဏာမအသင်းတွင် အောင်မိုး(ဟံသာဝတီ)နှင့် စိုးကျော်ကျော်( ရတနာပုံ)တို့မှာ ပထမဆုံးအကြိမ်ရွေးချယ်ခံရခြင်းဖြစ်သည်။ ပဏာမ လူစာရင်းတွင် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲဝင်မြန်မာအသင်းမှ ခင်မောင်ထွန်း၊ ခင်မောင်လွင်၊ မိုးဝင်း၊ သီဟစည်သူ၊ ရန်ပိုင်၊ ပိုင်စိုး၊ ကျော်ဇေယျာဝင်း၊ မိုင်းအိုက်နိုင် စသည့် ကစားသမားခုနစ်ဦး ပြန်လည်ပါဝင်လာသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်း **ဂိုး**- သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်

**နောက်တန်း**- ပြည့်ဖြိုးအောင်၊ သိန်းသန်းဝင်း၊ မိုးဝင်း၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ အောင်ဇော်၊ ဇော်ဇော်ဦး၊ သက်နိုင်၊ ခင်မောင်ထွန်း

**အလယ်တန်း**- ခင်မောင်လွင်၊ ရန်အောင်ကျော်၊ ဒေးဗစ်ထန်း၊ ကြည်လင်း၊ ဖြိုးကိုကိုသိန်း၊ နိုင်လင်းဦး၊ ပိုင်စိုး၊ အောင်မိုး

**ရှေ့တန်း**- ရန်ပိုင်၊ စိုးကျော်ကျော်၊ မိုင်းအိုက်နိုင်၊ ကျော်ဇေ ယျာဝင်း၊ ကောင်းစည်သူ

# မြန်မာ့လက်ရွေးစင်အသင်း အိုကာရာမာအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာလ-၃**

ဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက်ပြင်ဆင်နေသောမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဂျေလိဂ်-၂ ကလပ်အိုကာရာမာအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


အဆိုပါ ခြေစမ်းပွဲများကို နိုဝင်ဘာလ ၁၅၊ ၁၇ ရက်များတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။ အိုကာရာမအသင်းနှင့် မြန်မာအသင်းတို့သည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲကစားခဲ့ဖူးပြီး ဂျပန်ကလပ်က (၆-၀) ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိဂျေလိဂ် ၂ တွင် ပါဝင်ကစားနေသည့် အိုကာရာမာအသင်းသည် ၂၀၁၂ လိဂ်-၂ပြိုင်ပွဲတွင် အဆင့် ၁၀ ၌ ရပ်တည်ခဲ့သော အသင်းဖြစ်ပြီး ဘရာဇီးကစားသမားနှစ်ဦး၊ တောင်ကိုရီးယားနှင့် မလေးရှား ကစားသမားတစ်ဦးစီ ပါဝင်ကစားနေသောအသင်းဖြစ်သည်။

ဆူဇူကီးဖလား ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၅ ဦးဖြင့် နိုဝင်ဘာလ ၁ ရက်တွင် စတင်စခန်းသွင်း လေ့ကျင့်လျက်ရှိပြီး အဆိုပါ ခြေစမ်းပွဲများအပြီး နောက်ဆုံးအပြီးသတ် ၂၂ ဦး အား ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာအသင်းနည်းပြဦးတင်မြင့်အောင်က ပြောသည်။

မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာနှင့် နည်းပြဦးတင်မြင့်အောင်တို့သည် နိုဝင်ဘာလ ၃ ရက်က ဟန္တိုင်းမြို့တွင် ပြုလုပ်ခဲ့သည့် ဗီယက်နမ်နှင့် လက်ရှိချန်ပီယံမလေးရှားအသင်းတို့၏ ခြေစမ်းပွဲသို့ သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် နိုဝင်ဘာလ ၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ထိုင်းနှင့် မလေးရှား အသင်းတို့၏ ခြေစမ်းပွဲသို့လည်း သွား ရောက်လေ့လာမည်ဖြစ်သည်။

နိုဝင်ဘာ ၂၄ ရက်တွင် စတင်ကျင်းပမည့် ဆူဇူကီးဖလားနောက်ဆုံးအဆင့် အုပ်စု(က) တွင် မြန်မာအသင်းသည် ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်အသင်းများနှင့်အတူ ကျရောက်လျက်ရှိပြီး အုပ်စုတွင်းပြိုင်ဘက်အသင်းများ အခြေအနေကို မြန်မာနည်းပြအဖွဲ့အနေဖြင့် သွားရောက်လေ့လာခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။






**လျှင်မြန်ခြင်း**

ငွေကိုပို့ပြီးပြီးခြင်း မိနစ်ပိုင်းအတွင်း လက်ခံရရှိနိုင်ပါပြီ။(၁)

**ယုံကြည်စိတ်ချရခြင်း**

- နှစ်ပေါင်း ၁၄၀ ကျော် ငွေလွှဲလုပ်ငန်း အတွေ့အကြုံများနှင့် ဝန်ဆောင်မှု
- ငွေလွှဲမှုတိုင်းအတွက် ငွေလွှဲထိန်းချုပ်နံပါတ် ဂဏန်း(၁၀)လုံး (MTCN).

**အဆင်ပြေလွယ်ကူခြင်း**

- ကမ္ဘာအနှံ့အပြား နိုင်ငံပေါင်း ၂၀၀ကျော်တွင် အေးဂျင့်ပေါင်း ၅၀၀,၀၀၀ ကျော်ရှိခြင်း၊

**ငွေလက်ခံရရှိသူမှ ကျသင့်ငွေတစ်စုံတစ်ရာမပေးရခြင်း**

ငွေပေးပို့သူမှသာ ကျသင့်ငွေပေးဆောင်ရပါသည်။

WESTERN UNION®

*moving money for better*

(၁) တစ်ခါတစ်ရံ သတ်မှတ်ထားသော ကန့်သတ်ချက်များနှင့် မကိုက်ညီသောအချက်များဖြစ်သည့် ပေးပို့ငွေပမာဏ၊ လက်ခံသည့်နိုင်ငံ၊ နိုင်ငံသုံးငွေကြေးစနစ်၊ တားမြစ်ကန့်သတ်ချက်နှင့် နိုင်ငံခြားငွေလဲလှယ်မှု ထုတ်ပြန်ကြေငြာချက်၊ ငွေလက်ခံသူမှ ဆောင်ရွက်ရမည်များ၊ သက်သေခံစာရွက်စာတမ်းများ လိုအပ်ချက်၊ ဘဏ်ခွဲတည်ရှိရာနေရာ၏ အချိန်၊ အချိန်ကွာခြားချက် သို့မဟုတ် နောက်ကျနိုင်ကြောင်း ရွေးချယ်ချက်တို့ကြောင့် ငွေလက်ခံရရှိချိန် နောက်ကျနိုင်ပါသည်။ ထပ်တိုးကန့်သတ်ချက်များလည်း ရှိနိုင်ပါသည်။ အသေးစိတ်ကို ငွေပေးပို့ပုံစံတွင် ကြည့်ပါ။

(၂) ၃၀ ရက်၊ ဇွန်လ၊ ၂၀၁၂ တွင်ရှိထားသော စာရင်းများအရ အချို့သောနိုင်ငံများတွင် ငွေလွှဲကိုသာ လက်ခံရယူနိုင်ပြီး ငွေပေးပို့နိုင်ခြင်းမရှိပါ။

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# Pussy Riot အဖွဲ့ဝင်များမှာ လုံလောက်သော ထောင်ဒဏ်ကျခဲ့ပြီးပြီဟု မက်ဗီဒက်ပြောကြား

**ဂေါ်ကီ၊ နိုဝင်ဘာ-၃**



Photo - AFP

ရုရှားပန့်ဂီတအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးအားထပ်မံ၍ ထောင်ချအပြစ်ပေးခြင်းမှာ များပြားလွန်းကြောင်း၊ သို့သော်ယင်းကိစ္စကို ဆုံးဖြတ်ရန်မှာ တရားရုံးပေါ်တွင် မူတည်ကြောင်း ရုရှားဝန်ကြီးချုပ် မက်ဗီဒက်က ပြောကြားသည်။

"ဒီကိစ္စက ကျွန်တော့်ကို ပြောရမှာမဟုတ်ဘူး။ တရားရုံးတွေနဲ့ သူတို့ရှေ့နေတွေကို ပြောရမှာ။ ဒါကိုတရားရုံးက သင့်တော်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်" ဟုမက်ဗီဒက်က ပြောကြားသည်။

ယင်းနောက် မစ္စတာမက်ဗီဒက်က "ကျွန်တော်သာ တရားသူကြီးတစ်ယောက်ဆိုရင်တော့ သူတို့ကို ကျွန်တော်ထောင်ထဲထည့်မှာမဟုတ်ပါဘူး။ ထောင်သွင်းအကျဉ်းချတယ်ဆိုတာ မှန်ကန်တဲ့ အပြစ်ပေးနည်းလို့ ကျွန်တော်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေးတွေဟာ ထောင်ထဲမှာအတော်လေးနေပြီးပြီ။ ဒါဟာ သူတို့အတွက် လုံလောက်နေပါပြီ" ဟုမက်ဗီဒက်က ပြောသည်။

Pussy Riot အဖွဲ့မှ အဖွဲ့ဝင်အမျိုးသမီးငါးဦးသည် လွန်ခဲ့သောဖေဖော်ဝါရီလက မော်စကိုမြို့လယ်တွင် တည်ရှိပြီး ရုရှားနိုင်ငံ၏ အကြီးဆုံး အော်သိုဒေါ့စ်ခရစ်ယာန်ဘုရားကျောင်း၌ 'ပန့်ဆုတောင်းပွဲ' တစ်ရပ်ကျင်းပခဲ့သည်။ ယင်းအဖွဲ့၏ တည်းဖြတ်ထားသော ဗီဒီယိုဖိုင်တွင် အဖွဲ့ဝင်အမျိုးသမီးများသည် ဘုရားကျောင်းအဝင်ဝမှ ဝတ်ပြုစင်အထိ ခြေထောက်မြှောက်ချီတက်ကာ မစ္စတာပူတင်အား မောင်းထုတ်ရန် Virgin မေရီအား တိုက်တွန်းထားသော သီချင်းကို သီဆိုခဲ့ကြောင်းသိရသည်။

—*Ref: Novosti*

# ဆန်ဒီမုန်တိုင်းအလွန် နယူးယောက်မာရသွန်ပြိုင်ပွဲ ဖျက်သိမ်း

**နယူးယောက်၊ နိုဝင်ဘာ-၃**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဆန်ဒီမုန်တိုင်းဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အပျက်အစီးများအားရှင်းလင်းဖယ်ရှားရန်နှင့် ပြန်လည်ထူထောင်ရန် မြို့တော်အာဏာပိုင်များက အာရုံစိုက်လုပ်ဆောင်နေရသောကြောင့် နှစ်စဉ်ကျင်းပနေကျ နယူးယောက်မာရသွန်ပြိုင်ပွဲအားဖျက်သိမ်းလိုက်ကြောင်း သိရသည်။

နယူးယောက်မြို့ မာရသွန်ပြိုင်ပွဲကို ၁၉၇၀ ပြည့်နှစ်မှ စ၍ နှစ်စဉ်ကျင်းပခဲ့ပြီး နယူးယောက်မြို့၏ အဓိကဒေသကြီးငါးခုကို ဖြတ်သန်းသွားသည်။ ယင်းမာရသွန်ပြိုင်ပွဲအား လူထောင်ပေါင်းများစွာ လာရောက်အားပေးလေ့ရှိပြီး ပျမ်းမျှအားဖြင့် ကန်ဒေါ်လာသန်း ၃၄၀ ဝင်ငွေရရှိခဲ့သည်။

ကနဦးတွင် နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘာ့ဂ်က အဆိုပါမာရသွန်ပြိုင်ပွဲကို စီစဉ်ထားသည့်အတိုင်း နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ သို့သော် ကက်ထရီနာမုန်တိုင်း၏နောက် ဒုတိယအဆိုးရွားဆုံးဖြစ်ဖွယ်ရှိသောမုန်တိုင်းအလွန်နယူးယောက်မြို့ ဖြည်းဖြည်းချင်း ပြန်လည်နာလန်ထူလာချိန်တွင်အားက စားပွဲတစ်ရပ်ကျင်းပခြင်းအပေါ် ပြင်းထန်သောဝေဖန်ပြောကြားမှုများထွက်ပေါ်လာခဲ့ပြီးနောက် မာရသွန်ပြိုင်ပွဲအား ယခုကဲ့သို့ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ဆန်ဒီမုန်တိုင်းတိုက်ပြီး လေးရက်အကြာတွင် အမေရိကန်ပြည်နယ်ပေါင်း ၁၀ ခုတွင် မုန်တိုင်းကြောင့်လူ၁၀၀ အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ —*Ref: Novosti*

# ကန်အမတ်ကြီးသေဆုံးခဲ့သော တိုက်ခိုက်မှုတွင် လစ်ဗျားရှိ စီအိုင်အေအရာရှိများ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့

**ဝါရှင်တန်၊ နိုဝင်ဘာ-၃**



လစ်ဗျားနိုင်ငံရှိ စီအိုင်အေအရာရှိများသည် ၂၅ မိနစ်အတွင်း ဘင်ဂါဇီမြို့ရှိ အမေရိကန်သံရုံးသို့ လုံခြုံရေးတပ်ဖွဲ့များစေလွှတ်ခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်အမေရိကန်သံရုံးအား တိုက်ခိုက်မှုအတွက် မည်သို့ တုံ့ပြန်ရမည်ဆိုသည်နှင့် ပတ်သက်၍ အခြားအရေးပါသော ဆုံးဖြတ်ချက်များလည်း ချမှတ်ခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးအကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

ဝါရှင်တန်မှ အရာရှိများသည်ဝင်လာသောမက်ဆေ့ချ်များကြည့်ရှု၍သော်လည်းကောင်း၊ ပျံဝဲနေသောအမေရိကန်စစ်ဘက်မောင်းသူမဲ့လေယာဉ်မှတစ်ဆင့်သော်လည်းကောင်း အဖြစ်အပျက်အား စောင့်ကြည့်နေခဲ့သော်လည်း တိုက်ခိုက်ခံနေရသော အရာရှိများက တောင်းဆိုသည့်အကူအညီကိုငြင်းပယ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမရှိခဲ့ကြောင်း အထက်ပါအရာရှိက ပြောသည်။

ဘင်ဂါဇီမြို့တိုက်ခိုက်မှုများတွင်စီးနင်းခံနေရသောတပ်ဖွဲ့ဝင်များထံသို့ အကူအညီပေးရေးအတွက်ဝါရှင်တန်ရှိအရာရှိများက နှောင့်နှေးစေခဲ့သည်ဆိုသောပြောဆိုမှုများအပေါ် ဝေဖန်ပြောဆိုမှုများအား တန်ပြန်ရန်ယခုသတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုတွင် လစ်ဗျားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ခရစ်တိုဖာစတီဗင်းနှင့် အခြားအမေရိကန်အရာရှိသုံးဦးသေဆုံးခဲ့သည်။

တိုက်ခိုက်မှုအား ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ရီပက်ဘလေကန် စိန်ခေါ်သူ မစ်ရွမ်းနေ၏ထောက်ခံသူများက အိုဘားမားအစိုးရနှင့် စီအိုင်အေအဖွဲ့အား ပြင်းပြင်းထန်ထန် ဝေဖန်နေကြောင်း သိရသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# ကူဝိတ်နိုင်ငံတွင်ကန့်ကွက်ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွဲ



Photo - AFP

**ကူဝိတ်၊ နိုဝင်ဘာ - ၅**

ဒီဇင်ဘာလ ၁ ရက်နေ့ ပါလီမန်ရွေးကောက်ပွဲများတွင် မဲပေးရေး စည်းကမ်းသစ်များ ချမှတ်ခဲ့ခြင်းအတွက် အတိုက်အခံဘက်ကို ထောက်ခံသူ လူထောင်ပေါင်းများစွာက ပြုလုပ်သည့် ကန့်ကွက်ဆန္ဒပြမှုများအား ကူဝိတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများအသုံးပြု၍ လူစုခွဲခဲ့ကြောင်း သိရသည်။

ရေနံထုတ်လုပ်သောအိုပက် အဖွဲ့ဝင်နိုင်ငံနှင့် အမေရိကန်၏ မဟာမိတ်ကူဝိတ်နိုင်ငံမှာ ယခုအချိန်အထိ အခြား အာရပ် နိုင်ငံများ၌ ခေါင်းဆောင်များကို ပြုတ်ကျစေခဲ့သော လူထုမငြိမ်မသက်မှုများအား ရှောင်လွှဲနိုင်ဆဲ ဖြစ်သည်။ သို့သော် နိုင်ငံကိုလက်ရှိ အုပ်ချုပ်နေသော စော်ဘွား အယ်လ်ဆာဘား မိသားစု လွှမ်းမိုးထားသည့် အစိုးရနှင့် ပါလီမန်အကြားတင်းမာမှုများမှာ ယခုနှစ်အတွင်း ပိုမိုမြင့်တက်လာသည်။

ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲများမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ် ကျင်းပသည့် ကူဝိတ်ရွေးကောက်ပွဲဖြစ်ပြီး ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် အစ္စလာမ်မစ်များ၊ အလယ်အလတ်ဝါဒီများနှင့် လူမျိုးစုအကြီးအကဲများပါဝင်သည့် အတိုက်အခံ အုပ်စုက လူများစု နေရာရရှိခဲ့သည်။

ဇွန်လအတွင်း ချမှတ်ခဲ့သည့် တရားရုံးဆုံးဖြတ်ချက်တစ်ရပ် အရ အစိုးရအား လိုလားသည့် ပါလီမန်အဖွဲ့ကို ပြန်လည်ခန့်အပ်ခဲ့သော်လည်း ပါလီမန်အမတ်များက သပိတ်မှောက်ခဲ့သောကြောင့် ပါလီမန်အား ဖျက်သိမ်းခဲ့ရသည်။ ထို့နောက် ကူဝိတ်စော်ဘွားက ကြားဖြတ်ရွေးကောက်ပွဲများ ပြုလုပ်၍ အကျပ်အတည်းကို ဖြေရှင်းရန် ညွှန်ကြားခဲ့သည်။

ယင်းနောက်တွင် အောက်တိုဘာလအတွင်း ရွေးကောက်ပွဲ ဥပဒေအား ပြင်ဆင်မှုအချို့ လုပ်ဆောင်ခဲ့သည်ဟု စော်ဘွားက ကြေညာခဲ့သည်။ အတိုက်အခံများကမူ ယင်းမှာ အစိုးရလိုလားသော ကိုယ်စားလှယ်များ အသာစီးရရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောကြားကြသည်။

*—Ref: Reuters*

# ဩစတြေးလျသို့ ခိုးဝင်လာ၍ နော်ရူးကျွန်းတွင် ထိန်းသိမ်းထားသူများ အစာငတ်ခံဆန္ဒပြ

**ဆစ်ဒနီ၊နိုဝင်ဘာ-၅**

ဩစတြေးလျအစိုးရက နိုင်ငံတွင်း လာရောက်ခိုလှုံသူများကို ထားရှိရာ နော်ရူးကျွန်းမှ အကျဉ်းသားများသည် ငါးရက်မြောက်နေ့အဖြစ် ယနေ့ အစာငတ်ခံဆန္ဒပြလျက်ရှိသည်။

သီရိလင်္ကာနိုင်ငံသား အများစု၊ အာဖဂန်၊ ပါကစ္စတန်၊ အီရန်နှင့် အီရတ်နိုင်ငံတို့မှ ဩစတြေးလျသို့ လှေများဖြင့်ထွက်ပြေး ခိုလှုံလာသော ထိုသူများသည် နော်ရူးကျွန်းစခန်းအား ပိတ်ပစ်ပေးရန်နှင့် ခိုလှုံလာသူအားလုံးကို ဩစတြေးလျသို့ပြန်ပို့ပေးရန် တောင်းဆိုနေကြောင်း ခိုလှုံသူများထဲမှတစ်ဦးဖြစ်သူ အီယန်ရင်တိုးလ်က ပြောသည်။

၎င်းက ကျွန်းပေါ်တွင်ရှိသည့် ခိုလှုံသူ ၃၈၀ ဦးအနက် ၃၀၀ ခန့်မှာ အစာငတ်ခံဆန္ဒပြမှုတွင်ပါဝင်နေပြီး ၅၅ ဦးခန့်မှာ အားနည်းသည့်ဒဏ်ကြောင့် ဆေးကုသမှုခံယူနေရကြောင်း ဆိုသည်။ သို့သော် ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးဌာနက ကျွန်းပေါ်တွင် ထိန်းသိမ်းထားသူများအနက် မည်သူ့ကိုမျှ ဆေးရုံမတင်ရကြောင်း၊ လူ ၁၂ ဦးမှ ၁၅ ဦးခန့်မှာမူ ထိုကျွန်းရှိနေရာတွင်ပင် ကုသမှုခံ ယူနေကြောင်း ပြောသည်။

ဩစတြေးလျအစိုးရသည် နိုင်ငံသို့ လှေများဖြင့် ပင်လယ်ကို ဖြတ်ကာ ခိုလှုံလာသူများကို နော်ရူးကျွန်းနှင့် ပါပူဝါနယူးဂီနီ၏ မနုကျွန်းသို့ပေးပို့ထားရှိရန် ပြီးခဲ့သည့်ဩဂုတ်လလယ်က ဆုံးဖြတ်ခဲ့သည်။ ဩစတြေးလျသို့ နိုင်ငံရေးခိုလှုံခွင့်ရရန် လှေများဖြင့် ပင်လယ်ဖြတ်ကာ ခိုးဝင်လာသူများသည် ယခုနှစ်ပိုင်းအတွင်း အထူးများပြားလာခဲ့ပြီး အများစုမှာ အင်ဒိုနီးရှားမှလာသော ငါးဖမ်းသင်္ဘောများတွင် လှေအပြည့်အသိပ်ဖြင့်ပါလာခြင်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဩစတြေးလျသို့ လှေများဖြင့် ခိုးဝင်လာသူပေါင်း ၁၃,၅၀၀ ဦးအထိ ရှိခဲ့သည်ဟု သိရသည်။

*—Ref: CNA*










7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012



# စစ်တမ်းများအရ အမေရိကန်သမ္မတရွေးကောက်ပွဲသည် နောက်ဆုံးအချိန်အထိ စောင့်ကြည့်ရမည့်ပွဲ ဖြစ်နေ

**ဝါရှင်တန်၊ နိုဝင်ဘာ-၃**

နောက်ဆုံးထွက်ပေါ်လာသော လူထုထင်မြင်ချက်စစ်တမ်းများအရဆိုလျှင် နိုဝင်ဘာလ ၆ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲများမှာ လက်ရှိသမ္မတအိုဘားမားနှင့် စိန်ခေါ်သူ မစ်ရွမ်းနေတို့သည်ရွေးကောက်ပွဲအတွက် ရေကုန်ရေခန်းယှဉ်ပြိုင်ရမည့်အနေအထားဖြစ်သည်။



Photo - AFP

သမ္မတနေရာအတွက် ပြိုင်ပွဲနောက်ဆုံးအချိန်သို့ရောက်ရှိလာသည်နှင့်အမျှ ပြိုင်ဘက်နှစ်ဦးမှာလည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း တိုက်ပွဲနယ်မြေပြည်နယ်များတွင် သွားရောက်ကွင်းဆင်းမဲဆွယ်ခဲ့ကြသည်။

Real Clear Politics အဖွဲ့၏အနီးကပ်စောင့်ကြည့်နေသောအမျိုးသားစစ်တမ်းတွင် မစ္စတာအိုဘားမားမှာ သုညဒသမတစ်ရာခိုင်နှုန်းမဆိုသလောက်အသာစီးရနေသော်လည်း ABC News/ Washinton Poll ၏ စစ်တမ်းအရမူ မစ္စတာရွမ်းနေက တစ်ရာခိုင်နှုန်း ဦးဆောင်နေသည်ကို တွေ့ရသည်။

အချို့သော လေ့လာသူများ၏ အဆိုအရ လူထုစစ်တမ်းမှာ သရေပင်ဖြစ်နေသည်ဟု ဆိုသည်။

သို့ဖြစ်ရာ သမ္မတရွေးကောက်ပွဲမဲဆွယ်ရေးအဖွဲ့များသည် ရွေးကောက်ပွဲအနိုင်ရရေးအတွက် တိုက်ပွဲဝင်ပြည်နယ်များ၌ အားစိုက်၍ မဲဆွယ်စည်းရုံးနေကြသည်။ မစ္စတာအိုဘားမားနှင့် မစ်ရွမ်းနေတို့အပြိုင်မဲဆွယ်ခဲ့ကြသောအိုဟိုင်းယိုးပြည်နယ်မှာပင် လူထုသဘောထားမှာ မပြတ်သားကြောင်း စီအင်န်အင်န်စစ်တမ်းတစ်ရပ်တွင် ပြသနေသည်။

*—Ref: PTI*

## ဆီးရီးယားမြောက်ပိုင်း လေဆိပ်အား သူပုန်များ ထိုးစစ်ဆင်

**ဘေရွတ်၊ နိုဝင်ဘာ-၃**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အရေးပါသော လေဆိပ်တစ်ခုအား သိမ်းပိုက်နိုင်ရန် ထိုးစစ်စတင်လိုက်ပြီဖြစ်ကြောင်း ဆီးရီးယား သူပုန်များကပြောကြားသည်။

ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးမြို့ကြီးနှစ်မြို့ဖြစ်သော ဒမတ်စကပ်စ်နှင့် အလက်ပိုမြို့ကြားရှိ မဟာဗျူဟာ အရေးပါသော ဒေသအား ထိန်းချုပ်နိုင်ရန်အတွက် တက်ဖ်တာနက်ဇ်လေဆိပ်အား သူပုန်များက တိုက်ခိုက်နေသော ဗီဒီယိုကို အင်တာနက်ပေါ်၌ တင်ထားသည်ကို တွေ့ရသည်။

ယင်းတိုက်ခိုက်မှုမှာ အတိုက်အခံအဖွဲ့များ ကာတာနိုင်ငံဒိုဟာမြို့၌ တွေ့ဆုံစည်းဝေးပြီး နောက်တစ်ရက်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။

ယင်းမတိုင်မီတစ်ရက်ကလည်း သူပုန်များက ဆီးရီးယားတပ်ဖွဲ့များအား သတ်ဖြတ်နေပုံ ဗီဒီယိုတစ်ခုပေါ်ထွက်ခဲ့သည်။ ယင်းသို့ အစိုးရတပ်ဖွဲ့များကို သတ်ဖြတ်နေသော ဗီဒီယိုမှာ စစ်အတွင်း ရာဇဝတ်မှုကျူးလွန်ခြင်း အထောက်အထားဖြစ်လာနိုင်သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

တက်ဖ်တာနက်ဇ်လေဆိပ်အား လင်းအားကြီးချိန် တိုက်ခိုက်မှု၌ မတူညီသော သူပုန်တပ်ဖွဲ့ ငါးဖွဲ့ပါဝင်ပြီး သူပုန်များက အတွဲလိုက်ဒုံးကျည်ပစ်စင်များ၊ မော်တာများ၊ လောင်ချာများ အသုံးပြုတိုက်ခိုက်သည်ကို မြင်တွေ့ရသည်။

မကြာသေးမီကာလများအတွင်း အစိုးရတပ်ဖွဲ့များသည် သူပုန်များထိန်းချုပ်ထားသော နယ်မြေများအား တိုက်ခိုက်ရန်လေကြောင်းအင်အားကို ပိုမိုအသုံးပြုခဲ့သည်။ ဘေရွတ်မြို့ရှိ ဘီဘီစီသတင်းထောက်ကလည်း နက်တာနက်ဇ် လေဆိပ်တိုက်ခိုက်မှုမှာ ကြီးမားသော ထိုးစစ်ဖြစ်ပုံရကြောင်းနှင့် သူပုန်များက လေဆိပ်ကို သိမ်းပိုက်ရန်အထိ ရည်မှန်းထားပုံရကြောင်း ပြောသည်။

*—Ref: BBC*



7DAY NEWS JOURNAL

# International

Vol.11, No.35 · NOVEMBER 8 , 2012

## အမေရိကန်သမ္မတရွေးကောက်ပွဲတွင် တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်သုံး၍ မဲဆွယ်စည်းရုံးမှုပိုများ

**ဝါရှင်တန်၊နိုဝင်ဘာ-၅**

အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ တွစ်တာနှင့် ဖေ့စ်ဘွတ်ခ်အသုံးပြု၍ နိုင်ငံသားများကိုမဲပေးရန် စည်းရုံးမှုများ ပိုများလာနေကြောင်း မီဒီယာသမားများနှင့် လေ့လာသူများကပြောသည်။

စီအင်န်အင်န်သတင်းဌာနကပြုလုပ်သော လူမှုမီဒီယာမှ မဲပေးမှုလေ့လာသည့် Change the List စီမံကိန်းတွင် အမေရိကန်၏ ပြည်နယ်တစ်ခုဖြစ်သော ဟာဝိုင်ယီ၌ မဲပေးလေ့မရှိသောသူများကို လူမှုကွန်ရက်များသုံး၍ မဲပေးရန် လှုံ့ဆော်ခဲ့သည်။ သမ္မတကတော် မစ်ရှယ်အိုဘားမားသည်လည်း ပြည်သူများကို သမ္မတရွေးကောက်ပွဲ၌ မဲပေးချိန်တွင် ၎င်းတို့၏ကလေးများနှင့်အတူ ဓာတ်ပုံများတွဲရိုက်၍ လူမှုမီဒီယာများထက် ပုံများတင်ရန်၊ လူငယ်မျိုးဆက်သစ်များအား ဒီမိုကရေစီစနစ်၏ အလုပ်လုပ်ပုံ သဘောပေါက်ရေးသင်ကြားရန် စည်းရုံးလှုံ့ဆော်နေသည်။

**စာ(၄၅)သို့**

## တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင် မိသားစုကြွယ်ဝမှုအပေါ် ပါတီက စုံစမ်းစစ်ဆေးနေ

**ဟောင်ကောင်၊နိုဝင်ဘာ-၅**

တရုတ် ကွန်မြူနစ်ပါတီသည် မကြာသေးမီက နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြခဲ့သော ဝန်ကြီးချုပ်ဝမ်ကြားပေါင် မိသားစု၏ ကြွယ်ဝချမ်းသာမှုများကို ပါတီတွင်း စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ပြုလုပ်ခဲ့ကြောင်း ဟောင်ကောင်အခြေစိုက် ဆောက်သ်ချိုင်းနားမောနင်းပို့စ်သတင်းစာက ဖော်ပြသည်။

**စာ(၄၅)သို့**

## ဆန်ဒီမုန်တိုင်း ဒုက္ခသည်များ အိမ်ရာပြဿနာ ရင်ဆိုင်ရဖွယ်ရှိ

**နယူးယောက်၊ နိုဝင်ဘာ - ၅**

အမေရိကန်နိုင်ငံတွင် လွန်ခဲ့သော ငါးရက်က တိုက်ခတ်ခဲ့သော ဆန်ဒီမုန်တိုင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် နယူးယောက်မြို့မှ ဒုက္ခသည်များမှာ ရေခဲအမှတ်ခန့်အေးသော ရာသီဥတုအား အပူပေးစနစ်များမရှိဘဲကျော်ဖြတ်နေရ၍ ၎င်းတို့အတွက် နေထိုင်စရာ အိမ်ရာပြဿနာ ရင်ဆိုင်ရဖွယ်ရှိနေသည်။

**စာ(၄၅)သို့**



ဟာရီကိန်းမုန်တိုင်းဆန်ဒီ ဝင်ရောက်တိုက်ခတ်ပြီးနောက် နာသူးဂျာစီမြို့ Seaside Hights ဒေသ အတ္တလန္တိတ်သမုဒ္ဒရာဘေးကမ်းခြေ၌ ပျက်စီးနေသော နေအိမ်များကို တွေ့ရစဉ်

Photo - AFP

## ယူရိုဇုန်အကျပ်အတည်းများကြားမှ ဂျီ ၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးစတင်

**မက္ကဆီကိုစီးတီး၊ နိုဝင်ဘာ - ၅**

ဂရိနိုင်ငံအပေါ် စိုးရိမ်ပူပန်မှုအသစ်များရှိနေစဉ်မှာပင်ဥရောပ၏ မပြီးပြတ်သေးသော ကြွေးမြီပြဿနာကို ကိုင်တွယ်နိုင်ရန် ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲစီးပွားရေးဦးဆောင်နိုင်ငံများ (ဂျီ ၂၀) မှ ဘဏ္ဍာရေးလုပ်ငန်း အကြီးအကဲများသည်မက္ကဆီကိုနိုင်ငံတွင် အစည်းအဝေးတစ်ရပ် စတင်ကျင်းပနေပြီဖြစ်သည်။ အမေရိကန်မှာလည်း ၎င်း၏ဘဏ္ဍာရေးလိပ်ခဲတည်းလည်း အခြေအနေနှင့် ပတ်သက်၍ မေးခွန်းထုတ်ခံနေရသည်။

ဂျီ ၂၀ အုပ်စုမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ခြိမ်းခြောက်မှုများကို လျော့ပါးစေရန် မက္ကဆီကိုစီးတီးတွင် နှစ်ရက်ကြာအစည်းအဝေးကျင်းပနေကြသည်။

ဂရိနိုင်ငံအနေဖြင့်ဒေဝါလီခံရခြင်းမှရှောင်လွှဲနိုင်ရန် အသည်းအသန် ကြိုးစားနေရစဉ်အတွင်း ဥရောပကြွေးမြီကိစ္စမှာကမ္ဘာ့နိုင်ငံများ၏ အဓိကပူပန်စရာအဖြစ် ဆက်လက်တည်ရှိနေသည်။ စပိန်နိုင်ငံမှာလည်းကယ်ဆယ်ရေးအကူ အညီရယူရန် ဖိအားများ ရင်ဆိုင် နေရသည်။

**စာ(၄၅)သို့**






ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.35 • NOVEMBER 8 , 2012

# လစ်လပ်နေသော ပြည်ထောင်စုဒုဝန်ကြီးသုံးနေရာ ယခုလွှတ်တော်အစည်းအဝေးများတွင် ခန့်အပ်ရန်ရှိ

**အောင်သူရ** **ရန်ကုန်၊နိုဝင်ဘာ-၃**

လစ်လပ်လျက်ရှိသော အစိုးရအဖွဲ့ဝင် ဒုဝန်ကြီးနေရာ သုံးနေရာအတွက် ယခုကျင်းပနေသော လွှတ်တော်အစည်းအဝေး မပြီးဆုံးခင် ခန့်အပ်ရန် အစီအစဉ်ရှိကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောသည်။

"သုံးနေရာရှိတယ်။ ဝန်ကြီး တစ်ဦးတည်းရှိတော့ ဝန်ကြီးနိုင်ငံခြားသွားတဲ့အခါ လွှတ်တော်မှာ အမေးအဖြေလုပ်ဖို့ ထပ်ခန့်ဖို့ရှိတယ်"ဟု ဝန်ကြီး ဦးအောင်မင်းကပြောသည်။ မကြာသေးမီက ပြောင်းလဲဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့ဝန်ကြီးဌာနများအနက် ဒုဝန်ကြီး နေရာလစ်လပ်နေသည့် ဝန်ကြီးဌာနသုံးခုမှာ သတ္တုတွင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ဖြစ်သည်။

လစ်လပ်လျက်ရှိသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုဝန်ကြီးနေရာအတွက် ဒေါက်တာအောင်မြတ်ကျော်နှင့် ဦးခင်ဇော် (Tour Mandalay)တို့မှာ ထင်ကြေးပေးခံနေရကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက ပြောဆိုနေကြသည်။



အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲတွင် တွေ့ဆုံခဲ့သည့် ဝန်ကြီးချုပ်ဂေးလတ်ဒ်နှင့်သမ္မတ ဦးသိန်းစိန် ဓာတ်ပုံ-Julia Gillard Twitter

# နှစ်ပေါင်း ၂၈ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနှင့် ဩစတြေးလျခေါင်းဆောင်များတွေ့ဆုံ

**ဗီယန်ကျန်း၊နိုဝင်ဘာ-၅**

ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂေးလတ်ဒ်သည် မြန်မာသမ္မတဦးသိန်းစိန်နှင့် နှစ်ပေါင်း ၂၈ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်ရမည့် တွေ့ဆုံဆွေးနွေးမှုကို လာအိုနိုင်ငံ မြို့တော်ဗီယန်ကျန်းတွင် ပြုလုပ်သည့်အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မြန်မာနှင့် ဩစတြေးလျ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံမှုသည် ၁၉၈၄ မှစ၍ ယခုပထမဆုံးအကြိမ်ဖြစ်ပြီး ထိပ်သီးဆွေးနွေးပွဲမတိုင်ခင်တွေ့ဆုံနိုင်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျဝန်ကြီးချုပ်မစ္စဂေးလတ်ဒ်သည်ဆွေးနွေးပွဲမတိုင်မီကပင်မီဒီယာကွန်ဖရင့်၌ မြန်မာ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကိုအသိအမှတ်ပြုခဲ့ပြီး သူမ၏ အစိုးရအနေဖြင့် သမ္မတဦးသိန်းစိန်က တိုင်းပြည်ကို လွတ်လပ်မှုရှိအောင် ဆက်လက်လုပ်ဆောင်ပါက ပိတ်ဆို့မှုများ ထပ်မံရုပ်သိမ်းသွားမည်ဟု ပြောသည်။

ဆွေးနွေးပွဲပြီးနောက် ဩစတြေးလျမီဒီယာများအဆိုအရ မစ္စဂေးလတ်ဒ်သည် မြန်မာသမ္မတအား ဩစတြေးလျသို့လာရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။ မြန်မာသမ္မတသည်အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲမတက်ရောက်မီ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ (၉)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲကို လာအိုနိုင်ငံ ဗီယန်ကျန်းမြို့တော်၌ နိုဝင်ဘာ ၅၊ ၆ နှစ်ရက် ကျင်းပခဲ့ပြီးဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံနှင့် အာရှနိုင်ငံ ၂၀ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ -Ref: nzweek

# စစ်အစိုးရလက်ထက် မှောင်ခိုကုန်သွယ်မှု စွပ်စွဲချက်ဖြင့် အရေးယူခံရသူများ လွတ်ငြိမ်းခွင့်ရဖွယ်ရှိ

**အောင်သူရ**

**မူဆယ်၊နိုဝင်ဘာ-၁**

လွန်ခဲ့သော ခြောက်နှစ်က မှောင်ခိုတင်သွင်းသည်ဟု စွပ်စွဲကာ အရေးယူခံခဲ့ရသော ကုန်ကား ၉၉ စီးနှင့် ပတ်သက်သည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သမ္မတဦးသိန်းစိန်သို့ နှုတ်ဖြင့်တင်ပြ ပြောဆိုပြီးပြီဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူး ဦးဦးမောင်က ပြောသည်။

"လူကြီးကို အခြေအနေမှန်တွေ မတင်ပြနိုင်ခဲ့လို့ နားလည်မှုလွဲပြီး ဖြစ်ခဲ့ရတဲ့ကိစ္စတွေပါ။ အဲဒီကုန်ကား ၉၉ စီးပေါ်မှာ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ နှုတ်နဲ့ ပြောပြီးပါပြီ"ဟု ညွှန်ကြားရေးမှူး ဦးဦးမောင်က အောက်တိုဘာ ၃၀ ရက်တွင် ပြောသည်။

စစ်အစိုးရလက်ထက် ၂၀၀၆ ခုနှစ် မေလ ၄ ရက်တွင် ရှမ်းပြည်နယ် သိန္နီမြို့အနီးတွင် မူဆယ်မြို့မှ ထွက်ခွာလာသော ကုန်ကား ၁၁၆ စီးအား ဖမ်းဆီးပြီး ၉၉ စီးကို အရေးယူခဲ့သည်။ ယင်းအမှုနှင့် ပတ်သက်၍ လူ ၈၀ ကျော်ကိုလည်း အရေးယူခဲ့သည်။

"ဝန်ထမ်း ၄၂ ဦးလည်းပါတယ်။ ထောင်ခုနစ်နှစ်ကနေ ၄၂ နှစ်ထိ ချခံရတာ။ ၄၁ ယောက်က ဝရမ်းထုတ်ခံရတာ(ကုန်သည် ၄၁ ဦးမှာ မှောင်ခိုမှုဖြင့် ဝရမ်းထုတ်ခံထားရဆဲ)။ မလွတ်သေးတဲ့လူ ၄၁ ယောက်ကျန်သေးတယ်"ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးဖြစ်သူ ဦးထွန်းကိုကိုကပြောသည်။

သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ပေးပို့လာသော စာများ ရရှိလာပါက ထိုစာများဖြင့် နိုင်ငံတော်သမ္မတကြီးထံ တရားဝင်ပေးပို့သွားမည်ဟု ညွှန်ကြားရေးမှူးကဆိုသည်။

"ကုန်ကား ၉၉ စီးဆိုတာနဲ့ လူတွေက အစည်းအဝေးမတက်ချင်တော့ဘူး။ အရမ်းရင်နာတယ်။ မှောင်ခိုလုပ်လို့ အဖမ်းခံရတာ မဟုတ်ဘူး။ နိုင်ငံတော်ကို အခွန်မှန်မှန်ဆောင်ပြီးတော့မှ အဖမ်းခံရတာ။ ဒီနေ့ထိ ကယ်ရီသမားကိုဖမ်းတာ တစ်စီးမှမရှိဘူး"ဟု မူဆယ်ဒေသခံ ကုန်သည်တစ်ဦးဖြစ်သူ ဒေါ်ရန်ကျူဟွယ်ကပြောသည်။

ထိုစဉ်က ဖမ်းဆီးရာတွင် ၁၂ ဘီး ကုန်တင်ကား ဆီလှောင်ကန်တွင် ဂါလန် ၅၀ ထက်ပိုနေသည့် ကားများကိုပင် အရေးယူခဲ့ကြောင်း ကုန်သည်များကပြောသည်။

# ဈေးကောင်းရသဖြင့် မြန်မာ့ဆန် တရုတ်သို့ ဦးစားပေးရောင်း

**အောင်သူရ၊ပြည်သိမ်း**

**ရန်ကုန်၊နိုဝင်ဘာ-၅**

မြန်မာ့ဆန်ကို ပြည်ပဈေးကွက်သို့ ရောင်းချရာတွင် ဈေးကောင်းရသည့် တရုတ်နိုင်ငံသို့သာ ယခုနှစ်အတွင်း ဦးစားပေးတင်ပို့နေရကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့မှုတွင် ပြည်တွင်းဈေးနှုန်းမြင့်မားပြီး ပြည်ပဈေးကွက်တွင် မြန်မာ့ဆန်မှာ ဈေးမရခြင်း၊ ပြည်တွင်းငွေလဲနှုန်းနှင့်လည်း လက်ရှိပြည်ပဈေးကွက်ပေါက်ဈေး မြန်မာ့ဆန်တစ်တန်လျှင်ကန်ဒေါ်လာ ၃၅၀ ဝန်းကျင်သာရရှိခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောကြားသည်။

"အရင်က အသင်းဝင် ၂၀ လောက်ပဲရှိတာ။ ဒီနှစ်မှာ ၅၀ လောက်ရှိလာတယ်။ ပဲခူးအရှေ့အနောက် ရန်ကုန်ကလူတွေပါလာရောင်းနေကြတယ်"ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်း ဗဟိုအလုပ်အမှုဆောင်ဦးသန်းဌေးဦးကပြောကြားသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာ ယခုနှစ်တွင် တစ်ရက်လျှင် တန်ချိန် ၂၀၀၀ နီးပါး တင်ပို့နေသည်။ ယခင်နှစ်တင်ပို့မှုမှာ တစ်ရက်လျှင် တန်ချိန် ၁၀၀၀ ဝန်းကျင်သာ ရှိခဲ့သည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ယခုအချိန်၌ ဘုရင့်နောင်ဈေးကွက်မှ အဓိကများနေပြီး ယခင်လများက မြန်မာပြည်အလယ်ပိုင်းကသာ တင်ပို့မှုများခဲ့သည်။ ဆန်ဈေးမှာလည်း ငစိန်ဆန်အသစ် ကီလို ၅၀ တစ်အိတ်လျှင် ၁၄၃ ယွမ်ဝန်းကျင်ရှိသည်။

မြန်မာ့ဆန်ကို ပြည်ပသို့ တင်ပို့ရာတွင် ဧပြီလမှ အောက်တိုဘာလလယ်ထိ တန်ချိန်ခုနစ်သိန်းဝန်းကျင်ရှိပြီး တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တန်ချိန် ၄၅,၀၀၀ ကျော်တင်ပို့ပြီးဖြစ်သည်။

ယခုနှစ် ပြည်ပဈေးကွက်သို့ ဆန်တင်ပို့မှုကို ဆန်တန်ချိန် တစ်သန်းခွဲတင်ပို့ရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သိရသည်။

# ငြိမ်းချမ်းရေးဆွေးနွေးနေသောအဖွဲ့များနှင့် ဒီဇင်ဘာ နောက်ဆုံးထားပြီး နိုင်ငံရေးအရဆွေးနွေးမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊**

**နိုဝင်ဘာ - ၃**

ငြိမ်းချမ်းရေး ဆွေးနွေးနေသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ ဆွေးနွေးမှုအား ဒီဇင်ဘာလ နောက်ဆုံးထားပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌဦးအောင်မင်းကပြောသည်။

"တိုင်းရင်းသားတွေနဲ့ သဘောတူညီချက်တွေလုပ်တဲ့အခါမှာ ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲတွေ မဖြစ်မနေလုပ်မယ်လို့ ပြောပြီးသားဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ Peace Centre တွင် နိုဝင်ဘာ ၃ ရက်က ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီနှင့် တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးပါတီများကို ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ပတ်သက်၍ အသိပေးပြောကြားသွားခဲ့ခြင်းဖြစ်သည်။

"အကယ်၍ အဲဒီအချိန်မှာ ကချင်အဖွဲ့တွေက အပစ်အခတ်ရပ်စဲရေးမလုပ်ရသေးသည့်တိုင်အောင် နိုင်ငံရေးဆွေးနွေးပွဲကို တက်လို့ရတယ်"ဟု ဝန်ကြီး ဦးအောင်မင်းကပြောသည်။

ပြီးခဲ့သည့်အောက်တိုဘာလ စတုတ္ထပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့၌ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကေအိုင်အို၊ ကေအိုင်အေဘက်က တစိုက်မတ်မတ် တောင်းဆိုလာခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုကို အစိုးရဘက်က သဘောတူညီခဲ့သည်။

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းသည် တိုင်းရင်းသားလူမျိုးစုများ အဓိကထားတောင်းဆိုနေသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှအခွင့်အရေးရရှိရေးကို ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးလှမောင်ရွှေက ပြောသည်။

ထာဝရငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ပထမအဆင့် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရန် ပြန်လည်ထူထောင်ရေး၊ နောက်ဆုံးအဆင့်တွင် လွှတ်တော်တွင်း၌ နိုင်ငံရေးအရ ဆွေးနွေးမှုများ ပြုလုပ်သွားရန်တို့ကို နိုင်ငံတော်သမ္မတက မူဝါဒသုံးရပ်ချမှတ်ထားခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# ဆောက်လုပ်ဆဲ ကန်ထရိုက်တိုက်နှင့်မလွတ်သည့် ဓာတ်ကြိုးများ ရပ်ကွက်ကိုအသိမပေးဘဲ ရွှေ့ပြောင်းမှု လူ ၂၀၀၀ ခန့် စုဝေးကန့်ကွက်

**အောင်ခိုင်၊ မိုးညို**

**ရန်ကုန်၊ နိုဝင်ဘာ - ၅**

စမ်းချောင်းမြို့နယ်တွင် ဆောက် လုပ်ဆဲကန်ထရိုက်အဆောက်အအုံ နှင့်မလွတ်ကင်းသည့်လျှပ်စစ်ဓာတ် ကြိုးများကို ရပ်ကွက်နေပြည်သူ များအား ကြိုတင်အသိပေးခြင်း မရှိဘဲ ရွှေ့ပြောင်းခဲ့သည့်အတွက် လူစုလူဝေးဖြင့် ကန့်ကွက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

ဝေဇ္ဇုဝန်မြောက်ရပ်ကွက်၊ ဦးရွှေမှန်လမ်းတွင် နိုဝင်ဘာလ ၃ ရက် နံနက် ၁၀ နာရီခန့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဓာတ်အားကြိုးများကို လာရောက် ရွှေ့ပြောင်းရာမှ စတင်ဖြစ်ပွားခဲ့ ကြောင်း သိရှိရသည်။



စုဝေးကန့်ကွက်နေမှုကြောင့် မီးကြိုးများပြန်လည်ရွှေ့ပြောင်းရန် ပြင်ဆင်နေစဉ် ဓာတ်ပုံ - မိုးညို

အဆိုပါ ဓာတ်အားကြိုးများ ကိုရွှေ့ပြောင်းရန်အတွက်ရပ်ကွက် အားနံနက် ၁၁ နာရီခန့်မှစတင်၍ လျှပ်စစ်ဓာတ်အား ဖြတ်တောက် ခဲ့ရာတွင် ကြိုတင်အသိပေးထား ခြင်းမရှိကြောင်း ရပ်ကွက်နေ ပြည်သူများက ပြောသည်။ ညနေ ၅ နာရီကျော်တွင် လျှပ်စစ်မီး ပြန်လည်ပေးခဲ့သော်လည်း အသစ် ရွှေ့ပြောင်းထားသည့် ဓာတ်အား ကြိုးများမှာ အိမ်ခေါင်မိုးများနှင့် မလွတ်ကင်းဘဲ အန္တရာယ်ရှိနိုင် ခြင်း၊ အများပြည်သူကို အသိပေး ခြင်းမရှိဘဲ ဆောင်ရွက်ခြင်းတို့ ကြောင့် ဒေသခံများက ကျေနပ် မှုမရှိဘဲ လူစုဝေးခဲ့ကြရာ ည ၁၀ နာရီခန့်တွင် ၂၀၀၀ ခန့်ဖြစ်လာ ခဲ့ကြောင်း ဒေသခံများက ပြော သည်။

"ဆူပူဆန္ဒပြတာမဟုတ်ဘူး။ ပြည်သူကို အသိပေးခြင်းမရှိဘဲ ထင်သလိုလုပ်တာကို မကျေနပ် ကြလို့ကိုယ့်သဘောနဲ့ကိုယ် ထွက် လာကြတာ" ဟု ဝေဇ္ဇုဝန် (မြောက်) ရပ်ကွက်မှ ကိုသန်းနိုင်က 7Day News သို့ပြောသည်။

ဒေသခံများကလည်း ကန့် ကွက်ခဲ့ကြသည့်အတွက် ည ၁၀ နာရီကျော်တွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ လာရောက်၍ ဓာတ် အားကြိုးများကို မူလအတိုင်း ပြန် လည်တပ်ဆင်ပေးခဲ့ကြောင်း သိရ သည်။

"ကျွန်တော်တို့ရပ်ကွက်နေ ပြည်သူတွေရဲ့ ဆန္ဒအရဓာတ်တိုင် အဟောင်းကို ပြန်စိုက်ပေးလိုက် ပါတယ်။ ကန်ထရိုက်အနေနဲ့ မြေ အောက်မှာ ဆားဗစ်ကြိုးတွေ လုပ်ဖို့ အဆောက်အအုံနဲ့ မလွတ် တာကြောင့် ဓာတ်တိုင်ကို ပြောင်း လဲပစ်ဖို့ သက်ဆိုင်ရာကို တင်ပြ ထားရာမှာ ခွင့်ပြုမိန့်ရပြီးသားပါ။ အခု ရပ်ကွက်နေသူတွေရဲ့ ဆန္ဒ အရ တိုင်ဟောင်းကို ပြန်စိုက်ပေး လိုက်ပါပြီ" ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေး မှူးရုံးမှ အရာရှိတစ်ဦးက 7Day News သို့ ပြောသည်။

ဓာတ်အားကြိုးများရွှေ့ပြောင်း ခြင်းသည် ဆောက်လုပ်ဆဲကန် ထရိုက်တိုက်ပထမထပ်နှင့်မလွတ် ကင်းသည့်အတွက် သက်ဆိုင်ရာ ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ် သွားသည့်အတွက်နစ်နာရကြောင်း အဆိုပါကန်ထရိုက် အဆောက် အအုံပိုင်ရှင်ဟုဆိုသော ဦးမျိုးမြင့် က ပြောသည်။

"ပြည်ထောင်စုဝန်ကြီးရဲ့ အတည်ပြုချက်နဲ့ ဆောင်ရွက်တာ ပါ။ ကုန်ကျစရိတ်ကို ကျွန်တော် တို့က ကျခံထားတာ။ အခုလို ရပ် ကွက်က ဆူမှာကြောက်လို့ ချက် ချင်းပြန်လုပ်ပေးတော့ အများကြီး နစ်နာပါတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။ "ကျွန်တော်တို့ က လုပ်ထုံးလုပ်နည်းနဲ့ အညီလုပ် တယ်။ အခုလို ဥပဒေမဲ့ ကန့်ကွက် ကြတာ မကောင်းပါဘူး" ဟုဎင်းက ဆက်လက်ပြောသည်။

အဆိုပါ ကန်ထရိုက်တိုက် မြေနေရာနှင့်ပတ်သက်၍ ပိုင်ရှင် ဆိုသူက ရပ်ကွက်နေသူ ၁၃ ဦးကို ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုထား ပြီး တရားရုံး၌ ရင်ဆိုင်နေရချိန် တွင် ယခုကိစ္စဖြစ်ပွားခဲ့ခြင်းဖြစ် ကြောင်းသိရသည်။

"လူတစ်ဦးရဲ့ အကျိုးကို ကြည့်မှာလား။ အများပြည်သူရဲ့ အကျိုးကို ကြည့်မှာလား။ အများ နဲ့တစ်ယောက်ဖြစ်နေတာပါ" ဟု ဝေဇ္ဇုဝန်မြောက်ရပ်ကွက်မှ ကိုလှ အောင်က ဆိုသည်။

## ယခုနှစ် တောင်ကိုရီးယားရုပ်ရှင်ပွဲတော် ဂျွန်စောနှင့် အွန်စော မလာဖြစ်

**အေးသူစံ**

**ရန်ကုန်၊နိုဝင်ဘာ-၅**

ရန်ကုန်မြို့တွင် ကျင်းပမည့် ခုနစ် ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲ တော်သို့ နာမည်ကြီး ဂျွန်စောနှင့် အွန်စော မလာဖြစ်ဘဲ တောင်ကို ရီးယားရုပ်ရှင် မင်းသား Choung Kyung Hho နှင့် မင်းသမီး Chae Jung Ahn တက်ရောက်မည်ဖြစ် ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီး ယားသံရုံးမှ Researcher ကို မောင်မောင်ဝင်းက အတည်ပြု ပြောကြားသည်။

ကိုရီးယားရုပ်ရှင်ပွဲတော်သို့ တောင်ကိုရီးယားနိုင်ငံမှ နာမည် ကျော်သရုပ်ဆောင်များ တက် ရောက်လေ့ရှိပြီး ယခုနှစ်အတွက် တက်ရောက်မည့်မင်းသားChoung Kyung Hho မှာ မြန်မာပရိသတ် နှင့် ရင်းနှီးမှုရှိထားသည့် ရုပ်ရှင် သရုပ်ဆောင်လည်း ဖြစ်သည်။ Choung သည် ၂၀၀၄ ခုနှစ်က မိုဘိုင်းဖုန်းများပေါ် တွင်သာကြည့် ရှုနိုင်သည့် 5 Star ဒရာမာဇာတ် လမ်းဖြင့် နာမည်ကျော်လာသူ ဖြစ်သည်။ ၎င်းပါဝင်သရုပ်ဆောင် ခဲ့သည့် Time Between Dog and Wolf ဇာတ်လမ်းတွဲကို မြဝ တီရုပ်မြင်သံကြားတွင် ပြသခဲ့ပြီး ယင်းဇာတ်လမ်းတွဲတွင် ရဲအရာရှိ တစ်ဦးအဖြစ် လီဂျွန်ကီ (ကေ)၊ နမ်ဆန်းမီ (အိဆွန်အဲ)တို့နှင့် တွဲ ဖက်သရုပ်ဆောင်ခဲ့သောကြောင့် မြန်မာပရိသတ်၏ နှစ်သက်မှုကို ရရှိထားသူဖြစ်သည်။ Choung မှာ ယခုနှစ် စက်တင်ဘာ ၄ ရက် တွင်မှ စစ်မှုထမ်းကာလပြီးဆုံး ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ ခုနှစ်မှစ၍ စစ်မှုမထမ်းမီအချိန်အထိ ဇာတ် လမ်းတွဲများစွာနှင့် ရုပ်ရှင်ဇာတ် ကားရှစ်ကား ရိုက်ကူးထားသည်။

မင်းသမီး Chae Jung Ahn မှာ အဆိုတော်တစ်ဦးလည်းဖြစ် ပြီး 'ကော်ဖီချစ်သူ' ဇာတ်လမ်းတွဲ တွင် မင်းသားဂေါင်ယို၊ ယွန်းအန်း ဟတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ သူဖြစ်သည်။ သူမ သီဆိုခဲ့သော တေးသီချင်းများမှာ ဒရာမာဇာတ် ကားများစွာတွင် ထည့်သွင်းအသုံး ပြုခြင်းခံရပြီး MBC ရုပ်သံလိုင်းမှ ပေးအပ်သည့် သရုပ်ဆောင်ဆု များကို ရရှိထားသည်။

အဆိုပါ မင်းသားနှင့် မင်း သမီးတို့မှာ မြန်မာနိုင်ငံသို့ နိုဝင် ဘာ ၈ ရက် ညနေပိုင်းတွင် ကိုရီး ယားလေကြောင်းလိုင်းဖြင့် ရောက် ရှိလာမည်ဖြစ်ပြီး သမ္မတရုပ်ရှင်ရုံ ၌ပြုလုပ်မည့်ရုပ်ရှင်ပွဲတော်သို့တက် ရောက်မည်ဖြစ်ကြောင်း ကိုရီးယား သံရုံးမှ သိရသည်။

ယခုနှစ် ရုပ်ရှင်ပွဲတော်သို့ မြန်မာပရိသတ်များ အားပေးမှု ရရှိထားသည့် ဂျွန်စော(ဆောင်း ဆမ်ဟို)နှင့် အွန်စော(ဆောင်း ဟေကို)တို့ တက်ရောက်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော် လည်း ၎င်းတို့နှစ်ဦး တက်ရောက် မည်မဟုတ်ကြောင်း သိရသည်။

## သီလဝါအထူးစီးပွားရေးဇုန် ရေရရှိရေးနှင့် ရေဆိုးသန့်စင်လုပ်ငန်းများ ဂျပန်ပညာရှင်များ လာရောက်လေ့လာ

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၄**

သီလဝါအထူးစီးပွားရေးဇုန်ရေရရှိ ရေးနှင့်ရေဆိုးသန့်စင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အခြေစိုက်ကုမ္ပဏီကြီးများနှင့် ပညာရှင်များ ယခုရက်ပိုင်းအတွင်း သီလဝါအထူးစီးပွားရေးဇုန်တွင် လေ့လာမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သီလဝါအထူးစီးပွားရေးဇုန် ကို အဓိကထားလေ့လာကာ ရန်ကုန်မြို့တော်ဝန်နှင့်လည်း တွေ့ ဆုံမည်ဖြစ်ကြောင်း ယနေ့ပြုလုပ် သော မြန်မာ-ဂျပန်နည်းပညာ ဖလှယ်ရေးဆွေးနွေးပွဲမှ သိရ သည်။

ရန်ကုန်မြို့သို့ရောက်ရှိနေ သော ဂျပန်ကုမ္ပဏီများတွင် ထိုင်း နိုင်ငံ၊ ရယောင်းဒေသမှ စက်မှုဇုန် များရှိရေဆိုးသန့်စင်လုပ်ငန်းရင်း နှီးမြှုပ်နှံထားသည့် ကုမ္ပဏီကြီး များလည်းပါဝင်ပြီး တိုကျိုတက္က သိုလ်၊ နာဂါဆာကီတက္ကသိုလ်မှ ပညာရှင်များ၊ ရေပညာရှင်အဖွဲ့ များနှင့် အင်ဂျင်နီယာအဖွဲ့များ ပါဝင်သည်။

"ဂျပန်အစိုးရက သီလဝါမှာ ရင်းနှီးမြှုပ်နှံမယ်ပြောတယ်။ ကျွန် တော်တို့က သီလဝါမှာ ဘယ်လို ရှိလဲဆိုတာ လေ့လာတာပါ။ လုပ် ရင်လည်း ဂျပန်အစိုးရက ငွေကြေး ထောက်ပံ့မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီကတော့ စက်ရုံတွေကထွက်တဲ့ ရေတွေကို သန့်စင်တဲ့လုပ်ငန်းလုပ်တာပါ" ဟု METAWATER ကုမ္ပဏီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဌာနမှ မန်နေဂျာက ပြောကြားသည်။

"သူတို့ဘက်က နည်းပညာ လာဖြန့်ဝေသလို သူတို့နဲ့လည်း ဆောင်ရွက်လို့ရတယ်ဆိုတာသတင်း အချက်အလက်ပေးတာပေ့ါ။ ဒီလို လုပ်ငန်းတွေက မြို့တော်စီမံကိန်း တွေမှာ လုပ်တယ်။ အဓိကက တော့ အထူးစီးပွားရေးဇုန်လိုမျိုး မှာပဲလုပ်တာပေ့ါ။ ဘယ်အထူးဇုန် နဲ့လုပ်ဖို့ သဘောမတူညီသေးပါ ဘူး။ လုပ်ဖြစ်ခဲ့ရင်လည်း တင်ဒါ ခေါ်မှာပါ" ဟု ကျောက်ဖြူအထူး စီးပွားရေးဇုန်အကောင်အထည် ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား ဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယ ဝန်ကြီး ဦးမြင့်သိန်းကပြောသည်။

ဂျပန်အစိုးရကလည်း သီလ ဝါအထူးစီးပွားရေးဇုန် အကောင် အထည်ဖော်ရာတွင် မြန်မာနိုင်ငံ နှင့်ပူးပေါင်း ဆောင်ရွက်မည်ဖြစ် ပြီး ၂၀၁၃ တွင် အကောင်အထည် ဖော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် တွင် ရင်းနှီးမြှုပ်နှံရာ၌ ဂျပန်အစိုး ရက တိုက်ရိုက်မပါဝင်ကြောင်း၊ သို့သော် မြန်မာအစိုးရနှင့် တွေ့ဆုံ ညှိနှိုင်းပြီး ဂျပန်ကုမ္ပဏီများ ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း၊ စက်ရုံ တည်ဆောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏကို ဆွေးနွေးနေဆဲဖြစ် ကြောင်း သီလဝါအထူးစီးပွားရေး ဇုန်တွင် ရင်းနှီးမြှုပ်နှံမည်မှာ မှန် ကန်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

## အာရှအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် ကြည်လင်းပါဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၆**

နာမည်ကြီး ဘောလုံးအားကစား ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Goal.com ၏ အောက်တိုဘာလအတွက် အာရှအကောင်းဆုံး ဘောလုံးသမား ၁၁ ဦး စာရင်းတွင် မြန်မာ့လက်ရွေးစင်ကစား သမားကြည်လင်း ပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဝက်ဘ်ဆိုက်မှ ရွေးချယ်ခဲ့သော ကစားသမား ၁၁ ဦးစာရင်းတွင် ကြည်လင်းသည် ဂျပန်လက်ရွေးစင်ဂိုးသမား ကာဝါရှိမာ၊ အင်တာမီလန်အသင်းမှ ဂျပန်လက်ရွေးစင် နောက်ခံ လူနာဂါတိုမို၊ ဟမ်းဘတ်အသင်းမှ တောင်ကိုရီးယားကစားသမား ဆွန်ဟောင်မင်စသည့် နာမည်ကြီးကစားသမားများနှင့်အတူ ရွေး ချယ်ခံခဲ့ရခြင်းဖြစ်သည်။

၃း၄း၃ ကစားကွက်ပုံစံဖြင့် ရွေးချယ်ထားသော အဆိုပါ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ကြည်လင်းသည် ညာတောင်ပံကစားသမားနေရာမှ ရွေးချယ်ဖော်ပြခံရခြင်း ဖြစ်သည်။ ကြည်လင်းကို ရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ဆူဇူကီး ဖလားခြေစစ်ပွဲတွင် မြန်မာအသင်းခြေစစ်ပွဲအောင်မြင်ရေးအ တွက် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး သုံးဂိုး သွင်းယူပေးနိုင်ခဲ့ ကြောင်း၊ ဆူဇူကီးဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ကြည်လင်း သည် ခြေစွမ်းပြကစားနိုင်ပါက အရှေ့တောင်အာရှကလပ်အ သင်းကြီးများ၏ စိတ်ဝင်စားမှုကိုခံရနိုင်ကြောင်း Goal.com တွင် သုံးသပ်ဖော်ပြထားသည်။

ကြည်လင်းသည်လက်ရှိတွင်မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှ အားထားရသော အဓိက ကစား သမားတစ်ဦးလည်းဖြစ်သည်။

## ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ ပယ်ဖျက်သင့်ကြောင်းအဆို မအောင်မြင်

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ-၆**

မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိ မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၄)အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုမှာ မအောင်မြင်ဘဲ အစည်းအဝေးမှတ်တမ်းအဖြစ်သာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းအဆိုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးနှင့် ကရင်၊ မွန်၊ ရှမ်းပြည်နယ်တို့မှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်ဆွေးနွေးခဲ့ပြီး လောလောဆယ်တွင် ဥပဒေအဟောင်းကိုဖျက်သိမ်းပြီး ဥပဒေအသစ်ပြဋ္ဌာန်းရေးကိစ္စမှာ မသင့်လျော်သေးကြောင်း၊ ဥပဒေအဟောင်းပါသည့် အားနည်းချက်အချို့ကိုသာ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အများစုက ဆွေးနွေးပြောကြားခဲ့ကြသည်။

၁၉၈၂ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၄ အား ပြင်ဆင်ပြီး ဆက်လက်ကျင့်သုံးသင့်ကြောင်း၊ ဥပဒေအသစ်ရေးဆွဲလျှင် သံသယများပိုမိုကြီးမားလာနိုင်ကြောင်း ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်-၂ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမန်းကံညွန့်က ပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီကလည်း ၁၉၈၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော အဆိုပါ ဥပဒေသည် လူမျိုးရေး၊ ဘာသာရေး၊ ကျား၊မ၊ ကိုးကွယ်သည့်ဘာသာများနှင့်ပတ်သက်ပြီး တစ်ဖက်သတ်ရေးဆွဲထားခြင်း မဟုတ်ကြောင်း၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်ရေးများတွင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ကိုက်ညီကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။ သို့သော်လည်း ဥပဒေပါ စာသား၊ ဝေါဟာရ၊ ပြစ်ဒဏ်နှင့် ငွေကြေးအချို့ကိုမူ ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဥပဒေပြဋ္ဌာန်းရေး အဆိုရှင်ဖြစ်သူ ဦးတင်မြ(စစ်ကိုင်း-၇) ကလည်း အမျိုးသားရေးစိတ်ဓာတ်၊ စေတနာပြည့်ဝစွာဖြင့် အဆိုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဥပဒေပါ အားနည်းချက်၊ ပြင်ဆင်ရန် အချက်များကို လေ့လာမိ၍ ခိုင်မာကျစ်လျစ်စေရန် ဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ နိုင်ငံသားဖြစ်ခွင့်ကိစ္စတွင် အရင်းမရှုံးအောင် ပြင်ဆင်ရေးဆွဲရန်ဖြစ်ကြောင်း၊ သက်ရောက်လာနိုင်သော ဖိအားမျိုးစုံကို အလေးထား၍ အဆိုကို မှတ်တမ်းတင်လိုပါကြောင်း ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်ကလည်း ဥပဒေတစ်ခုတွင် ပြင်ဆင်ဖြည့်စွက်ရန် ရာခိုင်နှုန်းများနေပါက အသစ်ရေးဆွဲရမည်ဖြစ်ပြီး ရာခိုင်နှုန်းနည်းလျှင်မူဖြည့်စွက်ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားသည်။

## ကားပေါ်မှ လူလေးဦးအား အုပ်စုဖွဲ့၍ အကြမ်းဖက်သူများအနက် နှစ်ဦးကို ဖမ်းမိ

**အေးမြတ်သူ**

**ရန်ကုန်၊ နိုဝင်ဘာ-၆**

ကမာရွတ်မြို့နယ် အင်းစိန်လမ်းပေါ်ရှိစံရိပ်ငြိမ် ၃ လမ်းထိပ်တွင် ညသန်းခေါင်အချိန်၌ မတ်ခ်တူးယာဉ်တစ်စီးအား ရှေ့နောက်ယာဉ်နှစ်စီးပိတ်ရပ်၍ အုပ်စုဖွဲ့ဝိုင်းရိုက်ခဲ့သူ ခုနစ်ဦးအနက် နှစ်ဦးကိုဖမ်းဆီးထားပြီဖြစ်ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

နိုဝင်ဘာ ၁ ရက် နံနက် ၁ နာရီအချိန်တွင် စံရိပ်ငြိမ် ၃ လမ်းထိပ်လမ်းပေါ်၌ မောင်းနှင်နေသော မတ်ခ်တူးယာဉ်အား အမည်မသိ အနက်ရောင်စတစ်ကာကပ်ထားသော ယာဉ်နှစ်စီးက ရှေ့နောက်ပိတ်ရပ်၍ မတ်ခ်တူးကားပေါ်မှ လူလေးဦးအား ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါမတ်ခ်တူးကားပေါ်ပါ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားနှစ်ဦးအား အမည်မသိယာဉ်ပေါ်မှ လူ ခုနစ်ဦးက ဝိုင်းဝန်းထိုးကြိတ်၍ ဆဲဆိုခဲ့ပြီး ကားမှန်များကိုလည်း သံတုတ်၊ သစ်သားတုတ်တို့ဖြင့် ရိုက်ခွဲဖျက်ဆီးခဲ့သည်။ အဆိုပါ တရားခံ ခုနစ်ဦးအနက် နှစ်ဦးကို ဖမ်းဆီးထားပြီဟုဆိုသည်။

## စစ်ပြေးဒုက္ခသည်စခန်းအချို့တွင် အနွေးထည်နှင့်စောင်များ အရေးပေါ်လိုအပ်



တရုတ်နယ်စပ်ရှိ စစ်ပြေးဒုက္ခသည်စခန်းတစ်ခုအား မေလဆန်းပိုင်းက တွေ့ရစဉ်

ဓာတ်ပုံ - အားမာန်

**အားမာန်**

**ရန်ကုန်၊နိုဝင်ဘာ-၆**

ဆောင်းဦးကာလသို့ရောက်ရှိကာ အေးလာသောကြောင့် ကချင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စစ်ပြေးဒုက္ခသည်စခန်းများတွင် အနွေးထည်၊ စောင်၊ ခေါင်းစွပ်၊ လက်အိတ် စသော အဝတ်အထည်များ အရေးတကြီးလိုအပ်နေကြောင်း သတင်းရရှိသည်။

"အဆိုးဆုံးကတော့ ပန်းဝါအထက်က မှတ်တိုင်(၆)က IDP (စစ်ပြေးဒုက္ခသည်)စခန်းပဲ။ မှတ်တိုင်(၆)က ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၉၀၀၀ ကျော်မှာရှိတယ်။ သွားလာဖို့ ခက်ခဲတယ်။ ကလေးချည်းပဲ ၃၁၀ ရှိတယ်။ ကလေးတွေ တဲအပြင် တောင်မထွက်နိုင်ဘူး"ဟု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆမ်ဇွန်က ပြောကြားသည်။

ထို့အပြင် အဆိုပါစခန်းတွင် အမိုးအကာအဖြစ် တာပေါ်လင်စများကိုသာ အသုံးပြုထားသည့်အတွက် ရာသီအေးလာသောအခါ အကာအရံအဖြစ် အသုံးပြုရန် သုံးထပ်သားကဲ့သို့ သစ်အချောထည်များ လိုအပ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

အစိုးရနှင့် ကေအိုင်အေတို့ တစ်နှစ်ကျော်ကြာ ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်ပြေးဒုက္ခသည်တစ်သိန်းဝန်းကျင် ရှိနေပြီဖြစ်သည်။ မြို့ပေါ်၊ မြို့နှင့်နီးသော၊ တရုတ်-မြန်မာနယ်စပ်နှင့်နီးသော စစ်ပြေးဒုက္ခသည်စခန်းများတွင် သွားလာရေး ပိုမိုအဆင်ပြေ၍ အကူအညီများ ပုံမှန်ရရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများတွင်မူ အကူအညီများစွာ လိုနေသေးကြောင်း စစ်ပြေးဒုက္ခသည်များအရေး ကူညီဆောင်ရွက်နေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများကပြောသည်။

စစ်ပြေးဒုက္ခသည် ၂၀၀၀ ခန့်ရှိသော မေခနှင့် မလိခမြစ်ဝှမ်းကြားရှိ ကျေးရွာများတွင်လည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေသည့်အတွက် ရာသီအေးလာချိန်တွင် အနွေးထည်နှင့် စောင်ကဲ့သို့ အနွေးဓာတ်ရရှိသော အဝတ်အထည်များ အရေးပေါ်လိုအပ်နေသည်။ အလားတူ စစ်ပြေးဒုက္ခသည် ၃၀၀၀ ခန့်ရှိသော ဧရာဝတီမြစ်နှင့် မိုးညှင်းမြို့ကြားရှိ ကျေးရွာများတွင်လည်း အနွေးထည်နှင့်စောင်များ လိုအပ်နေသည်။

ထို့အပြင် ရှမ်းပြည်နယ်ရှိ နမ့်ဖက်ကာ၊ မန်တုံတို့ရှိ စစ်ပြေးဒုက္ခသည်စခန်းများတွင်လည်း အလားတူ အကူအညီများလိုအပ်နေသည်။ "ဦးစားပေးကတော့ မန်တုံပေါ့။ အဲဒီမှာ စစ်ပြေးဒုက္ခသည် ၁၆၅ ဦးရှိတယ်။ အနွေးထည်တွေ စောင်တွေမရှိတော့ မီးလှုံပြီးနေကြရတယ်။ ညဘက်မှာ လေအေးတွေ တအားတိုက်တယ်။ သက်ကြီးပိုင်းနဲ့ ကလေးတွေအတွက် အနွေးထည်တွေ၊ စောင်တွေ ပိုလိုတယ်။ ဒီဇင်ဘာ၊ ဇန်နဝါရီဆိုရင် အခုထက် နှစ်ဆလောက်ပိုအေးမှာဆိုတော့ ပိုပြီးအရေးကြီးတယ်" ဟု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ စစ်ပြေးဒုက္ခသည်များအရေး ကူညီဆောင်ရွက်ပေးနေသော ကိုဘရန်နူးကပြောသည်။

ကချင်ပြည်နယ်တွင် ယခုလဆန်းပိုင်းကစ၍ ပိုအေးလာပြီဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၃ ဒီဂရီစင်တီဂရိတ်ဝန်းကျင်ရှိသည်။ သို့သော် ယခုရက်ပိုင်းတွင် မိုးရွာနေပြီး၊ မိုးရွာပြီးလျှင် နှင်းကျမည်ဖြစ်ကာ ထိုရက်များတွင် အအေးပေါ့မည်ဖြစ်သော်လည်း နိုဝင်ဘာ ၁၂၊ ၁၃ ရက်ဝန်းကျင်မှစတင်၍ ပိုအေးလာမည်ဟု မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ခန့်မှန်းသည်။

ယခုနှစ် ဆောင်းရာသီတွင် ကချင်ပြည်နယ်အပါအဝင်တစ်နိုင်ငံလုံးအနေဖြင့်ပုံမှန်ထက်အအေးပေါ့မည်ဟု ၎င်းကဆက်လက်ခန့်မှန်းသည်။ သို့သော် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အနိမ့်ဆုံးအပူချိန် ၇၊ ၈ ဒီဂရီစင်တီဂရိတ်အထိ ရောက်နိုင်ကြောင်းလည်း ၎င်းကခန့်မှန်းသည်။

## ကျောက်စိမ်းသိုလှောင်ရုံစီမံကိန်း ကျပ်သိန်းပေါင်းနှစ်သောင်းခွဲကုန်ကျခံတည်ဆောက်

**မိုးညို**

**နေပြည်တော်၊ နိုဝင်ဘာ - ၄**

နေပြည်တော်ရှိ ကျောက်စိမ်းသိုလှောင်ရုံများစီမံကိန်းအား ကျောက်စိမ်းကုမ္ပဏီများ၏ ထည့်ဝင်ငွေဖြင့် ကျပ်သိန်းပေါင်း ရှစ်သောင်းခွဲ အကုန်အကျခံတည်ဆောက်နေကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်များမှ သိရသည်။

ယင်းစီမံကိန်းများအတွက် ကုန်တိုက် လုပ်ပိုင်ခွင့်ရရှိသည့် ကုမ္ပဏီများမှာ မက်(စ်)မြန်မာကုမ္ပဏီ၊ ထူးထရေးဒင်းကုမ္ပဏီ၊ မြန်မာစိမ်းလဲ့အောင်ကုမ္ပဏီနှင့် သရီးဖရင့်ကုမ္ပဏီတို့မှ အဓိကလုပ်ကိုင်ခွင့်ရရှိထားပြီး အချို့မှာ ပြီးစီးနေပြီဖြစ်သည်။

ကျောက်စိမ်းသိုလှောင်ရုံများအတွက် မြေကြီးလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ရေမြောင်းနှင့် မြေအောက်ပိုင်းလိုင်း (Box Culvert)များ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စိမ်းသိုလှောင်ရုံများ တည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်စိမ်းတုံးကြီးများဖြတ်တောက်ရန် နေရာဆောင်ရွက်ခြင်း၊ လျှပ်စစ်နှင့် ရေသန့်လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို အထက်ပါ ကုမ္ပဏီများကလုပ်ကိုင်ခွင့်ရရှိထားခြင်း ဖြစ်သည်။

"နေပြည်တော်မှာလုပ်မယ့် ကျောက်မျက်ရတနာဈေးအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဇုန်အထိ ရှေ့လုပ်ငန်းတွေမှာ ဆောင်ရွက်သွားဖို့လည်းရှိတယ်"ဟုမြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးတေဇကပြောသည်။

ကျောက်စိမ်းသိုလှောင်ရုံများ ဆောက်လုပ်ခြင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတွင် ကျောက်မျက်ရတနာ သီးသန့်ဈေးများ ပေါ်ပေါက်လာပါက ပြည်တွင်း အရောင်းအဝယ်ဈေးကွက်မှာ ပိုပြီး ပြင်ပြင် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း မန္တလေးမြို့မှ ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အသင်းမှ ဆက်လက်၍ နေပြည်တော်ရှိ ဒက္ခိဏ အကျိုးတူ ကျောက်စိမ်းသိုလှောင်ရုံလုပ်ငန်းနှင့် ရွှေကြာပင်ရတနာဈေးလုပ်ငန်းများမှာလာမည့်နှစ်အတွင်း အပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

### ပြင်ဆင်သိမှတ်ပေးပါရန်

7Day News ဂျာနယ် အတွဲ(၁၁) အမှတ်(၃၄) အချပ်ပို (C) စာမျက်နှာတွင်ပါရှိခဲ့သော **စမ်းချောင်းသမဝါယမအသင်းသားများဆန္ဒပြ** သတင်းတွင် **'စမ်းချောင်းမြို့နယ်မှ အသင်းသူအသင်းသားများ'** အစား **'ကျွန်းလယ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အသင်းသူအသင်းသားများ'** ဟုပြင်ဆင်သိမှတ်ပေးပါရန်။

**(အယ်ဒီတာ)**

7 DAY NEWS JOURNAL
Vol.11, No.35 • NOVEMBER 8 , 2012

# ပိုလ်တထောင်နှင့် ဆူးလေဆိပ်ကမ်းလုပ်ကိုင်ခွင့် နိုင်ငံသားကုမ္ပဏီ နှစ်ခုရရှိ

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၅**

ပိုလ်တထောင်ဆိပ်ကမ်းပြုပြင်ခြင်းနှင့်ဆူးလေဆိပ်ကမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တင်ဒါများခေါ်ယူခဲ့ရာ လုပ်ငန်းကြီးများတွင် ယခင်မြင်တွေ့နေကျ ကုမ္ပဏီကြီးများ မဟုတ်ဘဲ နိုင်ငံသားပိုင် ကုမ္ပဏီနှစ်ခုရရှိခဲ့သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းရရှိသည်။

ပိုလ်တထောင် ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်ရန် Pearl Land ကုမ္ပဏီလီမိတက်က ရရှိခဲ့ပြီး ဆူးလေဆိပ်ကမ်း အတွက် Myanmar Harmony Management က ရရှိခဲ့ခြင်းဖြစ်သည်။

ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါလျှောက်ထားသည့် ကုမ္ပဏီများအားလုံးသည် နိုင်ငံသားပိုင် ကုမ္ပဏီများသာဖြစ်ပြီး ပြည်တွင်းနာမည်ကြီးကုမ္ပဏီများနှင့် နိုင်ငံခြားသားကုမ္ပဏီများပါဝင်ခြင်းမရှိခဲ့ဟုသိရသည်။

ပိုလ်တထောင်ဆိပ်ကမ်းနယ်မြေကို တင်ဒါအောင်မြင်ခဲ့သော Pearl Land ကုမ္ပဏီသည်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ပေးသွင်းရမည့် မြေငှားရမ်းခ တစ်လလျှင် ကျပ်သိန်း ၁,၀၀၀ ဖြင့် တင်ဒါရရှိခဲ့ခြင်းဖြစ်သည်။

တင်ဒါစိစစ်မှုတွင် အဆင့်



နှစ်ရရှိသော Lion Myanmar ကုမ္ပဏီကမူ မြေငှားရမ်းခ တစ်လလျှင် ကျပ်သိန်း ၃၆၀ သာ ပေးသွင်းနိုင်မည်ဖြစ်သည့်အတွက် PearlLand ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟုမြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာဦးကျော်မြင့်က ပြောသည်။

တင်ဒါ အောင်မြင်သည့် Pearl Land ကုမ္ပဏီသည် လုပ်ငန်းလုပ်ကိုင်ခွင့်ကာလ ၁၅ နှစ်ခွင့်ပြုသည့် မြေငှားရမ်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး ဌာနနှင့် လုပ်ငန်းရှင်ကြားချုပ်ဆိုမည့် စာချုပ်မူကြမ်းကို ပြုစုရေးသားနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပိုလ်တထောင် ဆိပ်ကမ်းနယ်မြေ အဆင့်မြှင့်တင်ရာတွင် ကမ်းပါးထိန်းတံတိုင်းအား မြစ်ဘက်သို့ ပေ ၁၀၀ ခန့်တိုးချဲ့တည်ဆောက်ခြင်း၊ အပန်းဖြေအနားယူနိုင်ရန် နေရာများ၊ အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှစ၍ တစ်နှစ်နှင့် ရှစ်လအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမည်ဟု သိရသည်။

ဆူးလေ ဆိပ်ကမ်းအတွက် တင်ဒါလျှောက်ထားသောကုမ္ပဏီ ခုနစ်ခုအနက် တင်ဒါရရှိသည့် Myanmar Harmony Management သည် ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အမေရိကန် ဒေါ်လာ ၉၅ သန်းကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ကုမ္ပဏီ၏ အကျိုးရလဒ် ခွဲဝေမှုတွင်ဌာနက ၇၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ကူး သင်္ဘောများဆိုက်ကပ်သည့် ဆူးလေဆိပ်ကမ်းနယ်မြေရှိ အမှတ် ၁၊ ၂၊ ၃၊ ၄ တံတားများသည် နှစ်ပေါင်း ၇၀ ခန့် သက်တမ်းကြာမြင့်နေပြီဖြစ်သည့်အတွက် တံတားများကို ပြုပြင်တည်ဆောက်ရန် လိုအပ်နေသည်ဟု အထွေထွေမန်နေဂျာ ဦးကျော်မြင့်က ဆိုသည်။

## စာ-၉၊ ငြမ်းစင်ကြားမှ အသက်ခန္ဓာများ မှ

"သူတို့ကတော့ ပိုက်တွေကာရံထားတယ်ဆိုပေမယ့် အခုပြုတ်ကျတာက အပြင်ဘက်ကပြုတ်ကျတာပါ။ ငြမ်းတွေ၊ အကာအရံအတားအဆီးတွေ ရှိတယ်ဆိုပေမယ့် လူ့အသက်ကို ကာကွယ်နိုင်တဲ့ လုပ်ငန်းခွင်လုံခြုံရေးပစ္စည်းတွေ သုံးထားတာမတွေ့ရဘူး" ဟု စခန်းမှူးက ပြောသည်။

ကိုဝေမိုးသည် ကန်ထရိုက်တိုက်များ၊ ကွန်ဒိုများတည်ဆောက်ရေးလုပ်ငန်းခွင်များတွင်ဝင်ရောက်လုပ်ကိုင်နေသော ကာယအသုံးပြုဆောက်လုပ်ရေးလုပ်သားများအနက်တစ်ဦးဖြစ်ပြီး လုပ်ငန်းခွင်အတွင်း အသက်နှင့်ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသော အခြေခံ လုပ်သားများထဲမှ တစ်ဦးဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးထက် သတ်မှတ်အချိန်မီအလုပ်ပြီးစီးရေးကိုသာ ဦးစားပေးဆောင်ရွက်နေရခြင်းများရှိရာ ယင်းအချက်သည် လုပ်ငန်းခွင်အတွင်းလုပ်သားများ ဆုံးရှုံးလေလွင့်မှုများ ဖြစ်ပေါ်စေသည့်အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အင်ဂျင်နီယာတစ်ဦးက ပြောသည်။

ထို့ပြင် အချို့လုပ်ငန်းရှင်များသည် လုပ်အားခသက်သာသောအလုပ်သမားငှားရမ်းခြင်း၊ အလျင်အမြန်ပြီးစီးစေရန် တိုက်တွန်းခိုင်းစေတတ်ကြသော်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မရှိမဖြစ်လိုအပ်သော အကာအကွယ်သုံးပစ္စည်းများတွက်မူ ထိုက်သင့်သော ငွေကြေးသုံးစွဲရန် နှောင့်နှေးတတ်ကြသည်။

"လုပ်ငန်းအပ်တဲ့သူတွေကရော၊ ဆောက်လုပ်ရေးကန်ထရိုက်တာတွေကရော အလုပ်သမားကန်ထရိုက်တွေကပါ အချိန်မီလုပ်ငန်းပြီးဖို့ရယ်၊ ငွေကုန်သက်သာဖို့ရယ်ကို အဓိကထားနေကြတယ်။ အလုပ်သမားတွေ ဘေးအန္တရာယ်ကင်းကင်းနဲ့အလုပ်လုပ်နိုင်ဖို့ဖြည့်ဆည်းပေးတာကျတော့ အားနည်းတာအမှန်ပဲ" ဟု လျှပ်စစ်နှင့် ဆက်သွယ်ရေးအင်ဂျင်နီယာတစ်ဦးကပြောသည်။

ယခုအသက်ဆုံးရှုံးခဲ့ရသည့် ကိုဝေမိုးအလုပ်လုပ်သည့် ကွန်ဒိုအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အလုပ်သမားများအတွက် လိုအပ်သော ဖိနပ်၊ လက်အိတ်၊ ဦးထုပ်နှင့် ခါးသိုင်းကြိုးများကိုထားရှိပေးကြောင်း ခရစ်စတယ်ဂျိတ်တာဝါဆောက်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာက ပြောသည်။

"သူက အဆောက်အအုံအပြင်ဘက်က အလုပ်လုပ်ရတဲ့ အလုပ်သမားတစ်ယောက်မဟုတ်ပါဘူး။ အတွင်းဘက်က လုပ်ရတဲ့ လက်သမားအကူရုံးဝန်ထမ်းပါ။ သူပြုတ်ကျသွားတဲ့အချိန်မှာ အလုပ်သိမ်းခါနီးနေပြီ။ ဘယ်သူမှ သူကျသွားတာကို မမြင်လိုက်ကြဘူးလေ" ဟု အထက်ပါမန်နေဂျာကပြောသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေစဉ် ရုံးလေဘာဟု ခေါ်ကြသော ကုမ္ပဏီ၏နေ့စား၊ လရှင်းဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိချိန်တွင် ကုမ္ပဏီကကုန်ကျစရိတ်နှင့် နစ်နာကြေးငွေပမာဏတစ်ခုကို ပေးလေ့ရှိသော်လည်း အလုပ်သမားကန်ထရိုက်တာဘက်မှ ပါလာသော အလုပ်သမားတစ်ယောက် ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်သောအခါ ကာယကံရှင်ကိုယ်တိုင် ကုသကြရသည်။

အလုပ်ရှင်၏တာဝန် မကျေပွန်မှုများကြောင့် ဘဝဆုံးရသည့်သူများ၊ ဒုက္ခရောက်ကြသည့်မိသားစုများလည်းရှိနေသည်။

ငြမ်းစင်များ၏ မခိုင်ခံ့မှုနှင့် ပစ္စည်းကိရိယာ မလုံလောက်မှုတို့ကြောင့် ပြီးခဲ့သည့် လပိုင်းကရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဆောက်လက်စ ခုနစ်ထပ်တိုက်မှ ကျကာ ဆောက်လုပ်ရေးလုပ်သားခြောက်ဦး သေဆုံးမှုနှင့် ကိုးဦးဒဏ်ရာရရှိခဲ့သည့် အဖြစ်အပျက်များကလည်း စိတ်ထိခိုက်ဖွယ်ဖြစ်သည်။

ကြိုတင်ပြင်ဆင်မှုပေါ့လျော့ခဲ့သဖြင့် မလိုလားအပ်ဘဲ လူ့အသက်များစွာ ဆုံးရှုံးခဲ့ရသည့် ဥပမာတစ်ခုဖြစ်သည်။

ကန်ထရိုက်တိုက် (သို့မဟုတ်) တစ်ခု ဆောက်လုပ်မည်ဆိုပါက အလုပ်သမားများ ဘေးအန္တရာယ်လုံခြုံရေးအတွက် အလုပ်ရှင်က မည်သို့ ကြိုတင်စီမံထားသည်ဟူသော အစီရင်ခံစာကို မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကြိုတင်ပေးပို့ရန် သတ်မှတ်ထားသည်။

ထို့ပြင် လိုအပ်သောကာကွယ်ရေးပစ္စည်းနှင့် အရေးပေါ်ဆေးအိတ်များကိုလည်း စီမံထားပေးရန်ညွှန်ကြားထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ဌာနခွဲမှူးက ပြောသည်။

"တကယ်လို့ အဲလိုထားပေးဖို့ပေါ့လျော့မှုကြောင့် အလုပ်သမားနစ်နာရင် တိုင်နိုင်ပါတယ်။ နစ်နာသူနဲ့ ကန်ထရိုက်နှစ်ဦး နှစ်ဖက်ကျေနပ်အောင်ညှိနှိုင်းလို့မပြီးမချင်း ဆိုက်ပိတ်လိုက်တယ်။ အလုပ်သမား ကျေနပ်မှုရှိမှ ပြန်ဖွင့်ပေးပါတယ်။ ကန်ထရိုက်က နစ်နာသူကျေနပ်အောင် ညှိနှိုင်းပေးရမယ်" ဟု ဌာနခွဲမှူးဦးမျိုးဆွေက ပြောသည်။

ရန်ကုန်မြို့တွင်ဆောက်လုပ်ရေးလုပ်ငန်းများ အထွန်းကားဆုံးကာလသည် ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် တဲပေါ်မှ တိုက်ပေါ်သို့ဆိုသည့်စီမံချက် စတင်အကောင်အထည်ဖော်ခဲ့စဉ်ကဖြစ်သည်။ ထိုကာလတွင် ဆောက်လုပ်ရေးလုပ်သားများ အလွန်လိုအပ်နေချိန်ဖြစ်ရာ ကျေးလက်တောရွာများရှိ လယ်ယာလုပ်ငန်းခွင်များမှလူများအလုံးအရင်းနှင့် ရန်ကုန်မြို့ပေါ်သို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည်ဆောက်လုပ်ရေးအတတ်ပညာများမရှိကြသေးရုံမက မိမိအသက်ကိုကာကွယ်နိုင်လောက်သောအသိပညာများလည်း မပါလာကြပေ။

ယခုကဲ့သို့ လုပ်ငန်းခွင်အတွင်းသေဆုံးခဲ့ရသည့် ကိုဝေမိုးသည်လည်း လွန်ခဲ့သည့်ခြောက်လခန့်ကမှ ရန်ကုန်သို့ ရောက်ရှိလာကာ ဆောက်လုပ်ရေးလုပ်သားတစ်ဦး ဖြစ်လာခဲ့ခြင်းဖြစ်သည်။

သူတို့သည် ဝါးငြမ်းစင်များပေါ်တွင် အသက်နှင့်ရင်းကာ အလုပ် လုပ်ကြရသည်။ အချို့ငြမ်းစင်များက ဝါးများဖြင့်ပြုလုပ်ထားပြီး၊ အချို့ငြမ်းများက သံဖြင့်ပြုလုပ်ထားသောငြမ်းများဖြစ်သည်။ အချို့က လုပ်ငန်းခွင်ထိခိုက်မှု အကာအကွယ်ပစ္စည်းများကို မိမိသဘောဖြင့် မသုံးစွဲသူများရှိသလို၊ အချို့က လုပ်ငန်းခွင်တွင် အဆင်သင့်မရှိခြင်းကြောင့် မသုံးစွဲနိုင်သူများလည်းရှိရာ နှစ်ဦးနှစ်ဖက်တွင် တာဝန်ရှိပေသည်။

"သူတို့တွေက ဦးထုပ်မဆောင်း၊ ခါးပတ်မပတ်၊ မျက်မှန်မတပ်၊ နှာခေါင်းမကာဘဲ အလုပ်လုပ်လာကြတာခေါက်ရိုး ကျိုးနေပြီဗျ။ ရုတ်တရက် ပြင်ပေးဖို့ကမလွယ်သေးဘူး။ သူတို့ကိုလုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းကင်းနဲ့ အလုပ်လုပ်တတ်ဖို့ဆိုတာ လုပ်ငန်းခွင်ထဲမှာပဲ အသိပညာပေးရမယ်။ ဒီလို သင်တန်းပေးချိန် အတွက်လည်း အလုပ်ရှင်က လုပ်အားခပေးရမှာ။ သူတို့က တစ်နေ့လုပ်မှ တစ်နေ့စားရသူတွေလေ" ဟု ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးစိန်လှိုင်က ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အရေးပေါ်အသက်ကယ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းနည်းပြဆရာ ဦးဇော်ထူးဦးကလည်း "အန္တရာယ်ဖြစ်စေနိုင်တဲ့ လုပ်ငန်းခွင်တွေမှာ Safety Officer တွေခန့်ထားသင့်တယ်။ ဝန်ထမ်းတွေ သူတို့လုံခြုံရေး အတွက် ဝတ်ဆင်ရမယ့် လုံခြုံရေးပစ္စည်းတွေကိုဝတ်၊ မဝတ်ဆိုတာ လုပ်ငန်းခွင်ဝင်ပေါက်ကနေ စစ်ဆေးပြီးအမှတ်ပေးရမယ်။မလိုက်နာရင် လစာဖြတ်တာမျိုးဖြစ်ဖြစ် အပြစ်ပေးရမယ်။ သူတို့ကို ခန့်ထားခြင်းအားဖြင့် လုပ်ငန်းခွင်မှာ ဘယ်အပိုင်းကအားနည်းတယ်၊ ချို့ယွင်းချက်ရှိတယ်ဆိုတာကို အလွယ်တကူသိနိုင်မယ်။ သူတို့မှာ ဝန်ထမ်းတွေကိုရော၊ ပစ္စည်းတွေကိုရော အရည်အသွေးစစ်ဆေးရမယ့်တာဝန်ရှိတယ်" ဟု အကြံပြုပြောကြားသည်။

ဆောက်လုပ်ရေး လုပ်ငန်းခွင်များမှ အလုပ်ရှင်များ၊ လုပ်သားများအတွက် သင်ခန်းစာပေးသွားသော ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ် ကဝက်ချောင်းသား ကိုဝေမိုးတစ်ယောက် ထိန်ပင်သုသာန်တွင် မီးလောင်၍ ပြာမှုန်များအဖြစ် ပြောင်းလဲသွားပေပြီ။ ကျန်ရစ်သောမိသားစုများနှင့် အလုပ်ရှင်များက သူ့အတွက် စိတ်ထိခိုက်မှုများနှင့်အတူ ဖြေရှင်းစရာများ ကျန်ရစ်ခဲ့သည်။

လုပ်ငန်းခွင်များတွင် "လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးဦးစားပေး" ဆိုသည့် ဆိုင်းဘုတ်ပါ အဓိပ္ပာယ်အတိုင်း အလုပ်ရှင်ရော၊ အလုပ်သမားများပါအမှန်တကယ်လိုက်နာမှုအားနည်းနေဦးမည် ဆိုပါကယခုကဲ့သို့ စိတ်ထိခိုက်ဖွယ် အဖြစ်ဆိုးများနှင့်ရင်ဆိုင်နေရဦးမည်သာဖြစ်သည်ကို သတိပြုရပေမည်။

**TRADEMARK CAUTION**
MK TREND CO.,LTD. a company incorporated in Korea at 175-4, Nonhyun-dong, Kangnam-gu, Seoul, Republic of Korea is the Owner and Sole Proprietor of the following Trademarks:-

**TBJ NEARBY**
Reg 4/9284/2012

**BUCKAROO**
Reg 4/9285/2012

**ANDEW**
Reg 4/9286/2012

In respect of : Int'l : "Men's, women's and children's clothing, namely, denims, jeans, pants, shirts, shorts, skirts, jackets, T-shirts, blouses; Belts, hats, jerseys, socks, bandannas, swimwear, beachwear, ties, underwear, coats, overalls, dresses, vests, infant wear, jumpers, sweaters, leggings, gloves, pajamas, pullovers, rainwear, shoes".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 8.Nov. 2012



မဟာစည်ဆရာတော်ကြီး(ယာ)အား ဂုဏ်ထူးဆောင်အထိမ်းအမှတ်ယပ်အား ချီးမြှင့်နေစဉ်

# မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီးအား ထိုင်းတက္ကသိုလ်တစ်ခုက ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ချီးမြှင့်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၄**

ထိုင်းနိုင်ငံ၊ မဟာချူလာလောင်ကွန်းရာဂျာဝိဒယလယ တက္ကသိုလ်မှ ချီးမြှင့်ခဲ့သည် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို မြန်မာနိုင်ငံ၊ မဟာစည် သာသနာ့ရိပ်သာများ၏ ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တဇဋိလက ဆက်ကပ် ခြင်းခံရကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနားကို နိုဝင်ဘာလ ၄ရက်က မဟာစည် သာသနာ့ ရိပ်သာ၊ မဟာစည်ဓမ္မဗိမာန်တော်ကြီး၌ကျင်းပခဲ့ပြီး ဂုဏ်ထူးဆောင် ဒေါက် တာဘွဲ့ ဆက်ကပ်ရခြင်းနှင့်ပတ်သက်၍ "ဆရာတော်ကြီးအနေဖြင့်ဝိပဿနာ ကမ္မဋ္ဌာန်းနဲ့ပတ်သက်ပြီး အလွန်ထူးချွန်ပြောင်မြောက်ပါတယ်။ ထိုင်းနိုင်ငံ မှာလည်း အကြိမ်ပေါင်းများစွာ သာသနာပြုခဲ့ပြီး တရားပြသခဲ့ဖူးပါတယ်။ ဒါကြောင့် ဆရာတော်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ လာရောက်ဆက်ကပ် ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု မဟာချူလာလောင်ကွန်းရာ ဂျာဝိဒယလယ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ကြီးက မိန့်ကြားသည်။

မြန်မာနိုင်ငံမှ ပရိယတ္တိစာပေထူးချွန်သော ဆရာတော်ကြီးများအား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များကို ယခင်ကလည်း ချီးမြှင့်ခဲ့ကြောင်း နှင့် ဝိပဿနာကမ္မဋ္ဌာန်းနှင့်ပတ်သက်၍ ချီးမြှင့်ခြင်းမှာမူ ယခုမဟာစည် ဆရာတော်ကြီးသည် ပထမဆုံးအကြိမ် ဆက်ကပ်ခံရခြင်းဖြစ်ကြောင်း အဆိုပါတက္ကသိုလ်၊ အဘိဓမ္မာဌာနကထိက ဆရာတော် ဦးဉာဏကုသလ ၏ မိန့်ကြားချက်အရ သိရှိရသည်။

ဒေါက်တာဘွဲ့ချီးမြှင့်ခြင်း အခမ်းအနားနှင့်အတူ မဟာစည်သာသနာ့ ရိပ်သာအတွင်း၌ ဝါကပ်တော်မူကြသော သံဃာတော်မြတ်တို့အား ထိုင်း နိုင်ငံ ဒုတိယသံဃာ့ရာဇာ ဆရာတော်ကြီးအမှူးပြုသော ထိုင်းအလှူရှင် များကလည်း ကထိန်လျာသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းခြင်းရေစက်ချ မင်္ဂလာကိုလည်း ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ထိုင်းနိုင်ငံမှ သံဃာတော် ၄၅ပါး၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ်ခြောက်ဆယ်ဦး တက်ရောက်ခဲ့ပြီး အလှူငွေများအ ဖြစ် ထိုင်းဘတ်ငွေသုံးသိန်းကျော်၊ မြန်မာငွေကျပ် ဆယ့်တစ်သိန်းကျော် နှင့် ကန်ဒေါ်လာ ၆၈၅ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်တွင်း မငြိမ်သက်မှုများ အာဆီယံစိုးရိမ်ဟုဆို

**ဗီယန်ကျန်း၊နိုဝင်ဘာ-၅**

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လူသေဆုံးမှုများပြားလာသည့် ရခိုင်ဗုဒ္ဓ ဘာသာဝင်များနှင့် ဘင်္ဂါလီများ၏ အကြမ်းဖက်မှုသည် အရှေ့တောင် အာရှဒေသတစ်ခုလုံးအတွက် စိုးရိမ်စရာဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ပြီးခဲ့သည့်ဇွန်လမှစ၍ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့်အကြမ်းဖက် မှုများအတွင်း လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ပြီး လူ ၁၀၀,၀၀၀ ခန့်မှာ နေရာရွှေ့ပြောင်းခံခဲ့ရသည်။

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနတ်တယ်လီ ဂါဝါက "ဘင်္ဂါလီတွေနဲ့ ပတ်သက်တဲ့ကိစ္စမှာ ရခိုင်ပြည်နယ်ဟာ အာဆီယံ နိုင်ငံတစ်ခုချင်းစီအတွက်ရော၊ နိုင်ငံတွေအတွက်ပါ စိုးရိမ်စရာဖြစ်ပါတယ်။ ကျွန်တော်တို့အင်ဒိုနီးရှားနိုင်ငံဟာ ဒီပြဿနာကို ဒီမိုကရေစီနည်းကျဖြစ်စဉ် တစ်ခုလုံးအပေါ်မှာ တူညီသော နည်းလမ်းနဲ့ အပြုသဘောဆောင်ပြီး ဖြေ ရှင်းနိုင်စွမ်း မြန်မာနိုင်ငံမှာ အများကြီးရှိပါစေလို့ ဆန္ဒရှိပါတယ်"ဟု ပြော သည်။

အာဆီယံအဖွဲ့သည် ယခင်က မြန်မာနိုင်ငံတွင် စစ်ဗိုလ်ချုပ်ကြီးများ ချိုးဖောက်ခဲ့သော လူ့အခွင့်အရေးဖောက်ဖျက်မှုများကို မမြင်ချင်ယောင် ဆောင်ခဲ့သည့်အတွက် အနောက်အုပ်စု၏ ပြစ်တင်ခြင်း ခံခဲ့ရဖူးသည်။ အာဆီယံခေါင်းဆောင်များနှင့်ဥရောပခေါင်းဆောင်များသည် လာအိုနိုင်ငံ တွင်ကျင်းပသည့် အာရှ-ဥရောပထိပ်သီးစည်းဝေးပွဲသို့ ယခုရက်ပိုင်းအတွင်း တက်ရောက်နေကြသည်။ —Ref: AFP

# ဝန်ကြီးချုပ်ဟောင်းသက်ဆင် မြန်မာနိုင်ငံခရီးစဉ်အတွင်း လုပ်ကြံခံရဖွယ်ရှိဟု ကောလာဟလများ ထွက်ပေါ်

**ဘန်ကောက်၊နိုဝင်ဘာ-၅**


မြန်မာနိုင်ငံသို့ ထိုင်းဝန်ကြီးချုပ် ဟောင်းသက်ဆင်ရှင်နာဝပ်ထရာ လာရောက်စဉ်အတွင်း ၎င်းကို အမည်မဖော်နိုင်သည့် ထိုင်းလူမျိုး များက လုပ်ကြံရန်ရှိသည်ဟူသော ကောလာဟလများ ထွက်ပေါ်နေ ကြောင်း ဘန်ကောက်ပို့စ်သတင်း က ရေးသားဖော်ပြလိုက်သည်။

သို့သော် ထိုင်းကာကွယ်ရေး ဝန်ကြီး ဆူကမ်ပိုလ်ဆူနဝတ်က မြန်မာအစိုးရသည် ယခုအပတ် အတွင်း အလည်အပတ်လာ ရောက်မည့် သက်ဆင်၏ လုံခြုံ ရေးကို ကာကွယ်ပေးနိုင်ကြောင်း ယုံကြည်သည်ဟု ပြောထားသည်။ သက်ဆင်သည် မြန်မာနိုင်ငံသို့ လာရောက်စဉ် ထိုင်းနိုင်ငံနှင့် နယ် စပ်မြို့ တာချီလိတ်၌ ထိုင်း-မြန် မာ စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းအစိုးရတွင်းမှ လွှတ်တော် အမတ်များနှင့် လာမည့်သောကြာ နေ့(နိုဝင်ဘာ၉ရက်)တွင် တွေ့ဆုံ မည်ဖြစ်သည်။

သို့သော် နယ်စပ်လုံခြုံရေး သတင်းရင်းမြစ်တစ်ခုကမူ တာချီ လိတ်သို့ သက်ဆင်လာရောက် မည့်ကိစ္စကို အတည်မပြုရသေး ကြောင်း ဆိုသည်။ ၎င်းက "တစ် ယောက်ယောက်က သက်ဆင်ကို လုပ်ကြံပြီး တိုင်းရင်းသားလက် နက်ကိုင်တွေနဲ့ မူးယစ်ဆေးရောင်း ဝယ်သူတွေကို အပြစ်ပုံချဖို့လည်း စီမံနိုင်ပါတယ်"ဟုပြောသည်။

နိုဝင်ဘာ ၂ရက်မှစ၍ မြန် မာအာဏာပိုင်များသည် သက် ဆင်တာချီလိတ်မြို့သို့လာရောက် ပါက တည်းခိုနေနိုင်ဖွယ်ရှိသည့် ရက်ဂျီနာဟိုတယ်နှင့် ဂေါ့ဖ်က လပ်တို့အနီးရှိနေအိမ်တစ်လုံးကို ဝင်ရောက်စီးနင်းခဲ့ရာ အာရ်ပီဂျီ လောင်ချာများ၊ ယမ်းမှုန့်များနှင့် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် ၁၀ လက်တို့ကို ရှာတွေ့ခဲ့ပြီး လူတစ် ဦးကို ထိန်းသိမ်းခဲ့သည်။ သို့သော် အဆိုပါကိစ္စနှင့်သက်ဆင်၏ခရီးစဉ် မှာ ပတ်သက်မှုမရှိဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ပြောကြားထားသည်။

သက်ဆင်၏ သားတစ်ဦး ဖြစ်သူ ပန်သုန်တေးရှင်နာဝပ်ထ ရာကမူ ယမန်နေ့က ၎င်း၏ဖေ့စ် ဘွတ်ခ်စာမျက်နှာတွင် ထိုသိမ်း ဆည်းရမိသော လက်နက်များမှာ တာချီလိတ်တွင် သက်ဆင်နှင့် ရှပ်နီထောက်ခံသူများ ဘုရားဖူး စဉ် လုပ်ကြံရန် သုံးမည်ဟု ယူဆ ရကြောင်း၊ ထိုသတင်းကို ၎င်းထံ ထိုင်းနယ်စပ်လုံခြုံရေးအာဏာ ပိုင်များကပြောကြောင်း ရေးသား ခဲ့သည်။ —Ref: Bangkok Post


singaporeair.com
Journey to
Singapore.
Experience the world.
There has never been a better time to explore the wonders of the world. Now, Singapore Airlines flies you to Singapore and beyond, adding on to SilkAir's 22 years of experience in Yangon. On the way, take a journey across the globe with a selection of international gourmet cuisine and wines, and be entertained with an array of movies, songs, and more. Complemented by the inflight service even other airlines talk about, the finest pleasures await you on every flight.
YANGON → SINGAPORE
DEP: 1025 DAILY SQ997/MI5871* ARR: 1445
DEP: 1640 DAILY MI517/SQ5017† ARR: 2115
DEP: 0025 MON AND SAT MI509/SQ5009† ARR: 0500
SINGAPORE → YANGON
DEP: 0755 DAILY SQ998/MI5872* ARR: 0920
DEP: 1420 DAILY MI518/SQ5018† ARR: 1545
DEP: 2210 FRI AND SUN MI520/SQ5020† ARR: 2335
*FLIGHTS OPERATED BY SINGAPORE AIRLINES †FLIGHTS OPERATED BY SILKAIR
SINGAPORE AIRLINES
A great way to fly
A STAR ALLIANCE MEMBER


ကမ္ဘာ့အကောင်းဆုံးအာဟာရ Abbott Nutrition
Lucky Draw
ဆုရရှိသူများ
GRAND PRIZE (၃)ဆု
Singapore ခရီးစဉ်
Samsung Galaxy S3
Samsung HD TV 32"
ကံစမ်းမဲနံပါတ် | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ
B-605၊ ပုလဲကွန်ဒို၊ ရန်ကုန်
ISN-၁၈၆၃၅၀
အထက်ပါဆုများအပြင် ခရီးဆောင်အိတ် အလုံး(၂၀၀)ကိုလည်း ကံစမ်းမဲဖောက်ပေးခဲ့ပြီး ဆုရရှိသူများအား အကြောင်းကြားပေးမည်ဖြစ်ပါသည်။


HOW SMART
IS YOUR 3D?
သင်ပိုင်ဆိုင်မည့် 3D TV က ဘယ်လောက် Smart ဖြစ်ပါသလဲ ?
Smart TV ဆိုတာ အကောင်းဆုံး 3D TV နှင့် Smart TV တို့ကို ပေါင်းစပ်ထားပြီး (Durable Hard Panel) IPS Technology ဖြင့် ပြုလုပ်ထားသည့် LG CINEMA 3D Smart TV ဖြစ်ပါသည်။
ဓာတ်အားသွင်းစရာမလိုသည့် LG CINEMA 3D Flicker-Free မျက်မှန်သည် Electromagnetic Wave မထွက်သည့်အတွက် ဘေးထွက်ဆိုးကျိုးမဖြစ်စေဘဲ ကျန်းမာရေးကို မထိခိုက်စေပါ။ ပေါ့ပါးပြီး ဈေးနှုန်းလည်း သက်သာပါသည်။
သာမန် 2D မှ 3D ပုံရိပ်များအဖြစ်လည်း အလွယ်တကူ ပြောင်းလဲကြည့်ရှုနိုင်သည်။ ထူးခြားသွက်လက်သော လုပ်ဆောင်ချက်များစွာကို ကွန်ပျူတာ Mouse ကဲ့သို့ ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်သည့် Magic Remote အဝေးထိန်းစနစ်က သင့်ကို ပိုမိုစိတ်လှုပ်ရှားစေပါလိမ့်မည်။
Smart is...
LG CINEMA 3D Smart TV.
www.lg.com
LG
Life's Good
Hot Line: 01-379955, 544664, 02-72581
TMW Enterprise မှ ဖြန့်ဖြူးရောင်းချသော LG ပစ္စည်းများသာလျှင် အာမခံအပြည့်အဝရရှိပါမည်။
LG CINEMA 3D
Smart TV


AIR KBZ
Silver Class
Kinnari Kinnara Class
K&K Frequent Flyer
Sittwe
အထူးအခွင့်အရေးများနှင့်
Award Ticket များပေးအပ်မည့်
Kinnari-Kinnara Frequent Flyer Program
AIR KBZ
FLYING BEYOND EXPECTATIONS
For More Information
Member Assistant: (09) 43120159,
Office: +95 (01) 372977~80, 373774~76, Reservation: +95 (01) 373766,
Fasimile: +95 (01) 372983, Email: ffp@airkbz.com.mm
Website: www.airkbz.com : www.facebook.com/AIRKBZ


အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant
Protec